www.burmeseclassic.com

## ရင်မိုး
(ဆေးတက္ကသိုလ်)

# အိပ်မက်ရဲ့တစ်ဖက်ခြမ်းမှာ




www.burmeseclassic.com

www.burmeseclassic.com

ရှင်မိုး [illegible]

[illegible]

<u>ဒို့တာဝန်အရေးသုံးပါး</u>

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

<u>ပြည်သူ့သဘောထား</u>

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

<u>နိုင်ငံရေး ဦးတည်ချက် (၄) ရပ်</u>

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

<u>စီးပွားရေးဦးတည်ချက် (၄) ရပ်</u>

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

<u>လူမှုရေး ဦးတည်ချက် (၄) ရပ်</u>


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
(ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ဒီနေ့ မနက်အစောကြီး နိုးနေခဲ့သည်။ မနက်ခြောက်နာရီဟာ သူ့အတွက်တော့ အလိုလိုနေရင်း အိပ်ရာကနိုးလာဖို့ တော်တော်စောလွန်းနေသည်။ နှိုးစက်ပေးထားမှဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်က လာနှိုးမှဖြစ်ဖြစ် နိုးတတ်သော နာရီမျိုးလည်း ဖြစ်သည်။ သို့သော် ဒီနေ့တော့ သူ အလိုလိုနေရင်း သတိရှိနေသူလိုပဲ ဆတ်ခနဲ နိုးသွားပါသည်။

ဆောင်းနံနက်ခင်းမို့ ခြောက်နာရီဆိုတဲ့ အချိန်ဟာ နေရောင်တောင် ကောင်းကောင်းမမြင်ရသေးသလို ဖြစ်နေပါသည်။ နည်းနည်းလေး အေးနေပေမယ့်လည်း သူဟာ တီရှပ်လက်တိုပေါ်ကနေ ဂျင်းဂျာကင်တစ်ထည်လောက်တောင် ထပ်ဝတ်ဖို့စိတ်ကူးမရှိဘဲ ဝရန်တာမှာ ဒီတိုင်း ထွက်ထိုင်နေမိသည်။

ကန်ထရိုက်တိုက်ရဲ့အမြင့်ဆုံး ရှစ်လွှာ၏ ဝရန်တာသည် သူ့အတွက်တော့ စီးကရက်ထွက်သောက်စရာ အကောင်းဆုံးနေရာလည်း ဖြစ်သလို ကောင်းကင်ကို မော့ကြည့်နိုင်သော အနီးဆုံးနေရာလည်းဖြစ်သည်။ တခြားအိမ်ခေါင်မိုး အသီးသီးမှရှုနေ



www.burmeseclassic.com

www.burmeseclassic.com



သော တိုက်တီအင်န်တီနာတွေ၊ စလောင်းတွေ၊ ခိုအုပ်တွေကိုလည်း အပျင်းပြေ လိုက်ရေတွက်ငေးကြည့်နိုင်သည်။ တစ်ခါတလေကျ တော့လည်း ဟိုးအောက်မှာ ဥဒဟိုသွားလာနေကြသော လူတွေ၊ ကားတွေ၊ ဆိုက်ကားတွေ၊ တွန်းလှည်းတွေ၊ ဈေးသည်တွေ စသဖြင့် တစ်နေ့တစ်မျိုး မရိုးရအောင် တွေ့နိုင်တဲ့ မြင်ကွင်းကို ထိုင်ကြည့်လို့ကောင်းသော အမြင့်တစ်နေရာလည်းဖြစ်သည်။

ဒီနေ့တစ်နေ့ကို နှစ်စဉ်နှစ်တိုင်းလိုလို ဖြတ်သန်းနေကျပေမယ့် သူ့စိတ်တွေကတော့ မရိုးနိုင်သော ခံစားချက်တွေနဲ့ အုံ့မှိုင်းနေလေသည်။ စီးကရက်တစ်လိပ် ကုန်ခါနီးမှာ အိမ်အတွင်းခန်းမှ ဖုန်းသံမြည်လာသည်။ တူ … တူနှင့် မြည်သော ဖုန်းသံကို ကြားကြားချင်း ထ,မကိုင်မိသေးဘဲ အသာနားထောင်နေမိသည်။ တစ်မိနစ်ပြည့်လျှင် ဖုန်းခေါ်သံရပ်တော့မှာကို တွေးမိသောကြောင့် တစ်မိနစ်မပြည့်ခင်မှာပင် အိမ်ထဲပြန်ဝင်လာပြီး ကောက်နားထောင်လိုက်ပါသည်။

"ဟဲလို"

"ကိုလေးနေ"

"ဟော"

"အိပ်ရာကနိုးရင် လာခဲ့တော့တဲ့"

"အေး … ခုပဲလာပြီ"

"လာခေါ်ရမလားတဲ့"

"ရတယ် … ရတယ်၊ မခေါ်နဲ့"





စီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်သည်။ ရေချိုးခန်းထဲ ပြေးဝင်ကာ ရေချိုးရင်း သွားပါတစ်ခါတည်းတိုက်လိုက်ပါသည်။

အဝတ်စင်ပေါ် ဖြစ်သလို ပစ်တင်ထားသော တီရှပ်တစ်ထည်ရယ်၊ ဂျင်းန်တစ်ထည်ရယ် ဆွဲဝတ်ပြီးသောအခါ သူစီးနေကျ ပြိုင်စက်ဘီးကို ပခုံးပေါ်ထမ်းတင်ရင်း လှေကားတစ်လျှောက် ပြေးဆင်းလာခဲ့ပါသည်။

မေမေ့အိမ်ရောက်တော့ အသင့်စောင့်နေသောကားပေါ် တက်လိုက်ပါသည်။ ကားနောက်ခန်းမှာ အသင့်ရောက်နေပြီးသော အသက်ဆယ့်တစ်နှစ်အရွယ် လမင်းချိုက …

"အိပ်ပုပ်"

ဟု နှုတ်ဆက်လိုက်ပါသည်။

ကားမောင်းသူနေရာမှာ ရှိနေသော ဦးကျော်ဇောက သူ့ကိုတစ်ချက်လှည့်ကြည့်ပြီးလျှင် မောင်းသူခုံဘေးရှိ Passenger seat မှာ ထိုင်နေသော မေမေ့ကို …

"အားလုံးအဆင်သင့်ပဲဆို သွားမယ်နော်"

ဟူ၍ တိုင်ပင်သလိုပြောရင်း ကားကိုစတင်မောင်းထွက်လေသည်။

ကားပေါ်မှာ ပါလာသူ လေးယောက်စလုံး မည်သူမှ စကားမပြောဖြစ်ကြပဲ တိတ်ဆိတ်နေခဲ့ကြသည်။ ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]သော အသီးသီးငေးကြည့်ရင်း လိုရာခရီးဆီ [illegible]ကြသည်။

[illegible]သွားနေသော နေရာကား ရေဝေးသုသာန်ဆီ [illegible]သည်။ ကားကို အဲဒီထဲ မောင်းဝင်လာပြီးသောအခါ [illegible]နေရာဝင်ရပ်လိုက်သည်။ ကားပေါ်က ဆင်းလိုက်ကြပြီး [illegible]နေရာတစ်ခုဆီသို့ တိတ်ဆိတ်စွာပင် အတူတူ လျှောက် [illegible]ကြပါသည်။

အုတ်ပြားဖြူဖြူလေး ထောင်ထားသော နေရာတစ်ခု မှာတော့ ဖေဖေက ကြိုရောက်နေသည်။ အားလုံး တစ်ယောက်ကို တစ်ယောက် အသိအမှတ်ပြုရုံ ခေါင်းဆတ်ပြီးပြ နှုတ်ဆက်လိုက် ကြသည်။ လမင်းချိုက အသင့်ကိုင်လာသော ပန်းခြင်းလှလှလေး ကို အုတ်ဖြူပြားရှေ့မှာ အသာချလိုက်၏။

အုတ်ဖြူပြားရဲ့မျက်နှာပြင်မှာတော့ ...

"နေမင်းချို

(၁၉၈၅–၂၀၀၈)

ချစ်လှစွာသော သားကြီး

ချစ်လှစွာသော အစ်ကိုကြီး"

ဟူသော အမှတ်တရစာလုံးများကို ကြေးနီရောင် ဘုတ်ပြားပေါ်မှာ ထွင်းရေးထားကာ အုတ်ဖြူပြား၏မျက်နှာပြင် မှာ နှစ်ထားပါသည်။



BURMESE CLASSIC .com



သူသည် အုတ်ဖြူပြား၏ မြေကြီးအောက်တည့်တည့် မှာရှိနေမည့် ကိုကြီးနေ၏ ပြာအိုးလေးဆီ အာရုံနှစ်၍ ထားမိ သည်။ အခုချိန်မှာသာ ကိုကြီးနေဟာ ဘယ်ကိုရောက်နေမလဲ။ လူ့ဘဝကိုပဲ ပြန်ရောက်နေပြီလား။ ဒါမှမဟုတ် ကိုကြီးနေ ပြော ပြောနေကျ ...

"လူ့ဘဝကြီးက စိတ်ပျက်စရာကောင်းပါတယ်၊ ငါသေသွား ခဲ့ရင် ဘာမှထပ်မဖြစ်ချင်တော့ဘူး။ တစ်ခါတည်းပျောက် ကွယ်သွားချင်တယ်"

ဆိုတဲ့အတိုင်းပဲ၊ နေမင်းချိုဟာ သေတာနဲ့တင်ပျောက် ကွယ်သွားခဲ့ပြီလား။


❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com








## ၁

"ငါ အံ့သြတယ်ကွာ၊ လူတွေကသာ အချစ် ... အချစ်လို့ အော်နေကြတာ။ တကယ်သွားမေးကြည့် ဘယ်သူမှ အချစ် အကြောင်း ရေရေရာရာ မသိကြဘူး။ ဟိုလိုလို ဒီလိုလိုနဲ့"

စည်သူက ကျယ်ကျယ် ကျယ်ကျယ်နဲ့ ဆေးကနေ ဆွေးနွေးပြီး ပါလာသောအခါ ဖြတ်သွား ဖြတ်လာထဲမှာပါတဲ့ မိန်းကလေးတွေ ခဏခဏလှည့်ကြည့်တာကို ခံရသည်။

"မင်းကိုပဲ ကြည့်တာပါ၊ ငါ့ကို မဟုတ်ဘူး"

ဟူ၍လည်း နေရောင်ချိုကိုလှည့်ပြီး မနာလိုသလို အသံနဲ့ ခနဲ့လိုက်သေးလေသည်။ အသားအရေ ဆွတ်ဆွတ်ဖြူတဲ့ အထဲမှာပါကာ မျက်ခုံးနက်နက်တွေ ထူတန်းနက်မှောင်၊ မျက်လုံး မျက်ဆန်တွေကျတော့ အညိုရောင်ရင့်နေသော၊ နှုတ်ခမ်းသား အရောင်ရဲရဲ စိုစိုနဲ့ လေးထောင့်မကျတကျ မျက်နှာပေါက်နဲ့ နေ ရောင်ချိုဟာ အရုပ်အမောင်းကျပြန်တော့လည်း အားလုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်လုံး မြင့်နေတတ်တဲ့ ခြောက်ပေလောက်နီးပါးအရပ်ကို ပိုင်ဆိုင်ထားပြန်သေးသည်။ အရပ်ကြီးမြင့်လှပေမယ့် ကိုယ်လုံးကိုယ်ဟန် ကလန်ကလား ဖြစ်နေတာမျိုးလည်း မဟုတ်ချေ။ ပြေပြေပြစ်ပြစ်နှင့် ဖြောင့်မတ်နေသော ကိုယ်လုံးကိုယ်ဟန်တို့ကြောင့် မိန်းကလေး တော်တော်များများရဲ့ စိတ်ဝင်စားခြင်းကို ခံရတာတော့ မှန်ပါသည်။

သို့သော် ဒီနေ့လိုမျိုး စည်သူတစ်ယောက် အချစ်အကြောင်း အော်ကြီးဟစ်ကျယ် ဆွေးနွေးပြနေချိန်မှာကျတော့ အများစု လှည့်ကြည့်သွားကြတယ် ဆိုတာဟာ အဲဒီအကြောင်း အရာကြောင့်သာ ဖြစ်ပါမည်။

"ဟေ့ကောင် ... ဒီနေ့ လှည့်ကြည့်တဲ့သူ အများစုဟာ ငါ့ကိုကြည့်တာနည်းနည်း မင်း,လေသံကြီးနဲ့ ဆွေးနွေးနေတဲ့ အကြောင်းအရာကို စပ်စုချင်တာ များများပါကွာ"

"သေချာလား"

"သေချာတာပေါ့"

"ဒါဆို ပိုကျယ်ကျယ်ပြောမယ်"

"ဟေ့ကောင် ... တော်ပါတော့ကွာ၊ မင်း,ဝတ္ထုစာရေးဆရာလည်းမဟုတ်၊ ဘာမှလဲမဟုတ်ဘဲ အချစ်အကြောင်း ပြောမနေစမ်းပါနဲ့"

"ဝတ္ထုစာရေးဆရာက စိတ်ကူးယဉ်တာတွေကွ၊ ငါတို့က တကယ်ကြုံရတာ"





"မင်း ဘာတွေကြုံရလို့လဲ"

"ငါ့လိုမျိုး သိပ်ချစ်တတ်တဲ့ကောင်ကျတော့ ငါ့ကိုပြန်ချစ်မယ့် မိန်းကလေးနဲ့ မဆုံသေးဘူး။ မင်းလိုမျိုး ရည်းစားတွေ ဟောတစ်ယောက် ပေ..၂တစ်ယောက် ထားတဲ့ကောင်ကျ ပြန်ချစ်မယ့်ကောင်မလေးတွေ ရှိနေတယ်၊ ဒီတော့ အချစ်ဆိုတာ ဘာကြီးလဲ။ သက်ရောက်မှုတိုင်းဟာ တန်ပြန်သက်ရောက်မှု ရှိသည်တဲ့။ " Every action has a reaction" ဆိုတဲ့ အိုင်းဇက်နယူတန်ရဲ့နိယာမဟာ မမှန်တော့ဘူး။ ချစ်တတ်တဲ့သူဆီကို ချစ်တတ်တဲ့သူပဲ လာရမယ်လေ"

နေရောင်ချိုမှာ စည်သူ့စကားကို အသာရယ်မိသည်။ စည်သူပြောလည်း ပြောစရာ။ စည်သူ့ရုပ်ရည်ဟာ အချောကြီးလည်း မဟုတ်သလို ရုပ်အဆိုးကြီးလည်း မဟုတ်။ သာမန်ရွက်ကြမ်းရေကျိုရုပ်ရည်၊ တွေ့နေမြင်နေကျလူတွေရဲ့ ရုပ်ရည်မျိုးရှိကာ အမြဲတမ်း ရွှင်ပြရယ်ပြုံး နေတတ်တာကြောင့် ခင်မင်စရာကောင်းတဲ့ ပုံစံမျိုးလည်း ရှိပါသည်။ အရပ်အမောင်းကလည်း နေရောင်ချိုလောက်တော့ မရှည်ပေမယ့် ယောကျာ်းတစ်ယောက် ရှိသင့်ရှိထိုက်သော သာမန်အရပ်အမောင်းနဲ့မို့ ဘယ်လိုမှ အရပ်ပုသည်ဟု ပြောမရ။

သို့ပေမဲ့ စည်သူ့ခမျာ ကံခေရှာသည်။ သူ သဘောကျချစ်ကြိုက်မိသမျှ မိန်းကလေးတိုင်းဟာ သူ့ကို ပြန်မချစ်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးခါလောက် ကြုံရသောအခါ "အချစ်"ဆိုတာကို နေ့ရှိသရွေ့ ဝေဖန်ရေး လုပ်နေတော့သည်။ နေရောင်ချို့လို အချစ်ဆိုတာကို သိပ်အလေးအနက် မထားဘဲ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားနေသော သူငယ်ချင်းနှင့် အနီးကပ်နေရသောအခါ နေ့ရှိသရွေ့ ညည်းညူစရာ ဖြစ်နေတော့လေသည်။

"အချစ်ကို Research (ရီဆာ့ချ်)လုပ်ကြည့်ချင်တယ်"

"လုပ်ပေါ့ ... Chemistry of love (ကမစ္စတြီအော့(ဖ)လပ်(ဗ်)) ဆိုပြီး"

"မဟုတ်ဘူး၊ အချစ်ကို လေ့လာသုတေသနလုပ်ဖို့ ဓာတ်ခွဲခန်းမလိုဘူး၊ မိုက်ခရိုစကုပ်တွေ မလိုဘူး။ မင်းဆိုတဲ့ကောင်ပဲ လိုတယ်၊ မင်းကိုပဲ research လုပ်ရမယ်"

"ဟား ဟား ..."

"ဟား ဟား ... လုပ်မနေနဲ့၊ နေစမ်းပါဦး၊ မင်းကို ငါမေးရဦးမယ်၊ မင်း, အသက်နှစ်ဆယ့်တစ်နှစ်ရှိပြီ၊ ထားခဲ့တဲ့ရည်းစားလည်း လက်ဆယ်ချောင်း ပြည့်တော့မယ်။ အဲဒီထဲက တစ်ယောက်ယောက်ကို မင်း တကယ်မချစ်ခဲ့ဘူးလား"

"ဟေ့ကောင် ... တော်စမ်းပါကွာ၊ အရည်မရ အဖတ်မရတွေ"

"မင်းကလည်း ဈေးကိုင်နေပြန်ပြီ၊ ဖြေစမ်းပါကွ"





"တကယ် ချစ်တာတွေ၊ မချစ်တာတွေ ငါမသိဘူး။ ငါ့စိတ်ထဲမှာ ပျော်တယ်ထင်လို့ လုပ်ခဲ့တဲ့အရာတွေချည်းပဲ၊ မင်းရဲ့ research အရ အချစ်ဟာ ပျော်ရွှင်ခြင်းတွေပဲ ပေးဝယ်ဆိုရင် ငါချစ်ခဲ့တယ်ပေါ့။ ဒါပဲပေါ့"

"မဟုတ်ဘူး၊ ငါ အဲဒီအဖြေကို သိပ်မကြိုက်ဘူး"

"မကြိုက်လည်း မတတ်နိုင်ဘူး။ ကဲ ... မင်းပြန်ရင်ပြန်ကွာ၊ ငါ ဒီမှာ စာအုပ်ဆိုင် ဝင်လိုက်ဦးမယ်"

"အံမာ ... ဒီလိုစကားလွှဲလို့ ရလား၊ မရဘူးနော်၊ အိမ်ရောက်ရင်လည်း မင်းကို ငါ မေးကိုမေးဦးမှာပဲ"

"ဝင့်ရှိသရွေ့ ခံရတယ်ပဲ မှတ်ပါတယ်ကွာ"

စည်သူတစ်ယောက် စာအုပ်ဆိုင်ထဲ လိုက်ဝင်မလာတော့ပဲ သူတို့နေထိုင်ရာ တိုက်ခန်းရှိသည့်လမ်းဘက် ဆက်လျှောက်သွားပါသည်။ နေရောင်ချို့နဲ့ စည်သူတို့နှစ်ယောက်ဟာ အတော်ကြီးခင်မင်ကြသည်ဆိုပေမယ့် အကြိုက်ချင်း၊ စရိုက်ချင်းတော့ မတူပါ။

နေရောင်ချို့က စကားနည်း အေးဆေးပြီး အတွေးသမားပုံစံ။ တွေးစရာမရှိရင်တော့ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ်ဖတ်ကာ ငြိမ်တိတ်နေတတ်သည်။ စည်သူကကျတော့ စကားအင်မတန်များလှကာ ဘယ်တော့မှ ငြိမ်ငြိမ်မနေ၊ အိမ်မမြဲ။ စည်သူ့အတွက် အိမ်ဆိုသော အရာဝတ္ထုဟာ အိပ်စရာနေရာတစ်ခုရှိသော အရာလို့ပင် သတ်မှတ်ရမယ့်အထိ အိမ်ကို အိပ်ချိန်ရောက်မှသာ ပြန်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ချိုဟာ ရန်ကုန်မှာမွေး၊ ရန်ကုန်မှာ ကြီးခဲ့သူ ဖြစ်ပေမယ့် စည်သူကတော့ ဆယ်တန်းဖြေဖို့ ရန်ကုန်မှာ ဆော်ဒါလာနေရင်း နေရောင်ချိုကလည်း ဆယ်တန်းဆော်ဒါကျူရှင်ယူသဖြင့် အတူဆုံကာ ဆယ်တန်းနှစ်မှာ စ,ခင်သွားကြတာဖြစ်သည်။ ဆယ်တန်းအောင်ပြီးသောအခါ စည်သူရော နေရောင်ချိုပါ ကွန်ပျူတာတက္ကသိုလ် ဝင်ခွင့်ရသဖြင့် အတူတူ ဆက်တက်ကြပါသည်။

"မင်း အဆောင်တွေးမနေနဲ့၊ ငါနဲ့လာနေ၊ အိမ်လခတွေဘာတွေ ဆေးနွေးမနေနဲ့။ Bills (ဘီလ်(စ))တွေလာရင် ညီတူညီမျှ ခွဲပေးကြမယ်"

နေရောင်ချို ဒီလိုစီစဉ်တော့ စည်သူ တအံ့တသြမေးလာသည်။

"မင်းနဲ့ လာနေရအောင် မင်းမိဘတွေ ရှိနေတယ် မဟုတ်လား။ ငါ နေဖို့မသင့်ပါဘူး"

"မဟုတ်ဘူး၊ ငါက ငါ့အစ်ကိုနဲ့ အတူနေတာ၊ တိုက်ခန်းကတော့ ငါတို့အဖေ ဝယ်ပေးထားတဲ့အခန်းပဲ။ ငါက ငါ့အစ်ကိုနဲ့ လိုက်နေနေတာ"

ဘာလို့ မိဘနဲ့မနေလဲလို့ စည်သူ အဲဒီတုန်းကတော့ စဉ်းစားကြည့်မှာပင်။ ဒါပေမဲ့ ယောကျ်ားလေးပီပီ မစပ်စုတတ်သဖြင့် နေရောင်ချိုရဲ့ အစီအစဉ်ကိုသာ သဘောတကျ လက်ခံခဲ့လိုက်ဖို့သာ စိတ်ကူးရှိလေသည်။





နောက်တော့ အတူတူသွားနေသောအခါမှသာ တစ်နေ့ကခြား သူတို့မိသားစုအကြောင်းကို သိလာခဲ့သူဖြစ်သည်။ အဖေနဲ့အမေက နေရောင်ချို ဆယ့်ငါးနှစ်အရွယ်မှာ လမ်းခွဲကြသည်။ အဖေက သားနှစ်ယောက်ကို သူနဲ့လိုက်နေဖို့ ခေါ်သည်။ သို့သော် နေရောင်ချို၏အစ်ကိုကြီးဖြစ်သော နေရောင်ချိုထက် အသက်လေးနှစ်ကျော် အသက်ပိုကြီးသည့် နေမင်းချိုက အဖေနဲ့လည်း လိုက်မနေလို၊ အဖေနဲ့ကွဲပြီးပြီးချင်း နောက်အိမ်ထောင်သစ်ထူဖို့ အစီအစဉ်ရှိခဲ့သော အမေနဲ့လည်း အဆင်မပြေသဖြင့် မနေချင်။ ဒီတော့ ...

"ဖေဖေဝယ်ပြီး ဒီတိုင်းသော့ပိတ်ထားတဲ့ အခန်းမှာ သားနဲ့ ညီလေး သွားနေမယ်၊ စီစဉ်ပေးပါ"

ဟု တောင်းဆိုပြီး ထိုအရေးဆိုမှုကိုလည်း မရမက တောင်းယူနိုင်သောအခါ နေမင်းချိုနဲ့ နေရောင်ချို ညီအစ်ကိုတို့ဟာ တိုက်ခန်းတစ်ခန်းထဲမှာ ညီအစ်ကိုနှစ်ယောက်တည်းနေရဖို့ ဖြစ်လာသည်။

သားသမီးသုံးယောက်ရဲ့မျက်နှာကို မထောက်ဘဲ အိမ်ထောင်ကွဲကြ၊ ကွာကြ ဖြစ်ကြရသော မိဘတွေကလည်း သူတို့အားနည်းချက်နဲ့ သူတို့မို့ သားနှစ်ယောက် ဒီလိုခွဲထွက်နေခဲ့တာကို ဘယ်လိုမှ တားမြစ်ဖို့၊ ကန့်ကွက်ဖို့ ထပ်မကြိုးစားရဲခဲ့ကြသဖြင့် သူတို့ညီအစ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ခွဲထွက်နေခဲ့ကြတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နေမင်းချို မရှိတော့လေရာ နေရောင်ချို ၏ တစ်ဦးတည်းသောအဖော်မှာ စည်သူဆိုတဲ့ သူငယ်ချင်းတစ်ယောက်သာ ရှိတော့လေသည်။ စည်သူဟာ နေရောင်ချိုအတွက်တော့ ညီအစ်ကိုလည်း ဖြစ်သလို သူငယ်ချင်းလိုလည်း ခင်တွယ်ရသူသာ ဖြစ်လေသည်။

နေရောင်ချို၏ဘဝတွင် သံယောဇဉ်တွယ်စရာဆိုလို့ သူနဲ့အသက်ဆယ်နှစ်ကွာသော ညီမလေး လမင်းချိုသာရှိသည်။ အရင်ကတော့ သူ့ရဲ့အားကိုးရာ ခင်တွယ်ရာ၊ သံယောဇဉ်ဖြစ်ရာမှာ ကိုကြီးနေ့နဲ့ ညီမလေး လမင်းချို ဖြစ်ပေမယ့် ကိုကြီးနေ မရှိတော့သောအခါ သူ့ဘဝရဲ့တစ်ဦးတည်းသော သံယောဇဉ်ထားရမည့်သူမှာ ညီမလေးသာ ရှိတော့သည်။ ဖေဖေနဲ့ မေမေကိုတော့ ဘယ်ကဘယ်လို ဝင်လာသော မသိသော နာကြည်းမှုတွေနဲ့ သံယောဇဉ် မရှိတော့သလို ခံစားရတာကြာပြီ။

စာအုပ်ဆိုင်ဝင်ပြီး ဖတ်ချင်သော စာအုပ်တွေငှားလာကာ အိမ်ပြန်ရောက်သောအခါ စည်သူ တစ်ယောက် ဖြုံးဖြိုး ဖြိုးနဲ့ စောင့်နေသည်။

"Guess … What ?"

နေရောင်ချို ဘာမှမမေးဘဲ အိမ်ထဲတန်းဝင်မလိုပြင်တော့ စည်သူ ဖြုံးဖြုံးကြီး မနေနိုင်တော့ဘဲ အသံထွက်လာသည်။ စည်သူဟာ ခုလောလောဆယ်လည်း အင်္ဂလိပ်စကားပြောသင်တန်းတက်နေလေရာ သူသိထား မှတ်ထားသလောက် အင်္ဂလိပ်စကားကိုလည်း မကြာခဏ သုံးတတ်သေးသည်။





"ငါ ဘာသတင်း ရထားတယ်ထင်လဲ၊ ခန့်မှန်းကြည့်စမ်း"

"အစတည်းက အဲဒီအတိုင်းပဲ မြန်မာလိုမေးပါလား"

"ဪ … မြန်မာလို မပြောလို့ မှန်နေတာကို:"

"အဲဒါကြောင့် မဟုတ်ဘူး၊ ငါ မမေးလည်း မင်းမနေနိုင်ဘဲ ပြောမှာလေ။ ဒီတော့ မေးမနေတော့ဘူး"

"ခွေးကောင်"

"ခွေးနဲ့ မင်း အပေါင်းအသင်းလုပ်ရင် မင်းလည်း ခွေးပဲ ဟောကောင်၊ ဆဲတာ ကြည့်ဆဲဦး။ ကိုယ်ပြန်မှန်နေမယ်"

"ကဲပါ … ကဲပါ၊ ငါ အရှုံးပေးပါတယ်၊ ငါပြောစရာရှိတယ်ကွ၊ ခုလေးတင် တင်ဇာတို့ဆီက ဖုန်းလာသွားတယ်"

နေရောင်ချို တီရှပ်ကိုချွတ်ရင်း ရေချိုးဖို့ပြင်ကာ နားထောင်နေသည်။

"ဒီည သူတို့အုပ်စု ကလပ်သွားကြမယ်တဲ့၊ ငါတို့ပါ လိုက်ခဲ့ဖို့ ခေါ်တယ်"

စည်သူ ဆက်ပြောနေသည်။ တင်ဇာ ဆိုတာက ဒီလိုပဲ ကျောင်းမှာ ဆုံစည်းသိကျွမ်းရသော ခပ်ချောချော ကောင်မလေးဖြစ်သည်။ အခုခေတ် မိန်းကလေးတွေမို့ သာမန်ကြည့်ကောင်းရုံလှသော ရုပ်ရည်လေး ရှိပေမယ့် ပြင်တတ်ဆင်တတ် ဝတ်စားတတ်လေရာ တင်ဇာတို့ မိန်းကလေးတစ်အုပ်စုလုံး ချောမောကြည့်ကောင်းတဲ့စာရင်းထဲ ပါသည်။ ဒီတော့ ခပ်ချောချော မိန်းကလေးနဲ့ ရည်းစားဖြစ်လိုသော စည်သူ့အတွက် ဒီအုပ်စုနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူသွားရမှာဟာ မဟာအခွင့်အရေးကြီးလို ဖြစ်နေသည်။ ဒီကောင် အတော်သွားချင်နေမှန်းလည်း နေရောင်ချို ရိပ်မိလေရာ တမင်စ၊ ချင်၍ အင်းမလုပ်၊ အဲမလုပ် လုပ်ပြမိလေသည်။

"သွားရအောင်ကွာ၊ ငါတို့လည်း အားနေတာပဲ"

"မင်းသွားရင် သွားလေ"

"မင်းပါလိုက်မှ ဖြစ်မှာပေါ့၊ ငါတို့နှစ်ယောက်လို့ တွဲခေါ်တဲ့ဟာ"

"တွဲခေါ်ရအောင် မင်းနဲ့ငါက စုံတွဲလား"

"ဟော့ကောင် ... မနောက်ပါနဲ့ နေရောင်ချိုရာ၊ တင်ဇာက မင်းနဲ့ပိုခင်တာ၊ မင်းပါမှ အဆင်ပြေမှာပေါ့၊ တင်ဇာတို့ အုပ်စုထဲက နီလာကြည်ကလည်း မင်းသိတဲ့အတိုင်းပဲ။ ငါ ဆန်ခါတင် ရွေးထားတဲ့ စာရင်းထဲမှာ ပါတယ်ကွာ"

"မင်းရဲ့ဆန်ခါ ဆန့်ရော ဆန့်သေးရဲ့လားကွာ၊ နည်းနည်းလေးလှတယ်ဆိုရင်ပဲ မင်းက ဆန်ခါတင် ရွေးချယ်နေပြီ"

"လိုက်ခဲ့ပါကွာ ယောက်ဖရာ"

"ဟော့ကောင် ... လမင်းချိုက ကလေးပဲ ရှိသေးတာနော်၊ ငါ့ကို ယောက်ဖမခေါ်နဲ့"

"ငါ့မှာ အစ်မတွေ ရှိလို့ပါကွာ"

"မင်းအစ်မ ဆိုမှတော့ ငါ့ထက် အသက်ကြီးပြီပေါ့၊ ငါက ကိုယ့်ထက်ငယ်တာလည်း မယူဘူး၊ ကိုယ့်ထက်ကြီးတာလည်း မယူဘူး။ ရွယ်တူပဲ ကြိုက်တယ်"





"ကဲပါကွာ၊ ဒီတစ်ပတ်လုံး ငါ ပန်းကန်ဆေးပါမယ်၊ အဝတ်တွေလျှော်ပြီးသား စက်ထဲက ထွက်လာရင် လှမ်းပါမယ်၊ ခြောက်ရင် ရုပ်ပြီးခေါက်သိမ်းပါမယ်၊ မီးပူတိုက်ဆိုလည်း တိုက်ပါမယ်။ ကဲ ... ဘာကျန်သေးလဲ၊ လုပ်ပေးစရာ"

ရေချိုးခန်းထဲ မဝင်ခင် စည်သူ စိတ်အေးအောင်တော့ အဖြေပေးခဲ့ပါသည်။

"မောင်ရင် စိတ်အေးအေးသာနေတော့"

စည်သူတစ်ယောက် ဝမ်းသာအားရ ရက်(စ်)လို့အော်ကာ သူ့ရဲ့မှည့်စုနေသော နှာခေါင်းထိပ်က ဝက်ခြံကိုညှစ်ဖို့ မှန်ရှေ့ပြေးတော့လေသည်။ ညဘက် ကောင်မလေးတွေနဲ့ အတူသွားရင် အဲဒီဝက်ခြံကြီးက ဆိုးဆိုးရွားရွား အရုပ်ဆိုးစေတာမို့ အမြန်ဆုံး ရှင်းပစ်ဖို့ စိတ်ကူးလိုက်ပုံရလေသည်။

❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



## ခန်း ၂

ကလပ်ထဲက ထွက်လာကြသောအခါ ညဥ့်တော်တော်နက်နေပြီ။ စည်သူရော နေရောင်ချိုပါ နည်းနည်းတော့ ရစ်ထွေနေပေမယ့် ရုပ်ပျက်ဆင်းပျက်ကြီးတော့ မမူးကြ။ စကားများသော စည်သူက ပိုစကားများပြီး စကားနည်းသော နေရောင်ချိုကကျတော့ ပို၍ အသံတိတ်ကာ အလိုလိုနေရင်း စိတ်တိုဒေါသထွက်နေသလိုဖြစ်သော ပုံစံပြောင်းနေပါသည်။

မိန်းကလေးအုပ်စုက ပြန်ခါနီး ...

"ကားနဲ့လိုက်ပို့မယ်လေ၊ လိုက်ခဲ့ကြပါလား"

လို့ မေးပေမယ့် နေရောင်ချိုရဲ့စိတ်ဓာတ်ကတော့ မိန်းကလေးမောင်းသောကားကို မစီးချင်။

"ရတယ် ... မလိုက်တော့ဘူး၊ တက္ကစီနဲ့ပြန်မယ်"

မိန်းကလေးတွေလည်း အိမ်ပြန်ချင်လှပြီမို့ နှစ်ခါဆက်မခေါ်ဘဲ လက်ပြနှုတ်ဆက်သွားကြပါသည်။





သူငယ်ချင်းနှစ်ယောက် လမ်းမကြီးပေါ် တက်လာပြီး အငှားကားစောင့်နေစဉ် လမ်းမပေါ်မှာ ကားတစ်စီး အလိုလိုနေရင်း စက်သံမမှန်ဖြစ်ကာ လမ်းဘေးတစ်နေရာကို တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် ထိုးရပ်သွားတာကို တွေ့ရသည်။

"နေရောင်ချို ... ဟိုမှာ ကားပျက်သွားပြီကွ၊ ကားထဲက လူထွက်လာပြီ၊ ဘောနက်ဖွင့်နေတယ်"

"အေးအေးဆေးဆေး နေပါကွာ။ ငါတို့သွားလည်း ဘာအကူအညီမှ မရနိုင်ဘူး။ ငါလည်း ကားအကြောင်းမသိဘူး။ ငါ့မှာလည်း ကားမရှိဘူး"

"မင်းကို မင်းအဖေက ပေးပါတယ်ကွာ၊ မင်းက မာနကြီးပြီး မယူတာ"

"အဲဒါတွေ ပြောမနေနဲ့ကွာ"

"ဟိုလူ့ကို အကူအညီတော့ ပေးချင်ပါတယ်ကွာ၊ ဒါပေမဲ့ ငါတို့က နည်းနည်းမူးနေတော့ တော်ကြာ မသင်္ကာဖြစ်နေဦးမယ်နော်။ ငါတို့ ကူညီနိုင်တာက ကားတွန်းပေးတာလောက်ပါကွာ"

"ဟိုမှာ ... လမ်းလျှောက်လာတဲ့ လူနှစ်ယောက်တော့ ကြည့်ပေးနေပြီကွ"

နေရောင်ချိုတို့နှစ်ယောက် မလှမ်းမကမ်းကို ထိုင်ကြည့်နေစဥ် ကားပျက်သောသူကို အကူအညီပေးမလိုဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကားဘောနက်ကို ဝင်ကြည့်ပေးသော လမ်းလျှောက်လာသူ လူနှစ်ဦး၏ လှုပ်ရှားမှုကို တွေ့ရတော့လေသည်။ ထိုသူနှစ်ဦးသည် ကားပိုင်ရှင်ကို တစ်ယောက်ကချုပ်ပြီး ကျန်တစ်ယောက်က စတင်ထိုးကြိတ်လျှက် ...

"ဟော့ကောင် ... စည်သူ ... စည်သူ ... ဟိုမှာ ဝိုင်းထိုးနေပြီကွ။ လာ ... လာ။ ငါတို့ သွားရှင်းရအောင်

နေရောင်ချို့ အသံက နောက်ကျသလိုဖြစ်ကာ လူကတော့ အပြေးရောက်သွားနှင့်ပြီ ဖြစ်ပါသည်။ စည်သူ့ခြေသံကလည်း နောက်မကျပဲ ပါလာခဲ့ပါသည်။

"ရပ်လိုက်စမ်း ... ဟေ့လူတွေ"

"အံမာ ... မင်းနဲ့ ဘာဆိုင်လို့လဲ"

"ခင်ဗျားတို့ မတရားလုပ်နေတာ မြင်တယ်၊ ရပ်စမ်း"

ဝိုင်းထိုးခံရသော ကားပိုင်ရှင်မှာ ...

"ကူညီပါဗျာ၊ ကျွန်တော့်ကို ကူညီပါ၊ ဒီလူတွေ ပိုက်ဆံအိတ်ရော ကားသော့ရော ဝိုင်းလုနေတာပါ"

ကြောက်လန့်တကြား လှမ်းအကူအညီ တောင်းပါသည်။

"မဆိုင်ရင် ဝင်မရှုပ်နဲ့ သေသွားချင်လား"

နေရောင်ချိုသည် စကားဆက်ပြောမနေတော့ဘဲ ထိုလူတွေဆီ ပြေးဝင်ကာ ထိုးကြိတ်တိုက်ခိုက်ပါသည်။ စည်သူက





လည်း နေရောင်ချိုဘက်မှ ဝိုင်းကူတိုက်ခိုက်ပေးသည်။ ကားပိုင်ရှင်မှာ အသက်ခပ်ကြီးကြီး လူကြီးတစ်ယောက်ဖြစ်ရာ ရန်ပွဲထဲဝင်မပါရဲဘဲ သူ့ကားဘေး ပြေးကပ်ကာ ပုန်းကွယ်နေတော့သည်။

ဟိုဘက် ဒီဘက် ထိုးကြိတ်သတ်ပုတ်နေစဉ်မှာပင် ကားတစ်စီးမှ မီးကြီးတွေထိုးလိုက်ကာ သူတို့နား ထိုးရပ်လာသည်။

"ဟော့ကောင်တွေ ရပ်ကြစမ်း၊ ရပ်လိုက်"

ကားပေါ်မှ ဆင်းဆင်းချင်း အော်ဟစ်အမိန့်ပေးလိုက်သော အသံရှင်ကြောင့် သူတို့အားလုံး ရပ်တန့်သွားကြသည်။

ကားပေါ်မှ အသက်ခပ်ကြီးကြီး လူကြီးနှစ်ဦးဆင်းလာသည်။ သူတို့ကိုယ်ပေါ်မှာ အရပ်ဝတ် အရပ်စားပုံစံ ရိုးရိုးရှုပ်အင်္ကျီနှင့် ဘောင်းဘီကိုသာ ဝတ်ဆင်ထားပေမယ့် သူတို့၏ အမူအရာမှာ ရဲရင့်ဖျတ်လတ်သွက်လက်ကာ သေသေချာချာလေ့ကျင့်ထားသလို အမူအရာတွေ၊ လှုပ်ရှားမှုတွေကြောင့် အားလုံးစူးစမ်းလိုက်မိကြသည်။

"အားလုံး လက်ထိတ်ခတ်စမ်း"

ထိုလူကြီးနှစ်ဦး၏ အိတ်ထဲမှ လက်ထိတ်တွေ ထွက်လာသောအခါ အားလုံး မျက်လုံးပြူးသွားကြပါသည်။

"ဒီကောင်တွေက ပစ္စည်းလုတဲ့ ကောင်တွေပါ၊ ကျွန်တော်တို့မှာ ဘာအပြစ်မှ မရှိပါဘူး။ ကျွန်တော်တို့ ဒီကားပိုင်ရှင်ကို ကူညီတာပါ ဦးတို့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



စည်သူ ကြောက်ကြောက်လန့်လန့်ဖြင့် တောင်းပန်လေသည်။

"ဟော့ကောင်တွေ ... အပိုတွေပြောမနေနဲ့၊ ဟိုဘက်လှည့်၊ ကားပေါ်မှောက်ထားစမ်း၊ တောက် ... တယ်၊ ငါ တီးလိုက်ရ"

"ခင်ဗျားတို့က ဘယ်သူတွေမို့ လက်ထိတ်အလကားနေရင်း ခတ်ရတာလဲ"

ပစ္စည်းလုသူတွေကတော့ လုံးဝမကြောက်ဘဲ ကလန်ကဆန် ပြန်မေးလေသည်။

"ငါတို့ under cover police (အင်န်ဒါကာဗာပုလိ(စ်)) တွေပဲ၊ ဒီလို အရပ်ဝတ် အရပ်စားနဲ့ ကင်းလှည့်နေတာပဲ၊ မင်းတို့လို ညအချိန်မတော် အမှောင်ကိုအားကိုးပြီး ခိုးဆိုးလုယက် ဓားပြတိုက်မယ့်လူတွေကို အမေးအမြန်းမရှိ လက်ထိတ်ခတ်ခွင့်ရှိတယ်၊ ဖမ်းချုပ်ခွင့်ရှိတယ်"

နေရောင်ချိုသည် သူတို့ဝင်ကူပေးမှန်း သိရက်နဲ့ တစ်ခွန်းဝင်မပြောပေးသော ကားပိုင်ရှင်ကိုသာ စိတ်ပျက်နေမိသည်။ ကားပိုင်ရှင်လူမှာ အကြောက်လွန်ပြီး စကားတွေ အထစ်ထစ်၊ အငေါ့ငေါ့ အမှားမှား အယွင်းယွင်းဖြစ်ကာ သူ့အဖြစ်အပျက်ကိုသာ ဦးစားပေး တိုင်ကြားနေသည်။ ဘယ်သူဟာ လူဆိုး၊ ဘယ်သူဟာ လူကောင်းရယ်လို့ ခွဲခြားပြောပြခြင်း မရှိလေရာ နေရောင်ချိုရော စည်သူပါ လူဆိုးဂျပိုးလိုပဲ လက်ထိတ်တန်းလန်းဖြစ်ရတော့လေသည်။





"နေရောင်ချို ... နေရောင်ချို ... ပြောပြလေကွာ၊ မင်းနဲ့ငါ လူကောင်းတွေပါဆိုတာ"

"ပြောလည်း အပိုပဲ၊ ဟိုလူကမှ ငါတို့ဘက်က ဝင်မပြောပေးတာ"

"ဒုက္ခပါပဲကွာ၊ ရဲစခန်းမှာ ညအိပ်ရတော့မယ်"

ရုပ်ရည်သားနားသန့်ပြန့်ပြီး အရပ်ထောင်ထောင်မောင်းမောင်းရှိကာ မျက်နှာပိုတင်းမာသောလူမှာ အရာရှိဖြစ်ပုံရသည်။ သူ့ကားပေါ်မှာပါသော စကားပြောခွက်ဖြင့် ရဲစခန်းရှိ အချုပ်ကားကို လှမ်းမှာနေပါသည်။

ထိုအရာရှိ၏ တပည့်ဖြစ်ဟန်တူသူကတော့ အနည်းငယ် ပျော့ပျောင်းကာ နေရောင်ချိုတို့နှစ်ဦး၏ အမှုအရာကိုကြည့်ပြီး ...

"ရာဇဝတ်မှုတစ်ခုဖြစ်ရင် အဲဒီပတ်ဝန်းကျင်မှာရှိနေတဲ့ ဘယ်သူ့ကိုမဆို ဖမ်းချုပ်စစ်ဆေးရမှာ ဦးတို့တာဝန်ပဲ၊ အပြစ်မရှိဘူးဆိုပြီး လွှတ်ပေးလိုက်လို့ မရဘူး။ တိကျတဲ့ ထွက်ဆိုချက်ရမှ အာမခံနဲ့ လွှတ်ခွင့်ရှိတယ်။ ကားပိုင်ရှင်ရဲ့ပြောစကားအရ ဆိုရင်တော့ မင်းတို့က ဝင်ကူညီတဲ့သူတွေလို့ယူဆရပေမယ့် ဦးတို့ လွှတ်ချင်တိုင်း လွှတ်ပေးလို့မရဘူး။ တစ်ခါတလေကျ ဝင်ကူသလိုလိုနဲ့ တစ်ဂိုဏ်းတည်းသားချင်းပေါင်းကြံတဲ့လူတွေ ဖြစ်နေတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေပါဗျာ၊ သူငယ်ချင်းတွေနဲ့ ကလပ်သွားပြီး ပြန်ထွက်လာတာပါ။ ဒီနားမှာ ရပ်ပြီး ကားငှားနေတာပါ"

စည်သူမှာ ရဲစခန်းရောက်ရမှာ သေတော့မလောက်ကြောက်လျက် မလွှတ်ပေးမှန်းသိရက် ဆက်ပြီးတောင်းပန်နေသဖြင့် နေရောင်ချို တံတောင်နဲ့တွက်ပစ်လိုက်မိသည်။ ဒါကို ဝေါကီတော့ကီပြောပြီး ပြန်လှည့်လာသော ရဲအရာရှိကမြင်ပြီး ...

"မင်းတို့ချင်း ဘာအချက်ပေးနေတာလဲ၊ ထွက်ပြေးဖို့တော့ မစဉ်းစားနဲ့နော်၊ ငါတို့က သေနတ်နဲ့ပစ်သင့်ရင် ပစ်ခွင့်ရှိတယ်"

"ကျွန်တော် ဘာမှအချက်ပေးနေတာ မဟုတ်ဘူး၊ ခင်ဗျားတို့က ကျွန်တော်တို့အမှန်ပြောလည်း ယုံမှမယုံတာ၊ ဆက်တောင်းပန်မနေနဲ့ဆိုပြီး အချက်ပေးတာပါ"

"အံမာ ... မင်းတို့ရုပ်တွေကရော ယုံစရာမို့လား၊ အရက်နံ့ဆေးလိပ်နံ့တထောင်းထောင်းနဲ့၊ ကိုစိုးအောင် ဒီကောင်လေးတွေလည်း ညှာမနေနဲ့၊ ကိုယ်ပေါ်မှာ သေသေချာချာရှာစမ်းပါ။ ဘိန်းဖြူတို့၊ ဆေးခြောက်တို့၊ စိတ်ကြွဆေးပြားတို့ ပါရင်ပါနေမယ်"

ရဲအရာရှိ၏အမိန့်ပေးချက်အရ တပည့်ဖြစ်သူမှာ နေရောင်ချိုတို့နှစ်ယောက် ကိုယ်ပေါ်မှာ ဘာပါမလဲဆိုပြီး ရှာဖွေတာ ခံရပါသည်။





နေရောင်ချိုမှာ ရုပ်ရည်သားနား တည်ကြည်သော်လည်း စာအုပ်ကြီးအတိုင်း အမိန့်တွေပေးနေသော ရဲအရာရှိကို ဘုကြည့် ကြည့်မိသည်။ မကြာခင်မှာ ရဲဌာန၏အချုပ်ကားရောက်လာသောအခါ နေရောင်ချိုတို့နှစ်ယောက်သား လူဆိုးသူခိုးနှစ်ယောက်တို့နဲ့အတူ ရဲစခန်းသို့ အပို့ခံရတော့လေသည်။

❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃

"နေရောင်ချို ... စည်သူ"

အချုပ်ခန်းထဲတွင် တစ်ညအိပ်ပြီးသော မနက်ခင်း၌ ရဲစခန်းစောင့်အရာရှိ၏ နာမည်ခေါ်သံကြောင့် သူတို့နှစ်ယောက် ခေါင်းထောင်ကြည့်မိကြသည်။

"အာမခံရပြီ၊ ထွက်လို့ရပြီ"

နေရောင်ချိုမှာ စည်သူ့ကို မသက်သာသလို လှည့်ကြည့်လိုက်၏။ စည်သူသည် ခပ်တည်တည် မျက်လုံးတွေနဲ့ ...

"မင်းအဖေကို ခေါ်နိုင်းဖို့ ငါပဲ ပြောလိုက်တာ၊ မင်းလို တော့ မာနကြီးပြီး ဒုက္ခမခံနိုင်ဘူး"

"ကျွတ် ... မင်းကွာ၊ ငါ့ကိုမမေးပဲနဲ့"

"မင်းကိုမေးရင် အလကားနေရင်း သားအဖချင်း မာနကြီးပြီး ဘုကန့်လန့်ပြောဦးမှာသိလို့"





နေရောင်ချိုသည် စည်သူ့နောက်မှ မထွက်ချင်ထွက်ချင် ခြေလှမ်းတွေနဲ့ လျှောက်လာခဲ့သည်။ ဖေဖေ့ကို မျက်နှာချင်း မဆိုင်ချင်။ နေရောင်ချို့ကိုဆို ဘယ်တော့မှ အထင်လည်းမကြီး၊ အမြင်ကြည်၊ အပြစ်မြင်တတ်သော ဖေဖေသည် နေရောင်ချိုရဲ့ အပြစ်တွေကို မြင်ရလေလေ ဖေဖေ သိပ်ချစ်၊ သိပ်အားကိုးရသော သားကြီးနေရောင်ချိုရဲ့ ကိုကြီးနေကို ပိုပြီးသတိရတမ်းတကာ နှိုင်းယှဉ်ပြောလေလေ ဖြစ်မှာပင်။

နေရောင်ချိုဟာ မိဘစကားနားမထောင်၊ လုပ်ချင်ရာလုပ်၊ တေချင်ရာတေ၊ နေချင်သလိုနေ။ စီခနဲဆို နေရောင်ချို မပါတာမရှိ။ အလကားနေရင်း ရန်ဖြစ်ဆိုးသွမ်း ရဲစခန်းရောက်ရတဲ့ကောင်လို့ ဖေဖေမြင်မှာ သေချာသည်။ နေရောင်ချိုဟာ အရွဲ့တိုက်ရင်းတိုက်ရင်း၊ ကိုယ်မှန်တယ်ထင်တာကို လုပ်ရင်းကပဲ မိဘနဲ့အစေးမကပ်လှသော သားဆိုးတစ်ယောက်လို ဖြစ်နေသည်။

ဖခင်က သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီပိုင်ရှင် သူဌေးကြီးတစ်ဦး၊ မိခင်ကတော့ ဆွေစဉ်မျိုးဆက် လုပ်ကိုင်လာသော ပိုးထည်ချိတ်ထည်တွေ ဆက်လက်လုပ်ကိုင်ရောင်းချနေသော ကုန်သည်ကြီးတစ်ဦးတို့ရဲ့သား ဖြစ်ပေမယ့် မိဘချမ်းသာမှုကို ရှုမစိုက်ဘဲ ကိုယ့်ဘာသာ တိုက်ခန်းကျဉ်းတစ်ခုမှာ သွားနေကာ မီးစရာကားတောင် ယူမမောင်း။ ဘယ်သွားသွား ပြိုင်စက်ဘီးနှင့် သွားတတ်သော၊ ကျောင်းစရိတ်ကလွဲရင် ကိုယ်တိုင်သုံးဖို့ စွဲပို့ သက်ဖြန့်မတောင်းချင်ဟုဆိုကာ ကွန်ပျူတာစာစီစာရိုက်ဆိုင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ အချိန်ပိုင်း ကွန်ပျူတာစာရိုက်သောအလုပ်ကို လုပ်ကာ ချို့ငဲ့စွာ သုံးစွဲနေသော နေရောင်ချို၏ အယူအဆ၊ အတွေးခေါ်တွေဟာ မိဘအမြင်မှာတော့ ထောင့်မကျိုးသလို ဖြစ်နေပါသည်။

ဖေဖေဟာ နေရောင်ချို့ကို မြင်တာနဲ့ ခနဲ့သလိုပြုံးကာ စောင့်နေသည်။

"ဘယ်လိုလဲ၊ ရဲစခန်းထဲမှာ တစ်ညအိပ်လိုက်ရတဲ့ အရသာကို သိပြီလား"

"ဖေဖေ့ကို ကျွန်တော် ခေါ်ခိုင်းတာ မဟုတ်ဘူး"

"ငါသိပါတယ်၊ မင်းဆိုတဲ့ကောင်ကတော့ ဘယ်တော့မှ မခေါ်ခိုင်းဘူးဆိုတာ"

"ကျွန်တော် အများလုပ်တာမှ မဟုတ်တာ။ အမှန်တရားဟာ ပေါ်လာမှာပဲ။ သူတို့ လွဲမှားဖမ်းတာပဲ"

"ကဲ … အပိုတွေ ပြောမနေနဲ့၊ မင်းရုပ်လည်းကြည့်ဦး။ စုတ်ပြတ်နေပြီ။ အိမ်ပြန်တော့။ လာ … ကားပေါ်တက်"

နေရောင်ချိုသည် ဖေဖေ့ BMW (ဘီအင်(မ)ဒဗလျူ) အနက်ရောင်ကြီးကို မကျေမချမ်း ကြည့်လိုက်သည်။ ဖေဖေဟာ သူဌေးကြီးပီပီ ဘယ်တော့မှ ကားမမောင်းပါ။ ဒရိုင်ဘာနဲ့သာစီးသည်။ ကားနောက်ခန်းမှာ သက်သောင့်သက်သာ စီးတတ်ပြီး စိတ်ရှုပ်မခံသူလည်း ဖြစ်ပါသည်။ စည်သူကတော့ ဒုက္ခမခံနိုင်သူဖြစ်လေရာ ကားပေါ်ပြေးတက်ချင်လှပြီ။ သို့သော် နေရောင်ချိုကတော့ ကားဆီခြေဦးမလှည့်ပဲ …



စီစဉ်သူ မောင်ကျော်လှိုင်
စေတနာစာပေ၏ စင်တင်ကလောင်သစ်
စာရေးဆရာမ
အိပ်မက်ကလေးရဲ့ ဒဏ္ဍာရီ



www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ မောင်ကျော်လှိုင်

စေတနာစာပေ၏ ဖင်တင်စာလောင်းဆင်

စာရေးဆရာမ

ကုဋေကုဋာ

နှလုံးသားရပ်ဝန်းမှ ငိုရှိုက်သံများ





"ကျွန်တော့်ဘာသာ ပြန်မယ်"

ဟု ဂျစ်ကန်ကန် ပြောလိုက်၏။ စည်သူ့မျက်နှာ ရှုံ့မဲ့သွားပါသည်။ ဖေဖေကတော့ အပိုလည်းမပြော၊ ဘာယ်တော့မှ လောကွတ်လည်းမလုပ်၊ နှစ်ခါလည်းထပ်မခေါ်တတ်သူပီပီ ဒရိုင်ဘာ အသင့်ဖွင့်ပေးသော ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ပြီးလျှင် ...

"ရပြီ ... ကိုမောင်ခင်၊ သူ မလိုက်ဘူးတဲ့၊ ခင်ဗျား မောင်းချင်ရင် မောင်းလို့ရပြီ"

ဟူ၍သာ နေရောင်ချိုနှင့် တွေ့ဆုံမှုကို အဆုံးသတ်သွားပါသည်။

နေရောင်ချိုသည် ဖေဖေ့ကားကို စောင့်ကြည့်မနေဘဲ ခနက်စောစောမှာဆို ပေါ်များလှသော တက္ကစီတွေကို ကျေနပ်ဝမ်းသာစွာ လက်တားလိုက်ပါသည်။ မျက်နှာမှာရော တစ်ကိုယ်လုံးမှာပါ ဖူးယောင်ပွန်းပဲ့ ညိုမည်းလျက် စုတ်ပြတ်နေသော သူတို့နှစ်ယောက်ကို တက္ကစီမောင်းသူက သေသေချာချာ အကဲခတ်နေသည်။ မေးတောင်မမေးပြောသေး။ လူတွေဟာ အပေါ်ယံ အပြင်ပန်းပုံစံကို ကြည့်ပြီး တဒင်္ဂဆုံးဖြတ်ကြတာပဲတဲ့ အကျင့်ရှိတာကို နေရောင်ချို မုန်းမိပြန်သည်။

"ကျွန်တော်တို့ ပိုက်ဆံပါပါတယ်ဗျာ"

စည်သူသည် တစ်ညလုံး မအိပ်ရသည့်ဒဏ်၊ ကိုယ်သက်တွေ နာကျင်သည့်ဒဏ်ကို မခံနိုင်သည်ဖြစ်ရာ ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



သူကို ထိုသို့ပြောပြီးပြီးချင်း ကားနောက်ခန်းတံခါးကိုဖွင့်၍ ဒိုင်ဗင်ထိုးသလို ဝင်လိုက်တော့သည်။

ကားပေါ်ပါလာတော့ စည်သူက နေရောင်ချို့ကို အမြင်မကြည်သလို စိုက်ကြည့်ရင်း ...

"မင်းကလည်း မင်းပဲ၊ သားအဖချင်းကို မာနတွေထားနေတယ်။ မင်းအဖေ အာမခံနဲ့လာထုတ်လို့ ထွက်ရတာကို ကျေးဇူးတင်စကားတောင် တစ်ခွန်းပြောဖော်မရဘူး။ မင်းအဖေမို့လို့ ထုတ်လို့ရတာ။ ဦးအောင်မြတ်ချိုမို့ ငါတို့ကို ထုတ်ပေးတာကွ။ ဦးအောင်မြတ်ချိုဟာ သာမန်လူဖြစ်နေရင် ဘယ်သူက ယုံယုံကြည်ကြည်၊ စိတ်ချလက်ချ ထုတ်ပေးမလဲ။ Suspect (ဆပ်စပက်ထ်) အနေနဲ့ ထားထားမှာပဲ"

ဟု အပြစ်တင် ဝေဖန်လိုက်ပါသည်။

"အမှန်တရားဆိုတာ ပေါ်မှာပဲ၊ ဘာကြောက်စရာရှိလဲ၊ ကားပိုင်ရှင်ဟာ သေွးအေးသွားတဲ့အခါ ဘယ်သူကအမှန်၊ ဘယ်သူက အမှားဆိုတာ ပြောကိုပြောမယ်လို့ ငါယုံတယ်"

"အေး ... အဲဒါသာ စောင့်နေရင် ရဲစခန်းမှာ သုံးလေးရက်ဆက်နေရဦးမှာလေ"

"သုံးလေးရက်လည်း ငါက မမှုဘူး"

"နေရောင်ချိုရာ ... မင်းကို ငါ ခင်တော့ ခင်ပါတယ်ကွာ ဒါပေမဲ့ တစ်ခါတလေကျ အင်း ... တစ်ခါတလေတော်





မဟုတ်ဘူး၊ ဆယ်ခါမှာ ရှစ်ခါလောက်ကို ငါ သဘောမကျဘူး"

"အဲဒါ မင်းရဲ့စိတ် ပုံမှန်ဖြစ်တယ်ဆိုတာ ပြတာပဲ၊ ငါ ဘာလုပ်လုပ် မင်းသဘောကျနေရင် ဒါ ပုံမှန်မဟုတ်ဘူး။ မင်း ရူးနေလို့။ အခုတော့ ငါ့ကို မင်းမကျေမနပ် ဖြစ်ရတာ၊ သဘောမကျရတာတွေ များနေရင် ဒါ ပုံမှန်ပေါ့"

"ဟောကောင် ရွဲ့မပြောနဲ့"

"ရွဲ့မပြောဘူးလေ။ လူတော်တော်များများကလည်း ငါ့ကိုမှ မကြိုက်တာ၊ မင်းလည်း လူတော်တော်များများထဲ ပါနေတာ မှန်တာပေါ့"

သူတို့နှစ်ယောက် ငြင်းခုံရင်း အိမ်ပြန်ရောက်လာခဲ့ကြသည်။ အိမ်ပြန်ရောက်တော့ ဖုန်းနဲ့အတူ တွဲထားသည့် Answering machine (အလိုအလျောက် ဖုန်းဖြေကြားစက်ဟု မြန်မာလို ခေါ်မည်ထင်သည်)မှ မီးနီလေး အချက်ပေးသလို တဖျပ်ဖျပ် လက်နေတာတွေ့ရသည်။ ထိုစက်လေးမှာ အိမ်တွင် လူမရှိခိုက် ဖုန်းဖြေမယ့်သူ မရှိလျှင် ဖွင့်ထားခဲ့သောစက်ဖြစ်သည်။ ...းနှင့်ဆက်သွယ်ထားရသည်။ ဖုန်းသံအနည်းငယ် မြည်ပြီးလျှင် စက်က အလိုလိုပွင့်လာသည်။ ထိုစက်ထဲတွင် အသံသွင်းထည့်...သော ...

"ကျွန်တော် နေရောင်ချိုနှင့် ..."

ဟူသည့် နေရောင်ချို့အသံ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စည်သူ ..."

ဟူသော စည်သူ့အသံ ရှေ့ဆင့်နောက်ဆင့်ပြောသံပြီးလျှင် ဖြိုင်တူပြောလိုက်သော (ရယ်သံအနည်းငယ်စွက်လျက်)...

"အိမ်မှာမရှိတဲ့အတွက် ဖုန်းမဖြေနိုင်တာပါ ခင်ဗျာ။ လူကြီးမင်းပြောလိုသော အကြောင်းအရာကို အချက်ပေးသံအဆုံးမှာ ပြောခဲ့နိုင်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟု စကားသံများဆုံးလျှင် စက်က တီ ... တီ ... တီနှင့် သုံးချက် အချက်ပေးပါသည်။ ထိုအခါ တစ်ဖက်မှ ဖုန်းခေါ်သူရဲ့အလိုဆန္ဒရှိသည့်အတိုင်း ပြောချင်သော စကားတွေကို ပြောထားခဲ့နိုင်သည်။ တစ်မိနစ်တိတိ ပြောခွင့်ရှိသည်။ စကားမပြောခဲ့လျှင်လည်း ရသည်။ အသာဖုန်းချသွားရုံပင်။

ထိုစက်ကို နေရောင်ချို့ ဘာသာ ဝယ်ပြီးဆင်ထားတာဖြစ်သည်။ တစ်ခါတလေကျ အိမ်မှာလူရှိလည်း ဖုန်းမဖြေချင်လျှင် သူများတွေပြောထားခဲ့မည့် စကားသံကို တိတ်တိတ်လေးဆောင့်ကာ နားထောင်လို့ရပါသည်။

နေရောင်ချိုသည် အခုလည်း တစ်စုံတစ်ယောက် အသံထည့်ထားခဲ့မည်ဖြစ်သော အချက်ပြခြင်းကို တွေ့လေရာ စက်၏ပြန်လည်နားထောင်လို့ရသော ခလုတ်ကို နှိပ်လိုက်ပါသည်။

"သားလေး နေရောင်ချို မေမေပါ။ သား ပြန်ရောက်ရင် ရေမိုးချိုး အိပ်ရေးဝဝအိပ်လိုက်ဦးနော်။ နိုးရင် မေမေ့ဆီ လာခဲ့ပါ။ မင်းဖေဖေ ဖုန်းဆက်ပြောလို့ အားလုံးသိပြီးပါပြီ။ မေမေ ခဏတွေ့ချင်လို့ လာခဲ့ပါဦး"





နေရောင်ချိုသည် မေမေ့အသံကို ခံစားချက်မဲ့စွာ နားထောင်မိသည်။

စည်သူ ရေအရင်ချိုးတာကို စောင့်ပြီးမှ ရေချိုးခန်းဝင်၊ ရလာသောဒဏ်ရာ အနာတရတွေကို ဆေးကြောပြီးလျှင် အိပ်ရာထဲ ထိုးလှဲလိုက်တော့သည်။

❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၄

နေရောင်ချို့ မျက်နှာက ဖူးယောင်ပွန်းပဲ့ ကွဲပြဲနေသော ဒဏ်ရာတွေကို မေမေ တစ်ချက်လှမ်းကြည့်ပါသည်။ ဒါပေမဲ့ တယုတယနဲ့ "သား တော်တော်နာနေလား" လို့တော့ မမေးတော့ပါ။ ဘာကြောင့်လဲဆိုတော့ နေရောင်ချို့အကြောင်း မေမေသိနေ၍ပင်။ မေးလည်း စေတနာနဲ့မေးလို့ မေးမှန်းမသိ။ ဂျစ်ကန်ကန်နဲ့ အရွဲ့အဖဲ့စကားတွေသာ ပြောတတ်မှန်း သိရပေါင်းများလှပြီမို့ နေရောင်ချို့ကို စိတ်ကုန်နေကြပြီ။ လောကကြီးကို ဘာတွေမကျေနပ်မှန်းမသိ၊ ဘာတွေ အလိုမကျမှန်းမသိ အရွဲ့တိုက်ကာ ပစ်စလက်ခတ်ပုံစံ နေတတ်သော နေရောင်ချို့ကို သေားမဲ့ပေးထားကြသည်။

"ထမင်းစားသွား"

"မစားတော့ဘူး၊ မေမေက ခဏလာဆိုလို့လာတာ"





"ညီမလေးက မင်းနဲ့အတူတူ စားချင်တာတဲ့၊ ခဏစောင့်ဦး"

"သူ့ကျောင်းကို သွားလိုက်ဦးမယ်"

"ကားယူသွား။ ကျောင်းဆင်းခါနီးပြီ။ မေမေ သွားကြိုတော့မလို့"

"ဟာ ... ကားကရှုပ်တယ်။ ပါကင်ကလည်း ခက်တယ် မယူချင်ဘူး"

"နေရောင်ချို ... မင်းဘာသာ ဘယ်လိုနည်းနဲ့ပဲ လမ်းသွားနေနေ သွားခွင့်ရှိတယ်။ ညီမလေးကိုတော့ မင်းလို ဘတ်စ်ကားတိုးစီးတာတို့၊ တက္ကစီစီးခိုင်းတာတို့ မလုပ်နဲ့။ သွားကြိုချင်တယ်ဆိုရင် ကားနဲ့ပဲသွား"

မေမေ့ကားကို မယူချင်ပေမယ့် မေမေပြောသလိုပဲ ညီမလေး လမင်းချိုကို သွားကြိုရမည်မို့ မောင်းယူလာခဲ့ရသည်။ နှာမည်ကြီး အထက်တန်းကျောင်းကြီးရှေ့မှာတော့ ကားပါကင်ကျပ်ပြည့်နှက်နေသည်။ ကျောင်းဆင်းချိန်နီးမှ ကပ်လာသလို ဖြစ်နေ၍ ကားပါကင်မရတော့။ ဒီတော့ ကားကို ခပ်လှမ်းလှမ်းမှာပဲ ရပ်ထားကာ လမ်းလျှောက်လာလိုက်ရသည်။

ကျောင်းဆင်းဘဲလ်တီးပြီး သိပ်မကြာခင်မှာ လမင်းချို ထွက်လာတာ တွေ့ရသည်။ အဖြူအစိမ်းနှင့် ကျောပိုးအိတ်လေးလွယ်၊ ထမင်းဘူး ရေဘူးထည့်သော ပလတ်စတစ်ခြင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလာသည့် လမင်းချို၏မျက်နှာမှာ မှုန်နေသည်။ သူမအားမှာ ကပ်ပါလာသော ရွယ်တူမိန်းကလေးတချို့၏ ပြုံးစိစိနှင့် ဘာတွေ လှမ်းပြောနေမှန်းမသိသော စကားကို စိတ်အနှောင့်အယှက် ဖြစ်နေဟန်တူသည်။

နေရောင်ချိုသည် ညီမဖြစ်သူလာမည့်လမ်းတွင် ကြို ရပ်နေလိုက်သည်။ နေရောင်ချို့ကို တွေ့လိုက်ရတော့ လမင်းချို မျက်နှာ ဝင်းပစွင့်လက်သွားပါသည်။

"ကိုလေးနေ ... လာကြိုတယ်"

"ပေး ... ကျောပိုးအိတ်"

"ကိုလေးနေ မျက်နှာမှာ ဒဏ်ရာတွေနဲ့"

"အေး ... ရန်ဖြစ်ထားတာလေ"

"ဘာလို့ ရန်ဖြစ်လဲ"

"မတရားလုပ်တာ မကြည့်နိုင်လို့"

လမင်းချို အနားမှ ခုနကောင်မလေးတစ်သိုက် ပခုံးကို တမင်ထိအောင်တိုက်ပြီး ကျော်ဖြတ်ထွက်သွားပါသည်။ နေရောင်ချို အသာလိုက်ကြည့်ရင်း ...

"အဲဒီကောင်မလေးတွေက ဘာလဲ၊ ညီမလေးကို ဘာပြောတာလဲ"

"သူတို့နဲ့ မတည့်ဘူး"

"ဘာလို့ မတည့်တာလဲ"





"သူတို့က လမင်းကို မနာလိုတာ။ လမင်း ပန်းချီဆွဲတော်လို့ ဆရာမတွေက ချီးကျူးလိုက်ကတည်းက စ,တာပဲ။ အခုမြဲ လိုက်စတယ်"

"လမင်းမှာ သူငယ်ချင်း မရှိဘူးလား"

"ရှိတဲ့သူငယ်ချင်းကပါ သူတို့အုပ်စုနဲ့ပေါင်းပြီး လမင်းကို မနာလိုတော့ဘူး"

"အိုး ... ရှုပ်နေတာပဲကွာ"

"လမင်း နောက်နှစ်ကျ ကျောင်းပြောင်းမယ်လို့ မေမေ့ကို ပြောပြီးသား။ လမင်း ဒီမှာ မပျော်ဘူး"

"အေး ... ပြောင်း ... ပြောင်း၊ စိတ်ချမ်းသာသလိုလုပ်ပေါ့"

"ကိုလေးနေရော ဘယ်တော့ လမင်းနဲ့ လာနေမှာလဲ"

"ဟာ ... ငါ ဘယ်တော့မှ မနေဘူး။ ငါ့ဘာသာပဲနေမယ်"

"လမင်းမှာ အစ်ကိုနှစ်ယောက်ရှိတာ။ တစ်ယောက်သေသွားရင် နောက်တစ်ယောက်ကတော့ အနားမှာ ကျန်ရစ်ရမှာပေါ့။ အခုတော့ ကိုလေးနေကပါ တခြားမှာ နေနေတော့ လမင်းမှာ မောင်နှမ, မရှိဘဲ တစ်ဦးတည်းသောသမီးလို ခံစားရတယ်"

"နင်နဲ့ငါ ပေါင်းလို့ရမလားဟာ၊ အသက်ဖြင့် ဆယ်နှစ် တောင်ကွာတာ"

"မေမေကလည်း လမင်း ဘာပြောပြော စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်ရင် ငါ့ဆီ ဖုန်းဆက်ပေါ့"

"ဖေဖေကဆို လမင်းကို မေ့တောင်မေ့နေတာ။ လမင်း ဒီကျောင်းမှာ မပျော်ဘူး။ ပြောမိရင် သူက အင်္ဂလိပ်ကျောင်း ပြောင်းထားဖို့ စီစဉ်လိမ့်မယ်၊ ဒါကြောင့် သူ့ကိုမပြောရဲဘူး။ ဖေဖေက လမင်းကို အဝေးကြီးလွှတ်ပြီး ကျောင်းသွားနေစေချင်တာ၊ လမင်း မသွားချင်ဘူး၊ လမင်း ဒီမှာပဲ ကျောင်းတက်ချင်တယ်။ ဒီမှာပဲ တက္ကသိုလ်တက်ချင်တယ်"

နေရောင်ချိုတစ်ယောက် ညီမဖြစ်သူ ပြောသမျှ အလိုက်တသင့် နားထောင်ပေးပါသည်။ မေမေက ကိုကြီးနေနဲ့ နေရောင်ချိုတို့ကို မွေးပြီးသောအခါ နောက်ထပ် ကလေးမယူတော့ဘဲ နေခဲ့ရာက ညီမလေး လမင်းချိုကို နေရောင်ချို ကိုးနှစ်ကျော်အရွယ်မှာ မတော်တဆ ရသွားပါသည်။ မမျှော်လင့်ဘဲရခဲ့သော နောက်ဆုံးကလေးလေးက မိန်းကလေးဖြစ်နေသောအခါ အားလုံးက ဝမ်းသာပြီး ဝိုင်းချစ်၊ ဝိုင်းအလိုလိုက်ကြသည်။ သို့သော် လမင်းချိုလေးက အလိုလိုက်ခံရသော ကလေးပေမယ့် ကလေးဆိုးမဟုတ်ခဲ့။ ငယ်ငယ်လေးတည်းက အေးကာ တစ်နေရာမှာထိုင်ပြီး ပုံတွေဆွဲနေတတ်သော ဗီဇရှိသော ကလေးဖြစ်သည်။

ဒါကိုသတိထားမိသော ကိုကြီးနေက ညီမသေးသေးလေးကို (ကိုကြီးနေနဲ့ဆို ဆယ့်ရှစ်နှစ်ကျော်တောင်ကွာသည်)သုံးနှစ်သမီးအရွယ်ကပင် ပန်းချီသင်တန်း သွားထားပေးခဲ့သည်။





"ကလေးက ကျောင်းတောင် မနေရသေးဘူး။ ပန်းချီသင်တန်းသွားထားရတယ်လို့ သားကြီးရယ်။ ကြည့်လည်းလုပ်ပါဦး"

လို့ မေမေ တားပေမယ့် ကိုကြီးနေက ဖွတ်ပဲသွားထားလိုက်သော အကျိုးကတော့ လမင်းချိုဟာ ငယ်ငယ်လေးနဲ့ပင် ပန်းချီဘက်မှာ အရမ်းတော်နေတော့သည်။

သနားစရာကောင်းသော ညီမလေးခမျာ အသက်ငါးနှစ်အရွယ်တွင်ပင် အဖေနဲ့အမေ လမ်းခွဲသဖြင့် ငယ်ငယ်လေးနဲ့ Broken family ဘဝကို ခံစားရသည်မို့ နေရောင်ချိုတို့က ပိုပြီးသနားကာ အချစ်ပိုမိသည်။

"ဖေဖေနဲ့ မေမေကလည်းကွာ နှစ်ပေါင်းနှစ်ဆယ်နီးပါးပေါင်းလာပြီးမှ ဘယ်လိုအကြောင်းကြောင့် တစ်ယောက်နဲ့တစ်ယောက် မပေါင်းနိုင်ကြရတော့သလဲ မသိဘူးကွာ၊ ညီမလေး သနားပါတယ်"

ကိုကြီးနေကဆို ကိုယ့်ကိုယ်ကိုယ်ထက် ညီမလေးကို ပိုသနားခဲ့သူဖြစ်သည်။ အခု ကိုကြီးနေ မရှိတော့သောအခါ လမင်းချို၏ အားကိုးတွယ်တာခြင်းတွေမှာ နေရောင်ချို့အပေါ် စုပုံကျရောက်သလိုပဲ နေရောင်ချို၏ သနားကြင်နာရခြင်းတွေလည်း လမင်းချိုအပေါ် စုပုံသွားပါသည်။ နေရောင်ချို့ထံမှာ ဘယ်လောက်ပဲ အခက်အခဲတွေရှိရှိ၊ ဘယ်လောက်ပဲ မာနတွေရှိရှိ၊ ဘယ်လောက်ပဲ လောကကြီးကို အရွဲ့တိုက်တာတွေရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



လမင်းချိုအတွက်ဆိုရင်တော့ ထိုအရာအားလုံးကိုမေ့ပြီး စိတ်အလို ကျအောင် ဖြည့်ဆည်းပေးတတ်ပါသည်။

"ကိုလေးနေ ... လမင်း အိုက်(စ)ကရင်(မ)စားမယ်"

လမ်းဘေးတစ်နေရာမှာ အိုက်(စ)ကရင်(မ)ကို ကား နဲ့ရောင်းပေးနေသော အထူးအဆန်းတစ်ခုကြောင့် လမင်းချိုက အိုက်(စ)ကရင်(မ)ရေခဲမုန့်စားမယ် ဖြစ်လာပါသည်။

"ဟာ ... အေးကွ၊ အိုက်(စ)ကရင်(မ)ကားပါလား၊ ဒါမျိုး မတွေ့ဖူးဘူး အထူးအဆန်းပဲ"

"လမင်းပါ လိုက်မယ်၊ လမင်း ကြိုက်တာ လိုက်ရွေး မယ်"

"မြန်မြန်လာ၊ ကားထွက်သွားဦးမယ်"

နေရောင်ချိုလည်း ညီမဖြစ်သူ လက်ကောက်ဝတ်ကို ဆွဲကာ ကားလမ်းကိုဖြတ်ကူး၊ တစ်ဖက်ကားလမ်းမှာ ရပ်ပြီး ရောင်းချနေသော စက်မှုဇုန်ထုတ် လိုက်(ထ်)ထရပ်ကားမှာ အိုက်(စ) ကရင်(မ)ပုံစံအမျိုးမျိုးပုံ ပန်းချီဆွဲထားသော ဘုတ်(ထ်)တွေ ကားနံဘေးမှာကပ်၍ ကားနောက်ခန်းမှာ ရောင်းချပေးနေသော အိုက်(စ)ကရင်(မ)ကားဆီ ပြေးသွားမိပါသည်။

အဲဒီလိုပြေးသွားမိတာကြောင့် ကားဆီမရောက်ခင် လမင်းချို ချော်လဲတော့လေသည်။

"အား ... အီး ... နာတယ် ... နာတယ် ... လမင်း ချော် လဲပြီ ကိုလေးနေ"





ရှေ့ကိုကြိုရောက်ကာ ကားလမ်းကူးပြီးပြီမို့ ညီမ ဖြစ်သူလက်ကို လွှတ်လိုက်သော နေရောင်ချိုမှာ ရုတ်တရက် ရပ် တန့်သွားပြီး ပြန်လှည့်ကြည့်လိုက်သည်။

"ဘယ်နာသွားလဲ ညီမလေး"

လမင်းချိုအနားကို မိန်းကလေးတစ်ယောက် ရောက် လာကာ ဆွဲထူပေးနေတာ တွေ့ရသည်။

"ဒူးပြဲသွားတယ်"

"ရလား ... အစ်မ တွဲပေးရမလား"

"ကိုလေးနေ ... လမင်းကို ဗင်နီလာနဲ့ ချောကလက်နှစ် ထပ်ဟာ ဝယ်ပေးပါ။ လမင်းကို ဒီအစ်မ ထူပေးနေပြီ၊ ရတယ်၊ ကိုလေးနေ မလာနဲ့ မြန်မြန်သွားဝယ်ပေး"

လမင်းချိုသည် ကလေးပီပီ သူ စားချင်တာမဝယ် လိုက်ရမှာစိုး၍ ပြန်ပြေးလာနေသော နေရောင်ချိုကို လှမ်းအော် ပြောလျှင် လမင်းချိုကို ဆွဲထူပေးနေသော မိန်းကလေးကပါ မျက်လုံးဝိုင်းကြီးတွေဖြင့် လှမ်းကြည့်သည်။ ဝေ့ဖ်အနည်းငယ်ဖြစ် နေသော ဆံပင်ခပ်တိုတိုတွေက နားရွက်ဖျားအောက်မှာ ခွေကောက် နေကာ မျက်လုံးဝိုင်းလက်လက် အသားစိုစိုဝင်းဝင်းလေးနဲ့မို့ အရုပ်လေးတစ်ရုပ်လို ထင်ရစေသော မိန်းကလေးကို ကျေးဇူးတင် တဲ့အကြည့်နဲ့သာ တစ်ချက်ကြည့်ပြီး ညီမလေး လမင်းချိုစားချင် နေတာကိုသာ အလျင်အမြန် ပြေးဝယ်လိုက်ပါသည်။

ဝယ်ပြီးပြန်လှည့်လာသောအခါ ခုန မိန်းကလေးကို ညီမလေးနားမှာ မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေးရော"

"သွားပြီ၊ သူ စီးရမယ့်ကတ်(စ)ကားရောက်လာပြီဆိုပြီး ပြေးသွားတာ"

"ကျေးဇူးတင်ပါတယ်လို့ သေသေချာချာ ပြောလိုက်ရဲ့လား"

"ပြောလိုက်ပါတယ်၊ ဒီမှာကြည့် ... သူက သူ့အိတ်ထဲမှာပါတဲ့ ဟန်ဆာပလပ်(စ)နဲ့တောင် လမင်း အနာကို ကပ်ပေးသွားသေးတယ်"

"တယ်ဟုတ်ပါလား၊ အိတ်ထဲအမြဲဆောင်ထားတော့ အသုံးတည့်တာပေါ့"

"နာမည်တောင် မမေးလိုက်ရဘူးနော်"

"ညီမလေး နာမည်ကိုရော သူ မေးလို့လား"

"မမေးဘူး"

"အေးပေါ့၊ ဒါပဲပေါ့၊ လမ်းမမှာ ခဏဆုံပြီး ကူညီခဲ့တဲ့ လူအချင်းချင်း ဘယ်သူက အရေးတယူ နာမည်တွေဖလှယ်တတ်လို့လဲ"

နေရောင်ချို့အတွက်တော့ ထိုအဖြစ်အပျက်ဟာ နာရီပိုင်းအတွင်းမှာ မေ့ပျောက်သွားရသော အဖြစ်အပျက်သာ။ သို့သော် ထိုမိန်းကလေးကို ရက်အနည်းငယ်အတွင်းမှာ ပြန်တွေ့ရဖို့ဖြစ်လာသောအခါ ...။



## ၁

"ဟော့ကောင် ... မင်းကို ပြောပြစရာရှိတယ်ကွ"

ထုံးစံအတိုင်း စည်သူက နေရောင်ချို့ကို တွေ့တွေ့[illegible]ခင်း မျက်လုံးပြူး မျက်ဆန်ပြူး အမူအရာနဲ့ ပြေးလာသည်။ [illegible]သို့ဆီမှာ အမြဲလိုလိုမဲ အထူးအဆန်းလုပ်ပြီး ပြောစရာက [illegible]အမြဲလိုရှိနေတတ်တာမို့ နေရောင်ချို့အနေနဲ့ မဆန်းတော့သလို [illegible]ဖြစ်ကာ လက်အသာပိုက် စီးကရက်ငွေ့တွေ မှုတ်ထုတ်ရင်း [illegible]အင်းမလုပ် အဲမလုပ် လုပ်ပြနေသည်။

"တကယ် စိတ်ဝင်စားစရာ ကောင်းတာပါကွာ၊ စိတ်ဝင်စားစမ်းပါ"

"ငါ စိတ်မဝင်စားလည်း မင်း အတင်းလိုက်ပြောတော့ ကြားရတာပဲ၊ ဘာထူးလဲ"

"ဒီတစ်ခါ တကယ် စိတ်ဝင်စားရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား"

"မရယ်နဲ့ ပျော့ကောင်၊ ငါ ဒီနေ့သွားတက်တဲ့ အင်္ဂလိပ်ရှိ စပိကင်း ကလပ်(စ)မှာလေ"

နေရောင်ချို့ စိတ်ထဲမှာတော့ အင်း ... ဒီကောင် သူ သဘောကျတဲ့ ကောင်မလေး ထပ်တွေ့ပြန်ပြီထင်တယ်ဟု တွေးနေသည်။

"အဲဒီကောင်မလေးကို အရင်တည်းက တွေ့ဖူးနေကျပါကွာ၊ အတန်းထဲမှာ ဆရာကြီးလုပ်ပြီး သင်ပေးတဲ့ ဆရာမနဲ့ အင်္ဂလိပ်ရှိလို စပိကင်း ထ,ထဆွေးနွေးလို့ သတိထားမိနေတာ"

ထင်တဲ့အတိုင်းပဲ။ ကောင်မလေး တစ်ယောက် အကြောင်းပါမဲ့။

"နာမည်အစစ်တော့ မသိပါဘူးကွာ၊ ငါတို့ဆီမှာ အင်္ဂလိပ်နာမည် ကိုယ်ကြိုက်ရာ ပေးလို့ရတယ်ဆိုတော့ ပေးချင်သလို ပေးကြတာ။ သူ့နာမည်ကိုတော့ ဂျင်းဂျာ(ginger) လို့ မှည့်ထားတာပဲ"

နေရောင်ချိုသည် နောက်ဆုံးကျန်သော စီးကရက် ဖင်စီခံကို မီးထိုးချေကာ လက်ဖြင့်တောက်ထုတ်လိုက်၏။ စီးကရက်ကို ကြိုက်လှတာ မဟုတ်ပေမယ့် ဘာကြောင့်မှန်းမသိ သောက်ဖြစ်နေတာ ကောင်းတော့ မကောင်းမှန်းသိသည်။ ကျန်းမာရေး





ထိခိုက်ပြီး ကြာလာရင် အဆုတ်ကင်ဆာ ဖြစ်မှာကို သ်လည်း သိသည်။ ဒါပေမဲ့ နေရောင်ချို့စိတ်က နောက်မှဖြစ်လာမှာတွေကို ကြိုတွေးပြီး ဟိုရှောင် ဒီရှောင် လုပ်ရတာကို လုံးဝမကြိုက်၍ အခု လောလောဆယ် လုပ်ချင်ရာ လျှောက်လုပ်နေတဲ့ သဘောပင်။

"အဲဒီကောင်မလေးကို ဒီနေ့မှ လာကြိုတာ တွေ့ဖူးတယ်၊ အမြဲ ဘတ်(စ်)နဲ့ ပြန်တာကွ"

"လာကြိုတဲ့သူဟာ Alien (အေလီယန်)မဟုတ်ရင်တော့ မင်းရဲ့စိတ်ဝင်စားစရာ အကြောင်းအရာဟာ သိပ်စိတ်ဝင်စားစရာ ဖြစ်မယ်မထင်ဘူး"

"Alien မဟုတ်ဘူး၊ မင်းအဘ"

"ဘာ ... ဘာရယ်၊ ငါ့အဖေလား"

"အာ ... ဆောရီး၊ မင်းအဖေ မဟုတ်ပါဘူး၊ ငါ မင်းကို တမင်ဆဲတာပါ။ မင်းအဘလို့ ပြောတာက မင်းကိုရဲစခန်းပို့ပြီး ညအိပ်ခိုင်းတဲ့သူမို့"

"ရဲအရာရှိကြီးလား"

"ဟုတ်တယ်၊ ရဲမှူးပဲ၊ ဦးရဲကျော် ဆိုတဲ့လူပဲ"

"အဲဒါ ဘာဖြစ်လဲ"

"ကောင်မလေးအဖေကွ၊ သူ့သမီးကို တော်တော်ချစ်ပုံရတယ်။ အိမ်မပြန်ခင် သမီး ဘယ်ဝင်ဦးမလဲ။ ဘာစားဦး မလဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း သူများ သားအဖ စကားပြောတာကိုက အစ လိုက်နားထောင်တယ်"

"အဲဒီ့သဘော မဟုတ်ပါဘူးကွာ၊ သူတို့က ငါရပ်နေတဲ့ နေရာနားမှာ ပြောဆိုနေကြတာကိုး။ သူ့အဖေကားနဲ့ လာခေါ်တာ ဒီတစ်ခါပဲတွေ့တယ်"

"ငါတို့ကို ဖမ်းချုပ်တဲ့ ရဲမှူးမှာလည်း သားသမီးတွေနဲ့ အိမ်ထောင်ရှိတာ ဘာဖြစ်လဲ၊ မဆန်းပါဘူး"

စည်သူက နေရောင်ချို့ကို အမိပ္ပာယ်ပါပါကြည့်ရင်း ...

"ငါ အဲဒီလူကြီးကို မကျေနပ်ဘူးကွ၊ အဲဒါကြောင့်"

ဟု ပြောလိုက်သည်။

"ဘာ ... အဲဒါကြောင့်လဲ"

"ငါတို့ပုံစံက လူဆိုးသူခိုးပုံလည်း မပေါက်ဘဲနဲ့ အရက်မူးနေတာလေးကိုပဲ Suspect ဆိုပြီး တစ်ညဖမ်းချုပ်ထားတာကွာ၊ မကျေနပ်ဘူး"

"သူ့အလုပ်သူ လုပ်တာပဲကွာ"

"ငါ သူတို့သားအဖကိုကြည့်ပြီး အကြံရလိုက်တယ်၊ အကယ်၍သာ သူ သိပ်ချစ်ရတဲ့သမီးဟာ ငါတို့လို ကလေကောင်နဲ့ ရည်းစားဖြစ်ရင် သူ ဘယ်လိုခံစားရမလဲလို့"

"လုပ်ပြန်ပြီ၊ မင်း ကောင်မလေးကို သဘောကျရင်ကျတယ် ပြောစမ်းပါကွာ၊ အဖေကိုမကျေနပ်တာ ဆွဲထည့်မနေပါနဲ့"





"ငါ သဘောကျတာ မဟုတ်ဘူး၊ စမ်းကြည့်ချင်တာ။ ငါ လေ့လာရသလောက် အဲဒီကောင်မလေးက ဘယ်သူနဲ့မှလဲ စကားသိပ်မပြောဘူး၊ သူ့ကိုသဘောကျတဲ့ကောင်တွေ ရှိတာလည်း တစ်စက်မှ ပြန်လှည့်မကြည့်ဘူး၊ ရည်းစားလည်း ရှိပုံမရဘူး၊ အဖေက စည်းကမ်းတင်းကျပ်လို့ပဲလား၊ သူကပဲ မာနကြီးတာလား"

သူတို့နှစ်ယောက်လမ်းအတူလျှောက်လာရင်း ဘတ်စ်ကားမှတ်တိုင်သို့ ရောက်လာပြီမို့ ကားရပ်စောင့်နေလိုက်ကြသည်။ တကယ့်ဒိတ်ဒိတ်ကြဲသူဌေးကြီးတွေ၏ သားဖြစ်သော နေရောင်ချို့ဟာ ကြည့်လိုက်ရင် ဘယ်လိုမှ အထင်ကြီးစရာလဲမရှိ။ တီရှပ်နဲ့ဂျင်းနဲ့။ ရှပ်လက်တိုအကြားနဲ့ ဂျင်းနဲ့။ သားရေအိတ်ကြီးရှည်ရှည်တစ်လုံးကို စလွယ်သိုင်းလွယ်ကာ ကြိုးသိုင်းကွင်းထိုးဖိနပ်ပါးစီးပြီး ဘတ်စ်ကားတိုးစီး၊ ကားကျပ်ရင်တွယ်စီး၊ မနီးမဝေးသွားစရာခရီးဆိုရင် ပြိုင်စက်ဘီးစီးလိုစီးနဲ့ ကွန်ပျူတာစာစီစာရိုက်လုပ်၍ ရသော ဝင်ငွေကိုသာ ခြိုးခြံချွေတာသုံးစွဲနေသူ ငမွဲဖြစ်နေလေသည်။ နေရောင်ချို့နဲ့အတူနေသော စည်သူကတောင် ပိုပြောင်ရောင်ပြီး သုံးနိုင်စွဲနိုင်ပါသည်။ နယ်မှ ဆီစက်ဆန်စက် ပိုင်သော မိဘတွေ၏အထောက်အပံ့ဖြင့် ရန်ကုန်မှာ ကောင်းကောင်းကျောင်းလာတက်နိုင်သူလည်း ဖြစ်သည်။

"မင်း သူ့ကို စိတ်ဝင်စားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"စည်သူ အသာနေစမ်းပါကွာ၊ ဘာလို့ ဇာတ်လမ်းရှုပ်ချင်ရတာလဲ"

"ငါ့လိုကောင်က မစွံတော့ ကောင်မလေးကိုလိုက်လည်း ရမှာမဟုတ်ဘူး၊ မင်းကတော့ ဘယ်သူ့လိုက်လိုက် ပြန်ကြည်ကြတာပဲမို့ မင်း သူ့ကို လိုက်စေချင်တယ်"

"ဘာလို့လိုက်စေချင်ရတာလဲ"

"မသိဘူးကွာ၊ အဲဒီလူကြီး နည်းနည်းခံစားရစေချင်လို့ပါ။ သူ လက်ထိတ်ခတ် ဖမ်းချုပ်ခဲ့ဖူးတဲ့ ငပေငတေနှစ်ယောက်ထဲက တစ်ယောက်နဲ့ သူ့ရဲ့ချစ်လှစွာသောသမီး ရည်းစားဖြစ်သွားတယ် ဆိုတဲ့ ခံစားချက်ကို ပေးချင်လို့ပါ"

နေရောင်ချိုသည် စည်သူ၏ ဘာမှန်းမသိသော ခပ်ကြောင်ကြောင်ကြီးကို စိတ်ကုန်ပြီး ဆက်မပြောတော့။ ဘတ်စ်ကားလာတော့ ရအောင်တွယ်တက်၊ ကားကလည်းကျပ်၊ လူလည်း နှစ်ယောက်မကပ်နိုင်လေရာ သူတို့ ဒီအကြောင်းအရာကို ဆက်မပြောဖြစ်ကြပါ။ ဒါပေမဲ့ အိမ်ရောက်ပြီး သိပ်မကြာခင်မှာပဲ စည်သူဟာ ဒီအကြောင်းအရာကို မမေ့မလျော့ ထပ်ပြောလာပြန်သည်။

"မနက်ဖြန် ငါ့သင်တန်းကို ခဏလိုက်ကြည့်ပါကွာ၊ ကောင်မလေးပုံစံကို ကြည့်ပြီးမှ မင်း ငါပြောတာ လက်ခံပါ"

"အံမာ ... ဆုံဖြတ်ပါလို့တော့ မပြောဘဲ လက်ခံပါလို့ နေရသေးတယ်"





"မင်း လက်ခံချင်မှာပါ။ ကောင်မလေးက လှတယ်၊ ချစ်စရာလေး"

"မင်း လိုက်ပါလား"

"ငါ့ကို သူ လုံးဝပြန်မကြိုက်နိုင်ဘူးဆိုတာ ငါ အလိုလိုကြို သိနေတယ်"

"ဘာဖြစ်လို့ မင်းမှာ အဲဒီလို ပေါက်ကရ အတွေးအခေါ်တွေ ဝင်ရတာလဲ"

"စမ်းသပ်မှုတွေပါကွာ၊ ငါတို့ကို အဲဒီရဲကြီး မမှတ်မိဘဲနေမှာ မဟုတ်ဘူး။ သူတို့လို လူတွေက ကောင်းကောင်းလေ့ကျင့်ထားတာ။ လူတစ်ယောက်ကို တစ်ခါမြင်ရုံနဲ့ မှတ်မိတတ်တယ်။ အကဲခတ်တတ်တယ်။ ဒီတော့ ငါတို့ကိုလည်း မေ့မှာမဟုတ်ဘူး၊ သူ့သမီးနဲ့သာ မင်းနဲ့တွဲတွေ့ရင် သူတော်တော်ရှက်ပြီး ခံစားသွားရမှာပဲ။ ရဲမှူးကြီးသမီးက လမ်းမမှာ ရန်ဖြစ်မှုရှုး၊ သံသယရှိသူအဖြစ် ဖမ်းခံရဖူးတဲ့ကောင်နဲ့ ရည်းစားဖြစ်ရတယ်ဆိုတော့ ဟား ဟား ... ရေလည်ဖီးလ်ဖြစ်မှာ"

နေရောင်ချို ဆိုတဲ့ကောင်ကလည်း ဒါမျိုးဆို ဆယ်ခါယောက်တောင် တိုက်တွန်းစရာ သိပ်မလိုဘဲ ခေါင်းထဲထည့်တတ်သူ ဖြစ်လေရာ စည်သူ၏အကြံအစည်ကို နည်းနည်းတော့ စိတ်ဝင်စားမိသည်။ သူကိုယ်တိုင်လည်း သူတို့ကို အလကားနေရင်း သံသယဖြစ်ကာ ဖမ်းချုပ်ခဲ့ခြင်းကို သိပ်တော့မကျေနပ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကားဗိုင်ရှင်က အကြောက်ပြေပြီး သေသေချာချာ ရှင်းပြတာ တောင် ...

"တစ်ခါတလေကျ ဒီလိုပုံစံနဲ့ပဲ ပေါင်းကြတဲ့ကောင်တွေ ရှိတယ်"

ဆိုသော နောက်ထပ်သံသယတစ်မျိုးနဲ့ စွဲချက်တင်ပြီး ဖမ်းချုပ်ခြင်းကို မကျေနပ်ပါ။

"မနက်ဖြန်ကျ ငါလိုက်ကြည့်မယ်၊ ဒါပေမဲ့ ငါ စိတ်ဝင်စားလောက်တဲ့ ပုံစံလေးမျိုး မဟုတ်ရင်တော့ အလကား နေရင်း ရှည်းစားမဖြစ်ဘူး"

"စိတ်ချ ... မင်း လက်ခံစေရမယ်"

ဒီလိုနဲ့ ညတစ်ညဟာ ပြီးဆုံးသွားပါသည်။ မနက်ကျ ထုံးစံအတိုင်း နိုးစက်မြည်တာနဲ့ အိပ်ရာထဲ ကုန်းရုန်းထ ရေချိုး၊ သွားတိုက် အမြန်လုပ်ပြီး အဝတ်အစားလဲကာ အိတ်ကိုယ်စီလွယ်ပြီး ကျောင်းတက်ဖို့ ပြေးရလေသည်။ ကျောင်းမှာမနက်စောစော အရေးကြီးတဲ့ အတန်းနှစ်ချိန်လောက်ပြီးမှ မနက်စာ လက်ဖက်ရည်၊ မုန့်တို့ကို ကင်န်တင်းမှာ သွားစားရသည်။ ဒါတောင် အရေးသိပ်မကြီးသည့် မိုင်နာဘာသာတစ်ချိန် ခံသွား၍ မုန့်စားနိုင်တာဖြစ်သည်။

သူတို့က လူငယ်ယောကျ်ားလေးတွေပီပီ မနက်စောစောကို မနက်ဆယ်နာရီလောက်မှ စားဖြစ်နေကျမို့ နေ့လယ် ထမင်းစားချိန်ဟာ အမြဲလွတ်သွားတတ်ပြီး ညနေသုံးနာရီ၊ လေး





နာရီလောက်မှ နေ့လယ်စာလည်းမဟုတ်၊ ညစာလည်းမဟုတ် ထမင်းစားဖို့ သတိရတတ်သည်။

ထမင်းဟင်းကို ဘယ်တော့မှလဲ ကောင်းကောင်းမွန်မွန် ချက်မစားဖြစ်ပဲ ကျောင်းကိုလည်း ထမင်းဘူး ယူမလာ တတ်တာမို့ ကင်န်တင်းက ခေါက်ဆွဲကြော်၊ ဆီချက်၊ ကြေးအိုး။ ထမင်းပေါင်းတို့ဟာ နေရောင်ချိုနဲ့ စည်သူတို့ရဲ့ ကျောင်းတက် ရက်တွေမှာ အားပြုရသော နေ့လယ်စာ ဖြစ်တတ်သည်။ ကျောင်း ပိတ်ရက်တွေမှာတော့ ထမင်းတစ်အိုးကို မီးလာတဲ့နေ့ဆို ရိုက်(စ) ကွကက်ကာနဲ့ ချက်ပေမယ့် မီးမလာရင်တော့ သူတို့ထမင်းကို မချက်တတ်သဖြင့် မချက်ဖြစ်တော့ပါ။ ခေါက်ဆွဲခြောက်ပြုတ် သောက်ဖို့သာ စဉ်းစားကြလေသည်။

"ငါ့အဖြစ်ကတော့ ထားပါတော့ကွာ၊ မိဘတွေက နယ်မှာ ကျန်ခဲ့တာမို့ ချက်မကျွေးနိုင်လို့ ဒီလိုစားရတာ။ မင်းကျ တော့ အမေရှိရက်သားနဲ့ အမေ့အိမ်ပြန်မစားပဲ ဒုက္ခခံနေ တာ မမိုက်ဘူး"

စည်သူကတော့ ဒီလိုခေါက်ဆွဲပြုတ် သောက်ရတိုင်း ညည်းညူပြောတတ်ပေမယ့် နေရောင်ချိုဟာ အကြောင်းမရှိဘဲ ဘယ်တော့မှ အဖေ့အိမ်ဖြစ်ဖြစ်၊ အမေ့အိမ်ဖြစ်ဖြစ် ခြေဦးမလှည့် တတ်သူဖြစ်လေသည်။

"ညနေ စပိကင်းသင်တန်းကို လိုက်ခဲ့မယ် မဟုတ်လား နေရောင်ချို"



www.burmeseclassic.com

www.burmeseclassic.com



စည်သူသည် ဒီကိစ္စကို မမေ့ဘဲ ကျောင်းဆင်းခါနီးမှာ ထပ်မေးနေပြန်သည်။ စည်သူ့သင်တန်းက စပီကင်းရော၊ နိုင်ငံခြားမှာ ကျောင်းသွားတက်လိုသူတွေ ဖြေရမယ့် IELTS သင်တန်းရော အစုံဖွင့်ထားတာဖြစ်သည်။

"ငါ ပြောထားပြီးသားစကား ငါ ဘယ်တော့မှ မမေ့ဘူး"

"မင်း ... အခုသာ ငါ့ကို မယုံတာပါကွာ၊ သူ့ကိုတွေ့ရင် မင်း ကျေနပ်သွားလိမ့်မယ်"

"အေး ... ဟုတ်ပါပြီ။ ငါက သဘောကျပါပြီတဲ့၊ ရည်းစားဖြစ်အောင် တွဲပြီးရင် ဘာဖြစ်မှာမို့လဲ"

"သူ့အဖေကြီး ပြန်သိပြီး ခံစားသွားရမလား သိချင်တာပါ"

"မင်းအစီအစဉ်ကြီးကလည်း မဟုတ်သေးပါဘူး၊ အဘိုးကြီး ခံစားစေချင်တာနဲ့ သူ့သမီးကို တွဲပြရဦးမယ်"

"ဦးရဲကျော်ကို ပညာပေးပြီး ခံစားရရုံသက်သက်ပါကွာ၊ ကျန်တာ ဘာသဘောမှ မပါဘူး။ စာအုပ်ကြီးသမား ဦးရဲကျော်ကြီး သမီးကိုထိရင်ရော ဘာဖြစ်သွားမလဲပေါ့ သိချင်တာ"

"တော်ကြာ အမြင်ကတ်တဲ့ပုဒ်မနဲ့ အဆွဲခံနေရဦးမယ်"

ဒါပေမဲ့ နေရောင်ချိုဟာ စည်သူဦးဆောင်ရာနောက်သို့ ပါတော့ ပါလာခဲ့သည်။ သူလည်း စပ်စပ်စုစုမို့ သိတော့သိ



ချင်သည်။ တာဝန်ဝတ္တရားကို ကျေပွန်ရုံမက ဟိုဘက်တောင်လွန်နေကာ စာအုပ်ကြီးအတိုင်း လုပ်ဆောင်တတ်သော ဦးရဲကျော်ဟာ သူ့ရဲ့သမီးဖြစ်သူကိုလည်း စည်းကမ်းတိကျတင်းကျပ်မှာပင်။ အဲဒီသမီးဖြစ်သူဟာလည်း သူ့အဖေရဲ့ ဆုံးမစကားတွေနဲ့ နားရည်ဝနေသူဖြစ်မှာ သေချာသည်။ အဲဒီလို မိန်းကလေးက နေရောင်ချို့လို ကလေကချေပုံ ပေါက်နေတဲ့ ကောင်လေးနဲ့ ရည်းစားဖြစ်တာများသိရင် ဦးရဲကျော် ဘယ်လိုများနေမလဲ။ နေရောင်ချိုသည်လည်း လူငယ်တစ်ယောက်သာ ဖြစ်လေရာ ဘာမဟုတ်တာလေးကိုပဲ စူးစမ်းစပ်စုကြည့်ချင်နေသည်။

"ဟား ... ဒီနေ့လည်း သူ့ဘာသာ မလာဘူးကွ၊ အဘိုးကြီးလိုက်ပို့တယ် ဟော့ကောင်။ လာ ... လာ ... ဒီနားက ကွယ်ပြီး ရပ်ကြည့်"

ကောင်မလေး ဒီလမ်းက လာတတ်သည်ဆိုကာ ရပ်စောင့်နေကြစဉ် ဂျစ်တစ်စီး ထိုးရပ်လာသည်။ အရင်တစ်ခါ နေရောင်ချိုတို့ကို ဖမ်းချုပ်စဉ်ကတော့ ဆလွန်းကားတစ်ဦးကို မောင်းလာသော ဦးရဲကျော်မှာ ဒီတစ်ခါ မောင်းလာသောကားက သူ့ကိုယ်ပိုင်ဖြစ်ပုံရပါသည်။ အရင်တစ်ခါ ကားကတော့ ရဲဌာနပိုင်ကားဖြစ်မည်။ အဲဒီတုန်းကပြောတဲ့စကားထဲမှာ Under cover police ဟုခေါ်သော တာဝန်အရ လူထုထဲ သာမန်လူလိုရောပြီး မှုခင်းလိုက်စုံစမ်းရသည့် ရဲဝန်ထမ်းလို့ ပါသဖြင့် ဦးရဲကျော်ဟာ တာဝန်ကြီးကြီး ယူထားရသော အရာရှိတော့ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညနေ ဖေဖေ လာမကြိုတော့ဘူး သမီး၊ စောစောလေး ပြန်ခဲ့။ ဈေးပယ်မနေနဲ့ဦး"

"ဟုတ်ကဲ့ ... ဖေဖေ"

"ဖေဖေ ညမပြန်ဖြစ်ရင် ဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ပါ"

နေရောင်ချိုသည် ကားတံခါးဖွင့်ဆင်းလာနေသော ကောင်မလေးကို ရူးစိုက်ကြည့်မိပါသည်။ သူ့စိတ်ထဲမှာ တော်တော်အံ့သြစွာ စိုက်ကြည့်မိတာလည်းဖြစ်သည်။

ကော်လာပါသော စပို့ရှပ်ပန်းရောင်လေးနှင့် သရီးကွာတာ အနက်လေးကို ဝတ်ထားကာ ဟ(ဖ်)ရှူးအံပါးလေးစီးထားသော ဆံပင်လိမ်လိမ်ဖွာဖွာလေးနဲ့မိန်းကလေးကို သူ ကောင်းကောင်းမှတ်မိပါသည်။

"ဟော့ကောင် ... ဘယ်လိုလဲ"

စည်သူက ပခုံးချင်း လာတိုက်ကာ ရယ်သံဖြင့် မေးလေသည်။

"သူ့ကို ငါ တွေ့ဖူးပါတယ်"

"အံမာ ... တယ်ဟုတ်ပါလား"

"တစ်ခါပဲ တွေ့ဖူးတာပါ၊ ဒီရက်ပိုင်းလေးတင် တွေ့ဖူးထားတာ"

"ဘယ်မှာ တွေ့တာလဲ"





နေရောင်ချိုသည် ညီမလေး လမင်းချို ချော်လဲသဖြင့် ခဏဝင်ထိုင်ကာ အနာကို ပလာစတာကပ်ပေးသွားသော ကောင်မလေးဟာ စည်သူပြောတဲ့ ဂျင်းဂျာပင်ဖြစ်ကြောင်း အနည်းငယ် ရှင်းပြလိုက်ပါသည်။

"ဟာ ... ဒါဆို ကောင်းတာပေါ့၊ မင်း, ဝင်ရောလို့ ကောင်းသွားတာပေါ့"

"စည်သူ ... စည်သူ ... မင်း ငါနဲ့ပေါင်းလာတာလည်း ကြာပြီ။ ငါ ဘယ်လိုကောင်လဲဆိုတာ ခုထိ အကဲမခတ်တတ်သေးဘူး"

"ဘာကိုဆိုလိုတာလဲ"

"ငါ့အရည်အချင်းက အဲဒီလောက်ပဲ ရှိလားကွာ၊ ညီမကို ကူညီပေးခဲ့တာလေးကို ဓာတ်ကြောင်းပြန်ပြောပြီး အရောဝင်မှ အဆင်ပြေမယ့် ကောင်လား"

"ဟား ဟား ... ဟုတ်ပါပြီ၊ လုပ်ပါ။ လုပ်ပါ တခြားနည်းနဲ့ဝင်ပါ အထင်ကြီးပါတယ်"

"အခုတော့ ဝင်ရောလို့ ဘယ်ဖြစ်မလဲ၊ မင်းတို့ အတန်းတက်ရဦးမယ်လေ"

"ဘယ်တော့ စလှုပ်ရှားမလဲ"

"အေးဆေးပေါ့ကွာ မင်းကလည်း၊ နေရောင်ချိုသာ မပိုင်ရင် ဘာမှအချိန်မဆွဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



စည်သူ့ပခုံးကို တစ်ချက်ပုတ်ပြောရင်း ကောင်မလေး ဝင်သွားသော အတန်းကို အသာကြည့်လိုက်သည်။ မင့်ရုပ်လေးက ချစ်စရာကောင်းပြီး စိတ်ဝင်စားစရာလေးမို့ စည်သူ မြှောက်ပေးတာကို လက်ခံလိုက်တာပါ ဂျင်းဂျာရယ်။ တကယ်တော့ သိပ်ပြီး စွဲစွဲလမ်းလမ်း ချစ်သွားတာမျိုး မရှိသေးပါဘူး။





## ၉

ဂျင်းဂျာသည် Stephenie Myers (စတက်(ဖ)နီမိုင်းယား(စ))၏ Breakdown (ဘရိတ်(ခ)ဒေါင်း)ကို သဲကြီးမဲကြီး ကြိုးစားဖတ်နေသည်။ ကြိုးစားဖတ်နေသည်ဟု သုံးရခြင်းမှာ ကိုယ်အကျွမ်းတဝင်မရှိလှသော ဘာသာစကားနှင့် ရေးထားသော မူရင်းဝတ္ထုဖြစ်သဖြင့် ဆေးမှာအဘိဓာန်အသေးလေးထားကာ မသိသောစာလုံးမြင်တိုင်း ရှာလိုက်၊ ပြန်ဖတ်လိုက် လုပ်နေရ၍ပင်။ Twilight (တွိုင်းလိုက်(တ်))စီးရီးအတွဲကို ရုပ်ရှင်စကြည့်ပြီး သိပ်ကြိုက်သွားသဖြင့် မူရင်းဝတ္ထုကိုပါ ရှာဖတ်ပြီး ရူးနေသော ဂျင်းဂျာကို ...

"ဘာသာပြန်ထားတဲ့ဟာပဲ ဖတ်ပါလား ဂျင်းဂျာရယ်၊ နင်က ဒုက္ခခံပြီး မူရင်းအင်္ဂလိပ်ဝတ္ထုကို ဖတ်တာကိုး"

ဟု အမြင်မတော်သူတွေက အကြံပေးတော့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂျင်းဂျာက လက်မခံ။ ရအောင်ဖတ်မည်ဆိုကာ အတွဲလိုက်ဖတ်လာတာ။ ခုတော့ နောက်ဆုံးအတွဲ ရောက်လာပြီ။ Twilight (တွိုင်းလိုက်ထ်)၊ New Moon (နယူးမွန်း)၊ Eclipes (အီကလစ်(ပ်)(စ)) သုံးတွဲပြီးပြီ။ အခု Breakdown က တော့ နောက်ဆုံးဖြစ်ပါသည်။

ကျောင်းမှာ စာသင်ချိန် ခဏနားလည်းဖတ်၊ အိမ်မှာလည်း အားတဲ့အချိန်ဖတ်နှင့် အချိန်တိုင်း ဖတ်နေသဖြင့် ထိုသုံးတွဲမှာ ခြောက်လနဲ့ ပြီးသွားပြီ။ ဒီနောက်ဆုံးအုပ်ကျ အခုမှ စဖတ်ရုံရှိသေးသည်။

"စာအုပ်ဖတ်ရင်း မျက်စိထဲမှာကျ Edward ဇာတ်ကောင်နေရာမှာ Robert Pattinson ကိုမြင်လိုက်၊ Bella နေရာမှာ Kristen Sewart ကိုမြင်လိုက်၊ Jacob နေရာမှာ Taylor Lautner ကို မြင်လိုက်နဲ့ဆိုတော့ ဝတ္ထုကပိုပြီး အသက်ဝင်လာတာပေါ့"

ဂျင်းဂျာသည် သူမထိုင်နေသော စားပွဲဝိုင်းနားမှာ လူရိပ်တစ်ရိပ် မိုးလာကာ ပြောလိုက်သော စကားကြောင့် စာအုပ်ကို ခဏလက်ညှိုးဖြင့် ညှပ်ပိတ်ပြီး ထိုလူရိပ်ကို ပြန်ကြည့်လိုက်သည်။ အံမာ ... ကြည့်စမ်း။ ဘယ်ကကောင်လဲ။ ဒီဝတ္ထုထဲက ဇာတ်ကောင်နေရာမှာ အပြင်မှာတော့ ဘယ်မင်းသား၊ မင်းသမီးက သရုပ်ဆောင်တယ် ဆိုတာပါ သိနေပါလား။ ပြီးတော့ ဇာတ်





ကောင်တွေနာမည် အကုန်ပြောနိုင်နေတယ်။ သူ့ပုံစံကတောင် အဓိကဇာတ်ကောင်မင်းသားနဲ့ ရုပ်က ခပ်ဆင်ဆင် ဖြစ်နေပါလား။

"ကျွန်တော်လည်း Twilight ပရိသတ်ပဲ၊ ဒါပေမဲ့ ဝတ္ထုတော့ ဒုက္ခခံပြီး မဖတ်ပါဘူး။ ရုပ်ရှင်ပဲ ကြည့်တယ်"

"ရှင့်ကို ဘယ်သူက မေးလို့လဲ"

"အကြိုက်ချင်းတူတဲ့ ပရိသတ်ဆိုတော့ မိတ်ဖွဲ့ချင်လို့ပါ"

"မိတ်ဖွဲ့တိုင်း အလွယ်တကူ မရောတတ်ဘူးနော်"

"ဒါဖြင့် ဘယ်လိုလုပ် မိတ်ဆွေဖြစ်တော့မလဲဗျာ။ မိတ်ဆွေဆိုတာ ဒီတိုင်းကြီး ဖြစ်သွားတာမှ မဟုတ်တာ။ တစ်ယောက်က မိတ်ဖွဲ့တယ်။ ကျန်တစ်ယောက်က လက်ခံတယ်။ ဒါမှ မိတ်ဆွေဖြစ်ကြတာ"

"ကျွန်မ တစ်ယောက်တည်းပဲ နေချင်တယ်"

ဂျင်းဂျာသည် တမင်လာရောမှန်း ရိပ်မိလေရာ စကားကို အပြတ်သားဆုံး ပြောပြီး စာအုပ်ကို ပြန်ဖွင့်လိုက်ပါသည်။

"လူတွေက ပေါပင်လိုက်ပြီး ကြိုက်ကြတာဗျ။ Harry Potter (ဟယ်ရီပေါ်တာ)ခေတ်စားတုန်းကလည်း J.K Rowling(ဂျေကေရိုးလင်း)တွေရှာဖတ်ကြတာတွေ သိရတယ်၊ အခု Twilight ခေတ်စားတော့လည်း Stephenie Myers တွေ ရှာဖတ်ကြပြန်ရော။ နောက် ဘယ်သူခေတ်စားဦးမယ် ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာသည် လက်လျှော့ကာ ထွက်မသွားသေးပဲ ဆက်ပြီးစကားရပ်ပြောနေသော ကောင်လေးကို စိတ်ဝိုလာကာ စာအုပ်ကို ဗုန်းခနဲပိတ်ပြီး စားပွဲပေါ် အသံမြည်အောင် ချလိုက်ပါသည်။

"ဟော့ ... ဒီမှာ၊ လာမနှောင့်ယှက်နဲ့နော်၊ တစ်ယောက်တည်း ကော်ဖီဆိုင်ထိုင်နေတယ်ဆိုပြီး ရောလို့ရမယ်မထင်နဲ့။ သူများအထင်ကြီးအောင် လုပ်ပြနေတာ မဟုတ်ဘူး။ ကော်ဖီဆိုင်ထိုင်ပြီး စာအုပ်ဖတ်ရတာကြိုက်လို့ ထိုင်နေတာ"

"ကျွန်တော်လည်း သိပါတယ်။ နှောင့်ယှက်တာတော့ မဟုတ်ပါဘူး။ ခင်ချင်လို့ မိတ်ဆွေဖွဲ့တာပါ။ နှောင့်ယှက်တတ်တဲ့ ကောင်မျိုးက ကျွန်တော့်လိုပုံ မဟုတ်ဘူးဗျ။ ဟိုထောင့်ကစားပွဲမှာ ထိုင်နေတဲ့ကောင် တွေ့လား။ အဲဒီလို ကောင်ကကျတော့ မိန်းကလေးမြင်တိုင်း လိုက်အရောဝင်ပြီး နှောင့်ယှက်တတ်တာ"

ဂျင်းဂျာသည် ထိုသူခေါင်းလှည့်ကြည့် ညွှန်ပြလိုက်သောထောင့်ဆီ ယောင်ပြီးလိုက်ကြည့်မိ၏။ ဒီဘက်ကို ပြုံးစေ့စေ့နှင့် လှမ်းကြည့်အကဲခတ်နေသော ကောင်လေးကို ဂျင်းဂျာချက်ချင်းမှတ်မိပါသည်။ စပိကင်းနဲ့ အင်္ဂလိပ်စာ ဂရမ်မာသင်တန်းမှာ တွေ့တွေ့နေကျကောင်လေး။

"ဟိုကောင့်ကိုတော့ သိတယ်၊ ရှင့်ကို မသိဘူး"

"ကျွန်တော်နဲ့သူ သူငယ်ချင်းပါ"





"ရှင်တို့ ဘာအကြံအစည်နဲ့ ကျွန်မကို လိုက်ရောတာလဲ"

"ခင်မင်ချင်တာပါ။ ခင်သွားကြရင် ကျွန်တော်တို့ အရင်က တစ်ခါဆုံဖူးကြတယ် ဆိုတာကို ပြောပြမယ်"

"မခင်ရင်တော့ မပြောဘူးပေါ့"

ဂျင်းဂျာသည် မိုက်တီမိုက်ကန်းပုံစံနဲ့ ညိုရိုလှဲ့ဝေနေသော မျက်ဝန်းညိုညိုတွေ ပိုင်ဆိုင်သည့် ကောင်လေးကို စိတ်မဆိုးတော့သလို ဖြစ်သွားသည့် သူမ၏ခံစားချက် အပြောင်းအလဲကို သတိထားမိပါသည်။ ညှို့ငင်သလို ထင်ရစေသော မျက်ဝန်းတွေကို ဂျင်းဂျာ ငေးမိသွားသည်။ ယောကျ်ားလေးတစ်ယောက်က အလကားနေရင်း မိန်းကလေးတစ်ယောက်ကို ခင်ချင်ပါသည်ဟု မိတ်ဖွဲ့တာဟာ လုံးဝ ရိုးရိုးသားသား မဟုတ်နိုင်။

"မခင်ရင် မပြောပါဘူး။ ခင်သွားကြမှ ပြောရင် ကျွန်တော်ဟာ အဲဒီဆုံခဲ့ဖူးကြတာကို အသုံးချပြီး အရောဝင်တာ မဟုတ်ဘူးပေါ့။ ကျွန်တော့်ရဲ့ကြိုးစားမှုမှာ အဲဒီအကြောင်းအရာကို အထောက်အကူ မဖြစ်စေချင်ဘူး"

"အိုး ... အထူးအဆန်းပါလား"

"ယောကျ်ားလေးတစ်ယောက်က အလကားနေရင်း မိန်းကလေးတစ်ယောက်ကို ခင်မင်ပါရစေလို့ တောင်းဆိုတာဟာ သိပ်တော့ အဓိပ္ပာယ်မရှိဘူး။ အဲဒါရဲ့နောက်ကွယ်မှာဘာရှိသလဲဆိုတာ ကြိုသိတယ်။ ကိုယ့်ကိုယ်ကိုယ် သိပ်အမှတ်တင်ပြီး အထင်ကြီးတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အခြေက်



www.burmeseclassic.com

www.burmeseclassic.com



အစွယ်နဲ့ အတွေ့အကြုံအရ ဒါမျိုးတွေ ရိုးနေပြီလေ။ ကြို
သိနေပြီ”

နေရောင်ချိုသည် စကားပြော လည်ဝယ်ပါးနပ်လှ
သော ကောင်မလေးကို ဖျားသွားပါသည်။

“အဲဒါဆိုလည်း အဲဒီ ကြိုသိတဲ့ အတိုင်းပဲထားလိုက်ရ
အောင်”

“ရှင့်နာမည် ဘယ်သူလဲ”

“နေရောင်ချို”

“နာမည်က မိန်းမဆန်တယ်”

“မဆန်ပါဘူး၊ ဘယ်မိန်းမမှ မနေရောင်ချိုကို မမှည့်ဘူး”

“မှည့်ရင်မှည့်မှာပေါ့၊ ရှင် မကြားဖူးသေးလို့ဖြစ်မယ်”

“ကျွန်တော် ထိုင်ရမလား”

“မထိုင်ရပါဘူး၊ ရှင့်နာမည်သိပြီ၊ ရပြီ သွားတော့”

“ဒီက နာမည်ရော”

“ဟိုကောင် ပြောပြီးရောပေါ့”

ဂျင်းဂျာက ထောင့်စားပွဲမှ ကောင်လေးဆီ မေးဆတ်
ညွှန်ပြရင်း ပြောလိုက်သည်။

“အင်္ဂလိပ်နာမည်တွေပဲ ပေးကြရလို့ သင်တန်းမှာ မှည့်ထား
တဲ့ အင်္ဂလိပ်နာမည်ပဲ သိတယ်”

“အဲဒါ နာမည်အစစ်ပဲ”

“ဟုတ်ရဲ့လား”





“ဒီမှာ နေရောင်ချို။ နာမည်ဆိုတာ သတ်မှတ်ချက်တစ်ခု
အနေနဲ့ ခေါ်တာပါ။ အဲဒီတစ်ခုကို သိရရင်ပြီးရောပေါ့။
နောက်တစ်ခါဆုံရင် ခေါ်စရာနာမည်ရှိရင် ပြီးပြီပေါ့”

“အိုခေ ... နောက်တစ်ခါ ဆုံမယ်လို့ အသိပေးလိုက်ပြီ”

နေရောင်ချိုသည် ဂျင်းဂျာကို ညို့ရီစွာ တစ်ချက်စိုက်
ကြည့်ပြီးတာနဲ့ ကော်ဖီဆိုင်အပြင်ဘက်ကို ထွက်လာခဲ့ပါသည်။
ကြည့်သူကတော့ ပိုက်ဆံရှင်းပြီး အမြေးအလွှား လိုက်လာဖို့ ပြင်
နေသည်။

ဂျင်းဂျာသည် လည်ပင်းလေး အသာလိမ်ပြီး လိုက်
ကြည့်မိသည်။ ကိုယ်ဟန်မတ်မတ်နဲ့ လျှောက်နေသော ခြေလှမ်း
တွေက ခွန်အားရှိနေပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတွေ
ပြည့်ပါသလို ဖြစ်နေသည်။ သူ့ရုပ်ရည်ဟာ တစ်ခါမြင်လိုက်ရုံ
နဲ့ ဘယ်တော့မှ မမေ့သွားစေနိုင်သော ထူးခြားမှုတော့ ရှိနေသည်။
အဝတ်အစား အပြင်အဆင်က အထင်ကြီးစရာ မရှိပေမယ့် သူ့
ဆီမှာ ပါဝါတစ်မျိုး ရှိနေသလိုပဲ သူ့ကို အလိုလိုနေရင်း အားကျ
စွာ လိုက်ငေးကြည့်ချင်မိသည်။

အိမ်ရောက်တော့ ဂျင်းဂျာသည် ဒီအကြောင်းကိုပဲ
တစ်ခါတလဲလဲတွေးရင်း ရင်ထဲမှာ အလိုလိုပျော်နေကာ သီချင်း
လေးတညည်းညည်းနှင့် ထမင်းဟင်း ချက်ပြုတ်နေမိသည်။ ဂျင်းဂျာ
အကြောင့်မှန်းမသိ။ နေရောင်ချိုနဲ့ နောက်တစ်ခါ ဆုံရမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ အသေအချာ သိနေလျက် အဲဒီနောက်တစ်ခါကို အမြန်ရောက် ချင်နေပါသည်။

အိမ်ရှေ့က တံခါးသော့ဖွင့်သံ ကြားတော့ ဒါ ဖေဖေ ပြန်လာတာပဲလို့ ဂျင်းဂျာ သိလိုက်သည်။ ဂျင်းဂျာ့မှာ မေမေ မရှိတော့။ မေမေက ဂျင်းဂျာ ဆယ်နှစ်အရွယ်တွင် ဆုံးပါ သည်။ အခု ဖေဖေနဲ့ ဂျင်းဂျာတို့နှစ်ယောက်တည်းသာ ရှိသဖြင့် ဖေဖေ့ကို ဂျင်းဂျာ တတ်သမျှ မှတ်သမျှ ချက်ပြုတ်ကျွေးရသည်။ ဖေဖေကလည်း နောက်ထပ် အိမ်ထောင်မပြုဘဲ ဂျင်းဂျာကို ရင် အုပ်မကွာ စောင့်ရှောက်နေနိုင်ခဲ့သည်။

"သမီးဂျင်း ... သီချင်းတညည်းညည်းနဲ့ပါလား၊ ဘာတွေ သဘောကျစရာ တွေ့လာလို့လဲ"

ဖေဖေ အိမ်ထဲရောက်ရောက်ချင်း ဂျင်းဂျာ့ကိုလှမ်း စ,လိုက်သည်။ ဖေဖေနဲ့ ဂျင်းဂျာဟာ သားအဖချင်းပေမယ့် သူငယ်ချင်းဆိုင်း ဆိုင်းကာ တစ်ယောက်နဲ့တစ်ယောက် စ,နောက် နေတတ်လေ့ရှိသည်။

"ဂျင်းဂျာ ကော်ဖီဆိုင်ထိုင်ပြီး ဝတ္ထုဖတ်နေတုန်း ကောင် လေးတစ်ယောက် ရောက်လာတယ်၊ ဂျင်းဂျာ့ကို လာစကား ပြော မိတ်ဖွဲ့တာလေ"

"ရိုးရိုးသားသား မိတ်ဖွဲ့တတ်တာတော့ မဖြစ်နိုင်ဘူး"

"ဂျင်းဂျာ သိပါတယ်"





"ကောင်လေးက ယဉ်ယဉ်ကျေးကျေးပဲလား"

"မဆိုးပါဘူး၊ ယဉ်ကျေးတယ်"

"သမီးဂျင်း သဘောကျလို့လား"

"အဲဒီလိုတော့ မဟုတ်သေးပါဘူး ဖေဖေရယ်"

"ရည်းစားမထားနဲ့ဦးနော်၊ သမီး ငယ်သေးတယ်။ တော်ကြာ ရည်းစားထားမိပြီး မတော်တဆ အိမ်ထောင်ကျသွားရင် ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ညစ်စရာတွေ ကြုံရလိမ့်မယ်၊ လူမျိုး အပျိုဘဝဆိုတာ ခဏလေး ခံစားရတာ။ အိမ်ထောင် သည်ဘဝဆိုတာ တစ်သက်လုံး ကြုံရမှာကို သမီး နားလည် ပါတယ်လေ"

"စိတ်ချပါ ဖေဖေရဲ့၊ ဂျင်း ရည်းစားလည်းမထားပါဘူး။ အဲဒီကောင်လေးကိုလည်း သဘောမကျပါဘူး။ ရိုးရိုးသား သားပဲ ပြန်စကားပြောလိုက်ပါတယ်"

ဂျင်းဂျာရဲ့ဖေဖေက အဲဒီလိုအဖေမျိုး ဖြစ်သည်။ တခြားအဖေတွေလိုလည်း သမီးဖြစ်သူကို ရည်းစားထားမှာ စိုးရိမ် တတ်သလို ရည်းစားမထားဖြစ်အောင်လည်း အမြဲစစ်ဆေးမေးမြန်း နေမြဲနေတတ်သည်။ ငယ်သေးသည် ရည်းစားမထားရ၊ မတော် တဆ အိမ်ထောင်ကျခဲ့လျှင် ဆိုသော ဆုံးမစကားတွေကိုလည်း အမြဲပြောဆို ဆုံးမတတ်သည်။

"အသက်နှစ်ဆယ်ငါးနှစ် ကျော်လာရင် ဘယ်သူမဆို အကောင်းဆုံး အတွေးအခေါ်တွေနဲ့ ဆုံးဖြတ်ချင်ချိန်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြတယ်။ သမီးဂျင်းလည်း အဲဒီကျမှ အချစ်ရေး
အိမ်ထောင်ရေးကို စဉ်းစားပါလို့ ဖေဖေ အကြံပေးမယ်"

ဟူ၍လည်း မကြာခဏ သတိပေးတတ်သည်။

ဒါကြောင့် ဂျင်းဂျာလည်း ဖေဖေ့ဆုံးမစကားတွေ
စိမ့်ဝင်နေကာ အသက်နှစ်ဆယ်ကျော် အရွယ်ထိပင် ရည်းစားတ
ယောက် မထားခဲ့ဖူးသေး။

စိတ်ကစားပြီး ဟိုလူ့စိတ်ဝင်စား၊ ဒီလူ့စိတ်ဝင်စား
တွေတော့ ရှိဖူးပေမယ့် ဖေဖေ့ကိုကြောက်တာနဲ့ပဲ ရှေ့ဆက်မတိုး
ဖြစ်ခဲ့ချေ။

"ထမင်းစားပြီးရင် ဖေဖေ ဒီည ဂျူတီဝင်စရာရှိတယ်
တော့ ခဏ အိပ်လိုက်ဦးမယ်ကွာ"

"မနက် ဘယ်နနာရီပြီးမှာလဲ"

"ခြောက်နာရီ ခုနစ်နာရီလောက်ပေါ့"

"ဟာ ... ဒါဆို ပေဖေနဲ့ဂျင်း တွေ့ကြရမှာ မဟုတ်ဘူး
ဂျင်း မနက်ခုနစ်နာရီအတိမှာ တက်စရာအတန်းရှိတယ်
အရေးကြီးတဲ့ဘာသာမို့ သွားရမှာ။ ဖေဖေ့အတွက် မနက်
စာ ပြင်ထားပေးခဲ့မယ်။ နောက်ပြီး ဖေဖေ အပြည့်အ
နားပါ၊ ဂျင်းကို လာမကြိုနဲ့နော်၊ ဂျင်းဘာသာ ပြန်လာ
မယ်"

"ဘတ်စ်တွေ သိပ်ကျပ်ရင် စောင့်ပြီးစီးမနေနဲ့ တက္ကစီနဲ့
ပြန်လာခဲ့"





ဖေဖေက ရဲမှူးကြီးပေမယ့် အင်မတန်မှ တာဝန်ကျေ
ပွန်တတ်သော ဝန်ထမ်း၊ အလုပ်မလုပ်ရ မနေနိုင်သူလည်း ဖြစ်
လေရာ အခုလို ညဘက်ဂျူတီဆိုလည်း မညည်းမညူ လုပ်တတ်
သည်။ အရာရှိကြီးပေမယ့် ရုံးမှာအေးအေးဆေးဆေး မထိုင်နေချင်
သော ဖေဖေ ဦးရဲကျော်သည် ရဲဝန်ထမ်းလောကမှာတော့ လူ
ဖြောင့်စိတ်တို၊ ဦးတိကျ ဦးသေချာကြီးအဖြစ် နာမည်ကြီးလေသည်။

ဂျင်းဂျာသည် ကျောင်းစာနဲ့ ပတ်သက်လို့ လိုအပ်
တာတွေ အင်တာနက်ဖွင့်ပြီး လေ့လာဖတ်ရှုပြီးသောအခါ မပြီး
ပြတ်သေးသော ဝတ္ထုကြီးကို ပြန်ဖတ်ဖို့ ကောက်ကိုင်မိသည်။
ထိုအခါ မဆီမဆိုင် နေရောင်ချို့ကို ဖျတ်ခနဲ သတိရမိသွားလျှင်
ဖေဖေ ဆုံးမထားတာတွေ ကြားယောင်ပြီး လျှာထုတ်ခေါင်းပု
လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

နောက်ရက်တချို့ကုန်ပြီး တစ်ရက် ဂျင်းဂျာ တက်ရသော ဒဂုံတက္ကသိုလ်ကို ရောက်လာပြီး လာစောင့်နေသည့် နေရောင်ချို့ကို ဂျင်းဂျာ မစပ်စုရသေးခင် သူက ဦးဆောင်စပ်စုတာ ခံရသည်။

"ဂျင်းဂျာ ဆိုတဲ့နာမည်မျိုးက မဖြစ်နိုင်တဲ့နာမည်ပဲ၊ နာမည်ရင်း မဟုတ်ဘူး မဟုတ်လား"

"နာမည်ရင်းပါလို့ ပြောပြီးပြီပဲ"

"ညာတာ"

"ဒါဖြင့် နာမည်ရင်းကို သိအောင်စုံစမ်းပေါ့"

"သိပြီးပါပြီ၊ နာမည်ရင်း သက်ထက်ပုံတဲ့"

"တော်လိုက်တာ၊ တစ်မှတ်ရသွားပြီ"

ဂျင်းဂျာသည် မှတ်ပုံတင်ထဲမှာသာရှိပြီး သိပ်တောင်မသုံးဖြစ်သော နာမည်ရင်းကို ရအောင်စုံစမ်းသည့် နေရောင်ချို့



ကို ဒီကောင်မဆိုးဘူးပဲဟု စိတ်ထဲမှာ တွေးမိသည်။ ဂျင်းဂျာကသာ သူ့အကြောင်းတွေ မသိသဖြင့် သူ့ကိုမေးပြီး စပ်စုရမှာပေမယ့် သူကတော့ ဂျင်းဂျာအကြောင်းကို တချို့တွေ ကြိုသိနှင့်နေသည်။ သိပြီးသားကို သေချာစေချင်သလိုဖြင့် ဂျင်းဂျာကို သူ စပ်စုပုံမှာ လှုလည်ကျသလို ဖြစ်နေပါသည်။

"ဂျင်းဂျာဆိုတာ အိမ်နာမည် မဟုတ်လား"

"မေမေ ချစ်စနိုးခေါ်ခဲ့တဲ့ နာမည်မို့ မြတ်နိုးတယ်၊ ဒါကြောင့်သုံးတာ"

"မေမေက ဘာကြောင့် ဆုံးသွားတာလဲ"

"အံမယ် ... သူများမေမေကိုများ မေမေတဲ့"

"ဂျင်းဂျာလည်း ကျွန်တော့်မေမေကို မေမေခေါ်ရင် ရပါတယ်၊ စိတ်မဆိုးတတ်ဘူး"

"ကြည့်စမ်း ... လှုလည်"

ဂျင်းဂျာ သူ့ပခုံးကို စာအုပ်နဲ့ရိုက်ပစ်မိတော့မလို ဖြစ်ပြီးမှ လက်ပြန်ရုပ်လိုက်ပါသည်။ နှစ်ခါလောက်လေး ဆုံရတာနဲ့ ဒီလောက်ထိ တရင်းတနှီး နေပြဖို့ မသင့်သေးဘူး။ သူဟာ ဘယ်လိုလူမှန်း မသိရသေးဘဲနဲ့ သိပ်ရင်းနှီးလိုက်ဖို့ မသင့်ဘူး။ တချို့ယောက်ျားလေးတွေက ဒီမိန်းကလေး လွယ်တယ်ဆိုပြီး အထင်သေးသွားတတ်တာတွေ ရှိတယ်။

"ဂျင်းဂျာကို စိတ်မကောင်းစရာတွေ ထပ်ပြန်သတိရအောင် လုပ်တာတော့ မဟုတ်ပါဘူး။ ကျွန်တော်လည်း မိသားစုထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ အရင်နှီးဆုံး လူတစ်ယောက်ကို ဆုံးရှုံးဖူးထားတော့ ကိုယ်ချင်းစာပြီး မေးကြည့်တာပါ”

“မေမေက ကားအက်ဆီးဒင့်နဲ့ ဆုံးတာ။ အဝေးပြေးကားစီးပြီး သူ့မိဘတွေဆီ အပြန်မှာ ကားမှောက်ကြတာ။ မေမေနဲ့ ဂျင်းနဲ့ အတူသွားတဲ့ ခရီးလေ၊ မေမေက ဆေးရုံရောက်တော့ ဆုံးသွားတယ်။ ဂျင်းပဲ အသက်ရှင်ခဲ့တာ”

ဂျင်းဂျာသည် အဖြစ်အပျက်ကို ပြန်သတိရသလိုဖြစ်ကာ အသံတုန်သွားပါသည်။

နေရောင်ချိုသည် ဂျင်းဂျာ့အသံကို သတိထားမိပြီး ရင်ထဲမှာ ကရုဏာသက်သွားကာ ဂျင်းဂျာ့လက်ချောင်းထိပ်လေးတွေကို သူ့လက်ချောင်းထိပ်နှင့် ထိလိုက်ပါသည်။ စားပွဲပေါ်မှာ လက်ချောင်းယှက်ထားသော ဂျင်းဂျာ့လက်ချောင်းထိပ်လေးကနွေးနေသည်။ နေရောင်ချို့ လက်ချောင်းထိပ်တွေနဲ့ အထိမှာ ဂျင်းဂျာ့ မျက်လုံးတွေ စူးခနဲကြည့်တာ ခံရသည်။ လက်ချောင်းတွေကို သိသိသာသာပဲ နောက်အသာဆုတ်သွားပါသည်။

“ဆောရီးပါ ဂျင်းဂျာရယ်။ စိတ်မကောင်းဖြစ်စရာတွေ ပြန်သတိရအောင် လုပ်မိပြီ ဆောရီး”

“နေရောင်ချို့မှာရော ဘယ်သူ့ကို ဆုံးရှုံးဖူးလို့လဲ”

“ကျွန်တော် သိပ်ချစ်ရတဲ့ အစ်ကိုပါ။ သူက ကျွန်တော့်ထက် နှစ်နှစ်ကြီးတယ်။ ဆုံးတာလည်း နှစ်နှစ်ပြည့်ပြီးတာမကြာသေးဘူး။ သူကတော့ depression ဝင်ပြီး ဆုံးတာပါ”





“depression (ဒီပရက်ရှင်)ရပြီး ဆုံးတာ မကြားဖူးဘူး”

“depression ရတော့ ဆရာဝန်နဲ့ပြပြီး ဆေးကုတယ်။ သက်သာသွားတယ်။ သက်သာသွားပေမယ့် ဆေးပုံမှန်သောက်ရမှာကို သူ မသောက်ဘူး။ မသောက်ဘဲနေလိုက်တော့ ပြန်ဖြစ်လာပြီး နောက်ဆုံးမှာ ... အင်း ... နောက်ဆုံးမှာ ... သူ့ကိုယ်သူ ... လုပ်ကြံတဲ့ ...”

နေရောင်ချိုမှာ ဆက်ပြောမထွက်တော့ဘဲ ကိုကြီးနေကို သူ တွေ့ခဲ့ရသည့် မြင်ကွင်းအား ပြန်မြင်ယောင် သတိရကာ ဆို့နင့်နေသည်။ မေးကြောတွေ ထောင်ထသွားအောင် အံကိုအတွင်းကနေ ဖိကြိတ်လိုက်မိပါသည်။ ကိုကြီးနေ ဒီလိုဖြစ်အောင်လုပ်တာ ဖေဖေ့ကြောင့်။

ဖေဖေ တရားခံလို့ တွေးမိလျှင် ပိုပြီးယူကျုံးမရဖြစ်ရသည်။

“ရပြီ ... ရပြီ ... ဂျင်း နားလည်ပြီ။ ဆက်မပြောပါနဲ့၊ ကြားရတာ စိတ်မကောင်းစရာတွေပါ တော်ပြီ။ တော်ပြီ မိသားစုအကြောင်း မပြောတော့ဘူး”

ဂျင်းဂျာသည် အလိုက်တသိပင် စကားကို လွှဲပေးသည်။

“တခြားအကြောင်းပြောရရင် ဂျင်းဂျာ့ကို ကျွန်တော် ချစ်တယ်ဆိုတာပဲ ပြောစရာရှိတာနော်”



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာ ရုတ်တရက်မို့ လန့်ပြီး နေရောင်ချို့ကို ပြန်စိုက်ကြည့်မိသည်။ ချက်ချင်းကြီး ပြောမယ် မထင်ထားလို့ ဂျင်းဂျာ လန့်သွားတာ။

"မယုံလို့လား"

သူ့ရဲ့ညှို့ရီသောမျက်ဝန်းတွေဟာ ချက်ချင်းအပြောင်း အလဲမြန်လှသည်။ ခုနစက္ကန့်ပိုင်းလေးအတွင်းမှာတော့ သူ့အစ်ကို ရဲ့အဖြစ်ဆိုးကို သတိရပြီး ကြေကွဲနေခဲ့တာ။ အခုတော့ ...။ အင်း ...။ ဂျင်းဂျာ သူ့မျက်လုံးတွေကို ရင်မဆိုင်ရဲတော့။ ရင်ထဲ မှာနွေးကာ နှလုံးခုန်သံ တဒုတ်ဒုတ်ကို ပြန်ကြားရသလို ဖြစ်နေ သည်။

ဒုက္ခပါပဲ ... ဖေဖေ ဆုံးမထားခဲ့တာတွေ သိနေရက် သားနဲ့ ယောကျ်ားလေး တစ်ယောက်အပေါ် ရင်ခုန်နေမိပြီလား မသိ။

"ဂျင်းဂျာပဲ ကျွန်တော်စပြီး စကားလာပြောမိတ်ဖွဲ့တုန်းက ပြောတယ်လေ။ ယောကျ်ားလေးတစ်ယောက်ဟာ မိန်းက လေးတစ်ယောက်ကို အလကားနေရင်းတော့ ရိုးရိုးသားသား နဲ့ ခင်မင်ချင်ပါတယ်ဆိုပြီး မိတ်ဖွဲ့မှာမဟုတ်ဘူးတဲ့၊ ဂျင်းဂျာ ကြိုသိနေပြီးသားမို့ အချိန်ဆွဲမနေတော့ပါဘူးလေ၊ ပြောစရာ ရှိတာ ပြောလိုက်တော့မယ်"

ဂျင်းဂျာသည် ကိုယ့်အမူအရာတွေကို တည်ငြိမ်အောင် ပြုပြင်ရင်း ...





"ဂျင်း ရှင့်ကို သိပ်တော့မယုံဘူး။ အရင်ကဖြင့် တစ်ခါမှ မတွေ့ဖူးဘဲ ဒီရက်ပိုင်းလေးအတွင်းမှာ မိုးကျရွှေကိုယ်လို ပေါ်လာတဲ့လူ"

"ကျွန်တော်က ဂျင်းဂျာကို တစ်ခါဆုံဖူးလို့ သိနေတယ်"

"ဘယ်တုန်းကလဲ"

"ဂျင်းဂျာ တစ်ခါက ပလက်ဖောင်းပေါ်မှာ ကျောင်းဝတ်စုံ လေးနဲ့ ချော်လဲလို့ ဒူးပွန်းသွားတဲ့ ကောင်မလေးတစ် ယောက်ကို ကူညီဖူးခဲ့တာ မမေ့လောက်ဘူး ထင်တယ်"

"အော် ... ဂျင်း မှတ်မိပါတယ်"

"အဲဒီတုန်းက ကောင်မလေးရဲ့အစ်ကိုဆိုတဲ့သူကို ဂျင်းဂျာ မမှတ်မိဘူးလား"

ဂျင်းဂျာ တော်တော် စဉ်းစားယူရသည်။ အဲဒီတုန်း က ကောင်မလေး ပြောတော့ သူ့အစ်ကိုဆိုတဲ့သူ ရှေ့ကသွားနေတာ တွေ့သားပဲ။ ဖြစ်ချင်တော့ ဂျင်းဂျာ လှမ်းကြည့်တုန်း နေဝင်ချိန် ဖြစ်နေတဲ့ နေလုံးကြီးက တည့်တည့်ပြန်ထိုးနေတာမို့ မျက်လုံး တွေပြာပြီး သေသေချာချာ မမြင်လိုက်။ ဘတ်(စ)ကားကလည်း အဲဒီအချိန်မှာ ချောင်တဲ့ကား ထိုးရပ်လာတာ တွေ့လိုက်တာမို့ အမြန်ပြေးထွက်ခဲ့လိုက်တာ၊ ဘယ်သူ့ကိုမှ မှတ်မိအောင်ကြည့်ဖို့ အချိန်တောင် မရလိုက်ဘူး။

"ဂျင်းဂျာ ... ကျွန်တော့်ကို ပြန်စိုက်ကြည့်ပါတယ်"

"ရှင့်ကို ကြည့်ပေမယ့် မမြင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အဲဒီအချိန်က မျက်လုံးကို နေကိုးနေလို့ မမြင်ရတာ"

"ကျွန်တော်က ကောင်မလေးရဲ့ အစ်ကိုပဲ၊ ကောင်မလေးက လမင်းချိုတဲ့၊ ကျွန်တော့်ညီမ အငယ်ဆုံး"

"ဩော် ... ဒီလိုလား"

"ဒီလိုလာလုပ်မနေနဲ့၊ ကျွန်တော် အဲဒီထဲက ဂျင်းဂျာကို စိတ်ဝင်စားပြီး နီးစပ်အောင် ကြိုးစားတာပဲပေါ့၊ မနေ့တစ်နေ့ကမှ ပေါ်လာတဲ့ မိုးကျရွှေကိုယ်တော့ မဟုတ်ပါဘူးဗျာ"

နေရောင်ချိုသည် ကောင်မလေး တော်တော်များများတို့ကို ဒီလိုပဲ ရည်းစားစကား ခဏခဏ ပြောဖူးသည်ဖြစ်ရာ ဂျင်းဂျာ အမူအရာတွေကို အကဲခတ်လို့တော့ ရပါသည်။ ဂျင်းဂျာ သူ့အပေါ် စိတ်ဝင်စားမှုရှိနေသည်။ သို့သော် မဝံ့မရဲတော့ ဖြစ်နေသည်။ ထိုအမူအရာတွေကို အကဲခတ်နိုင်သည်ဖြစ်ရာ ဒီကောင်မလေးကို ချဉ်းကပ်ရတာ မျှော်လင့်ထားသလောက်တောင် မခက်ပါဘူးဟု တွေးနေမိသည်။

စည်သူပြောတော့ တစ်ခါမှ ရည်းစားထားဖူးပုံမရ၊ ရည်းစားရှိပုံမရ၊ အဖေ၏တင်းကျပ်သော စည်းကမ်းအောက်မှာနေရသူ၊ သူမကိုယ်တိုင်လည်း မာနကြီးသူဟု ကြားဖူးထားလေရာ စည်သူ အပိုတွေပြောတာပဲလို့တောင် ထင်မိသည်။

"လူတစ်ယောက်အကြောင်းကို သေသေချာချာလည်း မသိရသေးဘူး၊ သူ့ကိုလည်း မလေ့လာရသေးဘူး"





"ရပါတယ် လေ့လာပါ၊ စိတ်ကြိုက်လေ့လာပါ၊ ဂျင်းဂျာအနီးကပ်လေ့လာလို့ရအောင် ကျွန်တော် နေ့တိုင်း ဂျင်းဂျာနား ရောက်လာပေးမယ်"

ဂျင်းဂျာ အသံတိုးတိုးနဲ့ "လူလည်"ဟု ရေရွတ်ကာ မျက်စောင်းထိုးမိသည်။

"လူတစ်ယောက်အကြောင်းကို လေ့လာတယ်ဆိုတာက သူ့အကြောင်း ဘာမှသေသေချာချာ မသိရဘဲ လေ့လာလည်း အလကားပဲ။ ရှင့်အကြောင်းတွေ ပြောပြပါဦး"

"ဂျင်းဂျာ သိပြီးပြီလေ၊ အစ်ကိုတစ်ယောက်ရှိတယ်၊ သေသွားပြီ။ ညီမအငယ်ဆုံးလေးတစ်ယောက်ရှိတယ်၊ ကျွန်တော်နဲ့ ဆယ်နှစ်ကွာတယ်၊ ဒါပဲ"

"မိဘတွေအကြောင်း မပြောချင်ဘူးလား"

"ဖေဖေနဲ့ မေမေက ကွဲနေတာ"

"အိုး ... ဆောရီး ... ဆောရီး"

"ကျွန်တော်က ဘယ်သူနဲ့မှ မနေဘူး။ ကျွန်တော့်ဘာသာ သူငယ်ချင်းတစ်ယောက်နဲ့ အဲ ... အင်း ... သူငယ်ချင်းကို ဂျင်းဂျာ သိပါတယ် စည်သူလေ။ သူနဲ့အတူနေတာ"

"ရပါပြီ၊ ဂျင်းဂျာ သူများမိသားစုအကြောင်း သိပ်စပ်စုသလို ဖြစ်သွားပြီ"

"ဂျင်းဂျာမှာရော မောင်နှမရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး၊ ဂျင်းမှာ ဘယ်သူမှ မရှိတော့ သိပ်အထီးကျန်တာပဲ၊ ဂျင်းက ညီမလေးတစ်ယောက် လိုချင်ခဲ့တာလေ။ မေမေ ဆုံးတုန်းက ကိုယ်ဝန်နှစ်လ ပါသွားတယ်ဆိုတာတော့ သိလိုက်ရတယ်၊ အဲဒီအကြောင်း သတိရတိုင်း ဂျင်း သိပ်စိတ်ထိခိုက်ရတယ်"

"ညီမလေး လိုချင်ရင် ကျွန်တော့်ညီမလေးကို ယူလေ၊ ညီမတော်ချင်ရင် တော်လို့ရပါတယ်"

"လူလည်ကျပြန်ပြီ"

ဂျင်းဂျာသည် ရုတ်တရက်ပဲ စိတ်လွတ်ပြီး နေရောင်ချို့လက်မောင်းကို စာအုပ်ဖြင့် ရိုက်လိုက်မိသည်။ ပြီးမှ သိပ်တရင်းတနှီးကြီး နေပြသလို ဖြစ်သွားပြီဟု တွေးမိကာ ကိုယ့်ဘာသာ ပြန်နှောင်တရသွားပါသည်။ သူဟာ တော်တော်ဆွဲဆောင်အားပြင်းတဲ့ ယောကျ်ားတစ်ယောက်များလား။ ဒါမှမဟုတ် မိန်းကလေးတွေကို ဘယ်လိုစကားပြောပြီး ရင်းနှီးအောင်လုပ်ယူရင် ရမလဲဆိုတာကို နှာကျေအောင် ကျွမ်းကျင်သူလား၊ ဒါမှမဟုတ် ဂျင်းဂျာကပဲ သူ့ကိုကျမှ အညာလွယ်လွန်းခဲ့သလားမသိ။ အရင်က တင်ထားခဲ့တဲ့ ဂျင်းဂျာရဲ့စံချိန်တွေဟာ လျော့ကျသွားခဲ့လေပြီ။ ဂျင်းဂျာ သူ့ကို တစ်ခဏချင်းပဲ ရင်းနှီးသွားခဲ့မိပြီတည်း။

နေရောင်ချိုကလည်း ဂျင်းဂျာ့ အမူအရာတွေကို လေ့လာရင်း ဒီမိန်းကလေးဆီက ပေါ့စတာ(ဖ)အဖြေကို သူရပြီးကြောင်း အလိုလို ခံစားသိရှိနေပါသည်။ စည်သူနဲ့အပျော်တမ်း





ရင်းနောက်ရင်းနဲ့ ဂျင်းဂျာ့ကို ချဉ်းကပ်ခဲ့မိတာမို့ သူ့ကိုယ်သူ အိပ်ပြာမလုံတာတွေ၊ မဝံ့မရဲ ဖြစ်တာတွေတော့ ရှိမနေပါ။ ဂျင်းဂျာကို ချစ်သူအဖြစ် တွဲကြည့်မည်၊ အဆင်မပြေ တော့တဲ့ အစ်နေ့ကျ လမ်းခွဲမည်။ ဘာဖြစ်သေးလဲ။ လောကကြီးမှာ ဒီလိုပဲ ရည်းစားဖြစ်လိုက်၊ ကွဲလိုက် ဇာတ်လမ်းတွေဟာ အများကြီးပဲ ပြီးသော စိတ်ကူးထားခဲ့ပါသည်။

❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၈

နေရောင်ချို့နဲ့ ဂျင်းဂျာတို့ လက်ဖဝါးချင်း မခွဲမ
တတွဲတွဲ ဖြစ်နေတာမြင်တော့ စည်သူဟာ မနာလိုတွေဖြစ်ပြီး

"ဟား။ ရည်းစားလေးတစ်ယောက်လောက် လိုချင်လို
တာကွာ"

ဟု ပြောလိုက်လျှင် သူတို့ပြိုင်တူရယ်မောမိလို
ကြပါသည်။

အချိန်တိုလေးအတွင်းမှာ ဘယ်လိုကဘယ်လို ချ
ဖြစ်သွားကြသည်။ မသိသော နေရောင်ချို့ကိုတော့ ကွယ်ရာမှာ

"ဂျင်းဂျာက မင်းကို တော်တော်ချစ်နေတာကွ"

ဟူ၍လည်း တအံ့တသြ ပြောတတ်သေးသည်

သူ ဒီလိုပြောတိုင်း မထုံတက်တေးပုံတွေ့ရ
သော နေရောင်ချို့ကိုလည်း မချင့်မရဲ ဖြစ်ရသေးလေသည်



"မင်းပုံစံကလည်းကွာ နည်းနည်းလေးမှတောင် စိတ်လှုပ်ရှားမှု မရှိတဲ့ပုံကြီး၊ ဂျင်းဂျာက သိပ်ပြီး ငေးမောတမ်းတနေရလောက်အောင် မလှပေမယ့် ချစ်စရာလေးပါကွာ။ ချောတာလှတာထက် ချစ်စရာကောင်းတာက ပိုသာတယ်ကွ၊ လူတိုင်းက ချစ်စရာလေးလို့ ပြောခံရတဲ့ **Charm** (ချမ်း(မ)) ရှိတာဟာ သာတယ်"

ဂျင်းဂျာဘက်က မန်ချင်ဖြစ်ပြီး နေရောင်ချို့ ကိုယ်တိုင်က ဂျင်းဂျာကို ချစ်တယ်လို့ ဝန်ခံလာစေချင်သူမှာ စည်သူဖြစ်သည်။ အစကတော့ သူပဲ ဂျင်းဂျာအဖေကြီးကို မကြည်လို့ သူ့သမီးကို ထိခိုင်းတာ။ အခုတော့ သူပဲ ဂျင်းဂျာဘက်သား ဖြစ်နေပြန်သည်။ သို့သော် စည်သူက ပါးစပ်လုံပါသည်။ နေရောင်ချို့ ဂျင်းဂျာကို ဘာကြောင့် ချဉ်းကပ်ပါသည် ဆိုတာကို ဘယ်တော့မှ မပေါက်ကြားအောင်နေသည်။ သူ ဂျင်းဂျာကို ဘယ်လောက်ပဲ ခင်သွားသွား နေရောင်ချို့ဘက်မှာတော့ သစ္စာရှိပေးလေသည်။

"ဒီနေ့ ဘယ်သွားကြဦးမလို့လဲ"

"နေရောင်က သူ့ညီမလေးကျောင်းကို သွားကြိုမလို့တဲ၊ အဲဒါ ငါလိုက်သွားမလို့"

"သွားကြပါ၊ သွားကြပါ"

"မင်းလိုက်ချင်ရင် လိုက်ခဲ့လေ"

"မလိုက်ပါဘူးကွာ၊ ငါလည်း သွားစရာရှိတယ်"

"အံမာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ကောင်မလေးတစ်ယောက်ကို လိုက်နေတယ်"

"ဘယ်သူလဲ"

"မပြောဘူး၊ အဆင်ပြေသွားမှ ပြောပြမယ်"

"အဆင်ပြေပါစေကွာ"

"ဟောကောင် ... မရိနဲ့၊ အဲချစ်ကဲခေသူကို ဖေးဖေးမမ ရှိမှ ပေါ့"

စည်သူ ပွစိ ပွစိတွေပြောပြီး ကျန်ခဲ့ပါသည်။ နေရောင်ချိုတို့ လှည့်ထွက်လာတော့ အားကျစွာ ငေးနေမှာတော့ အသေအချာပင်။

"လမင်းကို သွားကြိုဖို့တော့ မလိုပါဘူး၊ မေမေ ဒရိုင်ဘာနဲ့ ကားလွှတ်ပြီး ကြိုလိမ့်မယ်။ ကိုယ်တို့က သူ့ကျောင်းအဆင်း ဒီတိုင်းသွားတွေ့ကြတာပေါ့၊ သူက ဂျင်းကို မသိသေးဘူး။ သူ့ကို surpirse (ဆပ်ပရိုက်(စ))လုပ်ချင်လို့ တိတ်တိတ်လေး သွားစောင့်မှာ"

ဘတ်စ်ကားမှတ်တိုင်မှာ အတူတူရပ်ရင်း နေရောင်ချိုက ဂျင်းဂျာကို ငုံ့ကြည့်ပြီး ရှင်းပြပါသည်။ နေရောင်ချို့ အရပ်က ခြောက်ပေနီးပါး (အတိအကျဆို ငါးပေဆယ့်တစ်လက်မ)ရှိကာ ဂျင်းဂျာကတော့ ငါးပေတစ်လက်မကျော် အရပ်လေးနဲ့မို့ သူတို့အရပ်အမောင်းချင်း တော်တော်ကွာသည်။ ဂျင်းဂျာမှာ နေရောင်ချို့ပခုံးကျော်လေးပဲ မီသည်။ ဒီတော့ စကားပြောကြရင်





ငုံ့တဲ့သူက တအားငုံ့ရပြီး မော့တဲ့လူကလည်း လည်ပင်းညောင်းလောက်အောင်မော့ပြီး ကြည့်ရတော့သည်။ ဒါကို စည်သူ တစ်ယောက် ကြံဖန်ပြီး i ... t (it) (အိုင်တီအစ်(တ်))ဟု နာမည်ပြောင်ပေးသေးသည်။ i နဲ့ t ဟာ စာလုံးသေးချင်း အတူတူ ရေးရင် ပုံနဲ့ရှည်ရှည် ဖြစ်နေ၍ သူက ဒီလိုနာမည်ပြောင်ပေးတာ ဖြစ်သည်။

သူတို့ ဘတ်စ်ကားပေါ် အတူတိုးတက်ပြီး လမင်းချိုကျောင်းတက်ရာ နာမည်ကြီး အထက်တန်းကျောင်းကို ရောက်အောင်သွားကြစဉ် ဂျင်းဂျာမှာ မနေနိုင်တော့၍ တိုးတိုးမေးမိသည်။

"နေရောင့်မေမေက ညီမလေးကိုတော့ ဒရိုင်ဘာနဲ့ကားပေးပြီး ကျောင်းအကြိုအပို့ လုပ်တယ်ပေါ့၊ အဲဒီလိုလား"

"တစ်ခါတလေလည်း မေမေ အားရင် သွားကြိုပါတယ်"

"ဂျင်း စပ်စုချင်လာပြီ၊ စပ်စုရမလား"

လူကြားထဲမှာ လူတိုးမခံရအောင် ရင်ဘတ်ကြီးနဲ့ ကာကွယ်ပေးထားရတဲ့ နေရောင်ချိုဟာ ဂျင်းဂျာ တစ်ယောက် ကားကျပ်ရတဲ့အထဲ စပ်စုဖို့ ခေါင်းကို ကြိုးစားမော့နေရသည်ကို အလွန်မင် ချစ်စနိုးဖြစ်သွားမိပါသည်။

မျက်လုံးဝိုင်းဝိုင်းလေးတွေက ပြူးကျယ်နေကာ သိချင်စိတ်ဖြင့် အရောင်လက်နေပုံမှာ စိန်ပွင့်လေးတွေလို ဖြစ်နေသည်။ မျက်တောင်ကော့ကော့လေးတွေရှိသော ဂျင်းဂျာရဲ့ မျက်လုံးလေးတွေမှာ အမြဲအပြစ်ကင်းစင်လျက် ကလေးဆန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ မျက်လုံးလေးလိုပဲဖြစ်သည်။ အင်း ... သူ အဲဒီမျက်လုံးလေးတွေကို အုပ်မိုးထားတဲ့ မျက်ခွံလေးကို ဘယ်နခါလောက်များ နမ်းခဲ့မိပြီးပြီလဲ မသိ။

"ဘာပြန်ကြည့်တာလဲ ... ဟမ်း၊ သူ့အကြိကို မသိဘူး မထင်နဲ့"

ဂျင်းဂျာသည် သူ့အကြည့်ကြောင့် ရှက်သွားပြီး ခေါင်းကို ပြန်ငုံ့လေသည်။

"သူများအကြောင်း စပ်စုချင်လို့ ပြူးလာတဲ့ မျက်လုံးတွေကို ရယ်ချင်လို့ ကြည့်တာပါဗျာ"

"လူကြားထဲမှာမို့နော်၊ နောက်မို့ ဗိုက်ကို လိမ်ဆွဲပြီးပြီ"

"ကြောက်ရမှန်း သိပါတယ်ခင်ဗျာ"

"စကားမလွှဲပစ်နဲ့ ဂျင်း မေးတာ မှန်မှန်ဖြေဦး"

"ဘာမှလဲ မမေးရသေးဘူး"

"မေးမှာ ... မေးမှာ"

ဂျင်းဂျာသည် မမေးလိုက်ရမှာစိုး၍ အမောတကော ပြန်ပြောပါသည်။

"နေရောင့်မေမေက ဘာလို့ နေရောင့်ကို ပစ်ထားတာလဲ"

"မပစ်ထားပါဘူး၊ ကိုယ်ကမှ ဘယ်သူနဲ့မှ မနေချင်တာမို့ မနေတာ"

"ဒါဖြင့် အဖေနဲ့ကော"





"ဖေဖေနဲ့ကိုယ်က သိပ်အစေးမကပ်ကြဘူး။ ဖေဖေက ကိုယ့်ကို မကြည်ဘူးကွ။ သိပ်လည်း အထင်မကြီးဘူး။ ဖေဖေ ချစ်တာက ကိုကြီးနေကို ချစ်တာ။ သူအချစ်ဆုံးသား ဆုံးရှုံးလိုက်ရတော့ အဲဒီသားရဲ့ စံချိန်တွေနဲ့ယှဉ်ပြီး ကိုယ့်ကို စိတ်တိုင်းမကျဘူး"

ဘတ်စ်ကားက ကျောင်းရောက်ခါနီး မှတ်တိုင်မှာ ရပ်သဖြင့် ဂျင်းဂျာလက်ကို တင်းတင်းဆွဲကာ တိုးတိုက်ဆင်းလိုက်ရပါသည်။ မဆင်းလို့မရ။ အောက်မှာ ပြန်တက်မယ့်လူတွေကလည်း စုပြုံပြီး စောင့်နေလေရာ ကိုယ်ကမတိုးဆင်းရင် ကိုယ့်ကို ပြန်တိုးပြီး တက်လာကြတော့မှာ။

"ဂျင်း သိပ်မက်မောလို့တော့ မဟုတ်ဘူးနော်၊ ဆင်းရဲတာ၊ ချမ်းသာတာကို နှိုင်းယှဉ်ချင်လို့လည်း မဟုတ်ဘူး။ ဒါပေမဲ့ ဂျင်း သိချင်တယ်။ နေရောင့်မိဘတွေက ဘယ်သူတွေလဲ၊ ချမ်းသာလား၊ ပုံမှန်ဝင်ငွေနဲ့ ရပ်တည်နေကြလား၊ သိချင်လို့ပါ"

"ကိုယ့်အဖေနာမည်က ဦးအောင်မြတ်ချို"

ဂျင်းဂျာ အံ့အားသင့်ပြီး နေရောင်ချို့လက်ကို တွဲလျှောက်နေရာမှ ဖြုတ်ပစ်လိုက်ကာ ရပ်တန့်သွားပါသည်။ ဂျင်းဂျာ ဘာကြောင့် အံ့အားသင့်ရသလဲဆိုတော့ ဦးအောင်မြတ်ချို ဆိုသောနာမည်ကို ကြားဖူးနေ၍ပင်။ ဦးအောင်မြတ်ချိုသည် မြန်မာပြည်၏အဓိက ထုတ်ကုန်သွင်းကုန်လုပ်ငန်းများကို ကြီးကြပ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်လုပ်နေသူ နာမည်ကြီးလုပ်ငန်းရှင်။ ဒါ့အပြင် အလှူအတန်းလည်း ရက်ရောလှကာ မကြာခဏဆိုသလို ရေရှားသောဒေသတွေမှာ ရေတွင်း ရေကန်တူးဖို့ ငွေတွေလှူလိုက်၊ စာသင်ကျောင်းလိုလျှင် စာသင်ကျောင်းဆောင်သစ်ကြီးတွေ ဆောက်လှူလိုက်စသဖြင့် ပရဟိတအလှူတွေ ဆက်တိုက်လုပ်နေတတ်သော သူဌေးကြီးအကြောင်း စာစောင်တွေ ဂျာနယ်တွေထဲမှာလည်း မကြာခဏတွေ့နေရ၍ ဂျင်းဂျာ သိနေတာဖြစ်သည်။

"ဘာလဲ၊ မယုံလို့လား"

"မယုံတာ မဟုတ်ဘူး၊ အံ့သြသွားတာ"

"ဒါကြောင့် ကိုယ် မပြောချင်တာပါ"

"အမေကရော"

"မေမေ့နာမည် ဒေါ်ကေသီ။ မေမေကတော့ သူ့မိဘမျိုးရိုးအဆက်ဆက် လုပ်လာတဲ့ ပိုးထည်လုပ်ငန်းကို ဆက်လုပ်နေတယ်၊ ထိပ်ခေါင်တင် ပိုးထည်ဆိုင် ဆိုတာလေ"

"ဩော် ... ဩော် ... နာမည်တွေ ကြားရတာနဲ့တင် ဂျင်းတော့ သတိမေ့ချင်လာပြီ"

"ဘာဖြစ်လို့လဲ"

"တကယ့် သူဌေးကြီးတွေရဲ့သားနဲ့ ချစ်သူလာဖြစ်နေရတော့ ကိုယ့်ဘာသာလန့်ပြီး သတိလစ်ချင်လာတာ"

ဂျင်းဂျာသည် အမှန်အတိုင်း ပြောရလျှင် သူနဲ့ကိုယ် ဘဝဟာ အဝေးကြီးမှာပါလားဟုတွေးကာ စိတ်မကောင်း ဖြစ်သွားတတ်ပါသည်။ ဂျင်းဂျာလို မိန်းကလေးမျိုးဟာ သူ့အတွက်တော့ ပါမွှားအဆင့်လောက်လေးမှာပဲမို့ အားလည်းငယ်သွားပါသည်။ သူဟာ လိမ်မပြောတတ်မှန်း သိ၍ ဒီလူ ဒီလူတွေရဲ့ သားသမီးတွေပါလို့ ထုတ်ပြောလိုက်ခြင်းကို ဂျင်းဂျာ တကယ်ယုံပါသည်။ သူ့ပုံစံကြည့်တော့လည်း သာမန်ကောင်လေးတစ်ယောက်လိုပဲ တီရှပ်အနည်းငယ်၊ ဂျင်းအနည်းငယ်နဲ့ ပိုက်ဆံလည်း သိပ်မသုံးနိုင်သလို ဘတ်စ်ကားတောင် တိုးစီးနေရတာမို့ ဘယ်လိုမှကို သူဌေးသားတစ်ယောက်ပါလို့ ထင်စရာတောင်မရှိ။

"ဘာမှမဆိုင်ပါဘူးကွာ၊ ကိုယ်က အဲဒါတွေကို မက်တဲ့ကောင် မဟုတ်ဘူး။ ကိုယ် အသက်ဆယ့်ငါးနှစ်ကတည်းက ကိုယ့်အစ်ကိုနဲ့အတူတူ သီးသန့်ခွဲထွက်နေနေတာ၊ မိဘရဲ့အထောက်အပံ့ဆိုလို့ အခု ကိုယ်,နေရတဲ့ အခန်းဟာ ဖေဖေ ပိုင်တာမို့ အလကားနေရတယ်။ သူတို့ကျောင်းစရိတ်ပေးတာကို ကိုယ် လက်ခံတယ်။ ဒါပဲ။ ကျန်တဲ့အိမ်အသုံးစရိတ်တွေ ကိုယ်သုံးချင်တဲ့ စရိတ်တွေ ကိုယ့်ဘာသာပဲ ရှာတယ်။ ကွန်ပျူတာစာစီ၊ စာရိုက်ဆိုင်မှာ အချိန်ပိုင်းသွားလုပ်ပြီး ဝင်ငွေရှာတယ်"

"သိပါတယ်၊ သိပါတယ်၊ ယုံပါတယ်၊ ဒါကြောင့်လည်း အမြဲဘိုင်ပြတ်နေတာလေ"

ဂျင်းဂျာ နောက်လိုက်သဖြင့် နေရောင်ချိုမှာ သူ့အဖြစ်သို့ သတိရပြီး တဟားဟား ရယ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့ မေမေက ကိုယ် လိုချင်တာရှိရင် ဝယ်ပေးမယ် ပြောပေးမယ့် ကိုယ့်ဘာမှမလိုချင်ခဲ့ဘူး။ တကယ်ပြောတာ။ မိဘချမ်းသာတာကို ကြွားဝါပြီး မသုံးပြုချင်ဘူး။ ကိုယ် လူတစ်မျိုးတော့ ဖြစ်ရင် ဖြစ်နေမယ်၊ ဒါပေမဲ့ အဲဒီတစ်မျိုး ဖြစ်နေတာကို ဖြစ်နေမှန်းသိရက် မပြင်နိုင်ဘူး"

ကျောင်းရှေ့ရောက်လာသဖြင့် နှစ်ယောက်သား ကျောင်းအဆင်းကို ရပ်စောင့်နေစဉ် လမင်းချိုကို လာကြိုသော ဒရိုင်ဘာကိုဝင်း မြင်သွားပြီး နေရောင်ချို့ဆီ လျှောက်လာပါ သည်။

"ကိုနေရောင် လာကြိုမယ်ဆိုတာ ဒေါ်ကြောသိ မသိဘူးထင် တယ်"

"ဟုတ်တယ် ကိုဝင်း၊ မေမေ မသိပါဘူး၊ ကျွန်တော်က တမင် ညီမလေးကို လာစောင့်တာပါ"

"ကိုနေရောင်ပါ ကားနဲ့ ပြန်လိုက်ခဲ့မယ် မဟုတ်လား"

"မလိုက်တော့ဘူး၊ ညီမလေးကို ခဏတွေ့ပြီးရင် ကျွန်တော် တို့ ပြန်ကြမှာ"

ဒါပေမဲ့ နေရောင်ချို စီစဉ်သလို ဖြစ်မလာခဲ့ပါ။ လမင်းချို ကျောင်းဆင်းသောအခါ အစီအစဉ်တွေက ပြောင်းကုန် သည်။

စစချင်းမှာ ဂျင်းဂျာကို တွေ့တော့ လမင်းချို သေ သေချာချာ စိုက်ကြည့်နေသည်။ ခဏချင်းမှာပင် ...





"ဟယ် ... ဒါ ... ဒါ ... ဟိုတစ်ခါကတွေ့တဲ့ အစ်မ၊ လမင်း သိတယ် ... သိတယ်။ အဲဒီအစ်မပဲ ကိုလေးနေ"

ဟု ဝမ်းသာအားရပြောကာ လမင်းချိုမှာ ဟန်မ ဆောင်နိုင်စွာပင် ဂျင်းဂျာလက်ကို ပြေးတွဲပါသည်။

"မမနာမည်က ဂျင်းဂျာတဲ့၊ အိမ်နာမည်ပေါ့။ ကျောင်း နာမည်က သက်ထက်ပုံတဲ့"

"လှတယ် ... လှတယ် ... နာမည်နှစ်ခုလုံး လှတယ်၊ ပြီးတော့ မမက ချစ်စရာလေး။ လမင်း မြင်မြင်ချင်း အဲဒီ ထဲကချစ်ပြီး အစ်မတော်ချင်နေတာ ... ဟီး ဟီး၊ အခု တော့ ဆုတောင်းပြည့်သွားပြီ။ ကိုလေးနေကို အထူးကျေးဇူး တင်ပါတယ်"

"အံမာ ... ချွေးကလေး၊ ငါ ထုလိုက်ရ"

"မမဂျင်းလို့ ခေါ်မယ်နော်"

"ခေါ်ပါ ရပါတယ် ညီမလေး လမင်းရယ်"

"မမဂျင်းနဲ့ ကိုလေးနေ ဘယ်လိုတွေ့ကြတာလဲ၊ ဘယ် တုန်းက ကြိုက်သွားကြတာလဲ၊ နေဦး ... နေဦး ... ဒီလို ကြီး ခဏလာတွေ့ စကားပြောပြီး ပြန်လို့ဘယ်ဖြစ်မလဲ။ လမင်း အများကြီး သိချင်သေးတယ်"

လမင်းချိုမှာ လိုချင်တာ ရနေသော မိန်းကလေး ပီပီ လူတစ်ဖက်သား၏အခြေကို မစောင့်ဘဲ သူမဖြစ်ချင်တာတွေ ပဲ စိတ်လှုပ်ရှားစွာ ဆက်တိုက်ပြောနေတော့သည်။ အစ်ကိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ ရှိခဲ့သော မိန်းကလေးလည်းဖြစ်ရာ လမင်းချိုအတွက် ရင်းနှီးတဲ့ မိန်းကလေးအဖော်ရဖို့ ဆိုသည်မှာ အစ်ကိုနဲ့ပတ်သက်မှသာ ရနိုင်တာမျိုး ဖြစ်သည်။ နေရောင်ချို သိထားရသလောက်တော့ လမင်းချိုဟာ အတန်းထဲမှာ တစ်ဦးတည်းနေတတ်လျက် ခင်မင်ရင်းနှီးစွာပေါင်းသော သူငယ်ချင်းဆိုတာ မရှိသလောက် ဖြစ်နေသည်။

"ကိုလေးနေတို့ အိမ်လိုက်ခဲ့"

"ဘာအစီအစဉ်မှ မရှိဘဲနဲ့ မလိုက်နိုင်ဘူး၊ ဂျင်းက အချိန်မီ အိမ်ပြန်ရဦးမှာ။ ငါလည်း သူ့ကိုပို့ပြီးရင် အလုပ်လုပ်ရဦးမှာ"

"ဒါဖြင့် အခု မုန့်ဆိုင်ခဏထိုင်ပြီး စကားပြောကြမယ်လေ"

"မမေ စိတ်ပူနေဦးမယ်"

"မပူဖို့ ဦးဝင်း ဖုန်းဆက်ပေးပါ"

ကိုဝင်းက သူ့ကိုပေးသုံးထားသော ဟန်းဖုန်းကို ချက်ချင်းထုတ်ကိုင်ကာ ဆက်ပြီးနေပြီ။ ဒီတော့လည်း နေရောင်ချိုတို့ လမင်းချို အလိုကျ ကျောင်းနဲ့နီးသော ဘာဂါဆိုင်တစ်ဆိုင်မှာ ခဏဝင်ထိုင်ကြရတော့သည်။ ဘယ်သူမှလဲ ဗိုက်မဆာသဖြင့် မှာခ်ရိုတ်လောက်ပဲ မှာသောက်ကာ စကားပြောဖို့ကိုသာ စိတ်ဝင်စားနေသော လမင်းချို၏ မျက်လုံးတွေမှာ စိတ်အားထက်သန်မှုဖြင့် တောက်ပနေပါသည်။ နေရောင်ချိုကတော့ မိန်းကလေးနှစ်ယောက်ကြား ဘာမှဝင်မပါဘဲ ထိုင်၍သာ နားထောင်ပေးနေလိုက်သည်။





နောက်တော့ အိမ်လည်ခေါ်ဖို့ အစီအစဉ်တွေဆွဲကာ လာလည်ပါ့မယ် ကတိပေးမှ ကျေနပ်ပြီး ကားပေါ်တက်လက်ပြ၊ အိမ်ပြန်တော့လေသည်။ ဂျင်းဂျာ၏ အပြန်လမ်းတစ်လျှောက်လုံးမှာ လမင်းချိုအကြောင်း ပြော်မကုန်တော့။

"ငယ်ငယ်လေးနဲ့ အရမ်းတော်တဲ့ ပန်းချီဆရာမလေး ဖြစ်နေတာနော်။ သူ ကျောင်းမှာ စကားပြောဖော်မရှိလို့ အားတဲ့အချိန်တိုင်း ဆွဲထားတဲ့ ပန်းချီစာအုပ်ကို ထုတ်ပြတာ ဂျင်းဖြင့် ကြည့်လို့တောင်မဝဘူး။ အပျင်းပြေ လျှောက်ဆွဲထားတဲ့ ပုံလေးတွေက ပို့စကတ်ထုတ်လို့တောင် ရတယ်"

"သူ့, ကလေးလေးတည်းက လျှောက်ဆွဲတဲ့ပုံတွေ အရမ်းကောင်းနေလို့ ကိုကြီးနေပဲ ပန်းချီသင်ဖို့ ဆရာကောင်းနဲ့ အပ်ပေးခဲ့တာလေ။ ဝ,လုံးတောင် မရေးတတ်သေးဘူး။ ပုံတွေကောင်းကောင်းဆွဲတတ်နေပြီ။ သူ ပန်းချီထဲ သိပ်စိတ်နှစ်လွန်းတော့ ကျောင်းမှာ ဘယ်သူနဲ့မှမပေါင်းပဲ အဖော်မဲ့သလို ဖြစ်နေတာပေါ့"

"နေရောင်က မိန်းကလေးတွေအကြောင်းမသိလို့ပါ။ လမင်းက တစ်ခုခုမှာအရမ်းထူးချွန်ပြီး အားလုံးထဲမှာ ဆရာ၊ ဆရာမတွေက သတိထား ချီးကျူးခံရတဲ့ somebody (ဆန်းဘော်ဒီ)ဖြစ်နေတော့ အချင်းချင်း မနာလိုဖြစ်ခံရတာပါ။ လမင်းက ဂျင်းကို အကုန်ပြောပြတယ်။ ဂျင်းက မိန်းကလေးချင်းဆိုတော့ သူ ခံစားရတာတွေ ကိုယ်ချင်းစာပြီး နားလည်လို့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဂျင်း သူနဲ့သွားနေပေးလိုက်ပေါ့။ မေမေကလည်း နောက်ထပ် သမီးတစ်ယောက် မွေးစားရတာကို ဂုဏ်တောင် ဝမ်းသာဦးမှာပါ။ ဘာကြောင့်လဲဆိုတော့ သူက သူ့အလုပ်တွေနဲ့ အချိန်မလောက်တော့ လမင်းကို အချိန်မပေးနိုင်ဘူးလေ"

ဂျင်းဂျာ စကားပြောနေရင်းမှ တွေဝေသွားကာ ...

"နေရောင့်မေမေကို ဂျင်း သွားတွေ့ရမှာ ကြောက်လိုက်တာ"

ဟု ဆိုလေသည်။

"ဘာဖြစ်လို့လဲ"

"အရမ်း ချမ်းသာတဲ့ သူဌေးမကြီးဆိုတော့"

"ဟာ ... ဒါတွေ ဘာမှအရေးမစိုက်နေပါနဲ့ကွာ၊ ကိုယ်က မေမေတို့နဲ့ နေတာမှ မဟုတ်တာ။ ကိုယ်လုပ်ချင်တာ လုပ်နေတဲ့ကောင်။ မေမေ ဘာမှ ဝင်ပါလို့ မရဘူး၊ အဲဒီအတွက် ဘာမှလဲ စိုးရိမ်မနေနဲ့"

နေရောင်ချိုသည် အမှတ်မထင် ဂျင်းဂျာကို နှစ်သိမ့်ပြီးမှ သူ့စိတ်ထဲမှာ တကယ်ပင် ခံစားလိုက်ရသည်မှာကား ဂျင်းဂျာကို မေမေ ချစ်ပြီးလက်ခံသွားစေချင်တာပင်။





၉

"ဘယ်လိုဖြစ်ရတာလဲ၊ ဆွေပြမျိုးပြတောင် အဆင့်တက်သွားပြီလား"

စည်သူသည် နေရောင်ချိုတစ်ယောက် ဒီနေ့ ဂျင်းဂျာကို အမေ့အိမ် ခေါ်သွားမယ့်အဖြစ်အား တအံ့တသြ မေးနေတော့သည်။

"လမင်း စီစဉ်တာပါကွာ"

"ညီမကို ဗန်းပြပြီး စိတ်ထဲကပါတာကိုတော့ ဝန်မခံဘူးပေါ့"

စည်သူတစ်ယောက် အနောက်ကနေ ဝေဖန်ပြောကြားရင်း ကျန်ခဲ့လေသည်။ အစကတော့ စည်သူ ပေါက်ကရ အကြံပေးသော ဦးရဲကျော်အား ပညာပေးရေးအတွက် ဂျင်းဂျာကို ရအောင် ကြိုးစားခဲ့တာပင်။ သို့သော် တဖြည်းဖြည်းနဲ့ သူ့ကိုယ်သူ အထိတ်တလန့် သတိထားမိလာသည်မှာ သူကိုယ်တိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာ့အပေါ် အရင်ရည်းစားတွေနဲ့ မတူသော ခံစားချက်တစ်မျိုးနဲ့ ငြိတွယ်ချင်လာခဲ့မိခြင်းဖြစ်သည်။ ဒါကို စည်သူ သိပြီး အဟားခံရမှာ၊ ဝေဖန်ခံရမှာကိုတော့ အဓိပ္ပာယ်မရှိ ရှက်ပြီးဝန်မခံချင်သလိုလည်း ဖြစ်နေသည်။

ဒီတနင်္ဂနွေမှာ မေမေ့အိမ်ကို ဂျင်းဂျာ အလည်လာဖို့ လမင်းချိုက စီစဉ်ထားပေးလေရာ ဂျင်းဂျာကလည်း ဒါကိုအလွယ်တကူ လက်ခံလိုက်တဲ့အခါ နေရောင်ချို့အတွက်တော့ တစ်လနေလို့မှ တစ်ခေါက်မရောက်ဖြစ်တဲ့ အမေ့အိမ်ကို ရောက်ရဦးတော့မည်။ မေမေ့အိမ်ကို မသွားဖြစ်ခြင်းမှာ မေမေ၏ ငယ်ချစ်ဦးဟု သိထားသော ဒုတိယအိမ်ထောင်၏ယောကျ်ားဖြစ်သူကို မတွေ့ချင်တာလည်းပါသည်။ မေမေဟာ အချစ်တစ်ခုတည်းကို ဦးစားပေးဆုံးဖြတ်ကာ ငယ်ချစ်ဦးနဲ့ ပြန်ဆုံသောအခါမှာ လက်ရှိ အိမ်ထောင်ကိုပင် အကွဲခံပြီး ထိုသူကို လက်ထပ်ခဲ့၍ နာကြည်းမိသည်။

"ဖေဖေကိုယ်တိုင်ကလည်း အပြင်မှာ မိန်းမတွေ မှုလိုပေါက်အောင် လျှောက်တွဲတာလည်း ပါပါတယ်ကွာ၊ ဒီတော့ မေမေလည်း သူ တကယ်မချစ်တဲ့ ယောကျ်ားကို ဘယ်လောက်ထိ ဆက်သည်းခံနိုင်မှာလဲကွာ"

ကိုကြီးနေကတော့ ဖေဖေ့ဘက်ရော မေမေ့ဘက်ပါ မျှတွေးပြီး ခွင့်လွှတ်လို့ရပေမယ့် နေရောင်ချိုကတော့ တစ်ဖွတ်ထိုး။ တဇောက်ကန်း အယူအဆရှိသူမို့ ဖေဖေနဲ့မေမေ့ကို ခွင့်မလွှတ်နိုင်စွာ မုန်းနေမိသူလည်းဖြစ်သည်။





ဂျင်းဂျာနဲ့ဆုံဖို့ ချိန်းထားသော ကားမှတ်တိုင်မှာ ရပ်စောင့်နေစဉ် ငါးမိနစ်လောက်ကြာတော့ ဂျင်းဂျာရောက်လာသည်။

"ဘာမှတောင် မဝယ်လာမိဘူး"

ဟု ဂျင်းဂျာက တွေ့တွေ့ချင်း ပြောသည်။

"ဝယ်သွားစရာ မလိုပါဘူး၊ ရပါတယ်"

"လိုလို မလိုလို တစ်ခုခုတော့ လက်ထဲမှာ ပါသွားဖို့သင့်တယ်လေ။ ဂျင်းမေမေက မှာထားဖူးတယ်၊ သူများအိမ်သွားလည်ရင် ဘယ်တော့မှ လက်ချည်းမသွားနဲ့တဲ့"

"ဘာမှ စိတ်ပူနေစရာ မလိုဘူး။ လူရောက်သွား[illegible] ပြီးတာပဲ။ မေမေက လူငယ်တွေကိုတော့ နားလည်တတ်ပါတယ်"

"ဒီတစ်ခါပဲ အဖေအမေကောင်းကြောင်း ပြောတာ ကြားဖူးတော့တယ်"

ဂျင်းဂျာ့ကို ဒီနေ့တော့ ဘတ်စ်ကား အကြာကြီးစီး မသွားရစေလို၍ တက္ကစီ ငှားလိုက်ပါသည်။

"ထောနေတယ်ပေါ့လေ"

ဂျင်းဂျာက ခပ်တိုးတိုး နောက်လိုက်လေသည်။

"မထောပါဘူး၊ ဂျင်း အကြာကြီး ဘတ်စ်ကားစီးရမှာစိုးလို့ စွန့်စားလိုက်တာ"

"ဘတ်စ်ကား အကြာကြီးလည်း စီးနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ တစ်နေ့တလေတော့လည်း ဗိမ်နဲ့သွားကြတာပေါ့"

တကယ်တော့ သူကိုယ်တိုင်က အခွဲ့တိုက်ပြီး ဖေဖေဝယ်ပေးမယ်ဆိုလည်းငြင်း၊ မေမေ ဝယ်ပေးမယ်ဆိုလည်း လက်မခံခဲ့တာမို့ နေရောင်ချို့ထံမှာ ကားတစ်စင်းမှ မပိုင်တာဖြစ်သည်။ သူ လိုချင်တယ်ဆိုရင် ခုချက်ချင်း သူ့ရှေ့ ကားတစ်စီးရောက်လာမှာပေမယ့် ဘယ်တုန်းကမှ သူ မလိုချင်ခဲ့ပါ။ ဒါပေမဲ့ ဂျင်းဂျာကို ဘယ်နေရာသွားသွား ဘတ်စ်ကားနဲ့ ခေါ်နေရသောအခါတွေမှာတော့ "ငါ့မှာသာ ကားရှိရင်"ဆိုတဲ့ အတွေးဝင်လာတတ်ပါသည်။

တက္ကစီနဲ့ လာသည်မို့ မေမေ့အိမ်ရှိရာ ခြံရှေ့တည့်တည့်မှာ ဆင်းလို့ရပါသည်။ ဂျင်းဂျာကတော့ နေရောင်ချို၏မိဘအရှိန်အဝါတွေကို ကြားထားပြီးဖြစ်ရာ လှပကျယ်ဝန်းသောခြံကျယ်ကြီးနဲ့ လုံးချင်းတိုက်အိမ် အကြီးကြီးကို တွေ့ရလည်း သိပ်ပြီးအံ့သြနေတာမျိုး မဖြစ်တော့။ ဒီလိုပုံစံအနေအထားမျိုးတွေ့ရမယ်ဆိုတာ ကြိုတင်မျှော်လင့်ပြီးသားလို ဖြစ်နေသည်။

ခြံရှေ့မှာရှိသော ခလုတ်လေးတစ်ခုကို နှိပ်လိုက်လျှင် အထဲက ပြန်ဖြေသံကို ကြားရသည်။

"ဘယ်သူပါလဲရှင်"

"ငါပါ"





"ဘယ်သူလဲ၊ ကိုလေးနေလား"

"ဟုတ်တယ်"

"အန်တီ့ကို ပြောလိုက်ပါမယ်ရှင်"

တစ်ဖက်က အသံတိတ်သွားတော့မှ နေရောင်ချို့ ...ည်း ဖိထားသော ခလုတ်နီလေးကို ပြန်လွှတ်လိုက်သည်။ ထို ...ုတ်လေးက မနှိပ်ထားလျှင် မီးနီလေး လင်းနေပြီး နှိပ်လိုက် ...င်တော့ မီးစိမ်းသွားခဲ့ပါသည်။ အိမ်ထဲကို စကားပြော ဆက်သွယ် ...သော အင်တာကွန်လို အရာမျိုးဖြစ်သည်။ နေရောင်ချို့နဲ့ ...ထဲကလူနဲ့ စကားပြော ဆက်သွယ်ပြီးပြီးချင်းမှာပင် ခြံတံခါး ...ကာ အလိုလိုပွင့်သွားပါသည်။ အထဲကနေ ရီမုဒ်နဲ့ဖွင့်ပေးလိုက် ... ဖြစ်လေသည်။

"ခွေးရှိလား"

ဂျင်းဂျာက အတွံ့တွ လိုက်ဝင်လာပြီးမှ ကြောက် ...လိုအသံဖြင့် မေးသည်။

"ခွေးရှိတော့ရှိတယ်၊ ဒါပေမဲ့ ခွေးအကြီးကြီးတော့ မဟုတ်ဘူး။ ခွေးပုလေးနှစ်ကောင်ပါ။ ညီမလေးနဲ့ဆော့ဖို့ မွေးထားတာလေ"

ခြံဝကနေ လျှောက်ဝင်လာခဲ့တဲ့ တစ်လျှောက်မှာတော့ ...မှာ ဘာပန်းပင်မှ သိပ်မရှိဘဲ စိမ်းမြနေသော မြက်ခင်းကြီး ... အရိပ်ရသော သစ်ပင်တွေရယ်သာရှိကြောင်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြင်လုံသံဆန်ခါ တံခါးကိုသာ ပိတ်ထားပြီး အတွင်း ရှိ သစ်သားတံခါးကြီးကတော့ ကြိုဖွင့်ထားပါသည်။ မယော်… ရောင်ပြောင်နေသော တံခါးကြီးက ဖိတ်ဖိတ်တောက်နေသည်…

"မမဂျင်း လာပြီ"

အိမ်ရှေ့ရောက်ရောက်ချင်း ပြေးထွက်လာသော… လမင်းချို၏အသံကို ကြားရသည်။

"ကိုလေးနေဆီ ကားလွှတ်ပေးမယ် ပြောတာ သူကလ… မခံဘူး။ ဒါကြောင့် မမဂျင်း အဝေးကြီးကို ရောက်အော… အကြာကြီး လာရတယ်"

"သူ ကားငှားလာပါတယ် ညီမလေးရဲ့"

"မမဂျင်း မဆာသေးဘူး မဟုတ်လား"

နေရောင်ချိုမှာ ညီမဖြစ်သူ၏ အမေးကို ရယ်ပါသည်…

"ဘယ်လိုအိမ်ရှင်လဲကွာ၊ ဧည့်သည်ကို မဆာသေးဘူးလား… လို့ စပြီးမေးတယ်"

"ရပါတယ်၊ သူက ကလေးပဲ၊ သူပြောတာတ်သလို … ပါစေ"

"မမဂျင်းကို လမင်း အခန်းပြမလို့"

ထိုအချိန်တွင် အတွင်းခန်းမှ မေမေ ထွက်လာသည်…

"ဟော … ရောက်လာကြပြီလား"

ဟူသော နှုတ်ဆက်သံ ဖော်ဖော်ရွေရွေသည် ဂျင်း… ၏စိုးရိမ်ကြောင့်ကြမှုတွေကို ပြေလျော့သွားစေပါသည်။ …





…ကတ်တာနဲ့တင် သူဌေးရုပ်ထွက်နေသော အမျိုးသမီးကြီးရဲ့မျက်လုံး …တွေဟာ မာန်မာန သိပ်မရှိလှတာကြောင့် ဂျင်းဂျာ သဘောကျ …သွားပါသည်။

"သားလေး … နေကောင်းလား"

နေရောင်ချို့ခါးကို အသာသိုင်းဖက်ရင်း တယုတယ …မေးမယ့် ဂျင်းဂျာရဲ့နေရောင်ချိုကတော့ လူ့ကန့်လန့်လေးပီပီ …မေးအမေးကို ကောင်းကောင်းမွန်မွန် အရေးတယူ မဖြေပါ။ …ဂျာမှာ ကြားထဲက မနေတတ်၊ မထိုင်တတ်ဖြင့် အားနာသလိုလို …ဘောင် ဖြစ်သွားပါသည်။

"သမီးက ဂျင်းဂျာနော်"

"ဟုတ်ကဲ့ … အိမ်နာမည် ချစ်စနိုးခေါ်တဲ့သဘောပါ အန်တီ၊ ကျောင်းနာမည်ကတော့ သက်ထက်ပုံလို့ ခေါ်ပါတယ်"

"သမီးတို့နဲ့ တွေ့လာကတည်းက လမင်းဟာ တစ်ချိန်လုံး သမီးအကြောင်း ပြောနေတာလေ။ သူက မိန်းကလေးအဖော် သိပ်လိုချင်တာ"

"ဂျင်းလည်း တစ်ဦးတည်းသောသမီးမို့ ညီမလေး လိုချင်နေတာပါ"

"မေမေ လမင်း မမဂျင်းကို ခေါ်သွားမယ်"

"အေး … ခေါ်သွား … ခေါ်သွား။ နောက်နာရီဝက်လောက် ကြာရင်တော့ ပြန်ဆင်းလာနော်။ ထမင်းစားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လား ... မမဂျင်း"

ဂျင်းဂျာ တစ်ယောက် လမင်းချိုနောက် ပါသွား သည်။ အပေါ်ထပ်အိပ်ခန်းတွေထဲမှ တစ်ခန်းသည် လမင်းချို အခန်းဖြစ်ပါသည်။

"ဒါက လမင်းအခန်း။ ဒါကတော့ လမင်းရဲ့ပန်းချီခန်း မမဂျင်း ဘယ်အခန်း အရင်ဝင်မလဲ"

"ပန်းချီခန်း အရင်ဝင်မယ်၊ လမင်းရဲ့လက်ရာတွေကြည့် ချင်တယ်"

လမင်းချို၏အိပ်ခန်း ဘေးချင်းကပ်ရပ် အခန်း ပန်းချီခန်းဖြစ်ပြီး သီးသန့်ဝင်ပေါက်မှ ဝင်ရင်လည်းရသလို လမင်း ချို၏အခန်းတွင်း၌လည်း အဲဒီဘက်အခန်းကို ကူးသန်းလို့ရသည့် တံခါးတစ်ချပ်လည်း ရှိပါသည်။ ပန်းချီခန်းကြီးကတော့ တကယ့် ပန်းချီဆရာကြီးတစ်ယောက်၏အခန်းလိုပဲ ပန်းချီဆွဲရာတွင် သုံး သော ပစ္စည်းတွေ အစုံအလင်နှင့် ဖြစ်သည်။ ပြီးတော့ လမင်းချို ဆွဲထားသော ပန်းချီကားတွေကလည်း တော်တော်လေးများ သည်။

"ဒါက လမင်းဆွဲလက်စပုံ"

လမင်းချိုက ပန်းချီကားပေါ် အုပ်ထားသည့် ပိတ် အပါးစကို ဖယ်ပြသည်။

"ဟယ် ... ဒါ ..."

ဂျင်းဂျာအံ့အားသင့်ပြီး ငေးနေမိသည်။





"ဟင်း ... ဟင်း ... ဟုတ်တယ်၊ ကိုလေးနေပုံ"

နေရောင်ချို့ပုံမှန်း သိသာစေလွန်းတာတော့ မဟုတ်။ သူနဲ့အနီးကပ် တရင်းတနှီး နေကြသူတွေသာ သတိထားမိစေနိုင်သော ပုံတူမျိုးဖြစ်ပါသည်။ ခုံတန်းရှည်ပေါ်မှာ ဘေးတစောင်း မကျတကျမျက်နှာနှင့် တစောင်းထိုင်နေကာ စီးကရက်သောက်နေပုံဖြစ်သည်။ ခပ်စင်းစင်း မျက်လုံးတွေကို မမြင်ရပေမယ့် သူဟာ တစ်စုံတစ်ခုကို တွေးတောနေဟန်ပုံစံ ပေါ်လွင်နေသည်။

"မမဂျင်း ကိုလေးနေကို ဘယ်လိုမြင်လဲ"

လမင်းချိုက ပန်းချီကားကို ကြည့်နေရာမှ အကြည့် မလွှဲဘဲ ဂျင်းဂျာနဲ့ ဘေးတိုက်ရပ်နေရင်းမှ မေးလိုက်ပါသည်။

"မာနကြီးတယ်၊ လျှို့ဝှက်တယ်"

"အင်း ... ဟုတ်တယ်၊ ပြီးတော့ သူက စိတ်ခံစားချက်လည်း ကြီးတယ်၊ သူ့ရင်ထဲမှာရှိတာကို ဘယ်တော့မှ မပြဘူး"

"လမင်းကိုတော့ သူ တော်တော်ချစ်ပါတယ်"

"မမဂျင်းကိုလည်း သူ ချစ်တယ်"

"သူက ရည်းစားများတယ်ကွယ်၊ တို့ သိပ်တော့လည်း မျှော်လင့်ချက်တွေ မထားပါဘူး"

"သူ့မှာ ရည်းစားတွေ အများကြီးမှန်း လမင်း သိပါတယ်၊ ဒါပေမဲ့ ဘယ်တစ်ယောက်ကိုမှ အိမ်မခေါ်ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာ ရင်ထဲနွေးသွားပါသည်။

"ဘာမှစိတ်မပူနဲ့ မမဂျင်း၊ မမဂျင်းကို လမင်း ချစ်တယ်။ ဒီတော့ ကိုလေးနေလည်း ချစ်မှာပဲဆိုတာ လမင်းသိတယ်။ ကိုလေးနေနဲ့ လမင်းက စိတ်ချင်းဆက်သွယ်တတ်သလိုပဲ။ လမင်း ချစ်တာတွေ ကိုလေးနေ ချစ်တယ်။ လမင်း မုန်းတာတွေ ကိုလေးနေ မုန်းတယ်"

ကလေးစကားပေမယ့် ဂျင်းဂျာ ရင်ထဲမှာတော့ ဒီစကားကို ကျေနပ်နေသည်။

"ဟော ... အထဲက မိန်းကလေးနှစ်ယောက်"

နေရောင်ချို့ အသံကြားလိုက်ရသဖြင့် မိန်းကလေးနှစ်ယောက် စကားပြောရာမှ ရပ်လိုက်တော့သည်။

"ဘာတွေ ကျိတ်ပြီး ပင်နေတာလဲ"

"ကိုလေးနေအကြောင်း အတင်းပြောနေတာပေါ့"

"ခွေးမလေး ... ငါ့တီးထည့်လိုက်ရ"

"မေမေ ချက်တော့ ချက်နေတာပဲ၊ ဘာတွေချက်လဲ မသိဘူး။ မမဂျင်း ပါလာမယ်ဆိုလို့တဲ့"

"ဟယ် ... လမင်းရယ် အားနာစရာ၊ ဘာလို့ ကြိုပြောထားပြီး ချက်ခိုင်းရတာလဲ"

သူတို့ပြောနေတာ ဒေါ်ကေသီ ကြားသွားပြီး ...

"နေ့တိုင်းလည်း အန်တီချက်တာပါ။ ကောင်မလေးတွေက အသားခုတ်၊ ထုတောင်း၊ လှီးရျတ်ကူရတာပါ။ သူတို့



လက်ရာတွေ မကြိုက်တော့ ကိုယ်ဘာသာပဲ ဝင်ချက်လိုက်တယ်လေ။ ဟင်းချက်ရတာ မပင်ပန်းပါဘူး"

ဟု ပြုံး၍ပြောပါသည်။

မီးဖိုခန်းထဲရောက်တော့ ဂျင်းဂျာလည်း ဒေါ်ကေသီ ပြောသော ဟင်းချက်ရတာ မပင်ပန်းပါဘူး ဆိုတာကို ယုံသွားပါသည်။ မီးဖိုချောင်မှာ နိုင်ငံခြားရုပ်ရှင်ကားတွေထဲမှာ ကြည့်ရတဲ့အတိုင်း နံရံကပ်ဗီရိုတွေ၊ မီးဖိုတွေ၊ လက်ဆေးဇေစင်၊ ပန်းကန်ဆေးစက်၊ မိုက်ခရိုဝေ့(ဖ)မီးဖိုတို့ဖြင့် သန့်ရှင်းသပ်ရပ်နေသည်။ မီးသွေးမသုံးသဖြင့် နံရံတွေမှာ ကျပ်ခိုးစွဲတာ မှိုင်းစွဲတာလည်း မရှိ။ ဟင်းချက်ရာ မီးဖိုအထက်မှာလည်း အငွေ့နံ့တွေ မှုတ်ထုတ်သော Rangehood (ရိန့်ချ်ဟုတ်)ဟု ခေါ်သော လေမှုတ်ထုတ်သည့် အရာကိုလည်း တပ်ဆင်ထားပါသည်။ မီးဖိုနဲ့ကပ်ရပ်နံရံတွေမှာတော့ ကြွေပြားတွေ ကပ်ထားပြီး အမြဲတမ်း တိုက်ချွတ်ထားသဖြင့် ပြောင်လက်နေသည်။

"မင်းဖေဖေ မင်းကို တွေ့ချင်တယ် ပြောနေတယ်၊ ဖုန်းဆက်လိုက်ပါဦး သားငယ်"

ဂျင်းဂျာကတော့ သူတို့မိသားစုပြဿနာကို အနည်းအကျဉ်း သိထားသဖြင့် သူတို့ပြောနေသောစကားကို မသိဟန်ဆောင်ကာ ကြားထဲမှာ အနေခက်ရပြန်သည်။

နေရောင်ချို့ရဲ့မာနတွေ၊ အဖေရဲ့အလိုမကျမှုတွေကို ဂျင်းဂျာအားလုံး ကြားထားပြီးတာမို့ ဒေါ်ကေသီဆီမှာ ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကျော်နဲ့ ပတ်သက်၍ ပြောသံကြားရလျှင် အလိုလိုနေရင်း ကြားထဲက အနေခက်နေပါသည်။

"ဖေဖေက သူ့ဆီဖုန်းဆက်ရင် ကျွန်တော် ဒုက္ခတစ်ခုခု ရောက်နေလို့ အကူအညီတောင်းချင်ပြီး ဆက်တာလို့ကို ထင်တတ်တယ်"

"ဒါက သားဘက်က အမြင်ပါကွယ်၊ သူက သူ့ရင်ထဲက ခံစားချက်ကို ဘယ်တော့မှ ထုတ်မပြတတ်တာ သိရက်သားနဲ့"

"တွေ့ချင်တယ်ဆိုပြီးခေါ်၊ ပြီးတော့ ကျွန်တော့်ကိုမြင်ရင် စိတ်တိုင်းမကျဖြစ်ပြီး ဆူပူပြန်ရော။ အဲဒါကြောင့် မသွားချင်တာ"

"မင်းဆီ ဖုန်းဆက်တော့လည်း လူကအမြဲမရှိဘူး။ ဒီတော့ မေမေ့ဆီ ဆက်တာပေါ့"

"လူမရှိပေမယ့် စက်ရှိတာပဲ၊ ပြောခဲ့ပါလား"

"ငါလည်း မင်းတို့သားအဖကြား စိတ်ညစ်ပါတယ်လေ။ ဘယ်လိုပြန်ဖြေရမှန်းကို မသိဘူး"

နေရောင်ချို ဘာမှဆက်ပြောမနေတော့ဘဲ စားလက်စကို ရပ်လိုက်သည်။ ဂျင်းဂျာ၏ စိုးရိမ်သော၊ အားနာပြီး အနေခက်နေသော မျက်လုံးလေးတွေကို သနားတာနဲ့ မေမေ့ကို ဆက်ဖြေရှင်းမနေချင်တော့။ ဟိုတစ်ခါ ရဲစခန်းမှာ လိုက်ထုတ်ပြီးကတည်းက ဖေဖေနဲ့ အဆက်အသွယ် ပြတ်သွားတာဖြစ်သည်။





ဖေဖေ လစဉ်ပေးနေကျ ကျောင်းစရိတ်ကလည်း မေမေ့ဆီကတစ်ဆင့် လာသည်မို့ သွားတွေ့ပြီး ယူစရာမလို။

အားလုံး စားသောက်ကြပြီးသောအခါမှာ ဂျင်းဂျာက မနေတတ်သူမို့ ဒေါ်ကေသီနဲ့အတူ ဝင်ကူပြီး ဟင်းပန်းကန်တွေသိမ်း၊ ပန်းကန်တွေ ပန်းကန်ဆေးစက်ထဲ စီထည့်ဖြင့် စကားလက်ဆုံကြရပြန်ပါသည်။

"အန်တီက အိမ်မှာကောင်မလေးတွေရှိတယ် ဆိုပေမယ့် အခုလိုပဲ အမြဲကိုယ်တိုင်ကြီးကြပ်ပြီး လိုက်ကြည့်နေတာ။ သူတို့တွေက သိတဲ့အတိုင်းပဲ။ ဒါခိုင်းရင် ဒါတစ်မျိုးပဲ၊ ဒီထက်ပိုမလုပ်တဲ့ အစားထဲကတွေလေ။ ပန်းကန်ဆေးစက်သုံးနည်းလည်း ဘယ်လောက်ပြထားထား မလုပ်တတ်တော့ အန်တီပဲ သူတို့ကို ဘေးကရပ်ကြည့် ပန်းကန်တွေ စီခိုင်း၊ ထည့်ခိုင်း ညွှန်ကြားရတယ်။ သူတို့ကို လက်နဲ့ဆေးခိုင်းရင် ရတာပဲလေ၊ ဒါပေမဲ့ အချိန်ပိုထွက်ပြီး သူတို့လည်း သက်သက်သာသာနဲ့ လုပ်ရစေချင်လို့ ဒီစက်ကို ဝယ်တာလေ"

"ဟုတ်တယ်၊ ပန်းကန်တွေ ဆေးရတာလည်း အလုပ်တစ်လုပ်ပါပဲ။ အိမ်မှာဆို ဖေဖေနဲ့ ဂျင်းဂျာ နှစ်ယောက်တည်း တောင်စားပြီး ပုံထားတာတွေ စုပြီးဆေးရင် အချိန်တော်တော်ကြာတာ"

"သားအဖနှစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီ၊ မေမေက ဆုံးသွားပါပြီ။ ဂျင်းဂျာ ငယ်ငယ်ကပါ"

"စိတ်မကောင်းစရာကွယ်"

"ဖေဖေက ဂျင်းဂျာအတွက် အဖေလည်းဟုတ်၊ အမေလည်း ဟုတ်တာမို့ ဖေဖေ့ဘဝဟာ ဂျင်းဂျာပါပဲ။ ဂျင်းဂျာ့ဘဝဟာ လည်း ဖေဖေပါပဲ"

"ဟုတ်တာပေါ့၊ သားအဖနှစ်ယောက်တည်းဆိုတော့သံယော ဇဉ်ကြီးကြတာပေါ့၊ သားငယ်ကတော့ မရှာဘူးကွယ်။ နည်း နည်း အတွေးအခေါ်လွဲနေတယ်။ မိဘတွေရဲ့အိမ်ထောင် ရေး ပြိုပျက်ရတဲ့ဒဏ်ကြောင့် စိတ်ထိခိုက်ပြီး အရွဲ့တိုက်နေ တယ်လို့ ထင်တယ်လေ"

"သူက မာနကြီးတာပါ အန်တီ"

"ဒီလိုလူတစ်ယောက် ကွယ်ရာမှာ အတင်းပြောတာတော့ မကောင်းပါဘူးဗျာ"

နေရောင်ချိုသည် ဂျင်းဂျာတစ်ယောက် ထွက်မလာ နိုင်သဖြင့် မီးဖိုချောင်ထဲ ပြန်ဝင်လာရာ မေမေနဲ့စကားပြောကောင်း နေတာကို ကြားသဖြင့် ရယ်မောနောက်ပြောင်ရင်း ဝင်ပြောလိုက်ပါ သည်။ ရင်ထဲမှာတော့ ကျေနပ်နေသည်။ ဂျင်းဂျာကို မေမေလည်း သဘောကျတယ်။ ညီမလေး လမင်းချိုလည်း ချစ်တယ် ဆိုသော အသိနှင့် ရင်ထဲမှာ အလိုလို ပျော်နေတာဖြစ်သည်။ ဂျင်းဂျာကို





ဖေဖေနဲ့လည်း ပေးတွေ့ဦးမည်လို့ အမှတ်မထင် ခေါင်းထဲတွေး လိုက်မိလျှင် ...

"ကျွန်တော် ဖေဖေ့ကို ဖုန်းဆက်ပြီး မေးလိုက်မယ်နော်"

ဟူ၍ မေမေ့ကိုပါ အလိုလိုနေရင်း ကတိပေးပြီးသား ဖြစ်နေတော့လေသည်။

❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နေရောင်ချိုနဲ့ ဂျင်းဂျာ ဆိုင်ထဲဝင်သွားတော့ ညဉ့်ကြို ဝန်ထမ်းက အခြေးရောက်လာသည်။

"နှစ်ယောက်တည်းဆိုရင် စားပွဲပြင်ပေးလို့ရတယ် အစ်ကို"

"ကျွန်တော်တို့ ဘွတ်ကင်ယူထားတဲ့ စားပွဲမှာ ထိုင်ရမှာပါ။ ဒီနေ့ နေ့လယ် ဆယ့်နှစ်နာရီအတွက်"

"နာမည်လေး တစ်ဆိတ်လောက် ခင်ဗျာ"

"ဦးအောင်မြတ်ချို နာမည်နဲ့ လူသုံးယောက်စာ ယူထားတယ်"

ဂျင်းဂျာသည် တစ်ခါမှ မရောက်ဖူးသော နာမည်ကြီး ဟိုတယ်ကြီးအတွင်းမှာ ဖွင့်ထားသည့် စားသောက်ဆိုင်ကို လာရမှာမို့ ဒီနေ့တော့ အရင်နေ့တွေကထက် ပိုကောင်းအောင် ဝတ်ဆင်လာမိသည်။ အရင်ကဆို ဝတ်ရိုးဝတ်စဉ်၊ စကတ်ရှည်တွေ



သရီးကွာတားတွေ၊ စပို့ရှပ်လေးတွေ၊ ဘလောက်(စ)လေးတွေသာ ဝတ်ပေးမယ့် ဒီနေ့တော့ ဂရုတစိုက်ပင် စတိုင်ဘောင်းဘီနက်လှလှ လေးနဲ့ အဖြူအနက်ရောစပ်ထားသော အဆင်ပါသည့် ရယ်ဒီမိတ် အကျႌကိုဝတ်ကာ ခွာမြင့်ဖိနပ်အဖြူလေးနဲ့ ဖြစ်နေသည်။ နေရောင် ချိုလို ဖြစ်ကတတ်ဆန်း ဝတ်တတ်တဲ့သူတောင် ဒီနေ့တော့ ရှပ် အပြာဖျော့ ကွမ်းရိုးစင်းလက်ရှည်အကျႌနှင့် လိုက်ဖက်သော စတိုင်လ် ဘောင်းဘီအနက်ကို သေသေချာချာ ဝတ်ဆင်လာသည်။

"ဖေဖေက အဲဒီလိုပဲ၊ သိပ်ပြီး ကိန်းကြီးခန်းကြီးနိုင်တယ်။ တွေ့ပြီး စကားပြောကြမယ်ချိန်းရင် ဟိုတယ်က စားသောက် ဆိုင်ပဲ ရွေးတယ်။ ဘယ်တော့မှ တခြားစားသောက်ဆိုင် မရွေးဘူး၊ ကော်ဖီဆိုင်တောင် ရွေးခဲ့တယ်"

နေရောင်ချိုသည် ဒီလို ပတ်ဝန်းကျင်မှာ ဝင်ရတာ ဆိုပင် အနေကျပ်ပြန်ဖြင့် နားထင်နား ကုတ်လိုက်၊ ဆံပင်အနား သတ်လိုက် ဖြစ်နေသည်။

"ဂျင်းနဲ့တွေ့ဆုံဖို့ဟာ အဲဒီလောက်ကြီးလုပ်ဖို့ မလိုပါဘူး လို့ နေရောင်က မပြောလိုက်ဘူးလား"

"ပြောတယ် မရဘူး၊ သူ့စိတ်ကြိုက် သူရွေးတာပါ။ ဂျင်း ကြောင့်လို့ မထင်နဲ့။ သူက သူဌေးကြီးဆိုတော့ ရိုးရိုးဆိုင် မှာ မထိုင်ချင်ဘူးလေ"

"ဘာဖြစ်လို့ ဂျင်းနဲ့ ပေးတွေ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမေနဲ့လည်း တွေ့ပြီးပြီဆိုတော့ ဖေဖေနဲ့လည်း တွေ့သင့်တယ်ထင်လို့ပါ။ ပြီးတော့ ကိုယ်နဲ့ ဖေဖေမတွေ့တာလည်း ကြာပြီ။ သူက တွေ့ချင်တယ် ပြောထားလို့"

နေရောင်ချိုသည် သူ့ဘာသာပင် ဘာတွေလုပ်နေမှန်းမသိ ဖြစ်နေသည်။ အခုဆိုရင် ဂျင်းဂျာဟာ သူ့မိသားစုဝင်တွေ အကုန်လုံးနဲ့ တွေ့ရပြီ။ နေရောင်ချို ရည်းစားတွေ လျှောက်ထားတတ်တယ်သာ သိထားပြီး သတင်းကြားရုံ ကြားပေမယ့် တစ်ခါမှ မိသားစုနဲ့ ပေးမတွေ့ခဲ့ဖူးပါ။ အခုကျတော့ ဂျင်းဂျာ အလှည့်ကျမှ အားလုံးနဲ့လည်း ပေးတွေ့ဖြစ်သည်မို့ ဂျင်းဂျာဟာ တစ်စုံတစ်ယောက်ပါပဲဆိုတာ အားလုံး ထင်နေလောက်ကြပြီ။

"အခြေအနေတွေက မထင်မှတ်ဘဲ ဖြစ်သွားတာပါပဲကွာ"

စည်သူ မယုံသင်္ကာမေးတော့ အမှန်ကိုဝန်မခံဘဲ ပြီးစလွယ် ဖြေလိုက်မိသည်။ တကယ်တော့ ဂျင်းဂျာဟာ နေရောင်ချို့အတွက် တစ်စုံတစ်ယောက် ဖြစ်ကိုဖြစ်နေခဲ့ပြီဖြစ်ကြောင်း နှလုံးသားထဲမှာ သိနေခဲ့ပါသည်။

"ဟော ... ဖေဖေ လာပြီ"

နေရောင်ချို့ ပြောစကားကြောင့် ဂျင်းဂျာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ထ,ရပ်မိပြီးသား ဖြစ်နေသည်။ နေရောင်ချို့အတွက်ကတော့ မြင်နေကျ ကိုယ့်အဖေပဲမို့ သိပ်ပြီးမထူးခြားပေမယ့် ဂျင်းဂျာ့အတွက်ရော ပတ်ဝန်းကျင်အတွက်မှာပါ ဦးအောင်မြတ်ချိုဟာ ငေးပြီးကြည့်နေချင်စရာကောင်းတဲ့ သူဌေးကြီးတစ်





ယောက်အသွင် ဖြစ်နေသည်။ ရှပ်လက်ရှည် ရှားညိုရောင်ရင့်ရင့် စတိုင်လ်ပင်န်တို့ကိုသာ ရိုးရိုးသာမန်အတိုင်း ဝတ်ဆင်ထားပေမယ့် တည်ကြည်ခန့်ညားလွန်းသော ရုပ်ရည်နှင့် အမူအရာတို့က အရှိန်အဝါတစ်မျိုးပါသလို ဖြစ်နေသည်။ စူးရှထက်မြက်သော မျက်ဝန်းအစုံတို့မှာ အကြည့်ခံလိုက်ရလျှင် အလိုလို ဦးညွတ်ခစားသွားစေလောက်သော အင်အားတစ်မျိုး ပါဝင်နေသလိုပင်။ ဦးအောင်မြတ်ချို လမ်းလျှောက်ဝင်လာဟန်မှာ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိပြီး အရာအားလုံးက သူ့ကို ဦးမော့လိုက်ကြည့်စေရလောက်စေသော လွှမ်းမိုးမှုမျိုးနဲ့ ဖြစ်သည်။

"ထိုင်ပါ ... ထိုင်ပါ ... ဖေဖေ နည်းနည်းတော့ နောက်ကျသွားတယ်။ အပြင်မှာ ကားရပ်ရပ်ချင်းပဲ အရေးကြီးတဲ့ ဖုန်းကောလ်တစ်ခု ဝင်လာတော့ ရပ်ပြောနေရတာနဲ့"

ဂျင်းဂျာလည်း နေရောင်ချို ထိုင်မှပြန်ထိုင်လိုက်သည်။

"ဘာမှာပြီးပြီလဲ"

"မမှာရသေးဘူး၊ ဖေဖေ့ကို စောင့်နေတာ"

"အော် ... မှာစားနှင့်ရောပေါ့၊ ဂျင်းဂျာ ဆာနေရောပေါ့"

ဦးအောင်မြတ်ချိုက ဂျင်းဂျာနာမည်ကို မိတ်ဆက်ပေးစရာ မလိုဘဲ ကြိုသိနေသည်။

"မဆာပါဘူး အန်ကယ်လ် ရပါတယ်၊ အားလုံး အတူတူ မှာကြတာပေါ့"

"မီနူးထဲမှာ ရှိတာတွေ ကြိုက်တာမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြတ်ချို့ ကိုယ်တိုင်လည်း အနီးရှိမီနူးစာအုပ်ကို ကောက်ကိုင်လိုက်သည်။ ဒီတော့မှ စာကြည့်လျှင်တုပ်လေ့ရှိသည့် မျက်မှန်ပါးပါးကို ထုတ်တပ်တာ တွေ့ရသည်။

"ကျွန်တော် အီတာလျှံစာပဲ စားတော့မယ်။ ဆီးဖုဒ်စပါကတီး (Seafood spaghetti)တစ်ပွဲ"

ဝိတ်တာက အသေအချာ ရေးမှတ်ပါသည်။

"ဝိုက်ဝိုင် (White Wine)တစ်ခွက်"

"ဂါးလစ်(စ)ဘရက်(ထ်) (garlic bread )ထည့်ဦးမလား ခင်ဗျာ"

"မထည့်လို့ရရင် မထည့်ပါနဲ့၊ စပါကတ်တီးမှာသာ အော်လစ်(ဗ)အွိုင်း (Olive oil)နည်းနည်း ဆမ်းပေးပါ"

ဂျင်းဂျာမှာ တစ်သက်နဲ့တစ်ကိုယ် ဒီလိုနေရာမျိုးမှာ တစ်ခါမှတောင် လာမထိုင်ဘူးလေရော ဘာမှာရမှန်းမသိဖြစ်နေသည်။ ဦးအောင်မြတ်ချို့ကတော့ မီနူးကို စိမ်ပြေနပြေ ဖတ်နေသည်။ နေရောင်ချို့ကလည်း စပါကတ်တီး မှာလိုက်ပြီးနေပြီ။ ဂျင်းဂျာ စပါကတ်တီးကို ဒီလိုဟိုတယ်ကြီးမှာ မစားဖူးပေမယ့် တခြားဆိုင်တွေမှာ မှာစားကြည့်ဖူးပါသည်။ ဂျင်းဂျာ သိပ်မကြိုက်လှ။ ဘိုတာမို့ ပေါ့ရွှတ်ရွှတ်နိုင်သည်ဟု ထင်သည်။ အသုပ်ဆိုလည်း ချဉ်ငန်စပ်မှ စားကောင်းသဖြင့် ခေါက်ဆွဲအလုံးကြီးတွေကို ခရမ်းချဉ်သီးဆော့(စ)နဲ့ နယ်ထားတဲ့ပုံစံ၊ အီတာလျှံနန်းကြီးခေါက်ဆွဲကို ဂျင်းဂျာ အရသာခံလို့ မရပါ။





"အေး ... ငါလည်း သားနဲ့အတူတူစားရင် ကောင်းမယ်ထင်တယ်။ ဘာစားရမှန်း မသိဘူး။ စပါကတ်တီးပဲ လုပ်ပါကွာ၊ ဆီးဖုထ်တော့ မဟုတ်ဘူး။ ဝက်သားနဲ့လုပ်ပေး။ နောက်ပြီး ကိုယ့်ကိုတော့ red wine (ရက်ထ်ဝိုင်)"

ဝိတ်တာက ရေးမှတ်ပြီး ဂျင်းဂျာကို စောင့်နေရသည်ဖြစ်ရာ ဂျင်းဂျာ အလျင်အမြန်ပဲ ရွေးလိုက်ရတော့သည်။

"ဟိုက်နန်ချစ်ကင်းရိုက်(စ်) (Hainan Chicken Rice)နဲ့ သံပရာရည်"

နေရောင်ချို့ကတော့ ဂျင်းဂျာ ဘာမှာသလဲဆိုတာ စိတ်မဝင်စားနိုင်ဘဲ ဖေဖေ ဘာကြောင့် သူ့ကိုတွေ့ချင်တယ်လို့ မေမေ့ကို ပြောထားရသလဲဆိုတာကို သာ သိချင်နေသည်။ ဘာကြောင့်လဲဆိုတော့ ဖေဖေနဲ့သူ သိပ်မတည့်လှတာကြောင့် ဖေဖေကလည်း သူ့ကိုသိပ်တွေ့ချင်လှတယ်ဆိုတာ မရှိသလို သူကိုယ်တိုင်ကလည်း ဖေဖေ့ကို မတွေ့ချင်၍ ရှောင်တာများခဲ့တာကြောင့်ပင်။

"ဖေဖေ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့"

"အေး ... မင်းဆီ ဖုန်းဆက်နေတာလည်း တစ်ချက်မှကို မကိုင်ဘူး။ answering machine လည်း ဖေဖေစကားမပြောချင်ဘူး"

"လာတွေ့ပါလို့ တစ်ခွန်းထည့်ထားလိုက်ရင် ကျွန်တော်လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားလာတဲ့အချိန် ဖေဖေ မအားမှာစိုးလို့ကွာ၊ ဩော် ... ဒါနဲ့ ဂျင်းဂျာကရော သားတို့ကျောင်းကပဲလား"

ဖေဖေသည် တစ်ယောက်တည်း ကြောင်တောင်တောင်ဖြစ်နေသော ဂျင်းဂျာကို အသိအမှတ်ပြုဟန်ဖြင့် စကားဝိုင်းထဲ ဆွဲထည့်ပါသည်။

"ဂျင်းဂျာက ဗီးဆစ်(စ)မေဂျာပါ အန်ကယ်လ်"

"ဟုတ်လား၊ သားနဲ့ ဘယ်လိုတွေ့ကြတာလဲ"

ဂျင်းဂျာ ဘာဖြေရမှန်းမသိ ပြုံးနေသဖြင့် ဦးအောင်မြတ်ကျော် တစ်ယောက် လူကြီးပီပီ ပါးနပ်စွာပင် ...

"ဟား ဟား ... ဒါ မေးလို့ကောင်းတဲ့မေးခွန်း မဟုတ်ပါဘူးကွာ၊ ဒီလိုပဲပေါ့ တစ်ယောက်တစ်နေရာဆီက ဖြစ်နေလည်း ဖူးစာပါရင် ဆုံကြတာပဲပေါ့"

ဟု သူ့ဘာသာ အဖြေထုတ်လိုက်လေသည်။

"ဂျင်းဂျာ ဆိုတာ နာမည်လေးက တစ်မျိုးဖြစ်နေတယ်နော်"

"အိမ်နာမည်ပါ အန်ကယ်လ်။ နာမည်ရင်းက သက်ထက်ဝံ့ပါ"

"မိဘတွေကရော"

"ဖေဖေက ရဲမှူးကြီးဦးရဲကျော်ပါ။ မေမေကတော့ ဆုံးတာကြာပါပြီ"

"ဩော် ... စိတ်မကောင်းစရာပဲ"





ထိုအချိန်မှာပင် ဦးအောင်မြတ်ချို၏ဖုန်းက အသံမြည်လာသည်။ နေရောင်ချိုကတော့ ဖေဖေ့ဖုန်းကို မျက်စိစွေကြည့်၍ မကျေနပ်ဟန် ပြုပါသည်။ မိသားစုစားသောက်ချိန်မှာ ဖုန်းပြောဖို့တော့ မသင့်ဘူးထင်တယ်။ သို့သော် ဖေဖေ ဖုန်းပြောဖို့ဖွင့်လိုက်လေပြီ။

"ဟဲလို ... ဩော် ... ဟုတ်ပါတယ်၊ ခဏလေး ... ခဏလေး၊ ကျွန်တော် အပြင်ထွက်ပြောလိုက်ရင် အသံကောင်းမှာပါ။ ဒီမှာ သားတို့နဲ့ နေ့လယ်စာ စားနေလို့ဗျ"

ဦးအောင်မြတ်ချိုဟာ ဖုန်းကိုပြောရင်း နေရောင်ချို့ကို မျက်နှာအမူအရာပြပြီး ခဏစောင့်ဖို့ပြောကာ ဖုန်းပြောဖို့ထသွားပါသည်။

"တွေ့လား၊ ဖေဖေ့မှာ သီးသန့်အချိန်ဆိုတာ ရှိကိုမရှိဘူး"

"နေရောင်ရယ် ... အဲဒီလို တစ်ဖက်သတ်ကြီး မတွေးနဲ့လေ။ နေရောင်နဲ့ တွေ့ဖို့ကိုကျတော့ သူ အချိန်ပေးပြီးလာတွေ့တာပဲ"

"သူ တစ်ခုခု လုပ်စေချင်လို့ပါ၊ ကိုယ် သိတယ်၊ ဖေဖေက ကိုယ့်အတွက်ဆို အရေးတယူ အချိန်ပေးချင်တာ မရှိဘူး"

"နေရောင်က အယူအဆ လွဲနေတာပါ၊ တကယ်တော့သူ နေရောင့်ကို ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မှာထားတာတွေတောင် ရောက်လာပြီ၊ မေမေ ဖုန်းပြောတာက မပြီးသေးဘူး"

"သားအဖ တည့်သာမတည့်တယ် မှာထားတာကျ အတူတူပဲ"

"ဂျင်း နည်းနည်း စားကြည့်လေ၊ ကိုယ်က စပါကတ်တီး ဆိုရင်း ဆီးဖုတ်နဲ့မှ ကြိုက်တယ်"

"ဂျင်း စပါကတ်တီး မကြိုက်ဘူး ပစ်ဇာ(pizza)ပဲကြိုက်တယ်"

"ပစ်ဇာတွေ သိပ်စားရင် ဝ,လာတတ်တယ်"

"ဝလို့ လှလို့ဆိုတာမျိုး ဖြစ်သွားတာပေါ့"

ထိုအချိန်တွင် ဦးအောင်မြတ်ချို ပြန်ဝင်လာသည်။

"ဆောရီးကွာ၊ အရေးကြီးတဲ့ဖုန်းမို့ ပြောလိုက်ရတယ်"

"ရပါတယ် အန်ကယ်လ်"

"အေး ... ဂျင်းဂျာကတော့ ကျောင်းပြီးရင် ဘာအစီအစဉ်ရှိလဲ မသိဘူးကွာ။ အန်ကယ်လ်ကတော့ နေရောင့်ကို ခုတည်းက နိုင်ငံခြားမှာ ကျောင်းသွားတက်စေချင်လို့ စီစဉ်ချင်နေတယ်လေ"

ဦးအောင်မြတ်ချို ထိုသို့စပြောလိုက်တော့ နေရောင်ချိုသည် စပါကတ်တီးကို ခက်ရင်းဖြင့် ထိုးမွှေနေရာမှ ပြန်ချထားလိုက်တော့သည်။





"ဖေဖေ ... ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ အဲဒီအတွက်ကြောင့်လား"

"ဟုတ်တယ် သား။ သား ခုတည်းက သွားမှ ညီမလေးပါ အဆင်သင့် လိုက်လာပြီး မောင်နှမနှစ်ယောက် အတူတူ တက်လို့ရတာပေါ့။ စင်ကာပူမှာ ဖေဖေ ဝယ်ပြီးငှားထားတဲ့ အခန်းကို ဖယ်ခိုင်းလိုက်ရင် သားတို့နေလို့ရတယ်၊ လမင်းက သားနဲ့ဆို သွားမှာပါ သားတက်နေတဲ့ ကွန်ပျူတာပဲ ဆက်တက်ရင် ရတာပဲ။ ဒါကြောင့် IELTS ဖြေဖို့ ပြင်ဆင်ရမယ်"

ဂျင်းဂျာ့အတွက်ကတော့ နိုင်ငံခြားမှာ ကျောင်းသွားနေတယ်ဆိုတဲ့ အရာဟာ အဝေးကြီးမှာမို့ လုံးဝစိတ်ဝင်စားလို့မရပါ။ ဖေဖေ့ဝင်ငွေနဲ့ ကျောင်းတက်၊ ကျူရှင်တွေယူ၊ အလုပ်ရလွယ်အောင် အင်္ဂလိပ်ရှိစပီကင်းသင်တန်း ကြိုတက်ရတာတောင် ဖေဖေ့ကို အားနာလှပြီ။ ဂျင်းဂျာက အလုပ်လုပ်ရင်း ကျောင်းတက်ချင်ပေမယ့် ဖေဖေက လက်မခံခဲ့။

"နေ့ကျောင်းသာ အေးအေးဆေးဆေး တက်ပါ သမီးရယ်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ဘဝဆိုတာ တစ်သက်မှာ တစ်ခါပဲ အပြည့်အဝ လွတ်လွတ်လပ်လပ် ပျော်ရတာ။ ဒီအရွယ်ပဲ ပျော်လို့ရတာ။ အသက်ကြီးမှ တက္ကသိုလ်ပြန်တက်ကြည့်လည်း လူငယ်ဘဝရဲ့ ပျော်ရွှင်မှုမျိုးမရဘူး။ လွတ်လပ်မှုချင်း မတူဘူး။ ဒါကြောင့် သမီးကို ဒီအရသာ ခံစားစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့စကား နားထောင်ပြီး ဂျင်းဂျာ ဒဂုံတက္ကသိုလ်တွင် နေ့ကျောင်းသူဘဝဖြင့် ကျင်လည်ရလေသည်။ ဂျင်းဂျာက ဂုဏ်ထူးတန်းဝင်ထားသဖြင့် လေးနှစ်နဲ့မပြီးဘဲ ဆက်တက်ရဦးမည်။ ဦးအောင်မြတ်ချို မေးသလို ကျောင်းပြီးရင် ဘာအစီအစဉ်ရှိလဲဆိုသော မေးခွန်းမှာပင် ဂျင်းဂျာ့အတွက် ဖြေစရာအသင့်ရှိနေသည်။ ဂုဏ်ထူးတန်းပြီးလျှင် ကျောင်းမှာ အလုပ်ဝင်ရင်း စာဆက်လုပ်မည်။ Ph.D (ပီအိပ်ချ်ဒီ)ယူမည်ဆိုတာတွေဟာ ဂျင်းဂျာရဲ့အနာဂတ်သာ ဖြစ်သည်။ အခုခေတ်မှာ ကြားနေရသော နိုင်ငံခြားမှာ ကျောင်းသွားနေကြတယ်ဆိုသော အကြောင်းအရာမှာ ဂျင်းဂျာ့အတွက်တော့ အိပ်မက်တောင် မမက်ခဲ့ဖူးပါ။

"ကျွန်တော် မသွားဘူး ဆိုရင်ရော"

နေရောင်ချို့အသံက ဂျစ်ကန်ကန်နိုင်ကာ အဖေကို ကလန်ကဆန်ပြောဟန်လည်း ဖြစ်နေတာကြောင့် ဂျင်းဂျာအနေရ ကျပ်လာသည်။

"မသွားရင်တော့ မင်း အခုကစပြီး ဖေဖေ့အလုပ်ထဲကို ဝင်လုပ်ရလိမ့်မယ်။ ရာထူးတစ်ခုယူပြီး စားပွဲမှာထိုင်လုပ်ရမယ်လို့တော့ မထင်နဲ့နော်။ အလုပ်ကို အောက်ခြေကစပြီး သင်ရမယ်။ ပြီးတော့ မင်း အခုပုံစံအတိုင်း နေချင်သလိုနေ၊ လုပ်ချင်တဲ့အလုပ် ဝင်လုပ်ပြီး ကလေကောင်လိုလို ဘာလိုလို ဖြစ်နေတာ ပြင်ရမယ်။ မင်းကို တမင်လွှတ်ပေးထားတာ အကောင်းမထင်နဲ့။ သားကြီးကို ဆုံးရှုံးထားရတဲ့ ဖေဖေလည်း ခံစားနေရသလို သားလည်းခံစားနေရမှာပဲဆိုတဲ့ နားလည်စိတ်နဲ့ အချိန်တစ်ခုအထိ စောင့်ကြည့်နေတယ်မှတ်ပါ"

"ကိုကြီးနေကို ပုံသွင်းတာမရခဲ့လို့ သူ့အစား ကျွန်တော့်ကို ပုံသွင်းတာ ဆိုရင်တော့ ဆောရီးပဲ ဖေဖေ။ ကျွန်တော် ဘာမှမမက်ဘူး။ ဘယ်မှလဲ မသွားဘူး။ ဖေဖေ စီမံတာ မလုပ်လို့ ပစ်ထားချင်ရင်လည်း ရတယ်။ ပစ်ထားလိုက်ပါ။ ဘယ်တော့မှ ဖေဖေ့အကူအညီ လာမတောင်းပါဘူး စိတ်ချ"

"ဘာကြောင့် မင်း ဒီလို ကလန်ကဆန် ဖြစ်နေတယ်ဆိုတာ စဉ်းစားလို့ကို မရဘူး"

နေရောင်ချို့က ဘယ်လောက်ပဲ ဒေါသနဲ့ပြောပြော ဖေဖေကတော့ တစ်ချက်အပြုံးမပျက်ဘဲ နေရောင်ချို့ကို လေသံအေးအေးဖြင့် ပြောလာပါသည်။ ဖေဖေဟာ သူ့ရဲ့အောင်မြင်ကျော်ကြားသော ပြုံးလိုက်ရင် မျက်လုံးတွေကပါ အသက်ဝင်ပြီးပြုံးတဲ့ အပြုံးကို ပိုင်ပိုင်နိုင်နိုင် အသုံးချကာ မိန်းကလေးတော်တော်များများရဲ့စိတ်ကူးတွေကို စိုးမိုးနိုင်ခဲ့သူ၊ မေမေ့ကွယ်ရာမှာ ဒီလိုခြေရှုပ်တဲ့ဓာတ်လမ်းတွေ များခဲ့လို့လည်း ချစ်လို့ယူခဲ့ရတာ မဟုတ်သော မေမေနဲ့ လမ်းခွဲတဲ့အထိ အတ္တကြီးခဲ့သူ။ နေရောင်ချို့သည် ဖေဖေ့အပြုံးကို မုန်းမိလေသည်။ ဒေါသတွေ ရင်ထဲမှာ ဘယ်လောက်ပဲ ဖြစ်နေနေ ဘယ်တော့မှ အပြုံးမပျက်တတ်တဲ့ ဦးအောင်မြတ်ချို့ဆိုတာ နေရောင်ချို့ တစ်ယောက်သာ သိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းညီမလေးကိုချစ်ရင် သူ့အတွက် မင်း,မလုပ်ချင်တာတောင် လုပ်ရမယ်။ ညီမလေးကို ဒီမှာထားလို့ မဖြစ်ဘူး။ သူ့ဘဝရှေ့ရေးအတွက် နိုင်ငံခြားမှာ ကျောင်းသွားထားရမယ်လေ။ သားကပါ ညီမလေးကို စောင့်ရှောက်တဲ့အနေနဲ့ လိုက်သွားရမှာ"

"ဟား ဟား ... ဖေဖေထင်တာ မှားနေပြီ။ လမင်းက ဘယ်တော့မှ ကျောင်းသွားနေချင်တာ မဟုတ်ဘူး။ သူ ဒီမှာပဲ ကျောင်းတက်ချင်တာ"

"အဲဒီလို ဆုံးဖြတ်လို့ ရမလား။ သူ့ဘဝက အညွန့်တလူလူနဲ့ကွာ။ ပြီးတော့ သမီးမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီတစ်ခုပါတယ်။ သူ့ပန်းချီပညာဟာ ဘယ်သူကမှ ပေးတာမဟုတ်ပဲ မွေးရာပါ ပါနေတာ။ ဒီလိုပညာမျိုးက တကယ့်ကျောင်းကောင်းကောင်းမှာ ထပ်သွားသင်လိုက်ရင် ကမ္ဘာကျော်ပန်းချီဆရာမတောင် ဖြစ်သွားနိုင်တယ်"

"နိုင်ငံခြားမှာသင်မှ တော်လာမှာ မဟုတ်ပါဘူး ဖေဖေရယ်။ ဒီမှာသင်လည်း တော်ပြီးသားလူဟာ ပိုတော်လာမှာပါပဲ"

"အေး ... မင်း စဉ်းစားဦးပေါ့၊ ဖေဖေ ပြောပြီးသားလေ၊ နှစ်ခုထဲက တစ်ခုတော့ ရွေးကိုရွေးရမယ်။ မင်း,မငယ်တော့ဘူး၊ နှစ်ဆယ့်တစ်နှစ်ဆိုတဲ့ အရွယ်ဟာ အနောက်နိုင်ငံတွေမှာဆို အရွယ်ရောက်ပြီလို့ သတ်မှတ်ထားတဲ့ အသက်ပဲ။ ဒီလိုအရွယ်မှာစပြီး ဘဝအတွက် အခြေခံကောင်းဖို့ ပြင်





ဆင်ထားမှ မင်းအသက် သုံးဆယ်မှာ အားလုံးအဆင်သင့်ဖြစ်နေမယ်"

"ကျွန်တော် ဘာမှရည်မှန်းချက်မကြီးဘူး ဆိုရင်ရော"

ဂျင်းဂျာသည် သားအဖနှစ်ယောက်၏ စကားစစ်ထိုးပွဲထဲ အနေကျပ်သလိုဖြစ်လျက် ဘယ်သူ့ကိုမှ သေသေချာချာမကြည့်ရဲဘဲ စားပွဲပေါ်က ပန်းကန်ကိုသာ မွှေနေမိသည်။ တကယ့်ဟိုတယ်အကောင်းစားကြီးမှာ ထိုင်စားရပေမယ့် စားရတဲ့အစားအသောက်တွေဟာ ဘာအရသာမှန်းပင် မခံစားနိုင်သလို ဖြစ်နေသည်။ ဒီလိုမှန်းသိရင် နေရောင်ခေါ်တဲ့နောက်ကို လိုက်လာဖို့မဆုံးဖြတ်ပါဘူး။ အခုတော့ သူတို့သားအဖနှစ်ယောက်ရဲ့ အချေအတင် ဆွေးနွေးပွဲထဲမှာ ကိုယ်က ကြားလူကြီးဖြစ်ပြီး အနေရခက်လိုက်တာ။

"ဂျင်း မစားတော့ဘူးဆိုရင် ကိုယ်တို့ပြန်ကြရအောင်"

နေရောင်ချိုသည် ပြီးအောင်မစားတော့ဘဲ ဂျင်းဂျာကိုပါ ပြန်ဖို့အဖော်ညှိလိုက်သည်။ "ပြန်ကြရအောင်" လို့သာ အဖော်ညှိပေမယ့် တကယ်တော့ သူက အရင်ထရပ်ပြီးနေတော့သည်။ ဂျင်းဂျာမှာ ဦးအောင်မြတ်ချိုကို အားနာလွန်းသဖြင့် ချက်ချင်းထ,မရပ်ဖြစ်သေးပဲ ငေးကြောင်နေပါသည်။

"ဖေဖေလည်း အချိန်သိပ်မရပါဘူး။ သားတို့ကို တွေ့ချင်လွန်းလို့သာ အချိန်လုပြီး ထွက်လာတာ။ အတူတူပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြတ်ရှိ ကိုယ်တိုင်လည်း အစားအသောက်တွေကို ကုန်အောင်မစားဘဲ အားလုံးကို အလျှော့ပေးသောပုံစံဖြင့် အေးဆေးစွာ ထရပ်ပါသည်။

"ဖေဖေ ပြန်ပို့ပေးမယ်"

"ရတယ် ဖေဖေ၊ ကျွန်တော်တို့ဘာသာ ပြန်မယ်"


"အေး ... ဒါဆိုလည်း မင်းသဘောပဲ"

ဦးအောင်မြတ်ရှိသည် အသင့်ရပ်ထားသော BMW ကားကြီး၏ နောက်ခန်းထဲ ဝင်ဖို့ပြင်လျှင် ဒရိုင်ဘာက အသင့်ထွက်ရပ်ပြီး ကားတံခါးဖွင့်ရက်သား စောင့်နေပါသည်။ ဒရိုင်ဘာ မောင်းသောကားပေါ် အေးဆေးစွာ ပါသွားသော ဦးအောင်မြတ်ရှိသည် ကျန်ရစ်ခဲ့သော နေရောင်ချို့တို့ကို တစ်ချက်မှပင် လှည့်ကြည့်မသွားခဲ့ပါ။

ဂျင်းဂျာသည် အဖေနှင့်သား မာနပြိုင်ကြသော ထိုနေ့လယ်ခင်းကို မေ့လို့မရတော့ချေ။








www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အိမ်ထဲ ဝင်လိုက်လိုက်ချင်းပင် တရားခံတစ်ယောက်ကိုကြည့်သော အကြည့်မျိုးဖြင့် ထိုင်စောင့်နေသည့် ဖေဖေ့ကိုရင်ဆိုင်လိုက်ရသည်။

ဂျင်းဂျာသည် ဖေဖေ တစ်စုံတစ်ခုကို သိနှင့် ပြီးလို့ကြည့်သောအကြည့်မှန်း ရိပ်မိလိုက်လျှင် အလွန်အမင်း တုန်လှုပ်သွားပါသည်။

"ဘယ်က ပြန်လာတာလဲလို့ မမေးတော့ဘူး၊ ဘယ်နေရာမှာ ချိန်းတွေ့ပြီး ပြန်လာတာလဲပဲ မေးမယ်"

ဂျင်းဂျာသည် အမှားလုပ်ထားမိသူပီပီ ဖေဖေ့ကိုရင်ဆိုင်မကြည့်ရဲဘဲ တစ်ဖက်သို့ မျက်လုံးလွှဲရင်း ...

"ဖေဖေဆူရင်လည်း ဂျင်း ခံပါ့မယ်။ ဖေဖေ မှာထားတဲ့စကားတွေကို ဂျင်း ဂရုမစိုက်ဘဲ လုပ်မိတာမို့ပါ"





"တခြားကောင်လေးဆိုရင် ငါ လေ့လာဦးမယ်၊ စောင့်ကြည့်ဦးမယ်ဆိုတဲ့အသိနဲ့ လွှတ်ပေးထားနိုင်တယ်။ သဘောကျချင်ရင်လည်း ကျလာလို့တယ်၊ အခုတော့ ပေါက်လွှတ်ပဲစား ကလေကချေကောင်နဲ့မှ ဖြစ်ရတယ်လို့ကွာ။ လမ်းပေါ်မှာရန်ဖြစ်၊ အခြေအနေပေးရင် သူများဆီကပစ္စည်းလုကလပ်တွေတက်၊ အရက်စွဲ ဆေးစွဲနေတဲ့ကောင်ကိုမှ တန်းတန်းမတ်မတ် သွားကြိုက်ရတယ် ... တောက်"

"ဖေဖေ ... ဖေဖေ ဘယ်သူ့ကို ပြောတာလဲ"

"အခု နင် တွဲနေတဲ့ကောင်လေ"

ဖေဖေ ဒေါသဖြစ်လျှင် ဂျင်းဂျာကို နင်တွေ ငါတွေပြောတတ်သဖြင့် အခုလည်း တော်တော်ဒေါသဖြစ်နေမှန်း သိသာပါသည်။ ဒီလို နင်တွေ ငါတွေ သုံးပြီးပြောတတ်တာလည်း ရှားလှပါသည်။ နှစ်ပေါင်းများစွာကြားမှ ကြားဖူးသော အသုံးအနှုန်းမျိုးဖြစ်နေပါသည်။

"သူ ... သူက ကလေကချေ မဟုတ်ပါဘူး။ ဖေဖေ အထင်မှားနေပြီ"

"နေရောင်ချို ဆိုတဲ့ ကောင်လေးကို ငါ တစ်ခါက ကိုယ်တိုင်ဖမ်းချုပ်ဖူးတယ်။ လမ်းပေါ်မှာ ရန်လည်းဖြစ်နေတယ်။ ကားတစ်စီးနဲ့ ပြဿနာတက်ကြတာ၊ မသင်္ကာမှုနဲ့ ငါ ဖမ်းခဲ့တယ်၊ ကဲ ... ဘာပြင်းချင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာက ဇဝေဇဝါ ဖြစ်သွားပါသည်။ နေရောင် ဂျင်းဂျာကို တစ်ခါမှ မပြောပြခဲ့ဖူးသော ဖအကြောင်းအရာပင်ဖြစ်သည်။ ရဲစခန်းမှာ အဖမ်းခံရဖူးကြောင်း မပြောတာဟာ ဂျင်းဂျာ အထင်သေးသွားမှာ စိုးလို့လား”

“ဖေဖေ တစ်ခါဖမ်းချုပ်ဖူးတိုင်း လူဆိုးလူတေလို့ သတ်မှတ်လို့ မရပါဘူး ဖေဖေရယ်။ ဘာကြောင့် တစ်ဖက်သတ် အမြင်နဲ့ သူ့ကို လူဆိုးပါလို့ စွပ်စွဲနေတာလဲ။ သူ လူငယ် တစ်ယောက်ပါ၊ လူငယ်တစ်ယောက်ပီပီ အမှားတစ်ခါ ကျူးလွန်ခဲ့ဖူး ... ...”

“တော် ... တော်စမ်း ... ဂျင်း”

ဖေဖေ ဖြတ်အော်လိုက်သဖြင့် ဂျင်းဂျာ့အသံ တိတ်သွားရသည်။ စကားတောင် ဆုံးအောင်မပြောလိုက်ရ။ ဖေဖေဟာ သိက္ခာတရားကို အလွန်တန်ဖိုးထားပြီး သူ ဝါသနာပါစွာ တာဝန်ထမ်းဆောင်နေသော အလုပ်ကိုလည်း အင်မတန်မှ မြတ်နိုးသည်။ လူတိုင်းဟာ သူ့လိုပဲ အပြစ်ကင်းစင်ပြီး ကောင်းတာပဲ လုပ်ဖူးတဲ့သူ ဖြစ်စေချင်သည့် အတ္တလည်း ပိုင်ဆိုင်သေးသည်။ အခု ဖေဖေ ခံပြင်းနေပုံမှာ အဖေက လူဆိုးလူပေတွေ နှိမ်နင်းနေသလောက် သမီးဖြစ်သူကတော့ လူဆိုးအမည်တွင်ခဲ့ဖူးတဲ့ ကာလေကချေတစ်ယောက်ကိုမှ ရည်းစားတော်ရသလားရယ်လို့ မကျေမချမ်း ဖြစ်နေတာပင်ဖြစ်မည်။





သူဟာ ကာလေကချေ မဟုတ်ဘူး။ သူ့မိဘက သူဌေးကြီးတွေ။ မိဘနဲ့ အဆင်မပြေလို့ သူ့ဘာသာ တစ်အိမ်ခွဲနေပြီး သူ့ဘာသာ ရုန်းကန်နေတဲ့သူပါလို့လည်း ဂျင်းဂျာအသိမပေးချင်။ ဖေဖေ့အမြင်မှာ မိဘကတောင် ဆုံးမတာ မနိုင်လို့ လက်လျှော့ပြီး ပစ်ထားရတဲ့ကောင် ဆိုတဲ့ အမြင်ပါ ရှိသွားရင် ဗိုဆိုးသွားနိုင်ပါသည်။

“ငါ အရှင်းဆုံး ပြောထားမယ်။ ကျောင်းကို အေးအေးဆေးဆေး ဆက်တက်ချင်ရင် ဒီကောင်နဲ့ အဆက်ဖြတ်။ အဆက်မဖြတ်ဘဲ ဆက်တွဲနေတယ် သတင်းကြားလို့ကတော့ ခေါင်းတုံး,တုံးပြီး အိမ်ထဲပိတ်ထားလိုက်မယ်”

“ဂျင်းနဲ့ သူ့မှာ ဘာအပြစ်ရှိလို့လဲ ဖေဖေ။ ဂျင်း သူ့ကိုမှ ချစ်တာ အပြစ်လား။ သူ တစ်ခါမှားဖူးတာလေးနဲ့တင် တစ်သက်လုံး မကောင်းမြင်နေတာတော့ မကောင်းပါဘူး။ လူတစ်ယောက်ဟာ တစ်ခါတော့ မှားဖူးမှာပေါ့။ နောက် မမှားတော့ရင် ပြီးတာပဲ”

“ဘယ်လောက် ရှက်စရာကောင်းလဲ။ အဖေကိုယ်တိုင် တစ်ခါက အချုပ်ခန်းထဲ ဖမ်းထည့်ဖူးတဲ့ကောင်ကို သမီးနဲ့သဘောတူရမှာလား။ သမီး ... နင် ဦးနှောက်မရှိဘူးလားဟင်။ ဦးနှောက်မရှိဘဲ အချစ်ကို ကိုးကွယ်ကြတဲ့ မိန်းကလေးတွေ တွေ့သလိုပဲ လူပျိုဘဝမှာ ဆိုးတာသောက်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ငါနဲ့ရပြီးရင်တော့ ငါ ပြုပြင်မယ်၊ သူ လိမ္မာလာစေရမယ်ဆိုတဲ့ စိတ်ကူးမျိုး ဘာကြောင့် ရှိတာလဲ။ မှတ်ထားအရင်တည်းက ဆိုးတဲ့သူဟာ ဆိုးမှာပဲ။ ဘယ်တော့မှ လိမ္မာလာစရာ မရှိဘူး"

"ဖေဖေ အဲဒီလို မတရားမပြောပါနဲ့။ သူ လူဆိုးမဟုတ်ဘူး။ ဂျင်း သူ့ကိုချစ်တယ် ဖေဖေ"

"တိတ် ... တိတ်စမ်း။ အဖေကို အော်ပြောစရာလား။ နင် အရှက်မရှိဘူးလား"

"ဖေဖေ မတရားဘူး။ ဂျင်း တစ်သက်လုံး ဖေဖေ့စကားနားထောင်ခဲ့တာပဲ။ ဂျင်း တစ်ခါမှလည်း မမှားဘူး။ အခုလည်း ဂျင်း သူ့ကို ချစ်တာ ဘာမှမမှားဘူး"

"တောက် ... မိဂျင်းဂျာ ... ကဲ"

ဦးရဲကျော်သည် ဒေါသဖြုန်းခနဲ ဖြစ်သွားကာ သမီးဖြစ်သူကို တစ်ချက် ရိုက်ချလိုက်ပါသည်။ လုပ်ဖော်ကိုင်ဖက် သူနဲ့တွဲလုပ်နေကျဖြစ်သော၊ နေရောင်ချိုတို့ကို ဖမ်းချုပ်စဉ်ကပါခဲ့သော ရဲအုပ်ကိုစိုးအောင် ကိုယ်ဟိုင်က ဂျင်းဂျာနဲ့ တွဲနေတာဘယ်သူဘယ်ဝါဆိုတာ မှတ်မိသွားသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ပြီး အိမ်ပြန်လာခဲ့ချိန်မှာ သမီးဖြစ်သူကလည်း ဖအေ့စကား နားမထောင်တော့ဘဲ ပြန်ခံပြောနေသဖြင့် ဒေါသကိုမထိန်းနိုင်တော့ပေ။ ဒါကြောင့် အမှတ်မထင် ရိုက်မိသွားပြီးမှ သမီးရဲ့မျက်ရည်တွေနှင့် မယုံကြည်နိုင်သော မျက်လုံးစိမ်းစိမ်းတွေကို မြင်လိုက်ရလျှင် သူ တော်တော်နောင်တရသွားပါသည်။ သမီးဟာ ရိုက်နက်ဆုံးမရမယ့် ကလေးမျိုးမှ မဟုတ်တာ။ ငါ အခုတော့ ရိုက်လိုက်မိပြီ။ ဦးရဲကျော် စိတ်မကောင်းစွာ တွေးမိပေမယ့် ပြောလိုက်ရင် သမီးဖြစ်သူ ရောင့်တက်သွားပြီး သူ မကြည်ဖြူနှစ်မြို့သော နေရောင်ချိုနဲ့ ကိစ္စကို လက်ခံလိုက်သလိုလည်း ဖြစ်သွားမှာ စိုးရိမ်သွားပြန်ပါသည်။

ဒါနဲ့ပဲ ...။

သမီးကို ထားခဲ့ကာ အိမ်အပြင်ထွက်လာခဲ့သော အခါ ရင်ထဲမှာတော့ မကောင်းလှ။ ကိုစိုးအောင် ပြောပြသော စကားတွေ ခေါင်းထဲစွဲနေပြန်သည်။

"သူတို့က ညီအစ်ကိုနှစ်ယောက်လုံး ဆေးဖွဲ့သလိုလို ဘာလိုလို ရာဇဝင်ရှိတယ်ဗျ။ အစ်ကိုကတော့ ဆေးကြောင်ပြီး စိတ်ရောဂါဝင်ရာကနေ ကိုယ့်ကိုယ်ကိုယ် suicide လုပ်သွားတယ်။ ဆေးကြောင်တာပေါ့ဗျာ။ အဲဒီမှာ ဒီကောင်လေးလည်း ကြောက်ပြီးဆေးဖြတ်သွားတာလို့ သိထားတယ်။ မိဘတွေကတော့ သူဌေးတွေပါပဲ။ ဒါပေမဲ့ ကွဲနေကြတယ်။ ကလေးတွေကိုလည်း ပြောဆိုဆုံးမနေခြင်း မရှိဘူး။ ပစ်ထားတဲ့ သဘောပဲဗျ။ သူဌေးသားသမီးတွေ ဆိုပေမယ့် ပျက်စီးနေကြတဲ့ သဘောမှာရှိတယ်"







www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေ သမီးဂျင်းဂျာ မသိဘူး ထင်ပါရဲ့။ သမီး ဒီကောင့်ကို ယူမိရင် ဒုက္ခရောက်ရလိမ့်မယ် ပိုက်ဆံချမ်းသာတိုင်း အထင်ကြီးစရာမလိုဘူး။ လက်ခံစရာမလိုဘူးဆိုတာ အခြေအနေ အေးဆေးသွားမှ ဂျင်းဂျာကို ပြောပြရမယ်။

ဖေဖေ ထွက်သွားသောအခါ ဂျင်းဂျာသည် စိတ်မကောင်းစွာ အကြာကြီး ဆက်ငိုနေမိသေးလေသည်။ ငိုရင်းမောလာတော့မှ ရပ်တော့သည်။ အရွယ်ရောက်ပြီးမှ တစ်ခါမှတောင် အရိုက်မခံခဲ့ရဖူးသောကြောင့် ဖေဖေ့အပြုအမူကို ရင်ထဲမှာနာပြီး ဝမ်းနည်းနေသည်။ ဖေဖေ မတရားဘူးလို့လည်းထင်သည်။ လူတစ်ယောက် အထူးသဖြင့် လူငယ်တစ်ယောက်ဘဝမှာ ခဏတစ်ဖြုတ် အမှားလုပ်ခဲ့မိတာလေးကိုပဲ အမည်းစက်ကြီးလို့ တစ်သက်လုံးထင်နေစေတဲ့ အသိမျိုး ဖေဖေ့မှာ ရှိနေတာကို ဂျင်းဂျာနားမလည်။ ကောင်းတဲ့လူဟာလည်း တစ်ခါတစ်ရံ မှားဖူးမှာဖြစ်သလို မှားနေတဲ့လူလည်း တစ်ခါတစ်ရံမှာ မှန်တာလုပ်ဖူးမှာပါ။ ဖေဖေ ဘာကြောင့် နေရောင့်ကို ခါးခါးသီးသီး ဖြစ်နေရတာလဲ။

ဂျင်းဂျာသည် ဘာတစ်ခုမှ ရှည်ရှည်ဝေးဝေး ဆက်စဉ်းစားမနေတော့ဘဲ ခရီးဆောင်လွယ်အိတ်တစ်လုံး ထုတ်လာကာ အဝတ်အစားတွေ ကောက်ထည့်လိုက်ပါသည်။ ကျောင်းစာအုပ်တွေပါ အကုန်သယ်ခဲ့ပြီး ကိုယ်ပေါ်မှာဆင်ထားတဲ့ သစ်ရွက်ပုံ ရွှေဟန်းချိန်း အပါးလေးရယ်၊ လက်ဆယ်ချောင်းအပြည့် စွပ်ထားတဲ့ ရွှေလက်စွပ်ပါးပါးလက်လက်လေးတွေရယ်ကို ချွတ်ထားခဲ့ပါသည်။ ဂျင်းဂျာမှာ နားပေါက်မရှိ၍ နားကပ်တော့ ဝတ်စရာမလို။

ဂျင်းဂျာ့လက်မှာ လည်သာသာသားရေကြိုးတပ်ထားသော နာရီတစ်လုံးသာပါပြီး ဖေဖေ ပေးသုံးသော မုန့်ဖိုးထဲက ကျွန်တာစုထားသည့် ပိုက်ဆံနှစ်သောင်းကိုသာ ယူလာခဲ့သည်။ အဖေပြန်လာရင် ဂျင်းဂျာ့ကို မတွေ့ခဲ့တဲ့အခါ စိတ်မပူရအောင် စာတစ်စောင်ကိုတော့ ရေးထားခဲ့ပါသည်။

"ဖေဖေ ...

စိတ်မပူပါနဲ့၊ ဂျင်း ဖေဖေ့ရဲ့တားမြစ်ချက်ကို မလိုက်နာနိုင်တဲ့အတူတူ စိတ်ညစ်ခံမနေတော့ဘဲ ထွက်သွားပါပြီ။ ဖေဖေ့ကို ကန်တော့ခဲ့ပါတယ်။

သမီး ဂျင်း ..."

ဂျင်းဂျာသည် တက္ကစီတစ်စီးဖြင့် ထွက်လာခဲ့သည်။ လိပ်စာအတိုင်း ရှာပြီးလာခဲ့သည်မို့ သိပ်ပြီး ယောင်ဝါးဝါးဖြစ်မနေပါ။ တိုက်အမြင့်ကြီးအောက်မှာ ကားရပ်တော့ ဆင်းပြီး အိတ်တွေချကာ ခဏမော့ကြည့် တွေဝေမိနေသေးသည်။

နောက်မှ ဂျင်းဂျာသည် စိတ်ဆုံးဖြတ်လာခဲ့ပြီးမှ နောက်မဆုတ်ချင်တော့ပါဘူးလို့တွေးပြီး တိုက်အမြင့်ကြီးရဲ့လှေကားထစ်တွေကို နင်းတက်လာခဲ့မိတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်တီးလိုက်သောအခါ အထဲမှ လှုပ်ရှားသံတချို့ ကြားရသည်။ တံခါးလာဖွင့်တော့မည်ကိုသိလျှင် ဂျင်းဂျာ စိတ် လှုပ်ရှားနေမိပါသည်။ အတွင်းဘက် သစ်သားတံခါးကြီး ပွင့်လာသောအခါ ...

"ဟင် ... ဂျင်း"

ဟု အံ့အားသင့်စွာ ရေရွတ်လိုက်သော နေရောင်ချို ကို ဂျင်းဂျာတစ်ယောက် ရက်ရှဲ့စွာ ပြုံးပြမိသည်။ ငါ ထွက်လာ ခဲ့မိတာ မှားပြီထင်တယ်။ သူမ အထင်သေးသွားပြီထင်တယ်။ သူ့ဆီ ထွက်လာမယ့်အစား အဆောင်တစ်ခုခုမှာ သွားနေရင် တောင် ကောင်းမယ်ထင်တယ်။

"ဂျင်း ... ဟာ ... အိတ်တွေနဲ့ကွာ၊ အလေးကြီးထင်တယ် အောက်ကနေ ကြိုးဆွဲပြီး ခေါ်လိုက်ရောပေါ့၊ လာ ... လာ... အထဲဝင်"

ဟူသော လိုက်လိုက်လှဲလှဲ၊ ကြင်ကြင်နာနာ ဖေး ခေါ်လိုက်သည့် နေရောင်ချို့ စကားသံတွေကြားမှာ ဂျင်းဂျာ့ တွေဝေမှုတွေ ချက်ချင်း ပျောက်သွားပါသည်။

"လာ ... ဒီမှာထိုင်။ ဆောရီးပဲကွာ ယောက်ျားတွေချည်း နေတဲ့အိမ်ဆိုတော့ ရှုပ်ပွနေတာ"

နေရောင်ချိုသည် လည်သောဆိုဖာခုံရှည်ကြီးပေါ် မှာ ထိုင်စရာတောင် မရှိအောင် တင်ထားသော ဂျာနယ်များ စာအုပ်များနှင့် ဒိုကြားထဲ စည်သူတစ်ကောင် အပြင်းထုပြီး ချွ





တင်ထားသော ဂျင်းဂျာကင်တစ်ထည်တို့ကိုပါ ပြီးပြီးရော တစ် ဖက်သို့ စုပုံထိုးပေးလိုက်ပါသည်။ ဂျင်းဂျာ ထိုင်စရာနေရာ တစ် နေရာတော့ ရသွားပါသည်။ နေရောင်ချိုကတော့ ပါကေးခင်းထား တဲ့ ကြမ်းပြင်ပေါ်မှာသာ ဖင်ချထိုင်လိုက်၏။

"ဂျင်း ထွက်လာမိတာ မှားပြီ"

"ဘာဖြစ်လာတာလဲ ဂျင်း"

"ဖေဖေနဲ့ ရန်ဖြစ်လာတာ"

"ကိုယ်တို့အကြောင်း သိသွားလို့လား"

"ဟုတ်တယ်၊ ဖေဖေက နေရောင်နဲ့ အဆက်ဖြတ်ရမယ် တဲ့။ မဖြတ်ရင် ကျောင်းထုတ်မယ်။ အိမ်ထဲက အိမ်ပြင် ပေးမထွက်ဘူးတဲ့။ သူ့စကားကို ချိုးဖောက်ပြီးလုပ်ရင် ဂျင်းကို ခေါင်းတုံး တုံးပစ်မယ်တဲ့"

နေရောင်ချိုသည် ဦးရဲကျော်၏ဒေါသနှင့် နာကျင်မှု တို့ကို ကြားရသဖြင့် ဝမ်းသာရမှာ ဖြစ်ပေမယ့် ဝမ်းမသာမိပါ။ အစကတော့ ဦးရဲကျော် ဒီလိုခံစားစေချင်လို့ စည်သူပေးသော အကြံအတိုင်း လုပ်တာပေမယ့် ခုချိန်မှာတော့ ဂျင်းဂျာပါ သူ့ ကြောင့် စိတ်ဆင်းရဲရတာမို့ နေရောင်ချို့ စိတ်ထဲမှာ ဘာဝမ်းသာမှု မှမရှိတော့ချေ။ အခန်းထဲမှာ ရှိနေမည်ဖြစ်သော စည်သူကတော့ တအံ့တသြ နားထောင်နေမည်လား။ အဖေနဲ့ ရန်ဖြစ်ပြီး အိတ် တစ်လုံးဆွဲကာ ဆင်းချလာသော ဂျင်းဂျာ၏စိတ်ဆုံးဖြတ်ချက်ကို ဝေဖန်နေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဂျင်း ခံပြောမိတော့ ဖေဖေ ဂျင်းကိုရိုက်တယ်"

"ဟာ ... ဟုတ်လားကွာ၊ သနားပါတယ်၊ ဘယ်နားရိုက်တာလဲ၊ ပါးကိုလား။ ဟုတ်လား ... မွ ... မွ။ ကိုယ့်ကြောင့် ဖြစ်ရတာကွာ"

နေရောင်ချို တစ်ယောက် ချက်ချင်းထပြီး ဂျင်းဂျာအနား မရမကတိုးကပ်ထိုင်လိုက်ကာ အရိုက်ခံလိုက်ရသော ပါးလေးတစ်ဖက်ကို နမ်းမွှေးလိုက်ပါသည်။

"ဂျင်း ဒီအထိဖြစ်ဖို့ မရည်ရွယ်ပါဘူး။ ထွက်လာပြီးမှ ဘာလုပ်ရမှန်းမသိလို့ နေရောင့်ဆီ ရောက်လာတာပါ။ ဂျင်းကို အဆောင်တစ်ခု ရှာပေးပါနော်။ ဂျင်း အဲဒီမှာသွားနေချင်တယ်"

"ကိုယ့်ဆီရောက်လာပြီပဲ၊ ကိုယ်နဲ့ပဲနေပေါ့"

"ဟာ ... ဂျင်းတို့က ရည်းစားပဲရှိသေးတာ"

"လင်မယား တော်ချင်လည်း ရပါတယ်"

"ဟမ်း ... အံမာ ... ဒီလောက် ငယ်ငယ်လေး ရှိသေးတာ။ ဂျင်း ယောကျ်ားမယူချင်သေးဘူး"

"အေးပါကွာ၊ အလကားစတာပါ။ ဂျင်း ကိုယ်တို့နဲ့နေချင်ရင် နေ။ ရတယ်။ ကိုယ်တို့က ဒီအပေါ်ဆုံးထပ် နှစ်လွှာလုံး လူနှစ်ယောက်တည်းနေတာ။ ဂျင်း နေမယ်ဆိုရင် အပေါ်လွှာမှာနေပေါ့။ အဆောင်လိုပဲ သဘောထားပေါ့။ ဂျင်း စိတ်ပျော်သလောက် နေနိုင်ပါတယ်။ ကိုယ်တို့ မနှောင့်ယှက်ပါဘူး"





"ဟုတ်တယ်လေ ... ငါလည်း မနှောင့်ယှက်ပါဘူး ဂျင်းဂျာရာ။ ဒီကိုထွက်လာပြီးမှ ဒီမှာပဲနေပါ။ အချင်းချင်းတွေပဲ ဘာမှ အားနာစရာ မလိုဘူး"

စည်သူကပါ မနေနိုင်တော့ဘဲ အခန်းထဲကနေ ထွက်လာပြီး ထောက်ခံလိုက်ပါသည်။

"ဂျင်းလည်း အိမ်လခ ပေးပါ့မယ်"

"အပိုတွေ ပြောမနေနဲ့ကွာ၊ ဒီမှာ ဘာအိမ်လခမှ မရှိဘူး။ ဖေဖေပိုင်တာ။ ကိုယ်တို့က အလကားနေနေရတာ။ မီတာခတို့ ရေဖိုးတို့ပဲ ပေးရတာ။ ဒါလည်း ဂျင်းပူစရာ မလိုဘူး"

"ဟဲ ဟဲ ... ငါတို့ကို ထမင်းဟင်းချက်ကျွေးချင်တယ်ဆိုရင်တော့ မငြင်းပါဘူး"

"ဟော့ကောင် ... အံမာ၊ မင်း ခိုင်းစရာလားကွ၊ စားချင်ရင် ကိုယ့်ဘာသာ ချက်စားပေါ့"

"ရပါတယ် နေရောင်ရယ်။ ထမင်းဟင်းချက်တာ ဘာမှ အပန်းမကြီးပါဘူး။ အိမ်မှာလည်း ဂျင်းအမြဲချက်နေရတာပဲလေ"

"ကဲ ... ကဲ ... ထိုင်စကားပြောနေရင် ကြာပါတယ်ကွာ၊ ဂျင်း အိတ်တွေ ကိုယ် အပေါ်ယူသွားပေးမယ်နော်၊ အိပ်ရာလုပ်ဖို့ ဖွမ်းကပ်မွေ့ရာ အပါးလေးတွေ ဗီရိုထဲမှာ ထည့်ထားတယ်။ အောက်မှာပဲ ခင်းအိပ်ရလိမ့်မယ်။ ဒီမှာကြည့်... ကိုယ်တို့လည်း အဲဒီလိုပဲ ခင်းအိပ်တာ။ ခုတင်မထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ဂျပန်တွေ ကိုရီးယားတွေလိုပေါ့"

အပေါ်လွှာမှာ လူတောင် သိပ်မနေသဖြင့် ရှင်းပြီး ပိုသစ်လွင်နေသည်။ ဖုန်တွေက အထုအထည်နဲ့ ဖြစ်နေသည်။ အပေါ်လွှာမှာ ဘုရားစင်ဂေတာ့ ရှိပေမယ့် သောက်တော်ရေမရှိ ဆီမီးမရှိ။ ပန်းမရှိ။ အေးလေ ... ယောက်ျားလေးတွေဆိုတော့ ဒါတွေ ဘယ်စိတ်ဝင်စားပါ့မလဲ။ အပေါ်လွှာမှာ အခန်းကျယ်ကြီး တစ်ခန်းသာ ဖွဲ့ထားပြီး သီးသန့်ရေချိုးခန်း၊ အိမ်သာရှိသည်။ မီးဖိုချောင် မရှိချေ။ အဝတ်ဗီရိုကြီးတစ်လုံးသာရှိပြီး အထဲမှာတော့ နေရောင်ချို ပြောသော ဂွမ်းကပ် မွေ့ရာတွေ အစီအရီရှိနေသည်။ ပရုတ်နံ့မွှေးနေသည်။ ဒါတွေ သူတို့လုပ်ပုံမရ။ သူ့အမေပဲ လာ ထည့်ပေးသလား။ သူ့အဖေပဲ လူလွှတ်ပြီး ကြည့်ရှုစီစဉ်ပေးသလား မသိ။

"ဂျင်းကို ကိုယ်လာကူမယ်နော်၊ အခုတော့ ဖုန်စုပ် vaccum cleaner (ဖုန်စုပ်စက်) သွားယူလိုက်ဦးမယ်"

နေရောင်ချို အောက်ထပ်ဆင်းသွားသည်။ တစ်ခ ချင်းမှာပင် ဖုန်စုပ်စက်ကြီး တဒီဒီဖြင့် ဖုန်တွေစုပ်ထုတ်ပစ်လိုက် သည်။ ဂျင်းဂျာကတော့ စည်သူ့ဆီက အဝတ်စုတ်သန့်သန့်တစ် တောင်းကာ ကြမ်းတွေကို ပိုပြောင်သွားအောင် ရေဖတ်အဝတ် ဖြင့် လိုက်တိုက်ပါသည်။ အားလုံးပြီးသွားတော့ အပေါ်ထပ် သန့်ရှင်းပြောင်လက်သွားပါသည်။





"ကဲ ... ဂျင်း နားချင် နားလိုက်ဦးနော်။ ညနေစာထွက် စားဖို့ ကိုယ်လာခေါ်မယ်၊ ဟုတ်ပြီလား"

ဂျင်းဂျာသည် အလိုလိုနေရင်း ဝမ်းနည်းလာကာ နေရောင်ချို့ ရင်ဘတ်မှာ မျက်နှာအပ်ပြီး မျက်ရည်ကျလေသည်။

"အားမငယ်ပါနဲ့ ဂျင်းရယ်။ ကိုယ် ဂျင်းအနားမှာ အမြဲ ရှိနေပါတယ်။ ဂျင်း ဘာဖြစ်ချင်လဲသာပြောပါ။ ကိုယ် တတ်နိုင်တာဆိုရင် လုပ်ပေးလို့ရပါတယ်"

"ဂျင်း အားငယ်တာ မဟုတ်ဘူး၊ ဝေခွဲမရ ဖြစ်နေတာ။ နေရောင့်ကိုလည်း ချစ်တယ်။ မခွဲနိုင်ဘူး။ ဖေဖေ့ကိုလည်း အခုလိုကြီး စိတ်ကောက်ပြီး ခွဲထွက်လာရတာမျိုး မလုပ် ချင်ဘူး။ ဘယ်ဟာရွေးရမှန်း မသိဖြစ်နေတာ"

"သွေးပူတုန်း ဘာမှမစဉ်းစားတာ ကောင်းမယ် ဂျင်းရယ်။ နောက်မှ ဂျင်း ဘာကို အလိုချင်ဆုံးလဲဆိုတာ အေးအေး ဆေးဆေး စဉ်းစားတော့နော်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၂

ရက်ပိုင်းအတွင်း ဂျင်းဂျာတစ်ယောက် ဒီအိမ်မှာနေသားကျသွားကာ အပေါ်လွှာ၊ အောက်လွှာ တစ်အိမ်လုံး သူ့ခြေသူ့လက် ဖြစ်သွားသည်။ ငနေရောင်ချိုတို့ နှစ်ယောက်လည်း အရင်ကလို စည်းမရှိ ကမ်းမရှိ နေချင်တိုင်းနေလို့ မရတော့။ တစ်ခုခု အမှားလုပ်ရင် ဂျင်းဂျာက အဘွားကြီးလေးလိုပဲ ပွစိပွစိ ပြောကာ ဆူတတ်သည်။

"မဝတ်တော့တဲ့ အင်္ကျီဆောင်းဘီတွေဆို ဒီတိုင်းချွတ်ပြီး ပုံမထားပါနဲ့။ အဝတ်လျှော်စက်ထဲ ထည့်ကြနော်။ ပြီးတော့ အိမ်ရှေ့မှာရှိတဲ့ ဆိုဖာတွေဟာ လူထိုင်ဖို့။ စာအုပ်တင်ဖို့ အင်္ကျီတွေချွတ်တင်ဖို့ မဟုတ်ဘူး။ ညကျ တီဗီကြည့်ရင်း ထိုင်စားထားတာ သောက်ထားတာတွေလည်း မဆေးချင်ရင် ဗေစင်မှာတော့ပုံထားပေးကြပါ။ ဒီက ဆေးပေးပါ့မယ်

BURMESE CLASSIC .com



ဆိုတာဲတောင် အဲဒါလေးကို မလုပ်ချင်ကြဘူးလား။ အိမ်လည်း တစ်ရက်တစ်ခါတော့ ဖုန်စုပ်ကြပါနော်။ အဲဒီ့ခြေထောက်ညစ်ပတ်ကြီးတွေနဲ့ နင်းထားတာ အရာထင်နေပြီ"

စသဖြင့် နေရောင်ချိုပဲဖြစ်ဖြစ်၊ စည်သူပဲဖြစ်ဖြစ် ဘယ်သူလုပ်ထားထား ဆူသဖြင့် သူတို့လည်း နားမှုမခံနိုင်တာနဲ့ပဲ ဂျင်းဂျာ ထုတ်ပြန်သော စည်း[illegible]တွေကို ကြောက်ကြောက်နဲ့ လိုက်နာရတော့လေသည်။

"မင်းဟာက မထူးပါဘူးကွာ၊ လက်မှတ်ထိုးပြီး အတူတူ မနေကြတာလွဲလို့ မိန်းမရသလိုပါပဲ။ ရက်ပိုင်းအတွင်း ဂျင်းဂျာက အိမ်ထောင်ရှင်မကြီးလိုပဲ၊ မင်းကို ပုံသွင်းပြီး ချုပ်ကိုင်သွားတာ"

စည်သူတစ်ယောက် ဂျင်းဂျာလစ်လျှင် အတင်းအုပ်မိသည်။ လူပျိုယောကျ်ားလေးတွေပီပီ စည်းမဲ့ကမ်းမဲ့ နေချင်သလိုနေ၊ စားချင်သလိုစား အကျင့်တွေ ဂျင်းဂျာ ရောက်လာမှ ပျက်ရတော့သည်။

"ဘာဖြစ်လဲကွာ၊ သူ ပြောတာလည်း ဟုတ်နေတာပဲ၊ အဲဒါတွေ လုပ်လိုက်ရလို့လည်း အပန်းမကြီးပါဘူး"

"အေး ... မင်းကတော့ ချစ်နေတဲ့ကောင်ကိုး။ ကိုယ့်ရည်းစား ဆူပူတာ အမိန့်ပေးတာကို နားဝင်ချိုမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ငါတို့ကလည်း လူကြီးတွေမရှိဘဲ ကိုယ့်ဘာသာ နေနေကြကောင်တွေ ဆိုတော့ စည်းကမ်းပျက်နေတာ ကြာပါပြီ။ ဒီလိုဖြစ်သင့်တယ်ထင်လို့ပါ"

"ဂျင်းဂျာကွာ သူ့ပဲကြဲကြဲဖန်ဖန် မြင်ပြီး ဆူတတ်တယ်။ ရေခဲသေတ္တာတံခါးကို လက်ညစ်ပတ်ကြီးနဲ့ကိုင်လို့တဲ့။ သောက်ပြီး ကုန်သွားတဲ့အချိုရည်ဘူးတွေ လွှင့်မပစ်ဘဲ ရေခဲသေတ္တာထဲ ပြန်ထည့်လို့တဲ့။ ပန်းသီးရှိရင်လည်း တစ်ကိုက် နှစ်ကိုက် ကိုက်စားပြီး ရေခဲသေတ္တာထဲပြန်ထည့်လို့တဲ့။ စုံနေတာပဲ"

နေရောင်ချိုက ပြုံးပဲပြုံးနေသည်။ ဂျင်းဂျာရောက်တော့လို့ သူတို့နေချင်တိုင်း နေလို့မရတော့ဘဲ အဆူခံရသဖြင့် အဓိ တော့ကျုပ်ပေမယ့် ပျော်ပါသည်။ နေ့စဉ် ချစ်သူကို မိုးလင်းကနေ မိုးချုပ် မြင်ရတဲ့ဘဝဟာ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းလဲ။ ကျောင်းသွားရတဲ့ ရက်တွေဆို မနက်စောစော ထကြရို့ ဂျင်းဂျာက နှီးစက်ကို တမင်အစောကြီး ဆင်ထားကာ သူတို့ရှေ့ သောအောက်လွှာမှာ လာထားသည်။

"ဂျင်းက နှိုးစက်မလိုဘူး၊ ခြောက်နာရီခွဲဆို အလိုလိုနိုးတယ်"

ဟု သူမဘာသာပြောပြီး တကယ်လည်း ခြောက်နာရီခွဲလောက်မှာ နိုးပါသည်။ သူတို့ကိုတော့ နာရီဝက်ပိုပြီး အိပ်





စေတာ ခုနစ်နာရီမှာ နှိုးစက်ဖြင့် နိုးစေသည်။ မနိုးရင်တော့ လူကိုယ်တိုင် ဆင်းလာပြီး အခန်းနံရံတွေကို ထုကာ နှိုးတော့သည်။

ဂျင်းဂျာ ညကတည်းက ချက်ပြုတ်ထားသော ထမင်းဟင်းတွေ၊ ချိုင့်ကိုယ်စီနဲ့ ထည့်ပေးထားသဖြင့် နေရောင်ချိုတို့ သောက်ပြီး အိတ်ထဲထည့်ရုံပင်။

ပြီးတော့ ရှစ်နာရီမှာ အိမ်တံခါးပိတ်ပြီး အသီးသီး ထွက်ခွာသွားကြရသည်။ နေရောင်ချိုက အမြဲ ဂျင်းဂျာကို အရင် ဆိုက်ပို့၊ အပြန်လည်းလာကြိုပြီး အတူတူ ပြန်ကြသည်။ ညနေစာ ချက်ဖို့ ဈေးဝင်ဝယ်ကြသည်။ အိမ်ပြန်ရောက်တာနဲ့ ဂျင်းဂျာချက် ပြုတ်လျှင် နေရောင်ချို တစ်ယောက် ဟိုပါဒီပါဖြင့် ဝင်ကူညီရသည်။ များများစားစား ချက်တာတော့ မဟုတ်။ အသားဟင်းတစ် ခွက်၊ အသီးအရွက်ကြော် ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ချဉ်ရည်တစ်ခွက် ဖြစ် ချက်တာပေမယ့် ဂျင်းဂျာ တစ်ယောက်တည်း လုပ်ရမှာ မို့ ဝင်ကူရင်း ချစ်သူတို့ သဘာဝ ယုယလိုက်၊ ကျီစယ်လိုက်၊ စိတ်ကောက်ရန်ဖြစ်လိုက်၊ ချော့လိုက်၊ ဖက်ပွေ့နစ်သိမ့်လိုက်ဖြင့် မီးဖိုချောင်မှာ အချိန်ကုန်ရသည်။

တစ်ခါတလေ စည်သူ မြင်ရင်တော့ ...

"ငါလည်း ရည်းစားတစ်ယောက် အမြန်ရမှ ဖြစ်တော့မယ်ကွာ၊ မင်းတို့ကို အားကျလာပြီ"

ဟူ၍ မနာလိုစွာ ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ မေမေ အမှတ်မထင် အိမ်ကိုရောက်လာလျှင် ဂျင်းဂျာ ရှိနေသည်ကို တွေ့တော့ အံ့ဩသွားသည်။ တစ်လနေ တစ်ခါ၊ တစ်လခွဲနေ တစ်ခါဖြစ်ဖြစ် အိမ်မှာဘာလို့နေသလဲ။ နေရောင်ချို့တို့ ဘယ်လိုနေကြစားကြသလဲ စသဖြင့် မိခင်ပီပီ လာကြည့်ရှု ဖြေရှင်းပေးလေ့ရှိသော မေမေဟာ အရင်ကနဲ့မတူ သန့်ရှင်းပြောင်လက် ရှင်းလင်းနေသောအိမ်ကို မြင်ပါသည်။ နောက်တော့ ဂျင်းဂျာ ရှိနေကြောင်း သိသွားလည်း တစ်ခဏတော့ အံ့ဩဟန်ပြပြီးမှ ...

"သားတို့နှစ်ယောက်လုံး ခဏလာထိုင်ကြပါဦး"

ဟု ဆိုကာ ဒီကိစ္စကို ဆွေးနွေးဖို့ စီစဉ်လေသည်။

ဂျင်းဂျာကတော့ ရှက်ရွံ့ထိတ်လန့်ပြီး နေရောင်ချို့ မေမေကို ရဲရဲမကြည့်ရဲသလို ဖြစ်နေသည်။ နေရောင်ချို့ကတော့ မေမေ မေးရင် ဘယ်လိုဖြေရင် ကောင်းမလဲလို့သာ စဉ်းစားနေသည်။

""ကဲ ... ပြောပါဦး၊ ဘယ်တုန်းက နိုးပြေးထားကြတာလဲ"

မေမေက သူတို့ နိုးပြေးပြီး အတူတူနေတယ်လို့ ထင်နေသည်။

"နှစ်ပတ်လောက်တော့ ရှိပြီ မေမေ"

နေရောင်ချို့ကပဲ ဦးဆောင်ဖြေလိုက်ပါသည်။ ဟုတ်တယ်လေ အမှန်အတိုင်းတွေ လျှောက်ဖြေနေလို့ ဘယ်ဖြစ်မလဲ။





ဘာမှသွေးမတော်သားမစပ်တဲ့ သူစိမ်းမိန်းကလေးနဲ့ အတူနေတယ်လို့ မြင်နေတာကို ဘယ်လိုနည်းနဲ့ မဟုတ်ပါဘူးလို့ ရှင်းနေတော့မလဲ။

"လက်ထပ်ထားပြီးကြပြီလား"

"လက်မထပ်ရသေးဘူး မေမေ"

ဂျင်းဂျာ ရှင်းပြချင်သလို စကားစသည်ကို နေရောင်ချို့က စကားအစမခံဘဲ ဂျင်းဂျာ့လက်ကို အသာအုပ်ကိုင်ပြီး ဟန့်လိုက်သည်။

"ဟဲ့ ... သားရယ်၊ လက်မထပ်ထားပဲ ဒီတိုင်းနေလို့ ဖြစ်မလား။ နိုးပြေးပြီးမှ ဆိုရင်လည်း လက်မှတ်ထိုးပြီး လက်ထပ်။ လူကြီးတွေဆီမှာ ပြန်အပ်ပြီး တောင်းပန်၊ ဒါမျိုးတွေ လုပ်ရတယ်လေ။ ဂျင်းဂျာ့ အဖေလည်း စိတ်ပူနေရောပေါ့"

"ဂျင်း ... ဖေဖေ့ကို စာရေးထားခဲ့တယ်"

"ဘာပဲဖြစ်ဖြစ် အဖေ့ဆီ ဆက်သွယ်ပြီး ပြန်အပ်ဖို့ကိစ္စတော့ ပြောကြရတာတွေရှိတယ်"

"ဖေဖေ စိတ်ဆိုးနေသေးတယ် အန်တီ။ သူ လက်ခံမှာ မဟုတ်ဘူး။ ပြီးတော့ ဂျင်းတို့ တစ်အိမ်တည်းနေပေမယ့် ဟို ... ဟိုလေ ... ဟိုဟာ လင်မယားလို မနေပါဘူး။ အတူတူ တစ်အိမ်တည်းနေတာပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာက အမှန်အတိုင်းကိုသာ ပြောချလိုက်တော့၏။ ဒီတော့ မေမေ့အမြင်မှာ ဂျင်းဂျာဟာ ဘယ်လိုမိန်းကလေးလဲ။ ယောက်ျားလေးတစ်ယောက်နဲ့ ရည်းစားလည်း ဖြစ်နေ ဖြစ်ရက် လက်မထပ်သေးဘဲ တစ်အိမ်တည်း လာအတူတူနေ သူ။ ကိုယ့်လူ့ဖြေ့သိက္ခာကို မထိန်းသူဟု ထင်ကိုထင်တော့မှာပင်

"အဲဒီလို မနေသင့်ဘူး"

ဒေါ်ကေသီ ထိုတစ်ခွန်းသာပြောပြီး ထ,ပြန်သွား သည်။ ဂျင်းဂျာမှာ ရှက်ပြီးငိုသည်။ နေရောင်ချိုလည်း ဘယ် ချော့ရမှန်းမသိအောင် ဖြစ်သွားသည်။ အရာအားလုံး ဂျင်းဂျ စိတ်ချမ်းသာရင် ပြီးရောဆိုပြီး လိုက်လျောခဲ့မိတာ။ ဂျင်းဂျာ တော့ စိတ်မကောင်းဖြစ်ရသည်။ ဂျင်းဂျာ့ကို ထွေးပွေ့ချော့ မိသည်။

"ခေါင်းတွေ ကိုက်နေမယ်၊ သိပ်မငိုနဲ့နော်၊ ဂျင်း ဘ လုပ်ချင်လဲပြော။ ကိုယ် လုပ်ပေးမယ်။ မေမေ ပြောတ အတွက် သိပ်ခံစားမနေပါနဲ့။ သူ အမြဲလာနိုင်တာလည် မဟုတ်ဘူး"

"ဂျင်းကို အထင်သေးသွားပြီ"

"ကိုယ် အထင်မသေးရင် ပြီးတာပဲ"

"တကယ်တော့ သူ ပြောတာ မှန်ပါတယ်။ ဒီလို နေ မနေသင့်တာပါ။ ဂျင်း စဆုံးဖြတ်တည်းကိုက မှားသွ





တာ။ မေမေ့ဆီက ထွက်လာလာချင်း အဆောင်မှာ နေ လိုက်ရင် ကောင်းသား"

"ဂျင်းက လက်မထပ်ချင်ဘူး ပြောလို့ပါ၊ ကိုယ်တို့လက် ထပ်ထားရင်လည်း ရတာပဲ"

"ဂျင်း ... စဉ်းစားပါရစေနော်"

ထိုအချိန်မှာပင် စည်သူတစ်ယောက် အူမြူးရွှင်ပျ စွာ အပြင်က ပြန်လာသည်။ အိမ်ထဲရောက်ရောက်ချင်း ပြုံးဖြီးဖြီး မျက်နှာကြီးဖြင့် ...

"ဟဲ ဟဲ ... ငါ ကောင်မလေးတစ်ယောက်ကို လိုက်နေ တယ်ကွ"

ဟု စကြွားဝါပါသည်။

"လိုက်တာများ ကြွားစရာလုပ်ပြီး ပြောရတယ်လို့ကွာ၊ မင်း ဒီလိုပဲ လိုက်နေတာတွေ ခဏခဏကြားရတာ မဆန်း ပါဘူး"

"အခု အခြေအနေက ပြေလည်ဖို့ 99% (နိုင်တိနိုင်းပါဆင့်) ရှိတယ်"

"ဘယ်သူ့ကိုမို့လဲ"

"ဟော့ကောင် ... ဘယ်သူ့ကိုမို့လဲဆိုပြီး အထင်သေးပြီး မပြောနဲ့။ မင်း တစ်ခါမှ မသိဘူးတဲ့ အထဲကပဲ။ ငါ အင်္ဂလိပ်ရှိသွားတက်တဲ့ သင်တန်းနဲ့ ဘေးချင်းကပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူတီဆလွန်းရှိတယ်၊ အဲဒီမှာ အလုပ်လုပ်တဲ့ လက်သည်
အလုပြင်တဲ့ ကောင်မလေးကွ၊ သူ့နာမည်က ဘော်တာ
မယုံရင် ဂျင်းဂျာ အဲဒီဆိုင်မှာ လက်သည်းအလှသွားပြ
ကြည့်"

"အံမာ ... ငါကပဲ ပိုက်ဆံအကုန်ခံပြီး လက်သည်းသွား
လုပ်ရဦးမယ်။ မလုပ်နိုင်ပါဘူး။ ငါက ခြေမွေးမီးမလော
လက်မွေးမီးမလောင် နေရတဲ့သူမှ မဟုတ်တာ။ ပိုက်
ကုန်ပြီး ပြင်ထားလည်း လက်သည်းက ကြာကြာခံမှာ
မဟုတ်တာ မလုပ်ပါဘူး"

"အေးပါ ... မလုပ်ခိုင်းပါဘူး၊ မယုံဘူးဆိုလို့ သက်သေ
ပြတာ။ စောင့်ကြည့်နေ။ ဒီရက်ပိုင်းအတွင်း အဆင်ပြေ
တော့မှာ"

စည်သူတစ်ယောက် သီချင်းတညည်းညည်းဖြင့် ဆေး
လေးတချွန်ချွန်ဖြင့် အူမြူးနေသောအခါ ဂျင်းဂျာက နေရောင်
ကို တိုးတိုးကပ်ပြောပါသည်။

"သူကြွားတာ ဟုတ်လား၊ မဟုတ်လားဆိုတာ သိချင်လာ
ပြီ၊ ဂျင်း လက်သည်းအရောင်တင်တာ သွားလုပ်ကြ
လိုက်မယ် သိလား"

ဂျင်းဂျာဟာ မေမေ ပြောသွားတဲ့စကားကို ခံစား
နေရဆဲဆိုတာ နေရောင်ချို ရိပ်မိပေမယ့် ဂျင်းဂျာကို စိတ်မည





လိုတာကြောင့်, ထိုအကြောင်းအရာကို စကားမဆက်တော့ဖို့
ဘူးလေသည်။

တကယ်တော့ သူကိုယ်တိုင်လည်း မိန်းမတစ်ယောက်
ာက်ယူရလောက်အောင် အဆင်သင့် မဖြစ်သေး။ အရှင်းဆုံး
ပြာရရင် သူ့အခြေအနေဟာ ဟိုလိုလို ဒီလိုလိုမို့ အိမ်ထောင်ပြု
 မိသားစုတစ်ခု တည်ထောင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါ။
 အမေ ပိုက်ဆံရှိတယ်ဆိုတာဟာ သူ့အရည်အချင်းနဲ့ ဘာ
ဆိုင်ဘူးလို့လည်း ထင်သည်။ ဘွဲ့လေးတစ်ခု ရရုံနဲ့တော့ ဘာ
ပ်စားလို့မရဘူးဆိုတာ သိသည်။ ဖေဖေ ပြောထားတဲ့ သူ
ဉ်တဲ့ကျောင်းကို သွားတက်၊ ပြန်လာရင် သူနဲ့အတူတူ အလုပ်
လုပ်ဆိုတဲ့ အစီအစဉ်ကိုလည်း မလိုက်နာချင်။ နောက်ဆုံး
ာလည်း မိဘအရိပ်အောက်ခိုပြီး ဖိမ်ကျရတာပဲ မဟုတ်လား
တဲ့ အဖြစ်ကိုမရောက်ချင်။

မလိုအပ်ဘဲ မာနကြီးနေမိသော သူ့ကိုယ်သူတော့
ားဘူးဟု ထင်လေသည်။ ဂျင်းဂျာ သူ့ဆီအားကိုးပြီး ရောက်
တော့လည်း အဆောင်မှာသွားနေဖို့ အားမပေးချင်ပြန်။ သူ
 သီးသီးသန့်သန့်နေပြီး ဂျင်းဂျာအပေါ် လွှာနေ သူတို့အောက်
နေတာဟာ ဘာမှပြဿနာမရှိဘူးဟု ထင်ပါသည်။

ဂျင်းဂျာကို အခုမှ တဖြည်းဖြည်း တကယ်ချစ်လာပေ
့်လည်း စောစောစီးစီးကြီး ယူလိုက်ရတဲ့ ဘဝကိုတော့ မရောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါ။ လွတ်လပ်သောဘဝနဲ့ ကိုယ်လုပ်ချင်တာ ကိုယ်ပိုင်ဆုံး ဖြတ်ပြီး ဘယ်သူ့ကိုမှ ငဲ့မကြည့်ရသော လူမျိုးဘဝကို လိုလား ပါသည်။

ဒါပေမဲ့ မေမေ ပြောသွားတဲ့စကားကြောင့် ဂျင်းဂျာ ရှက်စွံ့အားငယ်ပြီး ငိုရတာတွေ့တော့ သနားပြီး လက်ထပ်ကြ မယ်ဟု ပြောထွက်သွားပြန်သည်။ နေရောင်ချိုဟာ ခံစားချက်ကို မျက်နှာမှာ မပေါ်အောင် ထားတတ်ပေမယ့် ရင်ထဲမှာတော့ အတွေးတွေဖြင့်ရှုပ်ကာ ထွေပြားနေခဲ့ပါသည်။





## ၁၃

ဒီနေ့ ဂျင်းဂျာက စည်သူ့အကြောင်း စုံစမ်းမယ်ဆို ...ာ လက်သည်းအရောင်တင်ဖို့ ကျန်ခဲ့သဖြင့် နေရောင်ချို တစ် ...ယာက်တည်း အိမ်ကိုပြန်လာနှင့်ပါသည်။ တိုက်လှေကားထစ် ...တွကို အပြေးတက်လာစဉ် လှေကားတစ်ဝက်လောက် တက် ...သောအခါ အပေါ်မှ ဆင်းလာသော တစ်စုံတစ်ယောက်နဲ့ ...က်နှာချင်းဆိုင် ဆုံသွားပါသည်။ နေရောင်ချိုက မော့မကြည့် ...ဘဲ ဘေးအသာကပ်ရပ်ပြီး ရှောင်လိုက်စဉ် ...

"နေရောင်ချို"

ဟူသော ခေါ်သံခပ်မာမာကို ကြားလိုက်ရသည်။ ...ာ့ကြည့်လိုက်သောအခါ ဦးရဲကျော်ကို တွေ့လိုက်ရပါသည်။

"မင်းတို့အခန်းကို လာတာ"

"ဟုတ်"

"ဘယ်သူမှ မရှိကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုမှ ပြန်လာတာပါ"

"ငါ ခဏဝင်မယ်"

နေရောင်ချိုလည်း ရှေ့ကပြောပြောဆိုဆို ပြန်လှည့်တက်သွားသော ဦးရဲကျော်နောက် လိုက်တက်လာကာ စဉ်းစားလာသည်။ ဂျင်းဂျာ ဒီရောက်နေပြီဆိုတာ သိလို့ လိုက်လာပုံရသည်။ ဘာတွေမေးမလဲ။ ဘယ်လိုဖြေရမလဲဆိုတာ ကြိုတင်မစဉ်းစားတော့ဘဲ အဆင်သင့်သလို ဖြေမယ်လို့ တွေးလာပါသည်။

အခန်းသော့ကိုဖွင့်ပြီး တံခါးကိုပါ တွန်းဖွင့်လိုက်ပါသည်။ ဦးရဲကျော်လို ဝင်လာပါလို့ မဖိတ်ခေါ်မိပေမယ့် သူ့ဘာသာ ခပ်တည်တည်ကြီး လိုက်ဝင်လာကာ အိမ်ကို စူးစမ်းလေ့လာသလို ကြည့်လေသည်။ နေရောင်ချိုလည်း ယောင်နနဖြင့် ထိုင်ပါဟုလည်း မပြော၊ သူကိုယ်တိုင်လည်း မထိုင်မိဘဲ ရပ်ကြည့်နေမိသည်။

ဦးရဲကျော်က တစ်ခဏမျှ စူးစမ်းကြည့်ပြီးလျှင် နေရောင်ချို ကို ပြန်စိုက်ကြည့်လာသည်။

"သမီးကို ငယ်သေးလို့ မဖြစ်သင့်တာ မဖြစ်ရအောင် ငါ တားတယ်။ အထူးသဖြင့် မင်းလို မိဘဆုံးမကွပ်ကဲမှု အောက်မှာ မနေဘဲ ကိုယ်နေချင်သလိုနေ၊ လုပ်ချင်သလို လုပ်နေတဲ့ စည်းမဲ့ကမ်းမဲ့ကောင်နဲ့ အဆက်အသွယ် မဖြစ်စေချင်လို့ ကြိုတင်တားခဲ့တာပဲ။ ဒါပေမဲ့ ဒီလောက်ထိ ချက်ချင်းဖြစ်သွားမယ်လို့ ထင်ကိုမထင်ဘူး"





နေရောင်ချိုသည် အတွင်းခန်းဘောင်ကို ပခုံးတိုက်ခပ်စောင်းစောင်း အနေအထားနဲ့ လက်ပိုက်ကာ မှီရပ်နေသည်။ ဦးရဲကျော် ပြောနေတာတွေကို ဘယ်လိုတုံ့ပြန်ရမှန်းမသိသဖြင့် ငြိမ်နေလိုက်သည်။

"မိန်းမတစ်ယောက်ကို ယူရပါပြီတဲ့။ မင်း သူ့ကို ဘယ်လို လုပ်ကျွေးမလဲ။ မိဘကောင်းမှုကြောင့် အခုလို အိမ်ခန်းတစ်ခန်းတော့ အလကားနေရပေမယ့် ဘယ်မိဘကမှာတော့ အလုပ်မလုပ်ဘဲ ထိုင်စားနေတဲ့ အရွယ်ရောက်အိမ်ထောင်ကျနေတဲ့ သားတစ်ယောက်ကို အလကားနေရင်း ထောက်ပံ့မှာတော့ မဟုတ်ဘူး"

"ကျွန်တော်တို့ ..."

နေရောင်ချို စကားပြောဖို့ ပြင်ပေမယ့် ဦးရဲကျော်က အပြောမခံဘဲ လက်ကာပြီး ဖြတ်ပြောပြန်သည်။

"အိမ်ထောင်ပျက် မိဘနှစ်ပါး ရှိတယ်၊ အစ်ကိုက ဆေးချပြီး ကြောင်တောင်တောင်ဖြစ်လို့၊ သူ့ကိုယ်သူ သတ်သေသွားတယ်။ မင်းကိုယ်တိုင်ကလည်း တော်ကြာ ဆေးမှုနဲ့ ခဏဝင်လိုက်၊ ရန်ဖြစ်လို့ ခဏဝင်လိုက်နဲ့ လမ်းပေါ်မှာ ကလေရိုက်နေတဲ့ကောင်။ ရှည်းစားပေါင်းလည်း သောင်းခြောက်ထောင်နဲ့ကောင်။ ငါ လုံးဝမကျေနပ်ဘူး။ ငါ့သမီးနဲ့ မင်း, တန်ကိုမတန်ဘူး၊ မင်းမိဘက ပိုက်ဆံတွေဘယ်လောက်ရှိရှိ၊ ဘာကြီးဖြစ်နေနေ အထင်မကြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com

နေရောင်ချိုလည်း လှုငယ်ဗိုဗီ သူ့ကိုနိမ်ချပြောဆို ကဲ့ရဲ့ဆူပူနေသောအခါ စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်သွားပါသည်။ ဒေါသစိတ်နဲ့အတူ ရည်ရွယ်ထားခြင်း မရှိခဲ့သောစကားတွေကို ပက်ခနဲ ပြန်ပြောလိုက်မိတော့လေသည်။

"စိတ်ချပါ အန်ကယ်လ်။ ကျွန်တော် သူ့ကို လုံးဝလက်မထပ်ရသေးပါဘူး။ လက်ဖျားနဲ့တောင် မထိဘူး။ မှဲ့တစ်ပေါက်မစွန်းအောင် နေပါတယ်။ သူ့ကို ကျွန်တော် သိပ်ချစ်လွန်းလို့မှ မဟုတ်တာ။ ကျွန်တော့်သူငယ်ချင်းနဲ့ အလောင်းအစားလုပ်ပြီး အန်ကယ့်လ်သမီးကိုမှ တမင်ရအောင် လုပ်ကြည့်တာ"

"ဘာ ... ဘာကွ၊ မင်း ... တောက် ... ဟာ ... ကဲကွာ၊ ကဲကွာ"

ဦးရဲကျော်သည် တုံ့ပြန်စကားတောင် ဆုံးအောင် မပြောနိုင်တော့ပဲ ရှက်စိတ်၊ ဒေါသစိတ်တွေနဲ့ မှုန်ထူသွားကာ နေရောင်ချို့ကို ထိုးကြိတ်လိုက်တော့လေသည်။ သူ့မျက်နှာပေါ် ကျလာသော အချက်ပေါင်းများစွာသော လက်သီးချက်တို့ကို မရှောင်ရှားမိ၊ မတုံ့ပြန်မိပဲ ငုံ့ခံလိုက်သည်။ အခန်းထောင့်မှာ သူ ခွေကျသွားသောအခါမှ ဦးရဲကျော်လည်း ထိုးကြိတ်နေတာတွေ ရပ်လိုက်ပေမယ့် သုံးလေးချက်တော့ ဆက်ပြီးကန်လိုက်သေးလေသည်။





"မင်းကို ငါ သတ်တောင် သတ်ပစ်ချင်တယ်။ ဒါပေမဲ့ မင်းလိုကောင်ကိုသတ်ပြီး ထောင်ထဲဝင်ရလောက်အောင် မတန်ဘူးကွ"

ဦးရဲကျော်သည် ကမူးရှူးထိုး ဒေါသတွေဖြင့်ပြောကာ အခန်းထောင့်တွင် ခွေလဲပြီး နာကျင်လွန်းသဖြင့် ချောင်းဟွတ်ဟွတ် ဆိုးနေသော နေရောင်ချို့ကို တစ်ချက်မှ လှည့်မကြည့်တော့ပဲ ထွက်လာခဲ့ပါသည်။

နေရောင်ချိုသည် အတန်ကြာမှ အခန်းပေါင်ကို မှီကာ ထထိုင်နိုင်သည်။ နာရီပေါင်းများစွာ ဆက်ထိုင်နေခဲ့ပါသည်။ ခေါင်းထဲမှာ ငါ ဘာလုပ်ရမလဲ။ ဘယ်လိုဖြေရှင်းရမလဲဆိုတာ တွေးနေသည်။ သူ့တစ်သက်မှာ အခုလိုမျိုး သူများက တစ်ဖက်သတ်ဖိထိုး၍ အနာတရ ဖြစ်ရတာမျိုး တစ်ခါမှမရှိဖူးခဲ့။ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြိတ်ကြလို့ ဒဏ်ရာအနာတရ ဖြစ်တာမျိုးသာ ကြုံဖူးပါသည်။ ဘာကြောင့် ပြန်မထိုးဘဲ ငုံ့ခံခဲ့မိပါလိမ့်။ ဂျင်းဂျာ မျက်နှာကြောင့်လား။ ဒါဆို ငါ ဂျင်းဂျာ့ကိုချစ်ရက်သားနဲ့ ဦးရဲကျော်ကို ဘာကြောင့်များ အလောင်းအစားကိစ္စ ထည့်ပြောလိုက်မိပါလိမ့်။ ဒီကိစ္စကို သူနဲ့စည်သူ ဆတ်ဆော့ပြီး လျှောက်ပြောကြတာပေမယ့် သူနဲ့ဂျင်းဂျာ အဆင်ပြေနေသောအခါ စည်သူ့တောင် ...

"မင်းနဲ့ငါ လျှောက်ပြောထားတဲ့ အလောင်းအစားအကြောင်းကို မေ့လိုက်ကြရအောင်ကွာ၊ အနီးကပ် ပေါင်းတော့မှ


www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာဟာ ခင်စရာကောင်းတယ်။ စိတ်သဘောထား ဖြူစင်တယ်ဆိုတာ သိလာရတော့ ငါ သူ့ကို ဒီအကြောင်း ပေးမသိစေချင်တော့ဘူး။ မင်းလည်း သူ့ကို တကယ်ချစ် လာပြီပဲ မဟုတ်လား"

စည်သူ ထိုသို့တိုင်ပင်တုန်းက နေရောင်ချို့အကျင့် အတိုင်း အင်းမလှုပ် အဲမလှုပ်သာ နေခဲ့သည်။ ဂျင်းဂျာကို တကယ် ချစ်လာတယ်ဆိုတာ ဝန်မခံချင်သလို ဖြစ်နေသည်။ ထို့ကြောင့် စည်သူ့စကားကို ဘာတစ်ခုမှ မတုံ့ပြန်ခဲ့တာဖြစ်သည်။

ထိုအချိန်မှာပင် လေကားတစ်လျှောက် ပြေးတက် လာသော ခြေသံကို ကြားရသည်။ ဒါ ဂျင်းဂျာ့ခြေသံပဲဆိုတာ နေရောင်ချို့ အလိုလိုနေ့ရင်း မှတ်မိနေသည်။

တံခါးဟာ ဦးရဲကျော် ထွက်သွားကတည်းက ထပြီး မပိတ်ရသေးလေရော ပွင့်ရက်သားကြီးမို့ ခြေသံကို ကြားရတာ ဖြစ်သည်။

"သိလား ... မောင်နေရောင်ချို့ရေ။ လုံးဝမထင်ရဘူး။ ဒီလိုသိပ်လှတဲ့ ကောင်မလေးတစ်ယောက် ဖြစ်မယ်မှန်း ထင်တောင်မထင်ခဲ့ဘူး။ စည်သူ တကယ်ပြောတာ သိလား။ အဲဒီကောင်မလေးနဲ့ သူနဲ့ အဆင်ပြေတော့မယ်ဆိုတာ ဂျင်း သိလာခဲ့တယ်။ ပိုက်ဆံအကုန်ခံပြီး လက်သည်းလုပ် လာရတာ တန်ပါတယ်။ စကားလျှောက်ပြောရင်း ကောင် မလေးရဲ့သဘောထားကို သိလာခဲ့ရပြီ ... ဟား ဟား"





ဂျင်းဂျာဟာ သိလာရသော သတင်းထူးအတွက် ပြောချင်ဇောဖြင့် အိမ်အဝင်ဝ,ကနေ တောက်လျှောက် အော်ပြော ရင်း ဝင်လာပါသည်။ အထဲရောက်မှ သူ့အိပ်သော အိပ်ခန်းတံခါး ပေါင်မှာမှီပြီး ထိုင်နေသော ဖူးယောင်ညိုမည်းပြီး သွေးစွန်းနေတဲ့ မျက်နှာနှင့် နေရောင်ချို့ကို တွေ့လျှင် အံ့ဩပြီး ရပ်သွားသည်။

"ဟယ် ... နေရောင် ... နေရောင် ... ဘာဖြစ်တာလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲဟင်"

ဂျင်းဂျာ ပြေးလာပြီး နေရောင်ချို့ မျက်နှာကို သူမ၏ လက်နှစ်ဖက်ဖြင့် မ,ယူကြည့်လိုက်ပါသည်။

"ဂျင်းအဖေ လာသွားတယ်"

"ဟင် ... ဟုတ်လား၊ ဒါ ... ဒါတွေ ဖေဖေ့ကြောင့်ရတာ လား"

"သူ တကယ်တော့ ဒီလိုလုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ကိုယ်ပြောလိုက်တဲ့ စကားကြောင့် ဖြစ်သွားတာ"

"ဘာပြောလိုက်လို့လဲ"

နေရောင်ချို့သည် ဂျင်းဂျာ့ကို မလိမ်ညာလို၍ အမှန် အတိုင်းသာ ပြောလိုက်ဖို့ တွေးပါသည်။

"ကိုယ် ဂျင်းကို တကယ်မချစ်ဘူး။ ကိုယ်တို့ကို တစ်ခါ က မသက်ာမှုဆိုပြီး အတင်း ရဲစခန်းခေါ်ပြီး ချုပ်ခဲ့တဲ့ ဦးရဲကျော်ကို တမင်ပညာပေးချင်လို့ စည်သူနဲ့ အကြောင်း အစားလုပ်ပြီး လိုက်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ်"

ဂျင်းဂျာ အံ့အားတသင့် အော်မေးလိုက်ရင်း ချက်ချင်း ထရပ်လိုက်ပါသည်။ ပြီးတော့ ဘာမှဆက်မမေးတော့ဘဲ သူမ၊ ေ ဆိုင်သော အပေါ်ထပ်ကို ပြေးတက်သွားကာ ဝုန်းဒိုင်းကြ အောင် ပစ္စည်းတွေ ကောက်သိမ်းတော့လေသည်။ တစ်ခဏချင်း မှာပင် သူမ အလာတုန်းကအတိုင်း အိတ်တစ်အိတ်ကို ပြန်ဆွဲ လာကာ ဆင်းလာခဲ့ပါသည်။

"ထိချက်က တကယ်ပြင်းပါတယ်၊ တကယ်ထိပါတယ် နေရောင်ချို။ မေမေလည်း ရှက်ပြီးခံစားနေရပါပြီ။ ငါလည်း တကယ်နောင်တရပြီး ရင်ထဲမှာ စူးနေအောင်နာသွားပြီ နင့်မျက်နှာကို ဘယ်တော့မှ မကြည့်ချင်တော့ဘူး"

ဂျင်းဂျာ၏ အေးခဲသော စကားသံတို့ကို ဘာမှမ ပြန်မိဘဲ စိုက်ကြည့်ရင်းသာ ကျန်ခဲ့သည်။ မသွားပါနဲ့ ဂျင်းရယ် ဂျင်းကို အမှန်အတိုင်းသာ ဖွင့်ပြောပေမယ့် တကယ်တော့ အ ကိုယ် ဂျင်းကို တကယ်ချစ်သွားတာပါ။ ဂျင်းဟာ ကိုယ့်ဘဝ လို့ ဘာကြောင့်များ ပြောမထွက်တော့တာလဲ။ ဘာကြောင့် မာ တွေနဲ့တင်းခံပြီး ကိုယ်ပြောချင်တဲ့စကားကို ပြောမထွက်တော့တာ လဲ။

ဂျင်းဂျာ ထွက်သွားပြီးသည်အထိ နာရီပေါင်းများစွာ ဆက်တိုင်နေမိသည်။ ညမှောင်လာမှန်းသိတာတောင် ထပြီးမီးမဖွင့် မိချေ။ စည်သူ ပြန်လာသောအခါ ...





"ဟ ... တစ်အိမ်လုံး မှောင်မည်းနေပါလား၊ မီးလာရက် သားနဲ့ ဘာလို့ မီးမဖွင့် ... ဟာ ... နေရောင်ချို ... ဘာ ဖြစ်နေတာလဲ"

ဟူသော စကားပြောသံ၊ နေရောင်ချို့အဖြစ်ကို မေးလိုက်သံတွေ ဆက်တိုက်ဖြင့် တိတ်ဆိတ်ပြီး မှောင်မည်းနေ သော အခန်းဟာ ပြန်လည်အသက်ဝင်လာခဲ့ပါသည်။

❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဂျင်းဂျာသည် တက္ကစီစီးလာသော လမ်းတစ်လျှောက် မငိုမိဘဲ ဖေဖေ့အိမ်ရှေ့ ကားရပ်မှ ငိုမိတော့သည်။

ကားမောင်းသူကို ကားခငွေပေးပြီးလျှင် အိမ်ရှိရာဆီ တက်မသွားသေးပဲ မျက်ရည်တွေ ကုန်စင်အောင် သုတ်လိုက်ပါသည်။ ဖေဖေ့ကို အငိုမျက်နှာကြီးနဲ့ မဆုံချင်။ ဂျင်း မှားပါတယ် ဖေဖေ။ ဂျင်းကို ခွင့်လွှတ်ပါလို့လည်း မျက်ရည်ခံထိုးပြီး ဖေဖေ့ကရုဏာကို မတောင်းခံချင်။ အခုထိ ဂျင်းဂျာဟာ နေရောင်ကို ချစ်လိုက်မိတာကို မမှားဘူးဟု စိတ်ထဲမှာ ကျေနပ်နေဆဲဖြစ်သဖြင့် သူမကိုယ်သူမလည်း အတော်မုန်းမိပါသည်။

"မင်းကို အလောင်းအစားသဘောနဲ့ ဟန်ဆောင်ချစ်ခဲ့တာလေ"

လို့ ကြေကြေကွဲကွဲပြောသော နေရောင့်စကားတွေကို ဂျင်းဂျာ ပြန်ကြားယောင်တိုင်း ခံစားရပေမယ့် ဖေဖေ့





နေရောင်တို့ချင်း ပြိုင်ဆိုင်သော အငြိုးအတေးပြဿနာတွေကြောင့် ဒီလိုပြောတာဟုသာ ယုံကြည်နေမိသည်။ နေရောင့်စိတ်ထဲမှာ ဒီလိုမပြောချင်ပါဘူးလို့လည်း ထင်သည်။

ဒါပေမဲ့ ဂျင်းဂျာ့ရင်ထဲမှာ နာနေပြီး အခု အနိုက်အတန့်မှာတော့ နေရောင့်ကို မုန်းနေမိပြန်သည်။ ငါ့ကိုလုပ်ရက်လိုက်တာဟူ၍လည်း ယူကျုံးမရ ဖြစ်မိသည်။ ငါကတော့ သူ့ကို ချစ်ခဲ့လိုက်ရတာလေ။ သူကတော့ လုပ်ရက်တယ်။ ဒီလိုပြောရက်တယ်။ ဖေဖေ့ကို ခံစားရစေချင်တာလေးနဲ့ ဒီလောက်ထိပြောလိုက်ဖို့ မသင့်ပါဘူး။ လွှမ်းစရာရှိရင် နာတာနဲ့ဖြေရမယ် ဆိုကြပေမယ့် ဂျင်းဂျာကတော့ လွှမ်းစရာကို လွှမ်းစရာလို့ပဲထားကာ ရင်နာစရာကိုတော့ ရင်နာမိတဲ့အတိုင်းသာ သီးသန့်ခံစားချင်မိနေပြန်သည်။

ဖေဖေ့အခန်းလေးရှေ့ ရောက်သောအခါ ဂျင်းဂျာသည် ဘဲလ်တီးမနေဘဲ ဂျင်းဂျာမှာ အပိုတစ်စုံဆောင်ထားသော သော့ဖြင့် ဖွင့်ဝင်လိုက်ပါသည်။ နောက်ဖေးမီးဖိုချောင်မှာတော့ အိုးတစ်ခုကို ခြစ်ထုတ်ပြီး ရေဆေးနေသံ ကြားရသည်။ တံခါးဖွင့်သံကြားပေမယ့် ဖေဖေ ထွက်မကြည့်ချေ။

ဂျင်းဂျာသည်သူမ၏အိပ်ခန်းဆီသို့ ဝင်လာခဲ့ပြီးလျှင် မီးဖိုချောင်အဝရောက်တော့ အိုးတစ်ခုကို ခြစ်ထုတ်ပြီး ရေဆေးဖို့ ကြိုးစားနေသော ဖေဖေ့ကို တစ်ချက်ရပ်ကြည့်လိုက်ပါသည်။ ဖေဖေက လှည့်မကြည့်ပေမယ့် အိုးကိုခြစ်ထုတ်နေတာတော့ ရပ်တန့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုးတူးပြီး ကပ်နေရင် ရေသာကြာကြာစိမ်ထားလိုက်
ဖေဖေ။ အဲဒီလို ခြစ်ထုတ်နေရင် အိုးရဲ့အပေါ်ယံအလွှာ
ပျက်စီးကုန်တတ်တယ်။ စိတ်ရှည်ရှည်နဲ့ နှစ်ရက် သုံး
လောက်သာ ရေစိမ်ထားလိုက်ပါ ဂျင်း ဆေးပါ့မယ် ဖေ

ဖေဖေ ခေါင်းမညိတ်၊ ခေါင်းမခါပဲ အိုးကိုရေ
နေစဉ် ဂျင်းဂျာကတော့ သူမ၏အိပ်ခန်းထဲသာ ဝင်လာခဲ့ပါသည်

ဖေဖေနဲ့ ဂျင်းဂျာတို့ကြားမှာ ပါးလွှာသော အလွှ
တစ်ခုက ခြားသွားသလို ခံစားရသည်။ အရင်ကလို အခြေအ
မျိုး ပြန်မရောက်နိုင်တော့ဘူး။ ဖေဖေလည်း ငါ့ကြောင့် စိတ်
မှာ ထိခိုက်နာကျင်သွားရပြီ။ ဖေဖေ့ကို စိတ်ဆိုးပြီး ကလန်ကဆ
လုပ်ချင်တာနဲ့ ရည်းစားအိမ် ခဏဆင်းသွားတဲ့ သမီးမျိုးတြေ
ဖေဖေ့မှာ အရှက်ရတာအမှန်ပဲ။ ဖေဖေ့ကို သနားလိုက်တာ။

ရက်ပေါင်းတော်တော်ကြာသည့်တိုင် ဖေဖေလည်
ဒီအကြောင်းကို စကားမဟ။ ဘာမှမမေးသလို ဂျင်းဂျာကလည်
မပြောခဲ့ပါ။ ဖေဖေ့ရင်ထဲမှာလည်း တစ်ခုခုကို နာနေခဲ့မှာဖြစ်သ
ဂျင်းဂျာရင်ထဲမှာလည်း နာတာရော အသည်းကွဲတာရော ပေါင်
ပြီး ထုံနေသည်။

ဂျင်းဂျာ တစ်ခါမှမချစ်ဖူးခဲ့။ နေရောင့်ကိုကျ
ချစ်သွားတာသည် ဂျင်းဂျာ့အမှားမဟုတ်။ သူများတွေ ပြော
သလို အချစ်ဆိုတာကို လိုက်လံရှာဖွေတာ မဟုတ်ဘဲ သူ့အလို
ရှာဖွေတွေ့ရှိခဲ့တာမျိုးမို့ ဒီအချစ်ကိုလည်း ဂျင်းဂျာ တန်ဖိုးထာ





ပါသည်။ ရင်ထဲမှာ နာနေပေမယ့် သူ့ကို မုန်းသလားဆိုတော့
ဂျင်းဂျာ မမုန်းနိုင်ပြန်ပါ။

မထိတရိ ပြုံးတတ်သော အပြုံးရယ်၊ ရီဝေဝေ
သို့ငေ်သလို ကြည့်တတ်လေ့ရှိသော မျက်ဝန်းညိုညို တစ်စုံရယ်၊
ထူထဲမည်းနက်နေသော မျက်ခုံးထူထူတစ်စုံရယ် ရှိသည့် နေရောင့်
ချက်နှာကို မြင်ယောင်ကာ နေ့တိုင်းသတိရနေခဲ့ပြန်သည်။

ဒီလိုနဲ့ပဲ ဂျင်းဂျာရဲ့ သမားရိုးကျနေ့စဉ်ဖြစ်ရပ်တွေ
ဟာ အသက်မဲ့စွာ ပြန်လည်ကျင်လည်ရတော့သလို ဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မိုး နေမကောင်း ဖြစ်နေသလို ပုံစံကြီးနဲ့ နေရောင်ချို ကိုတွေ့သောအခါ ဖေဖေက အံ့ဩသလို မျက်ခုံးပင့်ပါသည်။ ပေပေတေတေ နေတတ်ပြီး ကိုယ့်ကိုယ်ကိုယ်လည်း သိပ်ဂရုမစိုက် တတ်သော နေရောင်ချိုဟာ မကြာခဏတော့ နှာစေးချောင်းဆိုး လေးဖြစ်လိုက်၊ အအေးပတ်လိုက်၊ ကိုယ်ငွေ့ငွေ့လေးပူလိုက် ဖြစ်လေ့ရှိပေမယ့် ပစ်စလက်ခတ်သမားမို့ ဆေးတောင် သေသေ ချာချာ မသောက်တတ်။ ဘယ်လိုက ဘယ်လိုပျောက်သွားမှန်း မသိသော ဒီလိုရောဂါလေးတွေဟာ အခု နောက်ပိုင်းတော့ ရက် ကြာလာတတ်ပြီး ဆေးဝယ်သောက်မှ ပျောက်ချင်သလိုလို ဖြစ် လာတော့ ...

“မင်းမှာ ခမည်းလိုနေတာကွ၊ ဂျင်းဂျာနဲ့ ကွဲသွားပြီးကတည်း က မင်း ပိုချူချာလာတယ်၊ အရင်ကဆို တစ်ရက်လောက် ဖြစ်ပြီးရင် ပျောက်ပြီ”





ဟူ၍တောင် စည်သူက ပြောတတ်သည်။

စည်သူကတော့ သူတို့ကွဲသွားတာ၏ တရားခံသည် နေရောင်ချိုဟုသာ အမည်တပ်လျက် ဂျင်းဂျာကို သွားချော့ခေါ်ဖို့ နေ့စဉ် သတိတရ တိုက်တွန်းတက်သူလည်း ဖြစ်သည်။

“ဖေဖေ့ကို လာတွေ့တာ”

သားနားကျယ်ပြန့်ပြီး ခေတ်မီအသုံးအဆောင်တွေ အပြည့်ရှိသော ဖေဖေ့ရုံးခန်းကို နေရောင်ချို ခြောက်လနေမှတစ် ခါလောက် ရောက်တတ်ပါသည်။ ရောက်ကိုင်းလည်း အပြင်အဆင် တစ်မျိုးမဟုတ်တစ်မျိုး ပြောင်းလဲနေတာကိုတော့ သတိထားမိပါ သည်။ ဖေဖေ ဖြစ်စေချင်တာ သူ့လိုပဲ ရုံးခန်းကြီးထဲမှာထိုင်ပြီး ခေတ်ကျကျ အလုပ်လုပ်သူ လုပ်ငန်းရှင်ကြီးတစ်ယောက်။ နေရောင် ချိုကကျတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်မှန်းမသိပဲ ဖေဖေနဲ့ မေမေကို ဘယ်လိုအရွဲ့တိုက်ရရင် ကောင်းမလဲ ဆိုတာကိုသာ စဉ်းစားနေသူ သားဆိုးတစ်ယောက်ဖြစ်လေသည်။

“ဖေဖေ ဖုန်းထဲမှာ မက်ဆေ့ချ်ပြော ထည့်ထားခဲ့တယ်၊ လာတွေ့ပါဆိုတာ ဘာများလဲ”

အိမ်မှာရှိသောဖုန်း၏ Answering Machine (အန် ဆာရင်းမက်ရှင်း)မှာ ဘယ်တော့မှ စကားပြောပြီး မထည့်ခဲ့တတ် သော ဖေဖေက ထူးထူးခြားခြားပင်။

“နေရောင်ချို ဖေဖေ့ကို လာတွေ့ပါ၊ မနက်ဖြန်မနက်ပိုင်း ကိုးနာရီကနေ ဆယ့်နှစ်နာရီကြားမှာ ဖေဖေ ရုံးခန်းမှာရှိမယ်”



www.burmeseclassic.com

www.burmeseclassic.com

ဟု ထည့်ထားခဲ့လျှင် နေရောင်ချိုလည်း ရောက်လာခဲ့ရတော့လေသည်။

"မင်း နေမကောင်းဘူးလား"

"အအေးပတ်တာပါ၊ ညဘက် ပူတယ်ဆိုပြီး အင်္ကျီချွတ်ကြီးနဲ့ ဝရန်တာထွက်ထိုင်ရင်း အိပ်ပျော်သွားလို့"

"အသည်းကွဲပြီး လုပ်ချင်ရာ လုပ်နေတယ်ပေါ့"

နေရောင်ချိုမဖြေ။ မေမေ့ဆီက ကြားပြီးပုံရသော သတင်းကို ဖေဖေ မေးတာဖြစ်မည်။ ဖေဖေနဲ့မေမေက စိတ်သဘောသားချင်း မတိုက်ဆိုင်လို့ လမ်းခွဲကြပေမယ့် တစ်ယောက်နဲ့တစ်ယောက်တော့ လိုအပ်ရင် ဆက်သွယ်တတ်ပါသည်။

"ဖေဖေ အဲဒါ မေးမလို့ပါ။ ကောင်မလေးကို ယူလည်းမယူဘဲနဲ့ အဲဒီလိုလက်လွှတ်စပယ် ကွဲကြ ကွာကြတာ မကောင်းပါဘူး။ ဖေဖေ သူများသားသမီးကို ကဲ့ရဲ့တာတော့ ဝါသနာမပါဘူး။ ဒါပေမဲ့ ကောင်မလေးဘက်ကလည်း ဣန္ဒြေမဲ့သွားတယ်။ ယောကျ်ားလေးတစ်ယောက်နဲ့ တစ်အိမ်တည်း အတူတူ နှစ်ပတ်လောက် လာနေပြီးမှ စိတ်ဆိုးပြီး ဆင်းသွားတယ် ဆိုတာဟာ ဘာသဘောလဲ။ သူ ဒီလိုမလုပ်သင့်ဘူး"

"ဖေဖေ ပြောချင်တာ အဲဒါဆိုရင် ကျွန်တော့်မှာ ဘာမှ ပြန်ပြောစရာမရှိဘူး။ နားထောင်ပြီး ပြန်ရုံပဲ"

"သူ့မိဘက ဘယ်သူလဲ"





"ဖေဖေ ကျွန်တော် ဒီအကြောင်းကို မေ့ပစ်လိုက်ပြီ"

"ဟော့ကောင် ... ငါမေးတာဖြေ။ မင်းဘာသာ ဘယ်လောက်ပဲ မိဘနဲ့အတူမနေဘဲ ခွဲနေနေ။ မင်းအိမ်ထောင်မကျမချင်းဟာ မိဘအုပ်ထိန်းခွင့်ရှိတယ်၊ မင်းရဲ့အရေးကိစ္စတွေ လူမှုရေး၊ ပညာရေး ကျန်းမာရေး အကုန်ပါခွင့်ရှိတယ်။ ဒါ မြန်မာပြည်ကွ အနောက်နိုင်ငံကလို ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ ကိုယ့်ဘာသာခွဲနေပြီး ကိုယ့်ဘာသာ ဆုံးဖြတ်ခွင့် ဘာမှမရှိဘူး။ မင်းတို့ အခုဖြစ်ပျက်သွားကြတဲ့ ပြဿနာကို ငါရော မင်းအမေရော စိတ်တိုင်းမကျဘူး။ ဒီတော့ သင့်တော်သလို ဖြေရှင်းပေးမယ်"

"မလိုပါဘူး ဖေဖေ။ ကျွန်တော် ဖေဖေ မေမေတို့ရဲ့သား ဖြစ်နေတိုင်း ကျွန်တော့်ဘဝကို ကြီးစိုးခြယ်လှယ်ခွင့်မပေးနိုင်ဘူး။ ကျွန်တော်တို့သာ ကြီးစိုးခြယ်လှယ်ခွင့်ကို မိဘနဲ့ သားသမီး အပြန်အလှန် ပိုင်ဆိုင်ခွင့် ပေးကြမယ်ဆိုရင် ဖေဖေနဲ့ မေမေ မကွဲကြဖို့လည်း ကျွန်တော်တို့ ဝင်ပါမယ်၊ ကျွန်တော်တို့ရဲ့ ဘဝတွေကိုလည်း ဖေဖေမေမေ ဝင်ပါလို့ ရတယ်။ အခုတော့ မရတော့ဘူး။ အားလုံးဟာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးတွေ။ ကိုယ်ဘဝ စိတ်ချမ်းသာတာကို လုပ်သွားကြတဲ့သူတွေပဲ၊ ကိုကြီးနေလည်း သူ့ဘဝအတွက် သူ ကျေနပ်သလို လုပ်သွားတယ်။ ကျွန်တော်လည်း ကျွန်တော် လုပ်ချင်တာ လုပ်မယ်"


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြန်ပြောလိုက်သောအခါ ဖေဖေ ခေါသတကြီး ထရပ်လိုက်ပြီး စားပွဲကို လက်သီးနဲ့ ထုလိုက်ပါသည်။ အလှ စားပွဲပေါ်ရှိ ဘောလ်ပင်န်များထည့်သော ခြင်းလေးရယ်၊ စ ဖိသော အလှဖန်တုံးလေးတချို့ရယ်၊ သူတို့မောင်နှမသုံးယောက် ပုံထည့်ထားပြီး ထောင်ထားသော ငွေရောင်မှန်ပေါင်လေးရယ် ကွန်ပျူတာရယ်၊ ဖေဖေ့ကော်ဖီခွက်ရယ်ဟာ ဖေဖေ့လက်သီးအရှိန် ကြောင့် အသံမြည်ကာ အနည်းငယ်ဆီ လှုပ်ရှားသွားကြပါသည်။

"ဟော့ကောင် ... မင်းပြောသနော မင်းဘာသာပြော။ သား ကြီးကို ဆွဲမထည့်နဲ့။ သားကြီးဟာ သူ့ဘာသာလမ်းမှား ရောက်နေလို့ သူ့ဘာသာပြန်တည့်မတ်အောင် ကြိုးစားရင် မတော်တဆ ဖြစ်သွားတာ။ သူ ကျေနပ်လို့လုပ်သွားတာ မဟုတ်ဘူး"

"ဖေဖေက ကိုကြီးနေခဲ့ ဘာလုပ်လုပ် အကောင်းမြင်တယ်။ ကျွန်တော့်ကျ ဘာလုပ်လုပ် အပြစ်တွေချည်းပဲ"

"မင်း ငါ့ကိုခံမပြောနဲ့ မင်းလုပ်နေပုံတွေက ဦးအောင်မြတ် ချိုကို ထိခိုက်တယ်၊ ဒေါ်ကေသီကို ထိခိုက်တယ်။ သူ တစ်ပါး သမီးပျိုကို ကိုယ်ချင်းမစာ မျက်နှာလွှဲခဲ့ပစ် လုပ် တတ်တဲ့လူတွေလို့ တစ်ဖက်က ထင်သွားလောက်စရာ တယ်"

"ဖေဖေတို့ရဲ့သိက္ခာတွေအတွက်တော့ ကျွန်တော့်မာနကို မချနိုင်ဘူး။ ကျွန်တော် သွားမယ် ဖေဖေ"





"ဟော့ကောင် ... မင်းကို ငါ မေးထားတာတွေ မပြီးသေး ဘူး၊ ပြန်လာထိုင်စမ်း"

နေရောင်ချိုဟာ ဖေဖေ့စကားကို နားမထောင်ဘဲ ရုံးခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ကာ ထွက်လာတော့သည်။ သား အဖနှစ်ယောက် အော်ကြ၊ ဟစ်ကြ ပြောဆိုနေသံကို အပြင်က နေ ကြားရသည်မို့ ဒီဘက် ခေါင်းတွေလှည့် နားစွင့်နေကြသော ဝန်ထမ်းတွေဟာ နေရောင်ချိုလည်း ထွက်လာရော အားလုံးဇာတ် တိုက်ထားသလိုပင် ခေါင်းတွေ ဆတ်ခနဲ ပြန်လှည့်သွားကြပါ သည်။ ဖေဖေ့အတွင်းရေးမှူးဖြစ်သော အန်တီကြီးကတော့ နေ ရောင်ချိုတို့ ငယ်ငယ်လေးတည်းက ဒီမှာ အလုပ်လုပ်လာသည် ဖြစ်ရာ မိသားစုဝင်တွေနဲ့ အကုန်ရင်းနှီးနေကြပြီမို့ ...

"သား ... နေရောင်ချို"

ဟု သံယောဇဉ်မကင်းစွာ စိုးရိမ်မကင်းစွာ လှမ်း ခေါ်ပါသည်။

"သွားတော့မယ် အန်တီခင်"

"သား နေကောင်းရဲ့လား"

ဖြူဖျော့ပြီး မျက်လုံးတွေ မို့အစ်နေသော နေရောင်ချို့ မျက်နှာကို သတိထားမိပြီး လှမ်းမေးပေမယ့် နေရောင်ချို ဖြေ မနေတော့ဘဲ ကုမ္ပဏီရုံးခန်း အပြင်ဘက်ကို ထွက်လာခဲ့တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ရောက်တော့ လေအေးစက် ပေးထားသော အေးစိမ့်နေတဲ့ ရုံးခန်းနဲ့မတူအောင် ပူရှိန်နေတဲ့ နေရောင်ကြောင့် လူက ခေါင်းတွေမိုက်ခနဲတောင် ဖြစ်သွားပါသည်။ တစ်ညလုံးလည်း ကောင်းကောင်းမအိပ်ဘဲ ထိုင်နေခဲ့တာရော၊ ကိုယ်နည်းနည်းပူနေတာရောကြောင့် ခေါင်းကပိုမူးလာသည်။ ဒါနဲ့ပဲ အိမ်ပြန်နားချင်တာနဲ့ တက္ကစီငှားပြီး ပြန်လာလိုက်သည်။

အိမ်ရောက်တော့ အိပ်ရာထဲခွေနေပေမယ့် တကယ်ကျ အိပ်မပျော်။ လူက ဘယ်လိုဖြစ်နေမှန်းမသိ နေမကောင်းသလို ခံစားနေရသည်။ ဒီလိုနေမကောင်းဖြစ်နေတာကို စိတ်တိုပြီး အလိုလိုဒေါသထွက်နေပါသည်။ အရင်က ဒီလောက်ကျန်းမာတာ။ ဘာကြောင့် အခုမှ ဒီလိုဖြစ်ရလဲ။ ဂျင်းဂျာကြောင့် အသည်းကွဲပြီး ခံစားနေရတာလား။ လွမ်းဖျားလား။ အသည်းကွဲခြင်းဟာ လူကို တော်တော်ထိခိုက်စေသလား။

စည်သူ ပြန်လာတော့ အိပ်ရာထဲခွေနေသည့် နေရောင်ချို့ကိုမြင်လျှင် ...

"ဟာကွာ ... နေမကောင်းဖြစ်ရင်လည်း ဆေးခန်းသွားပြပါကွာ၊ ဒီလိုကြီးတော့-ခွေမနေပါနဲ့၊ မင်းကလည်း"

ဟု ကရုဏာဒေါသောဖြင့် ပြောသည်။

"အခုတလောမှ ဖြစ်ဖြစ်နေတာ ဟုတ်တော့ မဟုတ်သေးဘူးနော် နေရောင်ချို"





"ဘာလဲ ... ဂျင်းဂျာကို လွမ်းလို့ဆိုပြီး အပြစ်တင်ဦးမလို့လား။ မာနတွေချပြီး သွားခေါ်ပါလားလို့ တိုက်တွန်းဦးမလို့လား"

"ဖဟုတ်ဘူး၊ ငါ စဉ်းစားမိတာက လူတစ်ယောက်ဟာ အသည်းကွဲပြီး လွမ်းနေတာလောက်နဲ့တော့ ဒီလိုဖြစ်စရာမရှိဘူးလေ။ ဆေးခန်းပြပြီး ရောဂါသွားစစ်ကြည့်ခိုင်းမလို့"

"ဟော့ကောင် ... ငါ့ကို အေကိုက်နေပြီ ထင်လို့လား ... ဟား ဟား"

"အဲဒီသဘောပြောတာ မဟုတ်ပါဘူး၊ မင်းမှာကွာ အဆုတ်ရောင်တာတို့၊ နှလုံးရောဂါတို့များ ရှိသလားလို့ပါ။ ကြားဖူးနားဝတွေပေါ့ကွာ"

"ငါ အကောင်းကြီးပါကွာ၊ မင်း ပြန်လာမှပဲ ငါလည်း နေကောင်းသွားသလိုပဲ။ လာကွာ ...အပြင်ထွက်ပြီး နေပူပူမှာ ချွေးပြန်အောင် ကြေးအိုးပူပူ သွားသောက်ပစ်လိုက်မယ်၊ ဒါဆို ကောင်းသွားမှာပါ"

စည်သူက ဆက်တိုက်တွန်းမနေတော့ပဲ အိပ်ရာမှ လဲထကာ အဝတ်လဲနေသော နေရောင်ချိုကို အကဲခတ်ရင်း ...

"မင်းအဖေနဲ့ သွားတွေ့ပြီးပြီလား"

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်းပေါ့ကွာ၊ ခေါ်ဆိုတာပေါ့"

"နိုင်ငံခြားထွက်ပြီး ကျောင်းသွားဖို့ကိစ္စလား"

"အဲဒါမဟုတ်ဘူး၊ ဂျင်းဂျာနဲ့ကိစ္စ"

"အေးကွာ ... ငါ မင်းကို အတင်းတော့ မတိုက်တွန်းချင်ပါဘူး။ မင်း သူ့ကို တကယ်ချစ်ရင်လည်း ..."

နေရောင်ချို့ လက်အသာကာပြီး စည်သူ့စကားကို ဖြတ်ချပစ်လိုက်ပါသည်။

တကယ်တော့ ချစ်ပါတယ် ဂျင်းဂျာရယ်။ ဒါပေမဲ့ ကိုယ့်ကို ပြန်ချစ်ပါ။ ခွင့်လွှတ်ပါလို့တော့ မရှောချင်ဘူး။





## ၁၆

"မမ ... မမဂျင်း ... မမဂျင်း"

ကားတစ်စီး ဖြတ်သွားစဉ် ထိုကားပေါ်မှ ခေါင်းပြူ ...က်ပြကာ အော်ခေါ်လိုက်သော မိန်းကလေးကို ဂျင်းဂျာ ချက် ...င်းမှတ်မိပါသည်၊ ဂျင်းဂျာဟာ ပြန်လက်ပြနေစဉ် ကားက ...မ်းဘေး ကားရပ်လို့ရသော နေရာမှာ ထိုးရပ်လိုက်သည်။ ...ားတံခါးဖွင့်ပြီး ဆင်းလာသော လမင်းချိုကို တကယ်တော့ ...င်းဂျာ မဆုံချင်။ စကားမပြောချင်ပါ။ ဒါပေမဲ့ ရိုင်းပျပြီး ရင် ...က်မှုမရှိစွာ လှည့်ထွက်လိုက်ဖို့ကိုတော့ စိတ်ကူးထဲမှာပင် မရှိ ...ပါ။

လမင်းချိုက ပြေးတော့မလို ခြေလှမ်းတွေနဲ့ ဂျင်းဂျာ ... လျှောက်လာပါသည်။ ဖြူဖျော့ဖျော့နှင့် နေရောင် သိပ်ထိပုံမရ ... အသားအရေပိုင်ရှင် လမင်းချိုထံတွင် သူမ၏အစ်ကိုနဲ့တူတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ မျက်ဝန်းညိုညိုတွေသာရှိသည်။ သူမက အစ်ကိုနဲ့အနည်
ငယ်သာဆင်သော မိန်းကလေးဖြစ်သည်။

"မမဂျင်းကို ဆက်သွယ်မလို့ပါ။ ဘယ်လိုမှ စဉ်းစား
ဘူး ဖြစ်နေတုန်း တွေ့လိုက်ရတော့ ဝမ်းသာသွားတယ်"

လမင်းချိုက အနားရောက်လာလာချင်း မောနေသေ
အသံဖြင့်ပြောသည်။

"ကျောင်းက ပြန်လာတာလား၊ အဲ ... မဟုတ်ပါဘူး၊ အ
ချိန်က ကျောင်းဆင်းချိန်လည်း မဟုတ်တော့ဘူး၊ ညီမလေ
ဘယ်ကပြန်လာတာလဲ"

ကျောင်းဝတ်စုံ ဝတ်ထားဆဲဖြစ်သော လမင်းချို
အကဲခတ်ရင်း မေးလိုက်ပါသည်။

"ကျောင်းဆင်းဆင်းချင်း လမင်း လုပ်စရာကိစ္စလေး
မပြတ်သေးလို့ အဲဒီရောက်တာနဲ့ အကျီမလဲရသေးတာ
ဒီမှာ မမဂျင်း ကြည့်ပါဦး"

လမင်းချိုလက်ထဲ ထိုးထည့်လာသော ပန်းဖလ
လေးကို ဂျင်းဂျာ ယူကြည့်လိုက်ပါသည်။

"ဟယ် ... တစ်ကိုယ်တော် ပန်းချီပြပွဲ ဟုတ်လား"

ဂျင်းဂျာ အံ့သြဝမ်းသာစွာ မေးမိ၏။

"ကိုလေးနေပဲ ဦးစီးပြီး အခန်းငှားပေးတာတို့၊ ပန်းဖလ
ရိုက်တာတို့၊ လူတွေဖိတ်တာတို့၊ ကြော်ငြာတာတို့ လု





ပေးထားတာလေ။ လမင်းက မမဂျင်းကို ဖိတ်ချင်တယ်
ပြောတော့ သူက ဘာမှလဲ ပြန်မပြောဘူး။ လမင်း လုပ်
ချင်တာတွေ သူ လုပ်ပေးနေလို့ သူ့ကို စိတ်မဆိုးအောင်
နေနေပြီး စိတ်လျှော့ထားတာ သိလား။ တကယ်တော့
လမင်း သူ့ကို စိတ်ဆိုးချင်နေတာလေ။ မမဂျင်းနဲ့သူ့ကို
လမင်းက သဘောတူထားတာ"

ဂျင်းဂျာ ဘာမှပြန်မပြောဘဲ ပန်းဖလက်ကိုသာ
စိတ်ဝင်တစား ကြည့်ချင်ဟန်ဆောင်နေမိသည်။ တကယ်တော့
လာအချော့ကို စောင့်နေမိခဲ့တာမို့ တခြားသူတွေကို စိတ်အခြေ
အနေကို ရိပ်မိသွားမှာလည်း စိုးပါသည်။

"မမဂျင်း ဆက်ဆက်လာကြည့်နော်"

"လာဖြစ်မယ် မထင်ပါဘူး လမင်းရယ်"

"ဘာလဲ ... ကိုလေးနေကြောင့်လား"

"........"

"သူ့ကို ဂရုစိုက်မနေပါနဲ့၊ အလကား သူလည်း အသည်း
ကွဲနေတာ၊ မမဂျင်းကို မာနကြီးပြီး သူက လာမချော့တာပါ"

ဂျင်းဂျာကတော့ ပြောစရာစကား မရှိသလိုဖြစ်ပြီး
ရင်ထဲမှာ ဆို့နင်ကာ နာနေပါသည်။ ဂျင်းဂျာဘက်က အများကြီး
ဆုံးရှုံးခံပြီးတော့ ချစ်ခဲ့ရတာနဲ့ မတန်အောင် သူက မာနကြီးသတဲ့
လား။



www.burmeseclassic.com

www.burmeseclassic.com



"ပြပွဲက နှစ်ရက်ပဲ လုပ်မှာပါ။ လမင်းက တကယ့်ပန်းချီဆရာမ စစ်စစ်ကြီး မဟုတ်ဘူး။ အခုမှ အပျော်တမ်းစဝင်တာဆိုတော့ တစ်ရက်တည်းပဲတောင် လာကြည့်မယ့်လူရှိပါ့မလား မသိဘူး။ လမင်းဘက်မှာ လာအားပေးမယ့်သူနည်းနေတာမို့ မမဂျင်းကို ခေါ်တာပါ။ မမဂျင်းရဲ့သူငယ်ချင်းတွေ ရှိရင်လည်း ခေါ်လာခဲ့ပါနော်။ လမင်း အရမ်းဝဲစိတ်လည်းလှုပ်ရှားတယ်။ စိတ်အားလည်းငယ်တယ်"

"ဘာစိတ်အားငယ်စရာရှိလဲကွယ်၊ လမင်းမှာ လမင်းကိုချစ်တဲ့ မိဘတွေရော၊ အစ်ကိုရော ရှိတာပဲ"

"ဖေဖေက မချစ်ပါဘူး။ လမင်း ဒီအလုပ် လုပ်တာကို ဖေဖေမကြိုက်ဘူး မမဂျင်းရဲ့။ ဖေဖေက လမင်းကို သူ့လိုပဲ စီးပွားရေးအလုပ်တွေထဲပဲ စိတ်ဝင်စားစေချင်တာ။ ဖေဖေနဲ့ ကိုလေးနေလည်း အဲဒါကြောင့် မတည့်ကြဘူး။ ကိုလေးနေကလည်း ဖေဖေ့လို အလုပ်မျိုး ဝါသနာမပါဘူး"

နေရောင်က ဘာကိုဝါသနာပါလဲ။ ဂျင်းဂျာ ခုမှပဲ စဉ်းစားကြည့်မိတော့သည်။ နေရောင် ဘာကိုဝါသနာပါလဲဆိုတာ ဂျင်းဂျာ လုံးဝမသိပါ။

"ပြီးတော့ လမင်းမှာ အားပေးမယ့် သူငယ်ချင်းလည်း မရှိဘူး။ ဒါကြောင့် မမဂျင်းကို လမင်းရဲ့သူငယ်ချင်းအဖြစ် လာစေချင်တာပါ"





"လမင်းမှာ ဘာလို့ သူငယ်ချင်းမရှိရမှာလဲ၊ ရွယ်တူတွေပဲ ပေါင်းပေါ့။ လမင်း အခုလိုတော်နေတာ၊ သူတို့သိကြရင် လမင်းကို ပေါင်းချင်ကြမှာပေါ့"

"သူတို့က လမင်းကို မပေါင်းချင်တဲ့အပြင် မနာလိုတောင်ဖြစ်နေတယ်။ လမင်းအတန်းထဲမှာ ဘယ်သူနဲ့မှ စကားမပြောဘူး။ လမင်းကို မနာလိုတဲ့ အုပ်စုက ကောင်မလေးက ခေါင်းဆောင်လို ဖြစ်နေတော့ သူ့ကို အားလုံးက ကြောက်ပြီး သူ့စကားကို နားထောင်ကြတဲ့သဘော ဖြစ်နေတာ"

လမင်းချိုဟာ ဂျင်းဂျာ့ကို တကယ် အစ်မရင်းတစ်ယောက်လိုပဲ သဘောထားကာ တိုင်ပင်ချင်ဟန်ဖြင့် စကားမပြတ်အောင်ပဲ ဖြစ်နေသည်။

"ဘာမှ အားမငယ်ပါနဲ့ လမင်းရယ်။ လမင်း တက္ကသိုလ်ရောက်အောင်ပဲ ကြိုးစားပေါ့။ တက္ကသိုလ်ရောက်တဲ့အခါကျရင်တော့ လမင်းကို အားကျပြီး ခင်ချင်တဲ့သူငယ်ချင်းတွေ ရှိလာမှာပေါ့"

"မမဂျင်း ဆက်ဆက်လာခဲ့ပါနော်"

"မမ ကတိမပေးချင်ဘူး ညီမလေးရယ်"

"လမင်း မျှော်နေမယ်၊ ကိုလေးနေကြောင့်မဟုတ်ဘဲ လမင်း မမဂျမ်းကို သီးသန့်ခင်တာမို့ လမင်းကိုချစ်ရင် လာခဲ့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာ ခေါင်းမညိတ်၊ ခေါင်းမခါသာ နေခဲ့သည်။

"မမဂျင်း ဘယ်ပြန်မှာလဲ၊ လမင်းနဲ့ လိုက်ခဲ့လေ လိုက် ပေးမယ်"

"ရတယ် ... ရတယ်၊ မမ,ဈေးဝင်စရာရှိတယ်"

"အဲဒီဈေးမှာ ချပေးခဲ့မယ်။ လာပါ ... လိုက်ခဲ့ပါ မမဂျ ရဲ့။ မာနမကြီးပါနဲ့။ ကားပေါ်မှာ ဆက်ပြီးစကားပြော ရတာပေါ့။ မမဂျင်း ဆင်းချင်တဲ့နေရာကျရင်သာပြော"

လမင်းချိုက အတင်းလက်ဆွဲခေါ်နေသဖြင့် ဂျင်းဂျ ဆက်မငြင်းတော့ဘဲ လမင်းချိုနဲ့အတူတူ တက်လိုက်လာခဲ့သည်။ ဒရိုင်ဘာမောင်းသော ကားတစ်စီးဖြင့် သူမ,သွားလိုရာ သွား ရသော ဂျင်းဂျာ၏အထီးကျန်မှုကို လေ့လာမိလျှင် ကရုဏာသ ရသည်။ သူငယ်ချင်းလည်း မရှိ။ အိမ်မှာ စကားပြောဖော်လည်း မရှိသော လမင်းချိုသည် ဂျင်းဂျာ့ကို လက်မလွှတ်စတမ်း ဆွဲ ကိုင်ကာ သူမရင်ထဲမှာ ရှိတာတွေ ဆက်တိုက်မနားတမ်း ပြောလ သည်။

တစ်လမ်းလုံးပဲ သူမ၏ ပန်းချီကားတွေအကြောင်း ဆယ်တန်းအောင်ပြီးရင် ဒီမှာပဲ တက္ကသိုလ်တက်ချင်တဲ့အကြောင်း အဖေလွှတ်တဲ့ နိုင်ငံခြားမှာ ကျောင်းသွားတက်ရမယ့် အစီအစဉ် ရအောင်ငြင်းမယ့်အကြောင်း၊ သူမ အတန်းထဲက သူမကို မနာ လိုဘဲ မထိတထိစ,ကာ စိတ်အနှောင့်အယှက် ပေးနေသော ကောင်မလေးတွေအကြောင်း စသဖြင့် ခေါင်းစဉ်တစ်ခုပြီးတစ်





ဆက်တိုက်ပြောနေတော့သည်။ ဂျင်းဂျာကတော့ လမင်းချို၏ အကောင်းဆုံး နားထောင်ပေးသူ ဖြစ်နေခဲ့ပါသည်။

ညနေစာချက်ရန် ဈေးဝင်ရမည်ဖြစ်ရာ ဂျင်းဂျာက အိမ်နဲ့နီးသော ဈေးလေးတစ်ခုရှေ့မှာ ကားရပ်ခိုင်းတော့မှပဲ လမင်းချိုနဲ့လည်း စကားပြတ်ရတော့သည်။

"မမဂျင်း ... ဆက်ဆက်လာနော်"

လမင်းချို ဒီစကားကိုတော့ မမေ့မလျော့ အော်ပြောကာ လက်ပြသွားပါသည်။ ဂျင်းဂျာမှာ လမင်းချိုနဲ့ ဆုံလိုက်ရတော့ တမင်ရအောင် မေ့ထားသော နေရောင့်အကြောင်းတွေ ပြန်ပြန်သတိရလာကာ စိတ်နဲ့ကိုယ်ပင် မကပ်တော့သလို ဖြစ်သွားခဲ့ပါသည်။ ရင်ထဲမှာ နာနေရင်းက ချစ်နေတာတော့ တော်တော် ခံရခက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

နေရောင်ချိုသည် ထောင့်တစ်နေရာမှ လက်အသာ ပိုက်ကာ ခိုး၍ကြည့်နေမိသည်။ လမင်း ဘယ်တုန်းက ဂျင်းဂျာနဲ့ အဆက်အသွယ်ရပြီး ဖိတ်ထားသလဲမသိချေ။ ပန်းချီပြပွဲထဲ ဂျင်းဂျာ ဝင်လာတော့ လမင်း ဝမ်းသာအားရ ပြေးသွားခဲ့တာကို နေရောင်ချို လိုက်ငေးကြည့်မိလေသည်။ သူတို့ချင်း တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်း ဆုံမိခဲ့ကြပေမယ့် ဂျင်းဂျာရဲ့ အေးစက်သယောင် ထင်ရသော မျက်ဝန်းတွေကြောင့် သူ့ရဲ့အပြုံးတွေ ဖရိုဖရဲနဲ့ လမ်းခုလတ်မှာတင် ရပ်တန့်ပစ်လိုက်ရပါသည်။ သူ့စိမ်းတွေလိုပဲ နေတော့မယ်လား ဂျင်းဂျာ။

ဒါနဲ့ပဲ နေရောင်ချို တစ်ယောက် ဂျင်းဂျာကို သူ လိုက်ကြည့်နေတယ် ထင်မှာလည်းစိုး၊ ဂျင်းဂျာကိုလည်း ကြည့်ချင် ဖြစ်နေသဖြင့် ဂျင်းဂျာ မမြင်နိုင်သော တစ်နေရာကနေ ပုန်း အောင်းပြီး ခိုးကြည့်နေမိသည်။





"သားငယ် … နေရောင်"

မေမေ အနားလာရပ်ပါသည်။

"ကိုယ်က ယောကျ်ားလေးပဲ၊ ကိုယ်ကမှစပြီး စကားသွား မပြောရင် သူလည်း ဘယ်တော့မှ ပြောလာမှာမဟုတ်ဘူး"

"နေပါစေ … ထားလိုက်ပါတော့၊ ပြီးသွားပြီ"

"အဲဒီလို ဘယ်ဟုတ်မလဲ။ ကောင်မလေးဘက်က တစ်ခုခု မပြတ်မသား ဖြစ်နေသေးလို့ လမင်းဆီ ရောက်လာတာပေါ့။ ပြီးတော့ မေမေ ဒီလိုဖြစ်ကြတာကိုမကြိုက်ဘူး။ တစ်ယောက် နဲ့တစ်ယောက် ဘာမှပြဿနာကြီးကြီးမားမားလဲ မရှိဘူး မဟုတ်လား"

သူတို့ဘာကြောင့်ကွဲရတယ် ဆိုတာကို မေမေကတော့ အသေးစိတ် မသိလေရာ ကြားထဲ ဝင်ဖျန်ဖြေလိုပုံရသည်။ မေမေ ရော လမင်းရော ဘာကြောင့်မှန်းမသိ ဂျင်းဂျာကိုတော့ တော်တော် လေး သဘောကျကာ နေရာပေး ဆက်ဆံလိုပုံရသည်။

"ဖေဖေလည်း မလာသေးဘူး"

နေရောင်ချို စကားလွှဲလိုက်ပါသည်။

"သူ့အဖေမလာမှန်းသိရင် သမီးလေး သိပ်စိတ်ထိခိုက်လိမ့် မယ်"

"ကျွန်တော်ကိုယ်တိုင် သေသေချာချာပြောပြီး ဖေဖေ့လက်ထဲ ပန်းဖလက်ကို ထည့်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ညနေငါးနာရီထိ စောင့်ကြည့်ရမှာပေါ့။ ပြောဟာ ... မေမေ့မိတ်ဆွေတွေတောင် ဝင်လာကြပြီ"

မေမေနဲ့စကားစပြတ်သွားတော့မှ ဂျင်းဂျာထံ အာရုံပြန်ရောက်သွားပါသည်။ ဂျင်းဂျာ့နားမှာ လမင်းမရှိတော့။ မေမေဆွဲခေါ်သွားသောကြောင့် မေမေ့မိတ်ဆွေတွေနဲ့ မိတ်ဆက်ဖို့ပါသွားပြီ။ ဂျင်းဂျာက ပန်းချီကားတစ်ချပ်ကို သေသေချာချာ ရပ်ကြည့်နေသည်။ နေရောင်ချို ရအောင်လှမ်းကြည့်လိုက်တော့ ဂျင်းဂျာအကြာကြီး ရပ်ကြည့်နေသော ပန်းချီကားမှာ နေရောင်ချို့ပုံကိုပုံတူဆွဲထားသော ပန်းချီကား ဖြစ်နေသည်။ ပုံတူပေမယ့် တခြားလူကတော့ ဒါဟာ နေရောင်ချို့ပုံပါဟု မသိသာသောပုံဖြစ်ပြီးသူနဲ့အနီးကပ် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံကြသူ မိသားစုနဲ့ သူငယ်ချင်းတွေလောက်သာ သိနိုင်သော ပုံစံမသဲမကွဲသာဖြစ်သည်။ ပန်းခြံလိုလို နေရာတွေမှာထားတတ်သော ကျောက်ပါသည့်သစ်သား ခုံတန်းရှည်ပေါ်မှာ ဘေးတစ်စောင်းမကျတကျ မျက်နှာနှင့် တစောင်းထိုင်နေသည်။ ဒူးနှစ်ဖက်ပေါ် လက်တံတောင်ကျေးတင်ထားဟန် ခပ်ကိုင်းကိုင်း ကိုယ်ဟန်နှင့်ဖြစ်သည်။ လက်တစ်ဖက်ရဲ့လက်ညှိုးလက်ခလယ်တို့ကြားမှာ စီးကရက်တစ်လိပ်ရှိနေသည်။ သောက်လက်စစီးကရက်တစ်လိပ်လည်း ဖြစ်သည်။ ခပ်စင်းစင်းဖြစ်နေသော မျက်လုံးတွေက မြေပြင်ကိုစိုက်ကြည့်တွေးတောနေပုံမျိုးဖြစ်သည်။ လမင်းချို ဒီပုံကို ဘယ်လိုစိတ်ကူးနဲ့ဆွဲသည်မသိ။ ကိုကြီးနေရဲ့ ပုံတူကိုကျတော့ အိမ်ရဲ့ဝရန်တာကိုမှီရပ်





ကာ အားရပါးရ ရယ်မောနေပုံဖြစ်ပြီး သူတို့နှစ်ယောက်ပုံကိုချွဲတွဲပြထားပါသည်။ ဒါပေမဲ့ သေချာတာကတော့ ဂျင်းဂျာကြည့်နေတာဟာ နေရောင်ချို့ပုံသာဖြစ်သည်။

ဒီတော့ နေရောင်ချိုလည်း စိတ်ပြောင်းသွားကာ ဂျင်းဂျာ့နား သွားရပ်လိုက်ပါသည်။ သူရပ်လိုက်လျှင် ရပ်လိုက်ချင်းပဲ ဂျင်းဂျာ လှုပ်လှုပ်ရှားရှားဖြစ်ကာ ...

"လမင်းရဲ့ကြိုးစားမှုကို လာအားပေးတာပါ"

ဟု ချက်ချင်း ပြောပါသည်။

နေရောင်ချို အသာပြုံးရင်း ...

"ဂျင်းဂျာ အခု ဘာလုပ်နေလဲ"

လို့သာ နှုတ်ဆက်သလို စကားစလိုက်သည်။

"ဘာလုပ်ရမှာလဲ ဒီလိုပဲပေါ့၊ ပုံမှန်အတိုင်းပဲ ကျောင်းသွားတက်စရာရှိတဲ့ သင်တန်းသွား အိမ်ပြန်"

"ကိုယ်လည်း အဲဒီလိုပါပဲ"

ထိုသို့တုံ့ပြန်ပြောလိုက်ပြီးမှ ငါလည်းမခံစားရပါဘူးလို့ ပြန်ပြောတဲ့သဘောများ ဖြစ်နေမလားဆိုပြီး စိုးရိမ်သွားပါသည်။ သို့သော် ဂျင်းဂျာက မျက်နှာအမူအရာ မပြောင်းလဲစွာ ပန်းချီကားကိုသာ ကြည့်နေဆဲဖြစ်ပါသည်။

"ကိုယ့်ပုံက ဘာထူးခြားနေလို့လဲ"

"ကိုကြီးနေ ပုံနဲ့ ယှဉ်ကြည့်နေတာပါ"

"ကိုကြီးနေက ပိုချောတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ချောလား မချောလားတော့ မခန့်မှန်းတတ်ပါဘူး။ ဒါပေ
သူ့မျက်လုံးတွေက ပွင့်လင်းတယ်။ မလျှို့ဝှက်ဘူးလို့ထင်
တယ်"

"ကိုယ်ကတော့ လျှို့ဝှက်တတ်တယ်လို့ ဆိုချင်တာလား"

"ရှင့်မျက်လုံးတွေမှ မမြင်ရဘဲ"

"ပန်းချီကားထဲမှာ မမြင်ရပေမယ့် အပြင်မှာတော့ မြင်
တာပဲ မဟုတ်လား"

ဂျင်းဂျာ ဘာမှမဖြေဘဲ တခြားပန်းချီကားတွေကို
ဆက်ကြည့်ဖို့ ခြေလှမ်းရွှေ့လျှင် နေရောင်ချိုပါ အသာကပ်ပါလာ
မိသည်။

"တစ်ခုပြောမယ်"

"ပြော"

"လမင်းဆီကို လာတာနော်၊ ရှင့်ဆီကို လာတွေ့တာ
မဟုတ်ဘူး၊ အတွေ့ခံချင်လို့ လာခဲ့တာ မဟုတ်ပါဘူး"

"သိ ပါတယ် ဂျင်းရယ်။ ကိုယ် ဂျင်းရဲ့စိတ်ကို နားလည်
ပါတယ်"

"အားလုံးကို မေ့ထားတယ်"

နေရောင်ချိုသည် ဂျင်းဂျာ့ရင်ထဲမှာ သူရှိနေသေး
တယ်ဆိုတာ အလိုလိုနေရင်း ခံစားပြီး သိနေလျှင် ဒီတစ်ခါတော့
ဂျင်းဂျာ့ကို ထပ်ပြီးအဆုံးရှုံးမခံတော့ဘူးဟု ချက်ချင်းပဲ ဆုံးဖြတ်
ပါသည်။





"ကိုယ်ကတော့ မမေ့နိုင်ခဲ့ဘူး"

"ရှင် ဖေဖေ့ကို နိုင်သွားတာဆိုတော့ ဘယ်မေ့မလဲလေ"

"ဂျင်း ... ကိုယ်တို့ အေးအေးဆေးဆေး စကားသွားပြော
ကြရအောင်"

"မကားပြောရမယ့်အချိန်တွေ မရှိလာတော့ဘူးလေ။ ရှင်
ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ စကားအခွန်းပေါင်းများ
စွာ ပြောလိုက်သလိုပဲ ထိသွားခဲ့တယ်လေ။ ဘာတွေပြော
စရာလိုသေးလဲ"

"ဂျင်း ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် တကယ်တော့
အဲဒီလို မပြောသင့်ဘူးဆိုတာ တဖြည်းဖြည်းနဲ့မှ နောင်တ
ရလာခဲ့တာပါ"

"ဂျင်း သွားတော့မယ် နေရောင်။ ဆောရီးပဲ ... ဂျင်း အရင်
က ဖြစ်ခဲ့တာတွေကို စိတ်မဝင်စားတော့ဘူး"

"ဂျင်းရယ်"

နေရောင်ချို လက်လျှော့ပြီး နေရာမှာ ရပ်ကျန်ခဲ့
သည်။ ဂျင်းဂျာကတော့ ဘောက်ဆတ် ဘောက်ဆတ်ဖြင့် လမင်း
ရှိရာဆီ လျှောက်သွားခဲ့ကာ၊ နှုတ်ဆက်နေလေသည်။ ပြီးတော့
နေရောင်ချို့ကို တစ်ချက်မှ မကြည့်တော့ဘဲ ပြပွဲခန်းမအပြင်ဘက်
ကို ထွက်သွားခဲ့ပါသည်။

"ဘယ်လိုလဲ၊ အဆင်မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



စည်သူက နေရောင်ချို့ပခုံးကိုပုတ်ပြီး လာမေးတော့မှ နေရောင်ချို့ ဒီကောင် ရောက်နေကြောင်း သိတော့သည်။

"ငါ ခုနတည်းက ရောက်နေတာ။ မင်းတို့ကို အခြေအနေ စောင့်ကြည့်ပြီး မလာသေးဘဲ ချောင်းနေတာ"

"မင်းကောင်မလေး ခေါ်လာမယ်ဆို"

"သူ မအားလို့ကွ"

"မင်း အေးအေးဆေးဆေး ကြည့်ဦး။ ငါလည်း ဖေဖေ့ကို တစ်ချက် ဖုန်းဆက်လိုက်ဦးမယ်"

စည်သူ ကျွန်ရစ်ခဲ့သည်။ နေရောင်ချို့က မေမေ့ဆီက ဖုန်းတောင်းပြီး ဖေဖေ့ဖုန်းကို ခေါ်ပါသည်။ ဖုန်းပိတ်ထားသည်။ ဒါနဲ့ ရုံးဖုန်းကိုခေါ်သည်။ ဖေဖေ့အတွင်းရေးမှူး အန်တီခင်က ဖုန်းအရင်ကိုင်သည်။

"အန်တီခင် ကျွန်တော်ပါ၊ ဖေဖေနဲ့ပြောချင်လို့"

"meeting မပြီးသေးဘူး သား"

"ဒီနေ့ လမင်းရဲ့ပွဲရှိတယ်လို့ သေသေချာချာ ပြောထားတာ ဖေဖေလည်း လာမယ်လို့ ကတိပေးထားတာ အန်တီခင်"

"meeting က ပြီးတော့မှာပါ။ ပြီးရင် သူ သွားလိုက်ဖို့ အန်တီ သတိပေးလိုက်မယ်သား"

"မနက်ကိုးနာရီကနေ ငါးနာရီပဲ ပြပွဲလုပ်ခွင့် ရထားတာ အန်တီခင်။ အခုပဲ လေးနာရီကျော်နေပြီ"





"meeting စောစောစချင်တာပါပဲ။ လူစုံအောင် စောင့်နေရတယ်လေ။ စင်ကာပူးရီးယမ်းတွေ စီးလာတဲ့ လေယာဉ်ကလည်း delay ဖြစ်နေတော့ စောင့်လိုက်ရတာနဲ့ စတဲ့အချိန် နောက်ကျသွားတယ် သားရယ်"

"တကယ်ဆို ဒီနေ့ meeting မလုပ်သင့်ပါဘူး၊ လမင်းက အရမ်းမျှော်လင့်နေတာပါ။ ဖေဖေ လာကိုလာရမယ်လို့ ကျွန်တော် အာမခံထားတာ"

"စိတ်ချပါ၊ အန်တီ သတိပေးလိုက်မယ် သား"

နေရောင်ချို့ နှုတ်ဆက်ပြီး ဖုန်းပြန်ပိတ်လိုက်ပါသည်။ အမေက စူးစမ်းသလိုကြည့်သည်။ နေရောင်ချို့ ဘာမှမပြောတော့ဘဲ မေမေ့ဖုန်းကိုသာ ပြန်ပေးလိုက်ပါသည်။ ညီမလေး လမင်းချိုက ဖေဖေဟာ သူလုပ်နေတဲ့အလုပ်ကို အားမပေးဘူး ထင်နေတာမို့ ဒီပထမဦးဆုံးပြပွဲကိုတော့ ဖေဖေ လာလိုက်စေချင်သည်။ သဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ၊ အားပေးသည်ဖြစ်စေ၊ အားမပေးသည်ဖြစ်စေ ကိုယ့်သမီးတစ်ယောက်ကို နှစ်သိမ့်စေလိုသောစိတ်ဖြင့် လာစေချင်သည်။ လမင်းချိုက ထုတ်မပြောပေမယ့် နေရောင်ချို့က အလိုက်တသိ ဖေဖေ့ကို တကူးတကပင် ပြပွဲဖိတ်စာပန်းဖလက်ကို သွားပေးပြီး သေသေချာချာ ပြောပြခဲ့ပါသည်။

အခုတော့ ဖေဖေက အစည်းအဝေး မပြီးသေးပါ။ အန်တီခင် မညာဘူးဟု ယုံကြည်ပါသည်။ သို့သော် ဒီနေ့လို



www.burmeseclassic.com

www.burmeseclassic.com



နေ့မျိုးကို ဖေဖေ ရှောင်လိုက်သင့်သည်။ အရေးကြီးတဲ့ကိစ္စတွေကို ရွှေ့လိုက်ပြီး တစ်ဦးတည်းသော သမီးအတွက် အချိန်နည်းနည်း ပေးသင့်သည်။

ပြပွဲအချိန်ကုန်တဲ့အထိ ဖေဖေ ရောက်မလာသော အခါ လမင်းချိုမှာ ဒီနေ့ရဲ့အောင်မြင်မှုကိုပင် အပြည့်အဝခံစား လို့မရတော့ဘဲ ထောင့်တစ်ထောင့်မှ သွားထိုင်ပြီး ငြိမ်နေတော့ လေသည်။ ပါးစပ်က ထုတ်မပြောပေမယ့် ရင်ထဲမှာခံစားနေရမှန်း ရိပ်မိသောအခါ နေရောင်ချို ပေါက်ကွဲချင်လာသည်။

ဘယ်သူ့ကိုမှ ဘာမှပြောမနေတော့ဘဲ သူစီးနေကျ စက်ဘီးကို အပြင်းနှင်းကာ ထွက်လာခဲ့တော့သည်။ အဆောက် အအုံရှေ့ရောက်သောအခါ နေရောင်ချို့ကို မှတ်မိနေသော လုံခြုံ ရေးဝန်ထမ်းလက်ထဲ စက်ဘီးကိုပေးထားခဲ့ပြီး အပြေးဝင်လာလိုက် သည်။ ဓာတ်လှေကားမှတစ်ဆင့် ကုမ္ပဏီရုံးခန်းကို ရောက်လာ ခဲ့သည်။

ရုံးထဲဝင်ဝင်ချင်း တချို့ အလုပ်လုပ်နေဆဲမို့ ဝန်ထမ်း နည်းနည်းတော့ ရှိနေသေးသည်။ အားလုံး နေရောင်ချို့ကို တစ် ချက်လိုက်ကြည့်ကြသည်။ စက်ဘီးကို အရှိန်ပြင်းပြင်းနှင်းလာ သဖြင့် ပွယောင်းဖွာဆန်နေသော ဆံပင်တွေနဲ့ ဂျင်းခပ်စုတ်စုတ် နဲ့ ဖြစ်သလို ဝတ်ထားတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးရဲ့သားအား သားဆိုး တစ်ယောက်အဖြစ်သာ သူတို့သိထားပါသည်။





"ဟဲ့ ... ဟဲ့ ... သား နေရောင်ချို။ မဝင်နဲ့ ... မဝင်နဲ့။ ဝင်လို့မရဘူး။ ဧည့်သည်တွေရှိတယ် meeting မပြီးသေး ဘူး"

အတွင်းရေးမှူး အန်တီခင်က ကမူးရှူးထိုး၊ ဒေါသ အကြီး ပြေးဝင်လာသော နေရောင်ချို့ကို အပြေးလိုက်တားပါသည်။

နေရောင်ချိုက မြန်သဖြင့် မမီ။ အစည်းအဝေးလုပ် နေရာ အခန်း၏တံခါးကို ဆွဲဖွင့်ပြီး ဝင်သွားနိုင်လေသည်။ အန်တီခင်ကပါ အခန်းထဲ အပြေးလိုက်ဝင်ကာ နေရောင်ချို့ လက်မောင်းကို ဆွဲပေမယ့် မရတော့။ နေရောင်ချို ဖြုန်းခနဲ ဝင် လာသဖြင့် အစည်းအဝေးလုပ်နေဆဲဖြစ်သော ဖေဖေ အပါအဝင် လူကြီးလူကောင်း ဆယ်ယောက်လောက်ဟာ အားလုံးအလန့် တကြား ပြီးမှ အံ့ဩတကြီး ဝိုင်းကြည့်နေကြလေပြီ။ ပြောလက်စ ဆွေးနွေးလက်စ စကားတွေပင် ရပ်တန့်သွားပါသည်။

"ဖေဖေ ... ဘယ်လိုလုပ်လိုက်တာလဲ"

ဦးအောင်မြတ်ချို ဘာမှမဖြေဘဲ မျက်မှောင်ကြီးကုတ် ကာ စိုက်ကြည့်နေသည်။

"ဒီနေ့တစ်ရက်လေးကို လမင်းအတွက် ချန်ပေးပါ။ တစ် ရက်လုံးတောင် မဟုတ်ပါဘူး။ နာရီပိုင်းလေး ချန်ပေးပါ၊ ဖွဲ့ပေးပါဆိုတာတောင် မပေးချင်ဘူးလား။ လောကကြီးမှ ဖေဖေ့ရဲ့အလုပ်တွေ အောင်မြင်ဖို့ကလွဲရင် ကျန်တာဘာမှ ဂရုမစိုက်ပေးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာရှိတဲ့ ဦးနှောက်သေးသေးလေးနဲ့တွေးပြီး ငါ့ကို ဝေဖန်ဖို့ လာတာဆိုရင် အခုပဲပြန်တော့။ မင်းပြောချင်တာတွေ နောက်နေ့မနက် အိမ်မှာလာပြော"

"ဖေဖေ့မှာ နှလုံးသားမရှိဘူး။ ဘာကိုမှ နှလုံးသားနဲ့မခံစားတတ်ဘူး။ ဒါကြောင့် မေမေက ဖေဖေ့ကိုချစ်လို့ မရခဲ့တာဆိုတာကို အခုမှ သိသွားပြီ။ လူတစ်ယောက်ရဲ့နှလုံးသားနဲ့ ခံစားထားတဲ့ အရာတွေကို ငွေကြေးပမာဏနဲ့ နှိုင်းပြီး တန်ဖိုးမရှိဘူး၊ အသုံးမဝင်ဘူးဆိုပြီး အရေးမထားတတ်တဲ့ အကျင့်ကို ကျွန်တော် မုန်းတယ်။ လမင်းရင်ထဲမှာ ဘယ်လောက်ခံစားပြီး စိတ်မကောင်းတာကို တမြည့်မြည့်ခံစားနေရလိမ့်မလဲဆိုတာ ဖေဖေ လုံးဝခေါင်းထဲမထည့်ဘူး။ ငါ့အတွက်ပဲ ငါ့အောင်မြင်မှုအတွက်ပဲ ငါ့ရဲ့ဂုဏ်သိက္ခာတွေအတွက်ပဲ ဆိုတဲ့ ငါ ... ငါ ... ငါ ဖြစ်နေတာဟာ သိပ်တစ်ကိုယ်ကောင်း ဆန်လွန်းနေတယ်"

အခန်းထဲမှာရှိနေကြသော စီးပွားရေးလုပ်ငန်းရှင်လူကြီးလူကောင်းတွေမှာ နေရောင်ချို့ကို လိုက်ကြည့်ပြီး ဦးအောင်မြတ်ချိုကို အားနာဟန်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ထရပ်ကာ ...

"ကျွန်တော်တို့ meeting ကို ခဏနားလိုက်ကြရင် ကောင်းမယ်"





ဟု မြန်မာလူမျိုးလုပ်ငန်းရှင်တွေက ပြောသလို ဒင်ကာပူရီးယမ်းတွေကလည်း မြန်မာစကား နားမလည်ပေမယ့် အခြေအနေတွေ၊ မျက်နှာအမူအရာတွေကိုကြည့်ပြီး အစည်းအဝေးကို ရပ်ကြဖို့ သံယောင်လိုက်ကြပ သည်။ ဒါကို ဦးအောင်မြတ်ချိုက လက်မခံပါ။

"ရတယ် ... ရတယ် ... မရပ်နဲ့။ ပြန်ထိုင်ကြပါ၊ ဒါ ပြဿနာမဟုတ်ပါဘူး"

ဟု လက်ဟန်ပြပြီး ထထွက်မသွားကြဖို့ တားလိုက်လေသည်။

"ဟော့ကောင် ... နေရောင် ... မင်းက ငါ့ကိုဝေဖန်တာတော့ဟုတ်ပြီ။ မင်းကိုယ်တိုင်ကရော ငါနဲ့ ပုံစံတူတစ်ထေရာတည်းဖြစ်နေတာရော သိရဲ့လား။ မင်းလည်း တစ်ကိုယ်ကောင်းဆန်တဲ့ကောင်ပဲ မဟုတ်လား။ မင်းလုပ်ချင်တာလုပ်တယ်၊ မင်းဘာသာ လျှောက်ချင်တဲ့လမ်း လျှောက်နေတယ်လေ။ ဒီတော့ မင်း ငါနဲ့မတူလွန်းဘူးလား"

"မတူဘူး၊ ကျွန်တော် ဖေဖေနဲ့ လုံးဝမတူဘူး။ ကျွန်တော် တစ်ကိုယ်ကောင်းဆန်ပေမယ့် ကိုယ့်ရဲ့သွေးသားရင်းချာ တစ်ယောက်ကို မေ့လောက်အောင်တော့ တစ်ကိုယ်ကောင်း မဆန်ဘူး"

"ငါ တမင်လုပ်နေတာမှ မဟုတ်တာ။ အလုပ်ကိစ္စတွေ နွေးတာ မပြီးပြတ်သေးလို့ပဲ။ ပြီးတော့ ဘယ်ဟာအရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးလဲ၊ ဘယ်ဟာ ပိုအရေးကြီးလဲ၊ မင်း စဉ်းစားစမ်း။ ဒီဘာမဟုတ်တဲ့ ကလေးပွဲလေးနဲ့ ငါ့ရဲ့အရေးကြီးတဲ့အလုပ်ကိစ္စကို ယှဉ်စရာလား။ ငါရှာနေတာတွေအားလုံး ဘယ်သူ့အတွက်လဲဆိုတာ မင်း တွေးကြည့်စမ်း။ ငါ့ရဲ့အမွေစား အမွေခံတွေဟာ ဘယ်သူတွေလဲ"

အစည်းအဝေးခန်းမထဲမှာ ကသိကအောက်ဖြစ်စွာ ထိုင်နေရဆဲဖြစ်သော လူကြီးလူကောင်းတွေမှာ အချင်းချင်းကြည့်လိုက်ပြီး တစ်ယောက် ထ,ရပ်လိုက်ကာ ...

"အစည်းအဝေးကို ရပ်လိုက်မှထင်တယ်"

လို့ စကားစရုံရှိသေးသည်။ ဖေဖေက ထိုသူ့ဘက်တည့်တည့်ကြည့်လိုက်ပြီး ...

"တစ်ဆိတ် ကျေးဇူးပြုပြီး ထိုင်နေပေးကြစမ်းပါဗျာ။ အစည်းအဝေးကို ဘာမှ ရပ်ပစ်စရာ အကြောင်းမရှိပါဘူး"

ဟူ၍ အော်ပစ်လိုက်လေရာ လူတွေအားလုံးလည်း မအီမလည်မျက်နှာကြီးတွေနဲ့ ပြန်ထိုင်ကြရပြန်သည်။

"သမီးကို ငါ နောက်မှသွားချော့ပြီး ရှင်းပြလိုက်ရင် သမီးက နားလည်တယ်၊ လက်ခံတယ်၊ အပြောရကျပ်နေတာ မင်း။ မင်းဘာသာ တခြားကိစ္စတွေမှာ အဆင်မပြေဖြစ်ပြီး အဖေကို လာရန်လုပ်နေတာ ငါမသိရင် ခက်မယ်"

"ဖေဖေ အဲဒီလို မစွပ်စွဲနဲ့၊ လမင်း ဘယ်လောက်ခံစားနာကျင်နေရတယ်ဆိုတာ ဖေဖေမှ မမြင်ဘဲ။ လမင်းက





သိပ်လိမ္မာ သိတတ်တဲ့ကလေး။ ဖေဖေ ဒီလိုလာချော့ပြောရင် ဘယ်တုန်းကမှ သူ့ခံစားချက်ကို ဖေဖေသိအောင် ပြောပြတာမှ မဟုတ်တာ။ လောကကြီးမှာ ငွေပေါတိုင်းလည်း ပျော်နေမယ် မထင်နဲ့။ ဖေဖေ ရှာထားတဲ့ ပိုက်ဆံတွေ ကျွန်တော့်ကိုမပေးလည်း(—)ဂရုမစိုက်ဘူး။ စားစရာမရှိရင် ငတ်ပြီးတော့ပဲ အသေခံလိုက်မယ်"

"မင်းအဖေကို ဘာမှ ဆဲလား ဆိုလား ထည့်ပြောစရာမလိုဘူး။ ငါ့သားသမီးတွေဟာ ဆိုးတဲ့သူ ပါရင်ပါမယ်။ ဒီလို အောက်တန်းစား ပေါက်လွှတ်ပဲစားတွေလို ဆဲဆိုရလောက်အောင် မရိုင်းရဘူး နားလည်လား"

ဦးအောင်မြတ်ချို တော်တော်ရက်လာသဖြင့် ပြန်
သည်းအော်ရင်း လူက ချက်ချင်းပြေးလာကာ နေရောင်ချို့မျက်နှာ
ကို ဖြတ်ရိုက်ပစ်လိုက်လေသည်။

နေရောင်ချိုလည်း အရိုက်ခံလိုက်ရသဖြင့် ထောင်း
နဲ့ ဒေါသတော့ဖြစ်သွားပါသည်။ ဖေဖေ ပါးကိုဖြတ်ရိုက်လိုက်
တာကြောင့် သွားနဲ့လျှာ ကိုက်မိသွားကာ သွေးတွေထွက်လာပုံ
သည်။ ပါးစပ်ထဲမှာ ငန်ကျိကျိတော့ ဖြစ်သွားပါသည်။

"တောက်"

နေရောင်ချို တောက်ခေါက်လိုက်စဉ် အန်တီခင်က
ခြေအနေကို ဒီ့ထက်ရုပ်မဆိုးစေချင်တာကြောင့် နေရောင်ချို့
ကို အတင်းပင် ဆွဲခေါ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ကို ကျွန်တော် ဘယ်တော့မှ မချစ်ဘူး"

နေရောင်ချို ပြန်အော်ရင်း အစည်းအဝေးခန်းမ အပြင်ဘက်ရောက်လာလျှင် ရုံးထဲမှာရှိနေဆဲဖြစ်သော ဝန်ထမ်းတွေမှာ အထဲက အသံတွေကြောင့် ဒီဘက် ပြုံကြည့်နေတာနဲ့ ကြုံ တော့သည်။

နေရောင်ချိုတို့ ထွက်လာတော့ ခေါင်းတွေဖျတ်ခနဲ ပြန်ငုံ့သွားကြကာ ကိုယ့်အလုပ်ထဲကိုယ် ပြန်အာရုံစိုက်ဟန်ပြုကြ တော့လေသည်။

"အန်တီခင့်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ကျွန်တော် အဲဒီလိုမှ မပေါက်ကွဲရင် ဖေဖေက ဒီဘက်ကို မေ့ပစ်လိုက် မှာ"

"သား ပြန်တော့၊ ပြန်ပြီး အေးအေးဆေးဆေး အိမ်မှာပြန် စဉ်းစားကြည့်ပါတော့။ ပြဿနာတစ်ခုဆိုတာ ကိုယ့်ဘက် ကိုယ်ချည့် အမှန်ထင်ပြီး ဒေါသဖြစ်နေလို့ မရဘူး။ သား ဘက်ကိုလည်း စဉ်းစားကြည့်သလို သားဖေဖေဘက်ကို လည်း စဉ်းစားပေးလိုက်ပါ။ သူက ခုထိနောက်အိမ်ထောင် မပြုဘဲ တစ်ကိုယ်တည်းနေနေတဲ့သူပါ"

နေရောင်ချို အိမ်ပြန်ရောက်သောအခါ နှာခေါင်းထဲ က သွေးလျှံပါသည်။ ဒီနေ့ စိတ်လှုပ်ရှားရတာရော၊ ဒေါသဖြစ် ရတာရော၊ ဖေဖေ လူလယ်ကောင်မှာ ရိုက်သဖြင့် နာရတာရော ပေါင်းပြီး စိတ်ထိခိုက်သဖြင့် ဒီလိုဖြစ်သည်ဟုထင်ကာ ဘေး





ထပေးသော ဆက်နေပစ်လိုက်သည်။ တစ်နေကုန်လည်း ဘာမှသေ သေချာချာ မစားဖြစ်ခဲ့သလို တစ်ညလုံးလည်း မအိပ်ဘဲ စီးကရက် သွေ ထိုင်သောက်ပစ်လိုက်ပါသည်။

မနက်ကျတော့ သူ့ အပြင်းဖျားကာ ခေါင်းတောင် ထူနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

စည်သူသည် အိမ်တံခါးဘဲလ်ကို အကြာကြီးစိုက်ကြည့်ကာ ရပ်နေမိသည်။ ဒါကိုနှိပ်သင့်၊ မနှိပ်သင့် စဉ်းစားနေခြင်းတော့ မဟုတ်။ သူ တွေ့လိုသောတစ်ယောက်နဲ့ မတွေ့ဘဲ သူ့မတွေ့ချင်၊ မဆုံချင်သော သူနဲ့ဆုံလိုက်ရမှာကို ကြောက်နေတာဖြစ်သည်။ ဘဲလ်နှိပ်လိုက်လို့ တံခါးလာဖွင့်မယ့်သူ ... ...။ အင်း ...။ လာပြီးမှတော့ မထူးပါဘူး။ ဒါကို ရင်ဆိုင်ရမယ်ဆိုတာ ကြိုတွေးခဲ့ပြီးသားပဲ။

စည်သူ နောက်ဆုံးတော့ ဘဲလ်ကိုနှိပ်လိုက်ပါသည်။

"သြော်"

တံခါးလာဖွင့်လိုက်သူမှာ သူ ဆုတောင်းသလို ဖြစ်မလာဘဲ ရှုတည်တည် မျက်နှာကြီးနဲ့ သြော် ... ဟု ခပ်တောင့်တောင့် ရေရွတ်လိုက်သော ဦးရဲကျော် ဖြစ်နေပါသည်။ အဘိုးကြီး



အ မျက်မှောင်ကြုတ်ကာ စိုက်ကြည့်ပြီး ဘာမှမမေးလျှင် စည်သူ အွန်ယောက်ခေါင်းကုတ်လိုက်၊ ပါးကုတ်လိုက် ဖြစ်လာသည်။ သတော့မှာပဲ။ စကားစပြောဖို့ ခက်နေပြီ။

"ဖေဖေ ... တံခါးဖွင့်ကြည့်ပြီး ဘာရပ်လုပ် ... သြော် ... ဟယ် ... စည်သူ"

အဲဒီအချိန်မှာပင် အိမ်ထဲက လှမ်းမေးသံနဲ့အတူ လူပါအနားရောက်လာသောကြောင့် ဂျင်းဂျာဟာ တံခါးဝမှာရောက်နေသော စည်သူ့ကို မြင်သွားပါသည်။

"ဂျင်းဂျာ ... အဟဲ ... ငါ့ နှင့်ဆီလာတာ"

စည်သူသည် ဦးရဲကျော်၏ မျက်မှောင်ကုတ်ကုတ်ကြီးကိုလည်း ကြောက်ရသည်မို့ လာရင်းကိစ္စကို အမြန်ပြောလိုက်ရပါသည်။

"ဘာကိစ္စလဲဟဲ့"

"နင် ခဏ အပြင်ထွက်လာပြီး စကားပြောလို့ ရမလား"

"ဟိတ်ကောင် ... အံမာ ... ငါ့အဖေတစ်ယောက်လုံးကို ပေးမသိချင်ရလောက်အောင် ဘာလျှို့ဝှက်ချက်ရှိနေလို့လဲ ပြောစမ်း။ ငါ့ရှေ့မှာပဲ ပြောစရာရှိတာပြော၊ ငါ့သမီးကိစ္စဟာ ငါ သိကိုသိဖို့လိုတယ်"

ဦးရဲကျော် ပိတ်ပောက်လိုက်သဖြင့် စည်သူ တုန်ဆောင် တုန်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်းလေ အရမ်းမပေါက်ပါနဲ့"

"သမီး ဘာဖြစ်နေတာလဲ၊ ဒီကောင်လေးတွေက လူကော

မဟုတ်ဘူးလေ။ သမီးအပေါ် စိတ်သဘောထားကော

တဲ့ကောင်တွေ မဟုတ်ဘူး"

"အဲဒီအဖြစ်အပျက်အတွက် ကျွန်တော် တောင်းပန်ချင်

တယ် အန်ကယ်လ်။ ဘယ်သူ့ကိုမှ ပြင်းပြင်းထန်ထ

ထိခိုက်နာကျင်ရစေလိုတဲ့စိတ် လုံးဝမပါပါဘူး။ တက

ဂျင်းဂျာနဲ့ အနီးကပ်လေ့လာ ဆက်ဆံကြည့်တဲ့အခါ

တော့လည်း စိတ်ထဲမှာ ဘာဟန်ဆောင်မှုမှမပါဘဲ ခင်မ

ကြတာပါ၊ အဲဒါ ဂျင်းဂျာ ယုံပါတယ်"

စည်သူ အရဲစွန့်၍သော ရှင်းပြနေရပေမယ့် ဦးရဲကျော

၏ အရိပ်အခြည်ကိုလည်း ကြည့်ကျက်နေနေရသေးသည်။ အ

အချိန် လက်သီးတစ်လုံး ငါ့မျက်နှာပေါ် ရောက်လာမလဲဆို

ကို အကဲခတ်နေရပါသည်။

"ကဲပါ မေမေရယ်။ မေမေ ခဏအထဲပြန်ဝင်ပြီး

နေပေးပါ။ စည်သူ ဘာပြောချင်တာလဲလို့ ဂျင်းဂျာသိ

ပါတယ်။ နားထောင်ပါရစေနော်"

ဦးရဲကျော်လည်း ပုပ်သိုးနေသော မျက်နှာကြီး

ဂျင်းဂျာကိုရော စည်သူ့ကိုပါ ဘုကြည့်ကြည့်ကာ အိမ်ထဲပြန်

သွားပါသည်။





ဂျင်းဂျာက အဖေဖြစ်သူ နောက်ဖေးဝင်သွားသည် အထိ လိုက်ကြည့်ပြီးမှ အိမ်တံခါးပေါက်အပြင်ကို ထွက်ရပ်လိုက်ပါသည်။

"ကဲ ... ပြောပါဦး၊ ငါနဲ့နှစ်ယောက်တည်း ပြောချင်တဲ့ကိစ္စ"

"ငါ အခုလာပြောပြတာဟာ နေရောင်ချို လုံးဝမသိဘဲ လာပြောပြရတယ် ဆိုတာတော့ နင် အရင်ဆုံးယုံထားစေချင်တယ်"

"သူ့မသိအောင် ငါ့လာပြောရအောင် ဘာများမို့လို့လဲ"

"သူ အခု အရမ်းနေမကောင်း ဖြစ်နေတယ်ဟ"

"သြော်"

ဂျင်းဂျာက ရွဲ့သလိုလိုအသံဖြင့် "သြော်"ဟုတောင် မလုပ်ဘဲ "သြော်"ဟု တမင်အသံပြုလိုက်မိသည်။ သူ နေမကောင်းတာပဲ ငါ့ကို လာအသိပေးတော့ ငါက ဘာလုပ်ပေးနိုင်မှာမို့လဲ။

"ဆေးခန်းသွားပါလို့ အတင်းဆွဲထုပြီးပို့လည်း မသွားဘူး။ ပေတေနေတယ်။ နေမကောင်းတဲ့ပုံက အရင်ကနဲ့မတူဘူး။ တစ်မျိုးပဲလို့ ငါထင်တယ်။ သူ့မှာ ရောဂါတစ်ခုခု ဝင်နေသလိုပဲဟာ။ အဲဒါ နင် လာဖျောင်းဖျပြီး ဆေးခန်းသွားနိုင်းရင်ရမယ်ထင်လို့ လာအကူအညီတောင်းတာပါ"

"သူ့အဖေတွေ အမေတွေကရော"



www.burmeseclassic.com

"သူတို့ ဘယ်သိကြမလဲ။ အဖေဆိုတာက သူ့အရေးကိစ္စရှိမှ ဖုန်းဆက်ခေါ်တာ။ အမေကလည်း တစ်လနေမှ ခဏဝင်လာကြည့်တာ။ ပြီးတော့ ငါလည်းဖုန်းဆက်ပြီးအသိမပေးချင်ဘူး၊ နေရောင်ချိုက ငါ့ကို စိတ်ဆိုးမှာဟ။ အဖေအမေတွေဆီ အသိပေးတာထက်စာရင် နင့်ကို အသိပေးလိုက်တာကိုတော့ စိတ်မဆိုးနိုင်ဘူးထင်လို့"

"ဘယ်တုန်းထဲကလည်း၊ နေမကောင်းဖြစ်တာ ကြာပြီလား"

"ကြာပြီ ... လမင်း ပန်းချီပြပွဲပြီးတဲ့နေ့ကစ,တာ၊ အဲဒီနေ့က သူ့အဖေ ပန်းချီပြပွဲကို မလာလို့ဆိုပြီး ရုံးခန်းမှာသွားချဲတယ်လေ။ ပြန်လာတော့ သူ တအားခံစားလာရပြီး တစ်ညလုံး စီးကရက်တွေ ထိုင်သောက်နေတာ၊ မနက်ကျလည်ချောင်းတွေ နာတယ်၊ ချောင်းလည်း အဆက်မပြတ်ဆိုးတယ်။ ဖျားလည်း ဖျားတယ်။ အဲဒါကို ဆေးခန်းသွားမပြဘဲ သူ့ဘာသာ ဆေးတွေဝယ်သောက်ပြီး နေတာနေတယ်။ နေမကောင်းရက်ကြီးနဲ့ ကွန်ပျူတာဆိုင်သွားပြီး အလုပ်မဆင်းနဲ့ပြောလည်း မရဘူး။ စာသွားရိုက်တယ်။ ပြန်လာရင် သူ့တစ်ကိုယ်လုံး ကိုက်ခဲနေတာဟာ စိတ်တောင်မကောင်းဘူး။ ဒီကောင်က ဒုပေဒက်ပေခံတဲ့ကောင်၊ ဘယ်လောက်မောမော၊ ဘယ်လောက်နာနာ၊ ဘယ်လောက်ပင်ပန်း ပင်ပန်း တစ်ချက်မညည်းတဲ့ကောင်က ညကျအိပ်ရင်



နာလို့ ညည်းနေတာပဲကြည့်။ ဘယ်လောက် အခြေအနေဆိုးနေပြီလဲဆိုတာ"

ဂျင်းဂျာသည် ချက်ချင်းပင် နေရောင်ချိုဆီ လိုက်သွားချင်စိတ်တောင် ဖြစ်မိပါသည်။ ဟိုတလောက လမင်းချို့ရဲ့ ပန်းချီပြပွဲမှာတွေ့တော့ သူ့အသားအရေဟာ အတော်ကြီးဖျော့တော့နိုင်ကာ ညို့ငင်ခတ်တစ်မျိုးပါတယ် ထင်ရတဲ့ သူ့မျက်ဝန်းညိုတွေဟာလည်း အားနည်းနေသလိုပဲလို့ ထင်တော့ထင်ခဲ့သား။

"နင် လာဆွဲခေါ်ပြီး ဆေးခန်းပို့ပေးရင်တော့ ရမယ်ထင်လို့ဟာ"

"သူက ငါ့စကား နားထောင်မယ်လို့ နင်က ဘာလို့ထင်ရလဲ"

စည်သူ တစ်ချက်ငေးစားလိုက်ပြီး ...

"သူ နင့်ကို အရမ်းချစ်သွားတယ်ဟ"

ဟု ဖြေလေသည်။

"ဒီစကားကို သူကိုယ်တိုင်ပြောရင် နင် ယုံမယ်လို့ ငါထင်တယ်။ ဝါကတော့ သူ့ ငါ့ကို ပြောစရာတောင် မလိုဘူး။ အတူတူနေတဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ သူ့အမူအရာကို အကဲခတ်လို့ရတာပင်။ အရင်ကောင်မလေးတွေနဲ့တုန်းကနဲ့တောင် မတူပါဘူး။ သူ့ နင့်အပေါ် တော်တော်ချစ်သွားခဲ့တာပါ"

www.burmeseclassic.com



"ဟား ဟား ဟား ... နင့်သူငယ်ချင်းကို လာမကူညီမှာ စိုးလို့ လုပ်ကြံဖန်တီးပြီး ပြောနေတာများလားဟယ်"

"ငါ ဘာမှအပိုတွေ လျှောက်ပြောနေတာ မဟုတ်ပါဘူး နင်လည်း ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်ပြီး မသိချင်ယောင် ဆောင်နေတာပါ။ သူ့ နင့်ကို တကယ်ချစ်တယ်ဆိုတာ ခံစားလို့ရမှာပါ"

"စည်သူ ... စည်သူ ... နင် ဒါကြောင့်လည်း အရမ်းလှတဲ့ ကောင်မလေးရဲ့အချစ်ကို ရတာလို့ ငါ ယုံသွားပြီ။ နင် စကားအရမ်းပြောတတ်တယ်"

"ဒါတွေထားပါတော့ဟာ။ ငါ ဒီထိုလာပြီး ပြောသာပြော ရတယ် ဘယ်တော့များ အဘိုးကြီး လက်သီးစာ့မိမလဲလို့ စိုးရိမ်ပြီး လာရတာ။ နင် လာကြည့်ဖြစ်အောင် လာနော်"

"ငါကတိတော့ မပေးဘူး။ ငါ သေသေချာချာ စဉ်းစားရ ဦးမယ်။ ငါက တစ်ခါခံထားရပြီးတဲ့လူလေ။ နင်တို့ကို အလွယ်တကူယုံလို့တော့ မဖြစ်သေးဘူး"

"အေးပါ၊ နင့်စိတ်သဘောအတိုင်း ဆုံးဖြတ်ပါ၊ ဒါပဲ ဂျင်းဂျာ၊ ငါသွားတော့မယ်။ ဟဲ ဟဲ ... နင့်အဖေကြီးကို လည်း နှုတ်ဆက်ပါတယ်လို့ ပြောလိုက်ပါဦး"

စည်သူ ပြောင်ချော်ချော်ဖြင့် သူ့စကားသူ အဆုံး သတ်ကာ ဂျင်းဂျာကို လက်ပြပြီး ထွက်သွားပါသည်။ ဂျင်းဂျာ





သည် အိမ်ထဲပြန်မဝင်ဖြစ်သေးဘဲ လက်အသာပိုက်ရပ်ရင်း အကြာ ကြီး တွေးတောနေမိသည်။ သွားတွေ့ရရင် ကောင်းမလား။ မကောင်းဘူးလား ဆိုတာကိုပဲ အခါခါတွေးရင်း ဇဝေဇဝါဖြစ်နေ တာမျိုးပင်။ အခုချိန်မှာတော့ သူနဲ့ကိုယ်ဟာ ဘာမှမဆိုင်တော့ သောသူတွေ ဖြစ်နေပြီမို့ သူ နေမကောင်းတာကိုပဲ ကိုယ်က စိုးရိမ်တကြီး အတင်းသွားဆွဲခေါ်ပြီး ဆေးစန်းပြဖို့ လိုလို့လား။ စည်သူ ပြောတာတွေဟာ အမှန်တွေပါပဲလို့ ယုံကြည်နေရက်နဲ့ ဘာကိုမယုံမှန်းမသိ ဖြစ်နေတာ ဘာကြောင့်လဲ။

"သမီး ... ဂျင်း"

"ရှင် ... ဖေဖေ"

ဦးရဲကျော်၏ခေါ်သံကြားမှ ဂျင်းဂျာ အိမ်ထဲဝင်ဖို့ ပြန်သတိရလေသည်။

"ဖေဖေ"

ဦးရဲကျော်က ပြန်မထူးပဲ မျက်လုံးပင့်ကြည့်သည်။ ဂျင်းဂျာသည် ဖေဖေ့ကို မပြောဘဲလည်း မနေနိုင်သည်ဖြစ်ရာ ပြောပြလိုက်မိပါသည်။

"ခုန စည်သူ လာပြောသွားတာကလေ နေရောင်ချို တော် တော်လေး နေမကောင်းလို့ပါ"

"အရက်နာကျတာလား။ ဆေးချနေတာလား ဆိုတာ သေ သေချာချာ မေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး မေမေ။ အဆုတ်အအေးပတ်သလိုလိုဖြစ်ပြီး ဖျားတာတဲ့။ ဆေးခန်းလည်းမသွားပဲ ပေတေနေတော့ ကြာရှည်နေပြီမို့ ဆေးခန်းသွားစေချင်တယ်။ ဂျင်း တိုက်တွန်းရင်တော့ သွားလိမ့်မယ်လို့ ထင်တာနဲ့ သူ့၊ လာအကူအညီ တောင်းတာပါ"

"မေမေ့ကို ဘာကြောင့် လာအသိပေးရလဲ။ အရင်တစ်ခါကလည်း သမီးသဘောနဲ့သမီး ဆုံးဖြတ်လိုက်နိုင်တာပဲ။ အခုတစ်ခါလည်း ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ပါ။ သမီးကြောင့် တစ်ခါအရှက်ရပြီးပြီ။ နောက်တစ်ခါတော့ မရှက်ပါရစေနဲ့တော့"

"ဂျင်း နားလည်ပါတယ် မေမေ။ ပတ်ဝန်းကျင်က မေမေ့ကို ဂျင်းကို ဘယ်လိုတွေဝေဖန်ကြသလဲဆိုတာ ဂျင်းသိပါတယ်။ ဂျင်းက သူတို့ ဘာပြောပြော ခံနိုင်ရည်ရှိပေမယ့် ဂျင်းကြောင့် မေမေ့သိက္ခာ ထိခိုက်ခံရတာကိုတော့ ဂျင်းလည်း နောင်တရ,ရပါတယ်"

ယောကျ်ားနောက် နှစ်ပတ်လောက် လိုက်သွားတဲ့ သမီးကို ပြန်ခေါ်သိမ်းပြီး အပျိုပြန်လုပ်ခိုင်းထားတယ်ဆိုသော ပတ်ဝန်းကျင်ရဲ့အသံတွေကို ဦးရဲကျော် တော်တော်ကြားထားရပြီး ဖြစ်ရာ နေရောင်ချို ဆိုသော အမည်ကို ကြားတောင်မကြားချင်တော့ပေ။ အမေဖြစ်သူရဲ့ အုပ်ထိန်းမှု မရှိခဲ့လို့ သမီး ဒီလိုဖြစ်



သွားတာပဲဟု တမြည့်မြည့်တွေးကာ စိတ်မကောင်းဖြစ်နေရတဲ့ နေ့တွေလည်း မနည်းတော့။

တကယ်ဆို ဟိုကောင့်မိဘတွေဟာ တကယ့် နာမည်ကြီး လူကုံထံသူဌေးတွေပဲ။ ဒီကိစ္စကိုတော့ အရေးတယူလာရောက်ဆွေးနွေးသင့်တယ်ဟုလည်း ဦးရဲကျော် မချင့်မရဲ ဖြစ်နေခဲ့ရပါသည်။

တစ်ညနေနဲ့တစ်ညလုံး ဂျင်းဂျာတစ်ယောက် ဂနာမငြိမ်စွာ ထိုင်လိုက်၊ ထလိုက်၊ ရေသောက်လိုက်၊ စာအုပ်ကောက်ကိုင်ဖတ်လိုက်၊ တစ်မျက်နှာမပြည့်ခင် ပြန်ချပြီး ဟိုနားသွားရပ်၊ ဒီနားသွားရပ်၊ ငေးလိုက်ဖြင့် ဖြတ်သန်းလာခဲ့ပြီးသောအခါ မနက်စောစောမှာတော့ ဆုံးဖြတ်ချက်ရပြီးသလို မျက်လုံးတွေဖြင့် အဖေဖြစ်သူကို စောင့်နေခဲ့ပါသည်။

မနက်စာ ကော်ဖီနှင့် ပဲပြုတ်ထမင်းကြော်ကို အဖေ့အတွက် ပြင်ဆင်ကျွေးရင်း ...

"ဖေဖေ ... ဂျင်း သူ့ကို ခဏသွားကြည့်မယ်နော်"

ဟူ၍ ခွင့်တောင်းလိုက်လျှင် ဦးရဲကျော်မှာ ရယ်သံအက်အက်တွေဖြင့် တုံ့ပြန်ပါသည်။

"မှတ်ထား သမီးရဲ့။ ကိုယ်က ဘာကြောင့် ခဏခဏရှုံးနေရလဲဆိုတော့ ကိုယ့်ဘက်က တစ်ဖက်သတ်သွားချစ်သလို ဖြစ်ခဲ့လို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး မေမေ။ သူလည်း ဂျင်းဂျာကိုချစ်တာမပါပဲလို့ ဂျင်းဂျာ ပြန်ဖြေသည်မှာ စိတ်ထဲကွင်သာ အသံထွက်နေသည်။ နှုတ်ဖျားကနေတော့ ထုတ်မပြောရဲ။ ဘာကြောင့်လဲဆိုတော့ ဂျင်းဂျာကိုယ်တိုင်ကလည်း နေရောင်ချို့ရဲ့အချစ်ကို ယုံထားလို့မရသေး၍ပင်။



## ၁၉

"လာ ... လာ ... ဂျင်းဂျာ ... ဝင်"

စည်သူ တံခါးဖွင့်ဖွင့်ချင်း ဂျင်းဂျာကိုမြင်တော့ ဝမ်းသာအာရ ခေါ်သည်။ ဂျင်းဂျာ အနည်းငယ်တော့ ရှက်ကိုးရှက်ကန်း ဖြစ်နေမိပါသည်။ ကိုယ်ကအရင် လက်နက်ချပြီး ပြန်ရောက်လာရတာကိုး။

"မနက်က ကိုယ်တအားပူနေလို့ဆိုပြီး သူ့ဘာသာ ပါရာနစ်ပြားသောက်ပြီး ပြန်အိပ်နေတယ်။ နင်, ဝင်ရင်ဝင်သွား သူ့အိပ်ရာပေါ်မှာ အိပ်နေတာ"

ဂျင်းဂျာ တွေဝေမနေမိတော့ဘဲ နေရောင်ချို့အခန်းထဲ ဝင်သွားလိုက်သည်။ တစ်ဈောက်အိပ်မွေ့ရာမှာ ပက်လက်အနေအထားနဲ့ အိပ်ပျော်နေသော နေရောင်ချို၏အတော်ကြီးပိန်ကျသွားသော မျက်နှာကို ဂျင်းဂျာ လွမ်းဆွတ်စွာ စိုက်ငေးကြည့်နေမိပါသည်။ ကြည့်နေရင်းမှ နှဖူးပြင်ကို အသာစမ်းကြည့်မိလျှ

www.burmeseclassic.com



ကိုယ်ပူနေတာကို ခံစားရသည်။ သူ ဘာလို့ ဒီလောက်တောင်နေမကောင်းဖြစ်ရလဲ။ အရင်က တော်တော်ကျန်းမာပုံရတဲ့သူဟာ အခုတော့ အသားအရေ ဖျော့တော့တော့နဲ့။ သွေးရောင်မလွှမ်းတော့ဘဲ ဖြူဖျော့ကာ ခြောက်ကပ်အက်ကွဲနေသည်။

သူ တစ်ချက်ညည်းညူလိုက်သံကြားလျှင် ဂျင်းဂျာ ဒီအတိုင်းကြည့်မနေနိုင်တော့။ နေရောင်ချို့နဖူးပြင်ကို လက်ဖြင့် အသာသပ်ရင်း ...

"နေရောင် ... နေရောင် ... နေမကောင်းဘူးလားဟင်"

ဟု ခပ်တိုးတိုး နှုတ်ဆက်လိုက်မိပါသည်။

"အင်း ...။ ဟင်း ...။ ဟင် ... ဂျင်း"

အိပ်ချင်မူးတူးလိုလို၊ ညည်းညူသံလိုလို အသံပြုလျက် နေရောင်ချို့ မျက်လုံးတွေ ပွင့်လာတော့ အဝေါ်က မိုးကြည့်နေသည့် ဂျင်းဂျာကိုမြင်ကာ အံ့အားသင့်သလို ခေါ်လိုက်ပါသည်။ ရုတ်တရက် ထထိုင်တော့မလို သူ ကြိုးစားပေမယ့် နေမကောင်းတဲ့အရှိန်ကြောင့် ချက်ချင်း ထ,မရဘဲ လူကယိုင်သွားသည်။

"နေမကောင်းရင် လှဲနေပါ မထနဲ့"

"ရတယ်၊ နေကောင်းပါတယ်"

"ဘယ်မှာကောင်းလို့လဲ၊ ဒီလောက် ကိုယ်ပူနေတာ"

"တော်ကြာ ပျောက်သွားမှာပါ"

"ဘာ ... တော်ကြာလဲ၊ ဆေးခန်းသွားမပြဘဲ ဘယ်လိုလုပ် ပျောက်မလဲ"





"ဆေးခန်းပြစရာ မလိုတော့ဘူးလေ။ ဂျင်း ရောက်လာပြီပဲ"

"အံမာ"

"တကယ်ပြောတာ ကိုယ် လွမ်းဖျားလွမ်းနာ ကျနေတာပါ"

နေရောင်ချို့သည် ခေါင်းတွေနောက်ကျိပြီး ထတောင်မထချင်ပေမယ့် ဂျင်းဂျာ ရောက်လာသဖြင့် ဝမ်းသာသွားမိကာ အမင်ပဲ စိတ်ပြေလက်ပျောက်ဖြစ်အောင် လျှောက်ပြောနေမိသည်။ သူ့အတွက် လူတွေအားလုံး စိတ်ပူပြီး အစိုးရိမ်ကြီးနေရတာမျိုး မဖြစ်စေချင်။

"ဂျင်းကို ကိုယ် အရမ်းလွမ်းနေခဲ့တာ"

"နေမကောင်းဘူး မဟုတ်လား။ ကဲ ... လာ၊ ဆေးခန်း သွားမယ်"

"ဟင့်အင်း ... မသွားဘူး၊ ဂျင်း ကိုယ့်ကိုဆေးဝယ်တိုက်၊ ပြုစု၊ ကိုယ့်အနားမှာနေ။ အဲဒါဆို ကိုယ်နေကောင်းမယ်"

နေရောင်ချို့သည် ဂျင်းဂျာ့ကို ပခုံးမှအသာဖွေ့ဖက်ဆိုက်ကာ သူ့ရင်ဘတ်ဖြင့် ကပ်ထားလိုက်ပါသည်။

"အား ... တစ်ကိုယ်လုံး ပူနေတာပဲ နေရောင်ရယ်။ မဖြစ်ပါဘူး။ ဒီလိုနေလို့ ဘယ်ဖြစ်မလဲ ဆေးခန်းသွားရအောင်ပါ"

ဂျင်းဂျာမှာ သူ့ကိုယ်က ပူလှသဖြင့် အလန့်တကြား ပြောမိသည်။

"ဂျင်းကို ကိုယ် အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေရောင် ... ကဲ ... ဂျင်းကိုချစ်ဘယ်ဆိုရင် ဂျင်း
တာတော့ နားထောင်။ ဆေးခန်းသွားကြမယ်နော်၊ လိ
တယ်နော်"

"မလိမ္မာဘူးကွာ၊ ကိုယ်က လူမိုက် လူပေ လူတေ
ဒီလိုပဲ နေမယ်။ တေလွန်းပေလွန်းရင် ရောဂါပိုးတွေလ
ကြောက်ပြီး ပျောက်သွားတတ်တယ်"

"အပိုတွေ ပြောမနေနဲ့ တစ်ချက်လွတ်အမိန့်ပဲ။ အခု
ပတ်တိုက်ပေးမယ်။ ကိုယ့်ဘာသာ သွားတိုက် မျက်နှာ
လုပ်။ အဝတ်အစားလဲ။ အဆင်သင့်ဖြစ်ရင် ဆေးခန်း
မယ်၊ ဒါပဲ"

ဂျင်းဂျာ လက်ညှိုးတညွှန်ညွှန်ဖြင့် အမိန့်ပေး
ကြည်ကြည်နူးနူးရယ်ရင်း နေရောင်ချို ကုန်းရုန်းပြီး ထ
လေသည်။

ရေနွေးဓာတ်ဘူးထဲမှ ရေနွေးတွေကို ပလတ်
ရေပုံးလေးထဲမှာ အဆင်သင့် ထည့်ထားသော တစ်ဝက်သ
ရေအေးနဲ့ရောထည့်စပ်ကာ ရေအနေတော်ရအောင် လက်ညှိ
အရင်စမ်းသပ်သည်။ ရေနွေးခပ်နွေးနွေးလေးရမှ မျက်နှာ
ပဝါအသေးလေးကို ရေနွေးထဲစိမ်လိုက် အနည်းငယ် ရေညှစ်
နေရောင်ချို့ကို စိတ်ရှည်လက်ရှည် ရေပတ်တိုက်ပေးလိုက်
ပါသည်။ နေရောင်ချိုဟာ ရေပတ်တိုက်ပေးခံရတဲ့ အရ





မိန်နဲ့ခံရင်း ဂျင်းဂျာ့ကို တမြတ်တနိုး တစိမ့်စိမ့် လိုက်ကြည့်နေသည်။

"ကဲ ... ပြီးပြီ၊ မျက်နှာသစ်၊ သွားတိုက် လုပ်တော့"

"ဒုက္ခပါပဲဗျာ၊ အိပ်ရာထဲမှာ ဖိမ်နဲ့နေချင်ပါတယ်ဆိုမှ"

ဟု တမင်ညည်းညူပြရင်း ဂျင်းဂျာ့လက်တွေကိုယူပြီး သူ့နှုတ်ခမ်းဖြင့် ထိကပ်လိုက်မိသည်။

"တကယ်ပဲ၊ ကိုယ်တွေက ပူနေတာ နေရောင်ရယ်။ ရှင့်အသားနဲ့ထိရတဲ့ ဂျင်းတောင် အပူတွေကူးလာသလို ခံစားရတယ်"

ဂျင်းဂျာ၏ စိတ်မကောင်းသလို ပြောသံကို ပြေပျောက်စေရန်အတွက် နေရောင်ချိုကတော့ ဂျင်းဂျာကို စလိုက်နောက်လိုက်၊ နှာခေါင်းထိပ်လုံးလုံးလေးကိုဆွဲလိုက်၊ နားရွက်ဖျားလေးကိုလိမ်လိုက်၊ မေးစေ့လုံးလုံးလေးကို ဖျစ်လိုက်နဲ့ စိတ်ပြောင်းအောင် လုပ်နေခဲ့သည်။

အဝတ်အစားလဲပြီး နှစ်ယောက်အတူ ထွက်လာကြတော့ စည်သူက ...

"ကျေးဇူးပဲ ဂျင်းဂျာရာ။ ဒီကောင့်ကို နိုင်အောင်ပြောနိုင်တဲ့သူက နင်ပဲရှိတယ်။ နင် ရောက်လာပြီဆိုတော့ ငါ ဒီကောင့်အတွက် စိတ်အေးသွားပါပြီ"

ဟူ၍ လှမ်းပြောတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဂျင်းကို စည်သူ လာခေါ်တာလား"

လို့ အံ့သြပြီး မေးလေသည်။

"အေးလေ ... ငါ ကိုယ်တိုင်ပဲ သူ့အမေ ဦးရဲကျော်ရဲ့ လက်သီးကို ကြောက်ကြောက်နဲ့ အရဲစွန့်ပြီး သူ့အိမ်မှာ သွားပြောပြရတာပေါ့"

"မသိပါဘူးကွာ၊ ငါ အရမ်းတမ်းတနေလို့များ ဂျင်း ရောက်လာသလားလို့"

"ဘယ်လိုကြောင့်ပဲ ရောက်လာလာ ရောက်လာရင် မင်း ကျေနပ်တာပဲ မဟုတ်လား။ ကဲ ... ဆေးခန်းသွားပါတော့ ကွာ၊ မင်းရဲ့လူမမာရုပ်ကြီးကို ငါ တွေ့နေရတာ ရက်ပေါင်း မနည်းတော့ဘူး"

ဆေးခန်းကို တက္ကစီဖြင့် အတူထွက်လာခဲ့ကြသည်။ ဂျင်းဂျာပဲ စီစဉ်ပြီး ဘယ်ဆေးခန်းသွားမယ်ဆိုတာ ကားမောင်းသူ ကို ပြောပါသည်။

ဂျင်းဂျာ ရှာဖွေတွေ့ရှိသော ဆရာဝန်ကြီးက အတွေ့ တွေ့ရောဂါအထူးကုဟု သိရလျှင် နေရောင်ချို ရယ်သည်။

"ရှီးရှီးဖျားတာ နာတာပါကွာ၊ အထူးကုတွေ ဘာတွေပြ မနေပါနဲ့"

"ဒီလောက် ခဏ ခဏ နေမကောင်းဖြစ်နေတာ ဘာကြောင့် ဖျားရသလဲဆိုတာ သေသေချာချာ သိဖို့လိုတာပေါ့"





အထူးကုဆရာဝန်ကြီးမို့ ချက်ချင်းတော့ ဝင်ပြလို့ မရဘဲ နည်းနည်းတော့ စောင့်ရပါသည်။ အထူးကုဆေးခန်းကြီး ၏ လူနာထိုင်စောင့်ရာ ခုံတန်းလျားမှာ အတူယှဉ်တွဲထိုင်စောင့် ရသည်ကို နေရောင်ချို ကြည်နူးမဆုံး ဖြစ်နေပါသည်။ သူတို့စုံတွဲ လေးကို ဘယ်သူတွေက ချစ်သူတွေလို့ ထင်တော့မှာလဲ။ နေမ ကောင်းဖြစ်နေတဲ့ ခင်ပွန်းသည်ကို ဆေးခန်းလိုက်ပြတဲ့ ဇနီးသည် လေးလို့ ထင်မှာပေါ့။ လူငယ်စုံတွဲလေး၊ လင်မယားစုံတွဲငယ်ငယ် လေးတွေလို့ အထင်ခံရတာ ဘယ်လောက် စိတ်ကျေနပ်စရာကောင်း လဲ။ အဲဒီလို ကြည်နူးစွာတွေးရင်း တစ်ဆက်တည်းမှာပဲ ဂျင်းဂျာ့ ကို လက်ထပ်ထားချင်စိတ်တွေတောင် ပေါ်လာပါသည်။

သူဝင်ရမယ့်အလှည့်ရောက်တော့ ဂျင်းဂျာပါ လိုက် ဝင်ပါသည်။ ဆရာဝန်ကြီးက အနည်းငယ် စမ်းသပ်ပြီးလျှင် ဘယ်ကဘယ်လို နေမကောင်းဖြစ်တယ် ဆိုတာတွေ နေရောင်ချို ပြောပြတာ နားထောင်ပြီးမှ ...

"သွေး၊ ဝမ်း၊ ဆီး စစ်လိုက်မယ်၊ ရင်ခေါင်းဓာတ်မှန်လည်း တစ်ချက်ရိုက်လိုက်ပါ။ အဖြေရလာမှ တစ်ခေါက်ထပ်လာ ပြကြတာပေါ့၊ အခု လောလောဆယ်တော့ အဖျားသက် သာအောင် ဆေးရေးပေးလိုက်မယ်၊ ဆေးသောက်လိုက်ပါ"

ဟု ညွှန်ကြားပါသည်။

နှစ်ယောက်သား ဆေးခန်းထဲကထွက်လာပြီး ဝယ် ရာရှိသော ဆေးများဝယ်ပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆေးစစ်စရာတွေ သွားမစစ်တော့ပါဘူးကွာ၊ ကိုယ် သိတယ်၊ ကိုယ် ဘာမှမဖြစ်ပါဘူး၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ"

နေရောင်ချိုက ဂျင်းဂျာ့ကို ပူဆာသလို ပြောသည်။ ဂျင်းဂျာက လက်မခံချင်။

"ဆေးစစ်လိုက်ပါ နေရောင်ရယ်။ ဒါမှ ဘာဖြစ်နေတယ်ဆိုတာ သိရမှာပေါ့။ မဖြစ်ရင်လည်း မဖြစ်ဘူးဆိုတာ သိရတော့ ပိုမကောင်းဘူးလား"

"ကိုယ် အေအိုင်ဒီအက်(စ)တော့ မဖြစ်ပါဘူးကွာ။ စိတ်ချပါ"

'အို ... ဂျင်းက အဲဒီသဘောနဲ့ အတင်းစစ်ခိုင်းနေတာ မဟုတ်ပါဘူး။ နေရောင့်ကို နေကောင်းစေချင်လို့ပါ"

"ဒီနေ့တော့ မသွားဘူး ပျင်းတယ်။ ဂျင်း ကိုယ့်နားမှာ ရှိနေတုန်း စကားတွေ ပြောချင်တယ်။ အပြင်မှာ မုန့်စားရင်း အချိန်ဖြုန်းချင်တယ်။ မတွေ့ကြရတဲ့ ရက်ပိုင်းအတွင်းမှာ ကိုယ့်မှာ ပြောစရာတွေအများကြီး ရှိနေတယ် သိလား"

"ကဲ ... ကဲ ... ဒါဖြင့်လည်း ရှင့်သဘောပါပဲ။ ဟင်း ... နေမကောင်းတဲ့အတွက် ဦးစားပေးခံရတာ မှတ်ပါနော်။ နေမကောင်းလို့ဆိုပြီး သနားလို့ ဒီက သူပြန်ခေါ်တာတောင် မစောင့်နိုင်တော့ဘဲ ရောက်လာမိတယ်"





"သိပါတယ် ဂျင်းရယ်၊ ကိုယ့်ဘက်က မှားခဲ့တာတွေအတွက် ဂျင်းကို ပြောပြချင်တာတွေလည်း အများကြီးပါ"

သူတို့နှစ်ယောက် ကော်ဖီဆိုင်မှာ ထိုင်အချိန်ဖြုန်း ...ပါသည်။ ဂျင်းဂျာက နေရောင်ချို့ကို ဂရုတစိုက်ပင် ဆေးတွေ ...ကျက်သည်။ ဆေးနည်းနည်းသောက်လိုက်ရတော့ နေရောင်ချိုလည်း ...င်ရွှင်လန်းလန်း ပိုဖြစ်လာသည်။ ပြီးတော့ ဂျင်းဂျာအနားမှာ ...နေတဲ့အတွက်လည်း သူ့ကိုယ်သူ အစိုဓာတ်ရှိလာတယ်လို့ ခံစား...သည်။

"ကိုယ် တကယ်ပြောတာ။ ဂျင်းဟာ ကိုယ့်ဘဝမှာ ပထမဦးဆုံး ချစ်ဖူးတဲ့ မိန်းကလေးပါပဲ။ ရည်းစားတွေဘယ်လောက်ရှိခဲ့ ရှိခဲ့၊ ဂျင်းကတော့ ကိုယ့်ရဲ့အချစ်ဦးလို့ သတ်မှတ်တယ်"

"ဖေဖေ့ကို ပညာပေးချင်လို့ သူ့သမီးကို ချစ်ဟန်ဆောင်ခဲ့တယ် ဆိုတာကြီးကိုတော့ ဂျင်းစိတ်ထဲမှာ ဘယ်တော့မှ ဖျောက်လို့မရဘူး"

"ဆောရီးပါ ဂျင်းရယ်။ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် ဘာကိုမှ လျှို့ဝှက်မထားချင်လို့ ဂျင်းကို ဖွင့်ပြောပြီး အသိပေးတဲ့သဘောပါပဲ။ တကယ်တော့ ဂျင်းကိုဘာစိတ်ဒဏ်ရာမှ ပေးဖို့ရည်ရွယ်ချက် မရှိပါဘူး။ ကိုယ့်ကိုပြန်ချစ်ပါနော်၊ အရင်ကလိုပဲ ပြန်နေကြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"အရင်ကလို ပြန်နေလို့ ဘယ်ဖြစ်မလဲ။ ဂျင်းက မေမေ့ အိမ်မှာပဲ နေရမှာပေါ့"

"ဟုတ်ပါတယ်၊ ကိုယ် အဲဒါကို လက်ခံပါတယ်၊ ဒါပေမဲ့ စေ့စပ်ထားကြမယ်လို့ ပြောတာပါ၊ ကျောင်းပြီးရင် လက်ထပ်ကြမယ်လေ"

"ဂျင်း စဉ်းစားဦးမယ်"


"ကိုယ့်ကို မနှိပ်စက်နဲ့နော်၊ စဉ်းစားမယ်ဆိုပြီး အကြာကြီး အချိန်ဆွဲမထားပါနဲ့"

ဂျင်းဂျာဟာ အခုကျမှ အဖြစ်သည်းပြီး တမ်းတမ်းတတ ဖြစ်နေသော နေရောင်ချို့ကို မျက်စောင်းကြီးထိုးရင်း သူ့ကိုငါ မချစ်ဘဲနဲ့တော့ မနေနိုင်ပါဘူးလို့ စိတ်ထဲမှာ ဝန်ခံနေမိသည်။

❦ ❖ ❦








www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၀

"စေ့စပ်တာတော့ ဟုတ်ပါပြီ သားရယ်။ ဒါပေမဲ့ သား ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး။ မင်း ကြည့်ရတာ သိပ် နေကောင်းပုံလည်း မပေါ်ဘူး"

မေမေ့ကို အရင်ဆုံးသွားပြောပြတော့ မေမေ့ထက် ပိုအံ့ဩ ဝမ်းသာသူမှာ ညီမလေး လမင်းချို ဖြစ်သည်။ မေမေက တော့ နေမကောင်းတဲ့ပုံပေါက်နေတဲ့ နေရောင်ချို့ကို တဖွဖွတိုက် တွန်းနေသည်။

"မင်းအဖေ ဟိုတလောက မင်းကို လှမ်းတွေ့လိုက်တယ် လို့ ပြောတယ်။ ဒီကောင် ဘာဖြစ်နေတာလဲတဲ့။ ဆေးချ နေလို့ ဒီပုံပေါက်နေတာလားတဲ့ မေးတဲ့ပုံစံက တစ်မျိုးကြီး ပေမယ့် သူ မင်းကိုတော့ ဂရုစိုက်ပါတယ်။ မင်း မကောင်း တဲ့လမ်းကြောင်း ရောက်သွားမှာ သူ စိုးရိမ်နေတယ်"





"ဖေဖေက ကျွန်တော့်ကိုဆို ဘယ်တုန်းကများ ကောင်းတာ ထင်လို့လဲ"

"မင်းတို့သားအဖနဲ့တော့လေ ခက်တာပဲ။ ဘယ်တော့မှ တစ်ယောက်နဲ့တစ်ယောက် တည့်မယ့်ပုံမမြင်တော့ဘူး"

"ဖေဖေက ကိုလေးနေ သူစီစဉ်တာကို မလိုက်နာတော့ ပိုဒေါသဖြစ်နေတာလေ။ လမင်းကိုလည်း စင်ကာပူလွှတ်ပြီး ကျောင်းတက်ခိုင်းနေတာ။ လမင်းက ကိုလေးနေပါမှ သွားမယ်ဆိုတော့ ပိုစိတ်ဆိုးတာပေါ့"

"ဘယ်မှာပဲ ပညာသင်သင် ကိုယ်ကိုယ်တိုင် ကြိုးစားမှရ မှာပဲ။ မကြိုးစားရင် ဘယ်လောက်ကောင်းတဲ့နေရာမှာ သွားသင်သင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

"ကဲ ... ကဲ ... တော်ပါတော့၊ မောင်နှမနှစ်ယောက်အတိုင် အဖောက်ညီညီနဲ့ အဖေအကြောင်းပြောနေတာ ရပ်တော့။ တကယ်တော့ မင်းတို့အဖေက လူကောင်းပါကွယ်။ သူ ရှာနေတာတွေ သူ့အတွက် မဟုတ်ဘူး။ သားသမီးအတွက် လို့ ပြောပြောနေတာပါ"

နေရောင်ချို့က ရယ်မောလိုက်ကာ ...

"မေမေက ဖေဖေ့ကို မချစ်ပေမယ့် ဘယ်တော့မှ မကောင်း တာ မပြောဘူးနော်"

ဟု ဆက်မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ပေမယ့် မေမေ မမုန်းပါဘူး။ ပြီးတော့ သူ့မှာမကောင်းတဲ့အချက် သိပ်မှမရှိတာ"

"မိန်းကလေးတွေနဲ့ ဇာတ်လမ်းရှုပ်တယ်လေ မေမေရဲ့။ ဒါဟာ မိန်းမတွေ သည်းမခံနိုင်ဆုံးကိစ္စ မဟုတ်လား"

"အမှန်တော့ မေမေ့ဘက်ကလည်း အမှားလုပ်ခဲ့တာကိုး။ သူ့ကို စယူယူချင်းတည်းက ရှင့်ကို ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူးဆိုတဲ့ သဘောမျိုးတွေ နေ့စဉ်နဲ့အမျှပြောပြီး စိတ်ဆင်းရဲစေခဲ့တယ်လေ။ ဒီတော့ သူလည်း အရွဲ့တိုက်ပြီး လုပ်ခဲ့တယ်လို့ မေမေ ထင်တယ်"

နေရောင်ချို တစ်ခါမှ မကြားဖူးခဲ့သော ဖေဖေနှင့် မေမေ၏ ဆက်ဆံရေးကို သိလိုက်ရတော့ ဘယ်သူ့ကို သနားရမှန်းမသိ ဖြစ်သွားသည်။ ဘယ်သူ့ဘက်ကမှန်သလဲ ဆိုတာကို ဝေဖန်ဖို့ ခက်သွားပါသည်။

"ဒါကြောင့် မေမေက မင်းရဲ့အိမ်ထောင်ရေးမှာကျတော့ မေမေတို့လို မဖြစ်စေချင်ဘူး။ ဒီကောင်မလေးကို သားတကယ်ချစ်တယ်၊ တကယ်မြတ်နိုးတယ်ဆိုရင် ယူပါလို့ ကျေကျေနပ်နပ် တိုက်တွန်းတာပါ။ ကိုယ်က ချမ်းသာတဲ့ အသိုင်းအဝိုင်းဖြစ်နေလို့ သူတို့က သာမန်အဆင့်မို့လို့ဆိုပြီး သဘောမတူတာတွေ ဘာတွေ မရှိဘူး။ ဟိုလူနဲ့ယူ ဒီလူနဲ့ယူဆိုပြီးတော့လည်း မခြယ်လှယ်ချင်ဘူး"





မေ့မေက သူ့ခံစားချက်နဲ့သူမို့ နေရောင်ချို့ကိစ္စကို ကျေနပ်သဘောတူစွာ စိတ်ဝင်တစား ရှိနေသည်။

"သူ့အဖေဆီ ဖုန်းဆက်ပြီ· စေ့စပ်စကား သွားပြောပေးရမှာပေါ့"

"အဲဒါတော့ ကျွန်တော် နားမလည်ဘူး မေမေ၊ မေမေ့ကိုလာပြီး အသိပေးတာပါ"

"မေမေတို့ဘက်က မိသားစုအခြေအနေကို သူ့အဖေ သိလား"

"သိတယ် မေမေ"

"ဒါဖြင့် စေ့စပ်ကြောင်းလမ်းတဲ့အခါ မင်းအဖေရယ်။ မေမေနဲ့ ဦးကျော်ဇောရယ်၊ သုံးယောက် လာစကားပြောမယ်ဆိုတာကို သူ့အဖေ နားလည်မယ် ထင်ပါရဲ့လေ။ ပြီးတော့ သားကောင်မလေး လက်သူကြွယ် အဲ ... သေချာအောင်မှာမယ့်။ ဘယ်လက်သူကြွယ် အတိုင်းလေးလည်း မေမေလိုချင်တယ်"

"ဘာလုပ်ဖို့လဲ"

"စေ့စပ်လက်စွပ် ဆင်တူလေး ဝတ်ရမယ်လေ"

"ကျွန်တော်တို့က စေ့စပ်ပွဲကြီးလုပ်မှာမှ မဟုတ်တာ"

"အဲဒါ ကောင်မလေးအဖေကို မေးရမှာပေါ့၊ သူ့သဘော ဘယ်လိုရှိလဲ။ သူလုပ်ပေးစေ့ချင်ရင် လုပ်ပေးမယ်။ မလုပ်ပေးနဲ့ ဒီတိုင်းပဲ အသိအမှတ်ပြုကြမယ်ဆိုလည်း ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ အထိမ်းအမှတ်လ[illegible]
စွပ်လေးတော့ ဝတ်စေချင်တာ မမေ့ဆန္ဒပဲ"

လမင်းချိုက ထိုင်နှားထောင်နေရာမှ ရှူး ... ဖ[illegible] ဟု အော်ပြီး ထခုန်ပါသည်။

"ဘာဖြစ်ရတာလဲ"

"ဝမ်းသာတာ ... ဝမ်းသာတာ။ နောက်ပြီး အတန်းထဲ[illegible] ကောင်မလေးတွေ အသည်းကွဲသွားမှာကို မြင်ယောင်ပြီ[illegible] ပျော်တာ"

"ဘယ်သူတွေကို ပြောတာလဲ၊ ဘာကိုပြောတာလဲ သ[illegible] ငယ်ရယ်"

"သူတို့က လမင်းကိုသာ အပေါင်းအသင်း မလုပ်ချင်တာ[illegible] ကိုလေးနေကိုကျ ကျိတ်ကြိုက် နေကြတာလေ၊ ကိုလေး[illegible] လာရင် တစ်ယောက်နဲ့တစ်ယောက် တွန်းထိုးပြီး ဟီးဟ[illegible] ဟားဟားလုပ် အသံပေးရတာ အမောပဲ"

"ဟာ ... ကလေးတွေကိုက ဒီလိုစိတ်မွေးစံရလား လမင်[illegible] ရာ။ နင် ထင်လို့ဖြစ်မှာပါ။ အခုမှ ခြောက်တန်းရှိသေးတာ[illegible] ရည်းစားကိစ္စ စိတ်ဝင်စားစရာလား"

"ကိုလေးနေမှ မသိတာ။ သူတို့က ကဲကိုကဲတယ်၊ အ[illegible] လည်း သိပ်လုပ်တာလေ။ မမဂျင်းကို လက်တွဲပြီး လမင်[illegible] ဆီ ထပ်လာခဲ့ပါဦး။ သူတို့ ငေးနေရအောင် လုပ်ပြ[illegible] လို့"





မမေ့အိမ်က ပြန်လာတော့ ဂျင်းဂျာကို သွားစောင့်ဖို့ ဂျင်းဂျာတက်နေတဲ့ ကျူရှင်ရှိရာဆီ ဘတ်စ်ကားဖြင့် လာခဲ့သည်။ မမေက ကားယူသွား[illegible]ပေမယ့် နေရောင်ချို ခေါင်းမာစွာ ငြင်းဆန်ခဲ့သည်။ ခေါင်းမာမာနဲ့သာ ငြင်းခဲ့ပေမယ့် ဘတ်စ်ကားပေါ်ရောက်တော့ သူ့ခေါင်းတွေ တစစ်စစ် ကိုက်လာသည်ကို စတင်ခံစားလာရပြန်သည်။ အာခေါင်တွေခြောက်ပြီး ပူရှိန်းရှိန်း ဖြစ်လာကာ ကိုယ်ပူသလို ခံစားလာရပြန်သည်။ နေရောင်ချိုသည် သူ့ကိုယ်သူပင် အလိုမကျစွာ ဆဲရေးမိသည်။ ဒီလို ခဏခဏ နေမကောင်းနေတာ နှစ်လ သုံးလလောက်ရှိပြီ။ ဘာများဖြစ်နေတာပါလိမ့်။ ဒီလောက်တောင် နုရသလားလို့ သူ့ကိုယ်သူ အပြစ်တင်ချင်မိသည်။

ဂျင်းဂျာရှေ့မှာ ဟန်ဆောင်ကောင်းကောင်းနဲ့နေမယ်ဟု စိတ်တင်းကာ ပြုံးရယ်ပြီး ရပ်စောင့်နေခဲ့ပေမယ့် ကြာကြာဟန်ဆောင်လို့မရ။ သူ့လက်ကို လာတွဲလိုက်သောအခါ လက်ဖဝါးပြင်က အပူကို ဂျင်းဂျာ ခံစားလိုက်ရလျှင် ...

"ဟင် ... လက်တွေပူနေပါလား၊ ကြည့်စမ်း ... ကိုယ်ပူနေပါလား နေရောင်"

နဖူးပြင်ကိုပါ ဖျတ်ခနဲ လာစမ်းပြီး ဂျင်းဂျာစိုးရိမ်သလို အသံဖြင့် မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူးကွာ၊ နေပူထဲရပ်နေလို့ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... နေမှုထဲ ရပ်နေလို့ အသားအရေမှုပုံမျိုး မဟုတ်ဘူး။ နေမကောင်းလို့ ကိုယ်ပူတာ မဟုတ်လား"

"နေကောင်းတယ်၊ ဘာမှမဖြစ်ဘူး။ ကဲ ... လာပါကွာ။ ဆိုင်မှာတစ်ခုခုစားရင်း မေမေ့ဆီက ကြားခဲ့တဲ့အကြောင်း ပြန်ပြောရအောင်"

နေရောင်ချို အတင်းပဲ စကားလမ်းကြောင်းလွှဲပြီး ဂျင်းဂျာ့လက်ကိုဆွဲကာ လက်ဖက်ရည်ဆိုင်ကြီးတစ်ခုထဲ ဝင်ထိုင်လိုက်ပါသည်။ မထိုင်လို့လည်းမရတော့။ လူက ခေါင်းတွေတအား ထိုးကိုက်နေကာ တစ်နေရာရာမှာ ခဏထိုင်နားလိုက်ချင်စိတ်တွေ အလိုလို ဖြစ်လာပါသည်။ ရင်ထဲမှာ တဒိုင်းဒိုင်း ခုန်နေကာ ထိုနလုံးခုန်သံကို မခံနိုင်သလို ခံစားလာရသည်။ ဒါကြောင့် လက်ဖက်ရည်ဆိုင် ခဏဝင်ထိုင်ပြီး ရေနွေးပူပူသောက် လက်ဖက်ရည်ဖြစ်ဖြစ် သောက်လိုက်ပြီး ခဏနားချင်သွားတာမျိုး ဖြစ်ပါသည်။

"နေရောင် ဂျင်းကို မညာနဲ့နော်၊ ဟိုတစ်ခါ ဆေးစစ်ဖို့ ဆရာဝန်ရေးပေးတဲ့အတိုင်း သွားစစ်ရဲ့လား။ ဂျင်းကိုပြောတော့စစ်တယ်။ ဘာမှမဖြစ်ဘူးဆို။ အဲဒါ တကယ်ရော ဟုတ်ရဲ့လား"

တကယ်တော့ ထိုဆေးစစ်ရမယ့် ညွှန်ကြားချက်ကို နေရောင်ချို မလုပ်ခဲ့ပါ။ တမင်ပဲ စာရွက်ကို လွှတ်ပစ်လိုက်ကာ





မေ့ဖျောက်ပစ်လိုက်ပါသည်။ အဲဒီတုန်းက ဆေးသောက်ပြီး နေလည်းပြန်ကောင်းသွားတာမို့ ငါ ဘာမှမဖြစ်ပါဘူးဆိုပြီး ခပ်ပေါ့ပေါ့နေလိုက်ကာ ဂျင်းဂျာ မေးတော့ အလွယ်တကူ လိမ်ပြောလိုက်တာလည်းဖြစ်သည်။

"ဟင် ... သွားမစစ်ဘူး မဟုတ်လား"

"ဂျင်းကလည်းကွာ။ ကိုယ် နေကောင်းပါတယ်၊ အပူရှပ်ပြီး ကိုယ်ပူနေတာပါ"

"ဂျင်း မယုံဘူး။ နေရောင် ... တကယ်နေမကောင်းဖြစ်နေတာ ဂျင်း သိကိုသိတယ်"

"နေမကောင်းတဲ့အကြောင်း နောက်မှ ဆက်ဆွေးနွေးကြမယ်။ အခု ကိုယ် မေမေ့ဆီက ပြန်လာတဲ့အကြောင်း အရင်ပြောမယ်"

"ပြီးရင် ဂျင်း စီစဉ်တာ နာခံပါမယ်လို့ ကတိပေး"

"အေးပါကွာ ... အေးပါ။ စိတ်ချမ်းသာအောင် ဂျင်း စီမံသမျှ နာခံပါမယ်ဗျာ"

ဂျင်းဂျာက နေရောင်ချို ဘာပြောမလဲဆိုတာကို နားထောင်ဖို့ စားပွဲပေါ် မေးစေ့တင်ထောက်ပြီး နားထောင်ဖို့ အသင့်ပြင်လိုက်ပါသည်။

"မေမေ့ကို ကိုယ်တို့အကြောင်း ပြောလိုက်တယ်"

"ဟင် ... ဒါများ ရှင့်မေမေ သိပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ချင်တယ်ဆိုတဲ့အကြောင်းကို ပြောလိုက်တာ ဂျင်းရဲ့ ချစ်သူတွေပါဆိုတဲ့အကြောင်း ပြောတာမဟုတ်ဘူးလေ"

"မစေ့စပ်လည်း ရပါတယ် နေရောင်ရယ်"

"ဘယ်ဟုတ်မလဲ၊ ဂျင်းကို ကိုယ်တကယ်တန်ဖိုးထားတာ ပေါ်လွင်စေချင်တယ်၊ လက်ထပ်ကြဖို့ကျတော့လည်း ဂျင်းက စောသေးတယ်၊ ငယ်သေးတယ်လို့ သတ်မှတ်ထော စေ့စပ်ထားလိုက်ရင် ကောင်းမယ်လို့ တွေးတာပါ"

သူ ငါ့ကို ဒီလောက်တောင် ချစ်တာပါလား ဟု ဂျင်းဂျာ တွေးရင်း ကြည်နူးမိသည်။ အရာရာကို ထိမထင်သလိုလို ခပ်တည်တည်လိုလို၊ ခံစားချက် သိပ်မရှိသလိုလို လူက ရင်ထဲ မှာတော့ ချစ်ခြင်းတွေ အများကြီးနဲ့တဲ့လား။

"မေမေက ဂျင်းရဲ့အဖေဆီမှာ စေ့စပ်စကား လာပြောချင် တယ်တဲ့။ လာတဲ့အခါကျ ဖေဖေရယ် မေမေနဲ့ သူ့ယောက်ျား ဦးကျော်ဇောရယ်တော့ ပါလိမ့်မယ်တဲ့။ အဲဒါကို ဂျင်းဖေဖေ စိတ်တိုင်းကျနိုင်ပါ့မလားလို့ စိုးရိမ်နေတယ်"

"ဂျင်း အမှန်အတိုင်း ပြောမယ်နော်"

ဂျင်းဂျာ ပြောပြလိုက်ရမှာ အားနာပေမယ့် မပြောရင် လည်း မဖြစ်ပြန်တာမို့ ပြောလိုက်ရပါသည်။

"ဖေဖေကလေ နေရောင်တို့မိသားစုပုံစံကို သူ လုံးဝမကြိုက် ဘူး။ ပိုက်ဆံဘယ်လောက်ရှိရှိ အိမ်ထောင်ပြိုကွဲနေကြတာ ရော။ သားသမီးတွေက နေချင်သလိုနေ၊ လုပ်ချင်ရာလုပ်





နေကြတာရော၊ နေရောင့်အစ်ကိုကြီးကလည်း မူးယစ် ဆေးဝါးသုံးခဲ့တဲ့ history ရှိတယ်၊ ဆေးဖြတ်လိုက်တဲ့အကျိုး ဆက်ကြောင့် စိတ်ရောဂါဝင်ပြီး ကိုယ့်ကိုယ်ကိုယ် သတ် သေသွားတာတွေရော၊ နေရောင်က ရည်းစားများတယ်၊ ရန်ခဏခဏဖြစ်တယ် ဆိုတာတွေရော သူ လုံးဝမကြိုက် ဘူး။ သူက အရမ်းတိကျပြီး ဘဝကို ရိုးရိုးသားသားပဲ ဖြတ်သန်းလာတဲ့သူလေ။ သူ့အလုပ်ရယ်၊ အိမ်ရယ်၊ သမီး တစ်ယောက်ရယ်ပဲ ပုံမှန်မိသားစုပုံစံ ဖြတ်သန်းလာတာဆို တော့ ရှုပ်ထွေးပြီး ပြဿနာများတဲ့ မိသားစုကို သူ့မနှစ်မြို့ နိုင်ခဲ့ဘူးပေါ့"

ဂျင်းဂျာ ပြောသာပြောလိုက်ရသည်။ နေရောင်ချို့ ချက်နှာကို သေသေချာချာတောင် မကြည့်ရက်အောင် အားနာပြီး ပြောရတာမျိုး ဖြစ်လေသည်။

"အဲဒီတော့ သူက သဘောမတူဘူးတဲ့လား"

"သဘောမတူလို့မှ မရတော့တာ နေရောင်ရယ်၊ နေရောင် သိပြီးသားပဲ။ ဂျင်း နေရောင့်အိမ်မှာ နှစ်ပတ်လောက် လာနေမိတာဟာ ဖေဖေ့အတွက် သူ့ပြင်ချင်တာ ပြင်ခွင့် မရအောင် ဖြစ်သွားစေခဲ့တယ်"

"ဂျင်းကရော"

"ဘာလဲ"

"ဂျင်းကရော ကိုယ့်ကို လက်မခံချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာ မဖြေဘဲ နေရောင့်လက်ဖဝါးတွေကို အ...

လာဆုပ်ကိုင်ရင်း ...

"ဖြေစရာမှ မလိုတာကို"

ဟု နှုတ်ခမ်းစူစူလေးလုပ်ကာ ပြောပါသည်။

"ဒါဆို ပြီးပြီပဲ။ ဂျင်း အဖေကြီးလည်း သဘောမတူ... မရတော့ဘူး။ ဂျင်းလည်း ကိုယ့်ကိုချစ်တယ်၊ လက်ခံ... ဆိုရင် ပြီးပြီပေါ့။ ဘာပူစရာလိုလဲ"

"စေ့စပ်စကား လာပြောမယ့်အကြောင်း ဂျင်းပဲ ဖေဖေ... ပြောပြလိုက်ပါမယ်"

"ဟုတ်ပြီ လိမ္မာတယ်"

"ပြောသာပြောရမှာ ဂျင်းဖေဖေ့ကိုလည်း သနားတယ်... ဖေဖေ့မှာ တွယ်တာစရာ ဂျင်းပဲရှိတာ"

"ကိုယ့်ကို ဂျင်းအဖေကြီးနဲ့ တစ်အိမ်တည်း အတူတူနေ... ဖို့ကိုတော့ မပြောနဲ့နော်။ သူ့မကြည်တဲ့ကောင်ကို သ... တော်ရမှာဆိုတော့ ဘယ်တော့မှ ကြည်မှာမဟုတ်ဘူး"

"အမယ်လေး အတူတူနေဖို့ကဖြင့် အဝေးကြီးလိုသေး... ဟာ။ တွေးပူနေရပြန်ပြီ"

"ဂျင်း ဘာလုပ်ချင်သေးလဲ"

ဂျင်းဂျာက ရုတ်တရက် အဆက်အစပ်မရှိ ...

မေးလိုက်သော နေရောင်ချို့စကားကြောင့် နားမလည်နိုင်ပဲ ...



"ဘာမေးတာလဲ နေရောင်။ ဂျင်း နားမလည်တော့ဘူး။ စကားတွေက ဟိုရောက် ဒီရောက်နဲ့"

"ကိုယ် မေးချင်တာက စေ့စပ်ပွဲ လုပ်ချင်လား မေးတာပါ။ လူကြီးချင်း စကားပြောပြီး စေ့စပ်တာတော့ ဟုတ်တာပေါ့။ ပတ်ဝန်းကျင်မှာ သိက္ခာရှိအောင် စေ့စပ်ပွဲတို့ ဘာတို့လုပ်ချင်တဲ့ဆန္ဒရှိလား မေးတာပါ"

"အဲဒါတော့ ဂျင်း မစဉ်းစားတတ်ဘူး။ ဖေဖေ့သဘောပဲ။ ဖေဖေဘာတွေပြန်ပြောမလဲဆိုတာ ဂျင်းကြိုမတွေးတတ်ဘူး"

"ဒါဖြင့် ဖေဖေက, ပွဲလုပ်စေချင်ရင် ဂျင်းလည်း လက်ခံမယ်ပေါ့၊ အဲဒီလိုလား"

ဂျင်းဂျာ မျက်စောင်းထိုးပြီး ...

"အံမယ် ... ဖေဖေတဲ့။ သူ့အဖေကျနေတာပဲ"

ဟု ပြောလေသည်။ နေရောင်ချို ရက်ပြီး တဟဲဟဲ ...ယ်ပါသည်။ ရယ်သာရယ်နေရပေမယ့် လူက နေရတာမကောင်း ...လို ခံစားနေရသည်။ ဘယ်လိုနေရာက နေမကောင်းဖြစ်နေမှန်း ...သိ။ စိတ်ထဲမှာလည်း တမင်သာ မေ့ထားရပေမယ့် ငါ တစ်ခုခု ...ဘာ ဖြစ်နေတယ်။ ငါ့ ကိုယ်ထဲမှာ တစ်ခုခု မှားနေတယ်ဆို ...သာ စိုးရိမ်သောကစိတ်တွေနဲ့ ပြည့်နေသည်။ ဘာကြောင့် ဒီလို ...ဖြစ်နေမှန်း စဉ်းစားလို့ကိုမရ။ သူ မူးယစ်ဆေးဝါးလည်း မသုံးဖူး၊ ...ဆေးထိုးအပ်နဲ့လည်း မသွင်းဖူးတာမို့ အေ့(စ်)လိုရောဂါဖြစ်မှာ...

www.burmeseclassic.com

www.burmeseclassic.com

တော့ ပူစရာမရှိ။ အရက်တို့ ဘီယာတို့လည်း သောက်တတ်ဖေ မယ့် အသည်းရောဂါကြီး ဖြစ်ရလောက်အောင် သောက်တတ်တာ မျိုးလည်း မဟုတ်တာမို့ မပူပါ။ ခဏခဏ ကိုယ်ပူလိုက်၊ နေမ ကောင်းဖြစ်သလိုကြီး ခံစားရလိုက်နဲ့ ချူချာနေတာကို တော်တော် စိတ်ပျက်လာသည်။

"မေမေက ဂျင်းရဲ့လက်သူကြွယ်လေးကိုလည်း တိုင်းခဲ့တဲ့"

"စေ့စပ်လက်စွပ် လုပ်ဖို့လား"

"ဟုတ်တယ်"

"ပွဲတောင် လုပ်ဖြစ်ချင်မှလုပ်မှာ၊ မလိုပါဘူး နေရောင် ရယ်။ နေရောင်တို့ဘက်က သိပ်တတ်နိုင်နေပြီး ဂျင်းတို့က ဘာမှမရှိတော့ ယှဉ်ဖို့ကို မရဲပါဘူး"

"အဲဒါတွေ မလိုပါဘူးကွာ၊ ကိုယ်တို့ကြားမှာ ဒါတွေပြော ဖို့ မလိုဘူး"

"ပြောဖို့လိုတာ တစ်ခုတော့ ရှိတယ်"

ဂျင်းဂျာက လက်ညှိုးတစ်ချောင်းထောင်ပြီး ပြောလိုက် သည်။

"ဘာလဲ ... ပြော"

"နေရောင် နေမကောင်းဖြစ်နေတာ ဂျင်း ရိပ်မိတယ်။ အခုပဲ ဆရာဝန်ဆီ သွားမယ်။ ဆေးစစ်နိုင်းရင် ဒီနေ့ပဲ သွားစစ်မယ်"





"ဟာ"

"ဘာဟာလဲ။ ခုနကတော့ ဂျင်း စီမံတာ နာခံပါ့မယ်ဆို။ နေရောင်နော် ... မရဘူး၊ ဂျင်း တကယ်စိတ်ဆိုးတော့မယ်"

"သွားပါ့မယ်ဗျာ၊ တကယ်သွားပါ့မယ်၊ အံမယ်လေးဗျာ၊ ဒီမိန်းမ, မရခင်တည်းက နိုင်နေပါလား"

ဂျင်းဂျာ လိမ်ဆွဲလိုက်တော့ နေရောင်ရဲ့ တစ်ယောက် ရှုံ့ရှုံ့မဲ့မဲ့နဲ့ပဲ ဂျင်းဂျာ နိုပ်စက်သမျှ ကျိတ်ခံနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ညကြီးသန်းခေါင် အိမ်ဖုန်းက တူတူ ... တူတူနှင့် အကြာကြီး ခေါ်နေလေရာ ဖေဖေ ဒေါသထွက်ပြီး "တောက်" ခေါက်ကာ ထထိုင်ဖို့ လှုပ်ရှားသံ ကြားရသည်။ ဂျင်းဂျာလည်း နိုးနေပြီမို့ ...

"ဖေဖေ ... ဖေဖေ အသာလှဲနေပါ၊ ဂျင်း သွားကိုင်လိုက်ပါ့မယ်။ အကြာကြီး ခေါ်တာဆိုတော့ တစ်ခုခု အရေးကြီးတာပြောချင်လို့ ခေါ်တာဖြစ်မှာပါ"

ဟု ပြောလိုက်ပြီး အိမ်ရှေ့ခန်းမှာထားသောဖုန်းကို ကိုင်ဖို့ ထွက်လာလိုက်ပါသည်။

"ဟဲလို"

"ဂျင်းဂျာ ... ငါပါ စည်သူပါ"

"အေး ... ပြော ... ဘာလဲ။ ညကြီးအချိန်မတော်ဟယ်၊ နင်ကလည်း"





"ဆောရီးပါဟာ၊ ငါလည်း တစ်ခုခုဆို နင့်ပဲအရင်ပြောသတိရလို့ပါ"

"ဘာဖြစ်လို့လဲ"

"နေရောင်ဟာ အဖျားကြီးပြီး တအားညည်းနေတာ၊ ငါ လုံးဝအိပ်လို့တောင်မရဘူး။ အဲဒါ ငါဘာလုပ်ရမှန်းမသိလို့"

"နေ့လယ်က သူနဲ့ငါ ဆေးခန်းသွားပြတယ်လေ၊ ဆေးတွေလည်း ပေးလိုက်တာပဲ။ သူ သောက်ပြီးပြီ မဟုတ်လား"

"အေး ... သောက်တယ် ထင်တာပဲ၊ ဒါပေမဲ့ အခုကျ မသက်သာပဲ ထဖြစ်နေတော့ ငါ ဘာလုပ်ပေးရမှန်းမသိဘူး ဖြစ်နေတယ်"

"နင် ရေပတ်အဝတ်တင်ပေးတတ်လား"

"နဖူးပေါ်ကို ရေပတ်တင်လိုက် ခဏထားလိုက်၊ ပြီးရင် ရေနဲ့ပြန်စိမ်လိုက်၊ တင်လိုက်၊ အဲဒါမျိုး မဟုတ်လား"

"အေး ... ဟုတ်တယ်၊ ဟုတ်တယ်၊ ရေပတ်တင်ရင် ရေကိုလည်း စိုစိုကြီးမလုပ်နဲ့နော်။ ညှစ်ရမယ် သိလား။ နောက်တော့ သူ့မှာရှိတဲ့ ဆေးထဲမှာ အဖြူကပ်ထဲက တစ်လုံးရယ်၊ ဆေးတောင့်တွေပါတဲ့ ကပ်ထဲက တစ်တောင့်ရယ်၊ အလုံးသေးလေးတွေပါတဲ့ ကပ်ထဲက တစ်လုံးရယ်၊ သူ ထသောက်လို့ရတယ်ထင်ရင် တိုက်လိုက်ပါနော်၊ နို့ နွေးပူပူဖြစ်ဖြစ် ကော်ဖီပူပူဖြစ်ဖြစ်နဲ့ တိုက်နော်။ သိပ်မသက်



www.burmeseclassic.com

www.burmeseclassic.com



သာရင် သူ့အမေကိုဖြစ်ဖြစ် ဖုန်းဆက်ခေါ်လိုက်။ ငါ မနက်ကျ အစောကြီးထလာပြီး လာခဲ့မယ်"

တကယ်တော့ ဂျင်းဂျာ ခုပဲပြေးသွားချင်ပါသည်။ ဒါပေမဲ့ ဒီလိုစိတ်လိုက်မာန်ပါ မလုပ်တော့ဖို့ ကိုယ့်စိတ်ကိုယ် တင်းထားရပြီဖြစ်ရာ ဘယ်လောက်ကြီးပဲ သေလောက်အောင် သွားချင်နေနေ မသွားမိဖို့ ကြိုးစားနိုင်ရပါမည်။

"အေး ... ကျေးဇူးပါပဲ ဂျင်းဂျာရာ၊ ဒါပါပဲ၊ ငါဖုန်းချလိုက်မယ်"

"ကျေးဇူးတင်ဖို့မလိုပါဘူး၊ ငါကပဲ နင့်ကိုကျေးဇူးတင်ရမှာလေ။ နေရောင့်ကို နင်ပဲ ဒုက္ခခံပြုစုပေးရမှာ"

"ကိစ္စမရှိပါဘူး။ ငါ သူ့အတွက် စိုးရိမ်နေတော့ အိပ်လို့လည်း မရပါဘူး။ ငါ ဖုန်းချပြီနော်"

ဂျင်းဂျာသည် တစ်ဖက်ကဖုန်းချသံကို နားထောင်ပြီးသည့်တိုင် ဖုန်းကို အကြာကြီး ကိုင်ထားမိဆဲဖြစ်သည်။ စိတ်ထဲမှာ စိုးရိမ်သောကစိတ်တွေနဲ့မို့ ခုပဲ ချက်ချင်းမိုးလင်းသွားစေချင်လာသည်။ မိုးမြန်မြန်လင်းဖို့ကို ထိုင်စောင့်ရမယ့် ညတစ်ညဖြစ်တော့မည် ထင်သည်။

"ဘာဖြစ်တာလဲ သမီး"

"နေရောင်ပါ ဖေဖေ။ အဖျားကြီးနေလို့တဲ့။ စည်သူ ဘာလုပ်ရမှန်းမသိဖြစ်ပြီး ဆက်လိုက်တာပါ"





"ပေပေတေတေ နေတာကိုး။ ဖြစ်တော့ မရှုနိုင်မကယ်နိုင်ဖြစ်ပြီပေါ့"

"မနက်စောစောကျ ဂျင်း သွားကြည့်မယ်နော် ဖေဖေ"

"ဖေဖေ တားလည်းမတားဘူး။ သွားပါလို့လည်း မတိုက်တွန်းဘူး။ အားလုံး သမီးသဘောပဲ"

နေရောင်နဲ့ပတ်သက်ရင် ဖေဖေ သိပ်တော့အမြင်မကြည်သေးတာမို့ ဂျင်းဂျာလည်း အဲဒီလောက်ပဲပြောကာ စကားဖြတ်လိုက်ပါသည်။ နာရီကြည့်လိုက်တော့ ညဆယ့်နှစ်နာရီလေးဆယ့်ငါးကို ပြနေသည်။ မနက်စောစောဆိုတာ မနက်ခြောက်နာရီလောက်အချိန်ကို ညွှန်းကြတာမို့ မနက်ခြောက်နာရီရောက်ဖို့ တော်တော် စောင့်ရဦးမှာပါလား။

ဘာများဖြစ်တာပါလိမ့် နေရောင်ရယ်၊ စည်သူ အရေးတကြီး ဖုန်းထဆက်ရလောက်အောင် တော်တော်များ အဖျားကြီးနေသလား။ ဂျင်း ချက်ချင်း ပြေးလာချင်ပါတယ် နေရောင်ရယ်။

အိပ်ရာထဲ လှဲနေရပေမယ့် လူက လုံးဝအိပ်မပျော်တော့ဘဲ ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်၊ ပက်လက်လှန်ပြီး ခေါင်းနောက် လက်နှစ်ဖက်ထိုးထည့်ပြီး ခြင်ထောင်အမိုးကို စိုက်ကြည့်လိုက်၊ ရေထသောက်လိုက်။ ရှုးရှုးပေါက်လိုက်၊ နာရီထကြည့်လိုက် ဖြစ်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ မနက်ငါးနာရီထိုးခါနီး နာရီတစ်ချက်ထကြည့်ပြီး ပြန်လှဲလိုက်စဉ် မေ့ခနဲ တစ်ချက်တော့ အိပ်ပျော်သွားပါသည်။ အိပ်မက်ထဲမှာ နေရောင့်ကို ရေပတ်တိုက်ပေးလိုက်၊ ဆေးတွေတိုက်လိုက်ဖြင့် ပြုစုနေသည်ဟု ကယောင်ကတမ်းတွေမက်ပြီးမှ ဖျတ်ဆို ပြန်နိုးလာရာ မနက်ခြောက်နာရီခွဲလောက်ဖြစ်နေတာကို တွေ့လိုက်ရသည်။ မနက်လင်းခါနီး လူကမဟန်နိုင်တော့မှ အိပ်ပျော်သွားရသည်ဖြစ်ရာ အိပ်မက်တွေမက်ပြီး အိပ်လိုက်ရသလိုမျိုး ဖြစ်သွားပါသည်။

"ဟော ... သမီး နိုးပြီပဲ"

"ဖေဖေ အစောကြီး သွားရမှာလား"

အလုပ်သွားဖို့ အသင့်ဖြစ်နေသော ဖေဖေ့ကိုမေးရင်း မျက်နှာသစ် သွားတိုက်ဖို့ ပြင်ဆင်လိုက်သည်။

"ဒါ သိပ်မစောတော့ပါဘူး။ ခုနစ်နာရီအရောက်သွားရမှာဆိုတော့ ရုံးချိန်အတိုင်းပဲ ရုံးထဲမှာ ဖေဖေထိုင်ရမယ်ဆိုရင် သုံးနာရီပုံမှန်ပြီးမယ်။ တကယ်လို့ အပြင်ထွက်ရမယ့်ကိစ္စအရေးပေါ်ရှိလာရင်တော့ ဖေဖေ ဒီထက်စောပြန်လာပြီး အိမ်မှာယူစရာရှိတာ လာယူရလိမ့်မယ်"

"ဂျင်းလည်း ပြီးရင် နေရောင့်ဆီ တစ်ခေါက်သွားကြည့်လိုက်ဦးမယ်နော် ဖေဖေ"

"သွားရင် သေသေချာချာ တံခါးပိတ်ခဲ့"





ဖေဖေ ရှုတည်တည်ကြီးပြောကာ ထွက်သွားတော့မှ ဂျင်းလည်း ခေါင်းအသာပုမိရင်း ဖေဖေ မကြိုက်တာကို ထပ်ပြောမိတဲ့အတွက် နောင်တရသွားပါသည်။ ဖေဖေက ခုထိ နေရောင်နဲ့ ပတ်သက်သမျှကို ကြိုက်မှမကြိုက်နိုင်သေးတာ။

မနေ့ကတောင် ညဘက် ဖေဖေနဲ့ တီဗီထိုင်ကြည့်ရင်း ပြောပြမိသည်။

"နေရောင်တို့ဘက်က စေ့စပ်စကား လာပြောချင်တယ်တဲ့ ဖေဖေ"

ဖေဖေ ဘာမှမတုံ့ပြန်ဘဲ အကြာကြီး ငြိမ်နေလေရာ ဂျင်းဂျာ ဆက်မပြောရဲခဲ့ပါ။ အဲဒီတစ်ခွန်းသာ စကားစခဲ့ပေမယ့် ဖေဖေ့ဆီက ဘာထင်မြင်ချက်မှ မပေး၊ ဘာမှလဲ မတုံ့ပြန်တာမို့ ဂျင်းဂျာ အသာငြိမ်နေလိုက်ရပြီး နောက်တစ်ခါ ထပ်ပြောဖို့ကို အားပြန်မွေးရပါဦးမည်။

မျက်နှာသစ်၊ သွားတိုက်ရင်း ရေပါတစ်ခါတည်းချိုးလိုက်တော့ လူက လန်းသွားပြီး၊ အဝတ်အစား ချက်ချင်းလဲကာ နေရောင်တို့အိမ်ကို ထွက်လာခဲ့သည်။ အမြန်လည်း ရောက်ချင်လှသဖြင့် ဘတ်စ်ကားတောင် စောင့်စီးမနေတော့ဘဲ တက္ကစီဖြင့်သာ ထွက်လာခဲ့ပါသည်။ နေရောင်တို့ နေထိုင်ရာ ရှစ်ထပ်အမြင့်ကို ရောက်တော့ အခန်းက သော့တန်းလန်း ဖြစ်နေသည်။

ရင်ထဲမှာ မောလည်းမောသလို မကျေမနပ်လည်း ဖြစ်သွားသည်။ ညကတော့ အဖျားကြီးတယ်ဆိုပြီး စိုးရိမ်သူက



www.burmeseclassic.com

www.burmeseclassic.com



တောင့်နိုးရိမ်ပြီး ဖုန်းထဆက်ရတာ။ အခုကျ ဘယ်ကိုအစောကြီး ထထွက်သွားကြပြန်တာလဲ။ ဂျင်းဂျာ မောလည်းမော၊ စိတ်လည်း တိုကာ အောက်ပြန်ဆင်းလာပြီး ဘယ်သွားရမှန်းမသိ၊ ဘာလုပ် ရမှန်းမသိ ယောင်ချာချာ ဖြစ်နေသည်။

နေရောင် နေကောင်းပြီလား၊ မကောင်းသေးဘူးလား မသိရဘဲနဲ့ ကျောင်းသွားမတက်ချင်တာမို့ ဒီနေ့ ကျောင်းတော့သွား ဖြစ်မည်မထင်။ ညက ကောင်းကောင်း မအိပ်ပျော်တာကြောင့် အိမ်မှာပဲ ပြန်နားနေရင် ကောင်းမလားလို့ စဉ်းစားကာ အိမ်ကို တစ်ခေါက်ပြန်လာမိသည်။

အိမ်ပြန်ရောက်ပြီးတဲ့အထိ လူကစိတ်ထဲမှာ မတင် မကျတော့ ဖြစ်နေပါသည်။ နေရောင့်ကိုလည်း မတွေ့ရ။ စည်သူ့ ကိုလည်း မတွေ့ရဘဲနဲ့ ပြန်လာရတာမို့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေသည်။ တစ်ခုခုကိုပဲ စိတ်မချသလိုလို၊ မယုံသလိုလို ခံစား နေရသည်။ အိမ်အလုပ်တွေ လုပ်နေရင်း စိတ်နဲ့လူနဲ့လည်း မကပ် သလို ဖြစ်နေတာမို့ အမှားမှား အယွင်းယွင်းတွေတောင် ဖြစ်ရပါ သည်။ မနက်ခုနစ်နာရီလောက် အစောကြီးမှာ ညကအရမ်းနေမ ကောင်းဖြစ်ထားတဲ့သူဟာ ဘယ်ကိုမှ ထ,သွားစရာအကြောင်းမရှိ ဘူး ဟူ၍လည်း ခဏ ခဏ ရေရွတ်သလို ပြောနေမိသည်။

"ယော ... ဖုန်း"

အိမ်ရှေ့က ဖုန်းမြည်သံကြားတော့ လုပ်လက်စတွေ ဝုန်းဆို ပစ်ချမိကာ ခလုတ်တိုက်မိမတတ် ပြေးထွက်လာမိသည်။





အိမ်ထဲမှာ တစ်ယောက်တည်းရှိရက်နဲ့ ကိုယ့်ခြေလှမ်းကိုယ်ပြန် မြိုင်သလိုပုံစံနဲ့ ပြေးလာမိတာမျိုး ဖြစ်နေပါသည်။

"ဟဲလို"

"ဂျင်းဂျာလား"

"ရှင် ... ဟုတ်ကဲ့ပါ"

ဂျင်းဂျာ အနည်းငယ်စိမ်းနေသော အမျိုးသမီးအသံ တစ်သံကြောင့် အံ့သြသွားသည်။ မျှော်လင့်ထားတာက နေရောင့် အသံနဲ့လာမယ့်ဖုန်း။

"အန်တီပါ ... နေရောင်ရဲ့အမေပါ"

"အို ... ဟုတ်ကဲ့ပါ အန်တီ။ ဂျင်း အသံ, သိပ်မမှတ်မိလို့ပါ"

နေရောင့်အမေဆက်တာလို့ သိလိုက်ရတော့ စိတ် ထဲမှာ အတွေးပေါင်းစုံတွေ ဝုန်းဒိုင်းကြဲ ရောထွေးသွားသည်။ ဘုရားရေ ... စေ့စပ်ကြမယ်ဆိုတဲ့ ကိစ္စလား။ ဖေဖေ့သဘောက ဘာမှမသိရသေးတော့ ဘယ်လိုဖြေရမလဲ။ ဒါမှမဟုတ် နေရောင် နေမကောင်း ဖြစ်တယ်ဆိုတဲ့ အကြောင်းများလား။ ညက အရမ်း များလို့ အန်တီ ရောက်သွားတယ်။ အခု အိမ်ကို ခဏခေါ်ထား တယ်၊ ဂျင်းဂျာ လာကြည့်ချင်လားဆိုတဲ့ စကားဆိုရင်တော့ တော်သေးတာပေါ့။ စေ့စပ်ဖို့ကိစ္စ မဟုတ်သေးဘူး။ ဂျင်းဂျာ့အတွေး တွေ ချက်ချင်းအကြောင်းအရာ စုံသွားပါသည်။

"သမီးဂျင်းဂျာရေ ... နေရောင့်ကိုတော့ အန်တီ အသူ့ကု ဆေးရုံမှာ တင်ထားလိုက်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား အန်တီ။ သူ ဘယ်လို ... ဟို ... ဘာဖြစ် ... အို ... မဟုတ်သေးဘူး ... ညက သူတအား ဖျားတာ အဲဒါ ဂျင်း သိတယ်"

ဂျင်းဂျာမှာ စကားလုံးတွေ ရှာမရဖြစ်ပြီး ထစ်အ ထစ်အနှင့် မေးခွန်းတွေ အဆုံးသတ်လို့မရ ဖြစ်သွားပါသည်။ ဆေးရုံတောင် တင်လိုက်ရပြီဆိုတာဟာ ဂျင်းဂျာ့အတွက်တော့ အကြီးမားဆုံး ထိတ်လန့်မှု ဖြစ်သွားစေပါသည်။

"မနက်သုံးနာရီလောက်ကြီး စည်သူလေး ဖုန်းဆက်ခေါ်လို့ အန်တီတို့ ချက်ချင်းပဲ ရောက်သွားကြတယ်။ အဖျားကြီး ပြီး ခေါ်မရတော့သလို ဖြစ်နေတော့ စည်သူ စိုးရိမ်ပြီး ဖုန်းဆက်လိုက်တာ မှန်သွားတယ်။ နောက်မို့ ကလေးနှစ် ယောက်တည်း ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေမှာ အဲဒါနဲ့ အန်တီလည်း မထူးတော့ဘူးဆိုပြီး အထူးကုဆေးရုံ ကိုပဲ ခေါ်သွားလိုက်တယ်။ ဆေးရုံမှာ ညတွင်းချင်းပဲ ဆေးရုံတင်လို့ ရသွားတာနဲ့ ဆေးရုံတင်ပေးထားခဲ့တယ်။ သူ အဲဒီလို ခဏခဏ ဖြစ်နေတာ ကြာပြီဆိုတာ စည်သူ ပြောမှ သိရတာလေ။ ဆရာဝန်တွေလည်း စမ်းသပ်စစ် ဆေးပြီး လိုအပ်တာတွေ ဆေးစစ်ကြမယ်လို့ ပြောတယ်။ အန်တီ ခုလေးတင် အိပ်ရာက တစ်ချက်ပြန်နိုးလာလို့ သမီးလည်းသိချင်မှာပဲဆိုပြီး ဖုန်းဆက်လိုက်တာပါ။ အန်တီ





တို့ အိမ်ကိုခြောက်နာရီကျော်မှ ပြန်ရောက်ကြတော့ ခဏ ပြန်အိပ်နေတာနဲ့ အခုမှ ဖုန်းဆက်ဖြစ်တာ"

"ရပါတယ် အန်တီ။ ဂျင်းလည်း မနက်ကမှ ခုနစ်နာရီ လောက်ကမှ သူ့ဆီ တစ်ချက်သွားကြည့်မယ်ဆိုပြီး သွား ခဲ့တာပါ။ သော့တန်းလန်းနဲ့မို့ ပြန်လာပြီး ဖုန်းမျှော်နေတာ ပါ။ မနေ့က သူ့ကို ဆေးခန်းသွားပြပေးပြီး ဒီတစ်ခါတော့ ဂျင်းကိုယ်တိုင်ပဲ ဆေးစစ်တာ အကုန်လိုက်လုပ်ခဲ့တယ်။ ဟိုတစ်ခါကလည်း ဆေးခန်းသွားပြီး ဆေးစစ်ဖို့ပေးလိုက် တာ သူ့ဘာသာ လုပ်မယ်ဆိုပြီး သွားမလုပ်ခဲ့ဘူးလေ"

"ဩော် ... ဟိုအရင်တစ်ခါတည်းက ဆေးစစ်ဖို့ရှိတာလား"

"ဟုတ်ပါတယ် အန်တီ။ နေရောင့်ကို ပြောလိုက်ရင် သိပ် အရေးမစိုက်တော့ ဂျင်းက သူဆေးစစ်ပြီးပြီ။ ဘာမှမဖြစ်ဘူး ထင်ခဲ့လို့ ပေါ့လျော့သွားတာပါ"

"အေးကွယ် ... အခုတော့ ဘာဖြစ်မှန်းကို မသိရသေးပါ ဘူး။ ဆေးတွေစစ်ပြီး အဖြေပေါ်မှပဲ သေသေချာချာ ကြပ် မတ်ပြီး ဆေးကုကြတာပေါ့။ ဘာမှမစိုးရိမ်ပါနဲ့၊ အန်တီ သူ့ကို ဆေးရုံတင်ပေးခဲ့ပြီပဲ။ သူ မကုချင်လည်း ထွက်ပြေး လို့ မရတော့ဘူးပေါ့။ အိမ်မှာ နေနေရင် ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ရှောင်ဦးမှာ"

"အန်တီ သူ့ကို ဘယ်အချိန်သွားကြည့်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ရေမိုးချိုး စားသောက်ပြီးရင် တစ်ခေါက်သွားမယ်။ ဂျင်းဂျာ့ကို အန်တီဝင်ခေါ်ချင်လို့လည်း ဖုန်းကြိုဆက်ထားတာ။ ဂျင်းဂျာ အန်တီတို့နဲ့ လိုက်မယ်မဟုတ်လား"

"လိုက်မယ် ... အန်တီ။ ဂျင်းလည်း သူ့ကိုသိပ်စိုးရိမ်နေတာ။ သိပ်လည်း တွေ့ချင်နေတာပါ"

ဂျင်းဂျာ့ ရင်အခုန်နှုန်းတွေဟာ စိုးရိမ်သောကတွေကြောင့် တဒိတ်ဒိတ်ခုန်နေပါတော့သည်။ လာခေါ်မည်ပြောထားသဖြင့် ထိုင်စောင့်နေရသော်လည်း လူက အလိုလို စိတ်မောကာ နွမ်းလျနေသည်။ ခရီးဝေးကြီးတစ်ခုကို ပြေးလွှားထားရသူလိုပဲ ခံစားနေရပါသည်။ မျှော်နေရသူမို့ စောင့်ရတာ အကြာကြီးလို့လည်း ထင်နေပါသည်။

ဒေါ်ကေသီတို့ ရောက်လာသောအခါမှာတော့ ဂျင်းဂျာဟာ ခေါ်မှာကိုတောင် မောင့်မနေတော့ဘဲ အိမ်ထဲကထွက်လာပြီး ဖြစ်နေပါသည်။ ဂျင်းဂျာ့မျက်နှာကို မြင်တာနဲ့ ဒေါ်ကေသီက ရိပ်မိပြီး ...

"သိပ်စိုးရိမ်နေလား ဂျင်းဂျာ"

ဟု မေးလည်းမေး။ နှစ်သိမ့်သလိုဟန်ဖြင့် ဂျင်းဂျာ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွ ဖက်ပွေ့လျက် မေးပါသည်။

"ဂျင်း ညတည်းကပဲ ကောင်းကောင်း ပြန်အိပ်မပျော်တော့ဘဲ မိုးလင်းမှာကို ထိုင်စောင့်နေမိတာ။ သူ ရှိုးရှိုး





နေမကောင်းဖြစ်တယ်လို့ ထင်ထားတာပါ။ အခုလိုကြီး ဆေးရုံတောင်ရောက်ရတယ်ဆိုတော့ ဂျင်း နေလို့တောင် မရအောင် စိုးရိမ်မိတယ်။ သူ့ကို ဂျင်း သေသေချာချာ ဂရုစိုက်ခဲ့မိရင် ဒီလိုထိတောင် ဖြစ်လာစရာ မရှိပါဘူး"

"အန်တီလည်း သမီးလိုပဲ ရင်ထဲမှာ ဖြစ်နေတာပဲပေါ့။ သားက သူ့ဘာသာ အဖေအမေတွေကို အမြင်မကြည်လို့ တစ်ယောက်တည်း ခွဲထွက်ပြီး နေနေတယ်ဆိုပေမယ့် အန်တီ တာဝန်မကျေခဲ့ဘူးလို့ ခံစားရတယ်။ တကယ်ဆို သားဟာ ဒီလိုကြီး ခပ်မွဲမွဲ၊ ခပ်တေတေ ပုံစံနဲ့ ဘတ်စ်ကားတိုးစီးပြီး ကိုယ့်ဝမ်းကိုယ်ကြောင်း၊ ကိုယ့်ဒုက္ခ ကိုယ်ခံနေရမယ့်ဘဝ ဖြစ်လာစရာ အကြောင်းမရှိဘူး"

ဒေါ်ကေသီနဲ့ ဂျင်းဂျာတို့ တစ်ယောက်နဲ့တစ်ယောက် အားပေးနှစ်သိမ့်ရင်း ကားပေါ်အတူတူပါလာခဲ့ကြသည်။ ဒေါ်ကေသီနဲ့ ဂျင်းဂျာဟာ တစ်ကြိမ်သာ ဆုံဖူးပေမယ့် အခုကျတော့လည်း တကယ့်ဆွေမျိုးအရင်းအချာတွေလို ခံစားပြီး အလိုလို ရင်းနှီးနေကြသည်မှာ အံ့ဩဖို့တော့ ကောင်းပါသည်။

ဆေးရုံရောက်သောအခါ ဓာတ်လှေကားဖြင့် နေရာချထားသော အထပ်ဆီ တက်လာခဲ့ကြရင်း ထိုအထပ်ရောက်လို့ တံခါးပွင့်လျှင် နှစ်ယောက်သား မတိုင်ပင်ပါဘဲ တစ်ယောက်နဲ့တစ်ယောက် လှည့်ကြည့်မိကြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ နေကောင်းသွားမှာပါနော်"

ဆိုသော စကားကိုလည်း ပြိုင်တူနီးပါးပင် အားပေးသလို ပြောလိုက်မိကြသည်။

❦ ❖ ❦





## ၂၂

ဆေးရုံခုတင်ပေါ်တွင် ထူထူထောင်ထောင် ဖြစ်နေသော နေ့ရောင်ချိုကတော့ ဂျင်းဂျာ စိတ်မပူရအောင် အမျိုးစုံ နောက်ပြောင်ပြီး ရယ်စရာတွေ လျှောက်ပြောနေသည်။ ဒါပေမဲ့ ဂျင်းဂျာကတော့ မရယ်နိုင်။ စိတ်လည်း မပြောင်းနိုင်။ ရောဂါဗေဒဆိုရင် အထူးကုဆရာဝန်ကြီး၏ ရုံးခန်းသို့ ဝင်သွားရကာ စကားပြောနေသော ဦးအောင်မြတ်ချိုနဲ့ ဒေါ်ကေသီတို့ ထွက်အလာကိုသာ စိတ်စောစွာ စောင့်နေမိသည်။

မိဘတွေနဲ့သာ စကားပြောလိုပါသည်ဟု ခေါ်သွားသဖြင့် ဂျင်းဂျာ လိုက်ခွင့်မရ။ ဂျင်းဂျာက ချစ်သူရည်းစားဘဝနဲ့မို့ ဘာမှမသက်ဆိုင်သူလို ဖြစ်နေသည်။

"ဟော့ ... ဂျင်း ... ဂျင်း ... ဒီဘက်လှည့်ပါကွ၊ ဘာလို့ တစ်ချိန်လုံး ဟိုဘက်ပဲ လှည့်နေရတာလဲ။ ဟင်း ... ကောင်မလေးနော်။ ရည်းစားကြီး ငုတ်တုတ်ရှိရက်နဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ချောချောလေးတွေများ ရည်းစားတော်ရရင် ကောင်းမလားဆိုပြီ စိတ်ကူးယဉ်နေတာလား”

နေရောင်ချိုက အစိုးရိမ်ကြီးနေဟန်ရှိသော ချစ်သူကို စိတ်ပြေလက်ပျောက်ဖြစ်ဖို့ စ,နောက်သလိုပြောကာ ဂျင်းဂျာ မေးစေ့ကိုညှစ်ပြီး သူ့ဘက် မျက်နှာဆွဲလှည့်ပါသည်။

“ဘာဖြစ်နေတာလဲ၊ ပျော်ပျော်နေစမ်းပါကွာ”

“ဂျင်း စိတ်ပူနေတာ”

“ဘာမှပူစရာမရှိဘူး။ ကိုယ် အခု အကောင်းကြီးရှိသေးတယ်၊ သေမသွားဘူး”

“ဒါပေမဲ့ ရာစ်ခုခုတော့ တစ်ခုခုပဲ၊ ဒါကြောင့် ဆရာဝန်ကြီးက နေရောင့်မိဘတွေနဲ့ ရုံးခန်းထဲမှာ ခဏစကားပြောမယ်ဆိုပြီး ခေါ်သွားတာပေါ့”

“ဒီလိုပါပဲကွာ၊ ကိုယ် ဆေးလိပ်သိပ်သောက်လို့ လျှော့ခိုင်းမှာတို့။ ဘာတို့ ဖြစ်မှာပါ။ ပြီးတော့ ဆရာဝန်ကြီးနဲ့ ဖေဖေနဲ့က ငယ်သူငယ်ချင်းတွေ၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်လို့ ရုံးခန်းထဲမှာ သွားပြောကြတာလည်း ဖြစ်နိုင်တာပဲလေ”

“ဂျင်းကတော့ တစ်ခုခု မကြားရမချင်း စိတ်မအေးပါဘူး”

“ဘာလို့ စိတ်မအေးရတာလဲ”

“ရှင့်ကိုချစ်လို့ ... ရှင့်ကိုချစ်လို့ သိပြီလား။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူအတွက် စိတ်ပူကြတာပဲ”





“ကိုယ့်ကို အရမ်းချစ်လား”

“အရမ်းချစ်တာပေါ့။ ဂျင်းကို ရအောင်လိုက်တာဟာ ဖေဖေ့ကို ခံစားရစေချင်လို့ တမင်လိုက်တာ။ ရအောင်တွဲတာလို့ သိခဲ့ရတာတောင် မမုန်းနိုင်ပဲ ဆက်ချစ်နေသေးတာလေ။ ဂျင်းက တခြားမိန်းကလေးတွေလို မဟုတ်ဘူး။ ဟန်လည်း မဆောင်တတ်ဘူး။ ချစ်ရင်ချစ်တယ်။ မုန်းရင်မုန်းတယ်ပဲ။ ဘယ်တော့မှ ဟန်ဆောင်ပြီး မပြောတတ်ဘူး”

“ယုံပါတယ်ကွာ၊ ဒါကြောင့်လည်း ဂျင်းရဲ့အချစ်တွေ ကိုယ့်ဆီရောင်ပြန်ဟပ်ပြီး ကိုယ်လည်း ဂျင်းကို အရမ်းချစ်သွားတာပေါ့”

“ဂျင်းကို အထင်မသေးနဲ့။ ဂျင်း နောက်တစ်ခုထပ်ပြောဦးမယ်”

“အင်း ... ပြော။ ဘာလဲ။ ကိုယ်က ဘာလို့အထင်သေးရမှာလဲ။ ချစ်သူတွေချင်း ဘာမှအထင်သေးစရာအကြောင်း မရှိဘူး”

နေရောင်ချိုနဲ့ ဂျင်းဂျာတို့ လက်ချင်းကျစ်နေအောင် ဆုပ်ကိုင်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မဝသလို စိုက်ကြည့်ကာ စကားတွေ ပြောနေတာဖြစ်ပါသည်။ ဒါကိုသတိထားမိသော စည်သူကတော့ အခန်းထဲမှာ ဆက်ထိုင်မနေဘဲ အခန်းပြင် ထွက်ရပ်လိုက်၊ ဟိုလျှောက် ဒီလျှောက် လိုက်လုပ်ကာ သူလည်းပဲ အဖြေတစ်ခုကို စောင့်နေခဲ့သည်။ ဆရာဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို ဝင်သွားသော ဦးအောင်မြတ်ချိုတို့ကို စောင့်နေသူထဲမှာ စည်သူလည်း ပါပါသည်။

"ဂျင်း စောစပ်ထားတာကို မလိုချင်တော့ဘူး။ နေရောင်နေကောင်းလာရင် တစ်ခါတည်းပဲ လက်ထပ်လိုက်တော့မယ်"

မိန်းကလေးက စပြောရသဖြင့် ရှက်နေသော မျက်နှာလေးနဲ့ ပြောရရှာသော ဂျင်းဂျာ့ကို နေရောင်ချို့ ရင်ထဲမှာ ထားစရာနေရာ မရှိအောင်ပင် ပိုပြီးချစ်သလို ခံစားရပါသည်။

"ဘာလဲ ... စိတ်မချနိုင်တော့ဘူးလား"

"ဟုတ်တယ် စိတ်မချဘူး၊ စိတ်မချဘူး။ တခြားကိစ္စတွေဘာတွေကို စိတ်မချတာ မဟုတ်ဘူး။ ဂျင်း မရှိရင် နေချင်သလို စားချင်သလိုစားပြီး ပေတေနေတာကို စိတ်မချတော့တာ။ အခုလိုမျိုး ဖြစ်ရတာ ဂျင်း ဘယ်လိုမှ လက်မခံနိုင်ဘူး။ ဂျင်းမှာ တာဝန်ရှိသလိုခံစားရတယ်။ ဂျင်းသာ မျက်စိဒေါက်ထောက် လိုက်ကြည့်ပြီးထိန်းရင် နေရောင် ဒီလိုဖြစ်ကိုမဖြစ်ဘူး"

"အဲဒီလို ကြားရတာ ဝမ်းသာလိုက်တာ။ ဆေးရုံက အခုပဲ ထွက်ပြေးပြီး တရားရုံးမှာ သွားလက်မှတ်ထိုးလိုက်ချင်ပြီ"

"ဟော"

ဂျင်းဂျာသည် ဆရာဝန်ကြီး အခန်းထဲမှ ပြန်ထွက်လာကြကာ နေရောင်ချို နေရသော ဆေးရုံခန်းအတွင်း ဝင်လာ





ကြသည့် ဦးအောင်မြတ်ချိုတို့ကို တွေ့လိုက်ရသဖြင့် စိတ်စောပြီး ထ,ရပ်မိသည်။

"ဘာတဲ့လဲ ဖေဖေ။ ကျွန်တော် ဆေးရုံက ဆင်းလို့ရပြီတဲ့လား"

"မရသေးဘူး သား။ လိုအပ်တဲ့ test တွေ ထပ်လုပ်ချင်သေးတယ်လို့ ပြောတယ်"

"ဟာ ... အဓိပ္ပာယ်မရှိတာ။ ကျွန်တော် ဘာမှမဖြစ်ပါဘူး။ အခုပဲ တော်တော်ကောင်းနေပြီ ဆေးရုံမှာ မနေချင်ဘူး"

"မဟုတ်ဘူး သားရဲ့၊ ဒီလိုရှိတယ်"

ဟု ဒေါ်ကေသီ အသံတုန်တုန်ဖြင့် ဝင်ပြောရင်း ဟန်မဆောင်ထားနိုင်တော့ပဲ မျက်ရည်တွေ ဒလဟောကျလာကာ နေရောင်ချို့ကိုဖက်၍ငိုလျှင် ဦးအောင်မြတ်ချိုပါ ယောက်ျားရင့်မကြီးတန်မယ့် မျက်ရည်ဝဲသွားပါသည်။

ဂျင်းဂျာသည် အခြေအနေကိုကြည့်ပြီး တုန်လှုပ်စွာပင် ...

"ဘာဖြစ်လို့လဲဟင်၊ နေရောင် ဘာဖြစ်နေလို့လဲ၊ ဂျင်းကို ပြောကြပါဦး၊ ဂျင်း သိပါရစေ"

ဟု ငိုတော့မလိုအသံဖြင့် မေးမိသည်။

နေရောင်ချိုကတော့ သူ့ကိုဖက်၍ ငိုနေသည့် မေမေကို နှစ်သိမ့်သလို အသာပြန်ဖက်ထားရသလို ကျန်လက်တခါဖက်ကလည်း ငိုချတော့မလို ဖြစ်နေသည့် ဂျင်းဂျာ့ကိုလည်း အသာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားလိုက်ပါသည်။ ဘာတွေ အဆိုးဆုံးကို ကြားရမှာလဲ။ သူ ရင်ဆိုင်လိုက်ဖို့ အသင့်ဖြစ်နေပြီတည်း။

"အန်ယ်လ် … ဂျင်းကို ပြောပါ။ ဂျင်း သိပါရစေနော်"

ဘာမှမပြောနိုင်ဘဲ ငိုပဲငိုနေသည့် ဒေါ်ကေသီကို စကားမေးမရတော့သောအခါ ဂျင်းဂျာက ဦးအောင်မြတ်ချိုဆီ ပြေးသွားပြီး အားကိုးတကြီးပင် မော့ကာမေးပါသည်။ မျက်လုံးကြီးတွေ နီရဲနေကာ အံကိုအတွင်းဘက်မှ တင်းနေအောင် ကြိတ်ထားပုံရသဖြင့် မေးကြောကြီးတွေ ထောင်နေသည့် ဦးအောင်မြတ်ချို က ဂျင်းဂျာကို ကရုဏာသက်သလို ပြန်စိုက်ကြည့်လိုက်ပြီး …

"သားမှာ ကင်ဆာဖြစ်နေတယ်။ သမီး ကြားဖူးမှာပေါ့။ သွေးကင်ဆာဖြစ်တာ။ လူကီးမီးယား ဖြစ်နေတာ"

ဟု မချိတင်ကဲ အသံကြီးဖြင့် ပြောလိုက်သည်။

ထိုအခါမှာ ဂျင်းဂျာ့ရဲ့ကမ္ဘာဟာ တိတ်ဆိတ်သွားသလိုပဲ ခံစားလိုက်ရကာ အရာအားလုံး မှောင်အတိကျသွားတဲ့ အတိုင်း ခံစားလိုက်ရပါတော့သည်။ ချက်ချင်းပင် နေရောင်ချို့ထံ ပြေးသွားကာ သူ့ရင်ဘတ်ထဲ ခေါင်းတိုး၍ ငိုမိသည်။ လူကြီးတွေ ရှိနေတာကိုတောင် ဂရုစိုက်မနေနိုင်တော့ဘဲ နေရောင်ချို့ခါးကို သိုင်းဖက်ထားမိသည်။ ကာယကံရှင်ကတော့ မျက်နှာတစ်ချက် မပျက်ခဲ့ပေမယ့်ကျန်တဲ့လူတွေကတော့ အားလုံး မျက်ရည်တွေနဲ့ ဖြစ်ကုန်သည်။

"ဘယ်လောက်ခံမယ်လို့ပြောလဲ ဖေဖေ"





"ဖေဖေ မပြောချင်ဘူး။ သားကို စည်းစိမ်ကုန်ချင်သလောက် ကုန်သွားပစေ ကုမယ်လို့ ဆုံးဖြတ်ပြီးပြီ။ ဒီတော့ သား ဒါကိုမမေးနဲ့။ အဲဒီစကားကြောင့် မျှော်လင့်ချက်တွေကင်းမဲ့ ရတာမျိုး မလိုချင်ဘူး။ စိတ်ဓာတ်မကျစေချင်ဘူး။ ဘယ်လို အကောင်းဆုံးနည်းတွေနဲ့ ကုလို့ရမလဲ ရှာမယ်။ ရအောင် ကုမယ်"

နေရောင်ချိုသည် ဖေဖေ့ရင်ထဲက မေတ္တာတရားကို တကယ်ပင် ခံစားရသောအခါ တော်တော်နောင်တရသွားပါသည်။ ကြည့်စမ်း … ငါ ဖေဖေ့ကို အထင်လွဲပြီး ကလန်ကဆန်တွေလုပ်၊ အရွဲ့တိုက်လုပ်နေခဲ့မိတာ။ တကယ်တော့ ဖေဖေဟာ ငါတို့ကို မချစ်ပါဘူး။ သူ့ကိုယ်သူပဲ ချစ်တယ်။ အတ္တကြီးတယ်လို့ ထင်ခဲ့ တာတွေ မှားနေပါလား။

"အရင်ဆုံး Chemotherapy (ကီမိုသာရာပီ)ယူရမယ် သားရယ်။ ဆေးပြင်းတွေ သောက်ရတော့မယ်။ ရှမမေတော့ နားမလည်ပါဘူး။ ဆရာဝန်ကြီးပြောတဲ့ရောဂါ နာမည် ကတော့ Acute Lymphoblastic Leukaemia (အကျူ(ထ်)လင်ဖိုဘလက်(စ်)တစ်လူကေးမီးယား)လို့ ခေါ်တယ် တဲ့"

"ဆေးသောက်ဆိုလည်း သောက်တာပေါ့၊ ကျွန်တော် မကြောက်ပါဘူး။ မေမေတို့က ငိုနေကြတာကိုတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်တယ်။ ကျွန်တော့်ကြောင့် အားလုံးရဲ့သာယာနေတဲ့စိတ်တွေ ပျက်စီးသွားရတယ်လို့ ခံစားရတယ်"

"သား စိတ်မကောင်းဖြစ်တယ် ဆိုရင်လည်း မငိုတော့ပါဘူး သားရယ်။ သမီးဂျင်း ... ဂျင်းလည်း မငိုနဲ့တော့နော်"

ဂျင်းဂျာမှာတော့ ပြောစရာစကားလုံးတွေ ကွယ်ပျောက်နေသလို ခံစားရကာ ကြိုးစား၍ မျက်ရည်သုတ်ရင်းလည်းချောင်းဟဲ့တွင် ဆို့နာနေသည်။ ကိုယ်ချစ်ရတဲ့သူဆီမှာ ဘယ်တုန်းကမှ မျှော်လင့်ချက် မရှိနိုင်ခဲ့သော ရောဂါတစ်မျိုးကို ရရှိနေပြီဆိုသော အသိဟာ စက္ကန့်တိုင်း ကြီးစိုးပြီး ဘာလုပ်ရမှန်းပင် မသိတော့။

"ကိုမိုယူရင် အိမ်မှာနေပြီးတော့လည်း ယူလို့ရတာပဲ မဟုတ်လား။ ဒါဆို အိမ်ပြန်မယ်"

သ

"အခုလောလောဆယ်တော့ လိုအပ်တာတွေ ထပ်စစ်ရဦးမှာမို့ သုံးလေးရက် ဆက်နေရလိမ့်မယ် သား။ ပြီးရင်တော့ အကြောထဲ ဆေးသွင်းရမယ့်နေ့ကျ ဆေးရုံမှာ လာသွင်းရမယ်။ သောက်ဆေးတွေ သောက်ရမယ်"

"ဟား ဟား ... ရုပ်ရှင်ထဲမှာ မြင်ဖူးတာတော့ ခေါင်းတုံးဖြစ်သွားတာတွေ မြင်ဖူးတယ်။ ဘယ်လိုလဲ ဂျင်း၊ ကိုယ်ခေါင်းတုံးဖြစ်သွားရင်ရော လှမယ်ထင်လား"





တမင် ရယ်စရာတွေ လျှောက်ပြောနေသော နေရောင်ချို့ကို ဂျင်းဂျာကတော့ မပြုံးနိုင်၊ မရယ်နိုင်ပဲ တွေတွေကြီးသာ စိုက်ကြည့်နေခဲ့သည်။

"အိမ်ပြန်တာတော့ ဟုတ်ပြီ သား။ မင်းကိုတော့ စည်သူနဲ့ အခန်းတစ်ခန်းမှာ သွားနေဖို့တော့ ခွင့်မပြုနိုင်တော့ဘူး။ ဖေဖေ့ဆီမှာ လိုက်နေရင်နေ။ မနေရင် မေမေ့ဆီပြန်နေ"

"ဟာ"

"နေရောင် ... အဲဒါတော့ လက်ခံလိုက်ပါ။ ဂျင်းလည်း ဒီတစ်ခါတော့ နေရောင့်ကို လွှတ်မထားနိုင်ဘူး၊ အဖေအမေတွေ စီစဉ်တာ တစ်ခုခုကို လက်ခံလိုက်ပါလို့ တိုက်တွန်းချင်တယ်။ စည်သူ့ကို စိတ်မချလို့တော့ မဟုတ်ဘူးနော်။ စည်သူလည်း ကျောင်းတစ်ဖက်နဲ့ နေရောင့်ကို အချိန်ပေးဖို့ သိပ်အဆင်မပြေဘူးလေ"

စည်သူက နားလည်သလို ခေါင်းအသာညိတ်သည်။ စည်သူလည်း အချစ်ဆုံးသူငယ်ချင်း၏ သတင်းဆိုးကြောင့် မျက်နှာတွေပျက်လျက် ဘာစကားမှပင် ဝင်မပြောနိုင်။

"ဟုတ်တယ် နေရောင်။ မိဘစီစဉ်တာကို လက်ခံလိုက်ပါ"

တစ်ခွန်းသာ ဆို့ဆို့နင့်နင့်အသံဖြင့် ပြောလျက် တစ်ဖက်သို့ လှည့်သွားပါသည်။ သူလည်း ယောကျ်ားတန်မယ့် မျက်ရည်ဝဲနေပုံတော့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ငါ့သားဆေးကုဖို့ကို အစွမ်းကုန် ကြိုးစားမယ် ကေသီ။ ဆရာဝန်ကြီးပြောသလို နောက်ဆုံးအဆင့်ဖြစ်တဲ့ Bone Marrow Transplant(ဘုမ်းမဲရိုး ထရန့်(စ)ပလန့်(ထ်)) နည်းကို စင်ကာပူမှာ သွားလုပ်ရမယ်ဆိုရင်တောင် သွားလုပ်ဖို့ အားလုံးကို အဆင်သင့်စပြီး ပြင်ထားတော့မယ်"

ဦးအောင်မြတ်ချိုက စိတ်ဆုံးဖြတ်ပြီးသလို အသံဖြင့် အံကြိတ်ကာ ပြောနေပါသည်။ နေရောင်ချို့ကိုတော့ ဒေါ်ကေသီက တစ်ဖက်၊ ဂျင်းဂျာကတစ်ဖက် သိုင်းဖက်ထားကာ ရင်မဆိုင်ချင်သော နေ့တစ်နေ့ မြန်မြန်မရောက်ရစေဖို့သာ ဆုတောင်းကျိတ်တောင်းနေခဲ့ကြလေသည်။

❦ ❖ ❦





## ၂၃

ဂျင်းဂျာ ခြံထဲဝင်လာသည်ကို ဝရန်တာမှာ ထိုင်စောင့်နေခဲ့သော နေရောင်ချို မြင်ပေမယ့် ထပြီးအောက်ဆင်းကာ မကြိုနိုင်။ ကြိုးစားပြီးဆင်းရင်တော့ ရပေမယ့် ရုပ်ပျက်ဆင်းပျက်ကြီး ဒယိမ်းဒယိုင် ဖြစ်နေမယ့် သူ့ကိုယ်ဟန်ကို မမြင်စေချင်တာမို့ ငိုင်နေလိုက်ဖို့ သား စိတ်ကူးလိုက်သည်။

နေ့တိုင်းလိုလို ရောက်ရောက်လာတတ်သော ဂျင်းဂျာကို ဦးအောင်မြတ်ချိုက သနားကရုဏာဖြစ်ကာ ...

"နေ့တိုင်း ကားလွှတ်ပေးမယ် ဂျင်းဂျာ။ ကားကို သမီးအိမ်ရှေ့မှာ ဒရိုင်ဘာနဲ့အတူ ရပ်ရုံရပ်ခိုင်းထားမယ်။ သမီးစိတ်ပါတဲ့အခါကျမှ လာချင်တဲ့အချိန် ထွက်လာလို့ရတယ်။ ဒီနေ့ စိတ်မပါဘူး။ မလာတော့ဘူးဆိုလည်း ဒရိုင်ဘာကို ထွက်ပြောနေစရာ မလိုဘူး။ သူ့အလုပ်ချိန်အတိုင်း အလုပ်ချိန်ကုန်တဲ့အထိ သူ ကားထဲမှာစောင့်ခိုင်းထားမယ်။ သမီးတို့အတွက် အနှောင့်အယှက် မဖြစ်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိစဉ်ပေးကာ နေ့စဉ် အသွားအပြန်ကို ကားအကြိုအပို့ လုပ်ပေးသည်။ အဲဒီလိုမှ မလုပ်ပေးလည်းမရ။ ဦးအောင်မြတ်ချို၏အိမ်ကို လာဖို့ဆိုတာဟာ ဘတ်(စ)ကားစီးပြီး လာရသောဂျင်းဂျာဟာ ဒီလမ်းထဲကိုလည်း အကြာကြီး လမ်းလျှောက်ဝင်ရဦးမှာဖြစ်သည်။ သူ့ဒွေးရပ်ကွက်လိုနေရာနဲ့ ဘတ်(စ)ကားဂိတ်ဆိုတာ တခြားစီလို ဖြစ်နေတာမို့ သုံးလေးရက်လောက် ဂျင်းဂျာဒီလိုလာနေရသောအခါ ဦးအောင်မြတ်ချို အမြင်မတော်တော့ပဲ စီစဉ်ပေးလိုက်သည်။

အခုတော့ ဂျင်းဂျာအတွက် အသွားအပြန် အဆင်ပြေနေတာမို့ နေရောင်ချို့ဆီ ပုံမှန်အချိန်ရောက်ရောက်လာတတ်နေသည်။

"နေရောင်"

နေရောင်ချို့ဆီ ဂျင်းဂျာရောက်လာပြီး နဖူးပြင်ကိုရှပ်ခနဲ တစ်ချက်ငုံ့နမ်းကာ ခေါ်လိုက်သည်။

"မျက်နှာလည်းမလန်းဘူး။ ဘာဖြစ်နေလဲဟင်"

"ဆေးသောက်ရတော့ ရင်ထဲမှာ ပျို့ပြီးအန်ချင်နေတယ်"

"အင်း ... ဟုတ်တယ်နော်။ ဂျင်း ကြားဖူးတယ် ကင်ဆာဆေးတွေက သိပ်ပြင်းတာတဲ့"

"ဂျင်း ရောက်လာတော့ စိတ်ပြောင်းသွားပြီ ဘာမှမခံစားရတော့ဘူး"





"ဆံပင်တွေ တိုပစ်လိုက်တာလား"

"ကိုယ်က, ခေါင်းတုံးတောင် တုံးပစ်ချင်တာ၊ ဖေဖေကခွင့်မပြုလို့။ ရှေ့တစ်လက်မနဲ့ နောက်ပြောင်ပုံစံ ညှပ်လိုက်ရတယ်"

"အဲဒါ Jarhead (ဂျားဟက်ထ်)လို့ ခေါ်ကယ် သိလား"

"Jarhead ကနေ နောက်ကျ Ballhead (ဘောလ်ဟက်ထ်) ဖြစ်တော့မယ်၊ ကဲ ... မမလေး ဘယ်လိုလဲ၊ ဒီပုံကြီးကို ချစ်ဦးမှာလား"

"ရှင်ကိုချစ်တဲ့အချစ်မှာ ရုပ်လှတာ ချောတာတွေ မပါဘူး။ ချစ်ချင်လို့ကို ချစ်သွားတာ၊ ရုပ်ရည်နဲ့ လာမဖြားယောင်းနဲ့"

"ဟား ဟား ဟား ... အဟွတ် ... အဟွတ် ... အဟွတ် ... အား .. အော့ ... ဝေါ့ ... ဝေါ့ ...။ အား ... အန်ချပစ်လိုက်မိပြီ"

နေရောင်ချိုသည် စိတ်တင်းထားသည့်ကြားမှ ရယ်ရင်းမောရင်း ရုတ်တရက်ကြီး ထိုးအန်ပစ်လိုက်မိသည်။ မအန်အောင် ကြိုးစားဖြေဖျောက်နေရင်းမှ အန်ပစ်သွားသည် ဖြစ်ရာကြမ်းပြင်ပေါ် ပြန့်ကျဲကုန်သည်။ ဂျင်းဂျာက မျာမျာသလဲ နောက်ကျောကနေ ဖိပေးရင်း ...

"အန် ... အန် ... စိတ်ကြိုက်သာ အန်ပစ်လိုက်၊ ဒါမှ ရင်ထဲ ရှင်းသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အားပေးပြီး ပြောရပေမယ့် ဂျင်းဂျာ့ရင်ထဲမှာ တော့ မကောင်းလှ။ ကိုယ်ချစ်ရတဲ့ချစ်သူတစ်ယောက် ရောဂါဝေဒနာ ခံစားနေရခြင်းကို ဘယ်လိုလူမျိုးကများ စိတ်မာမာနဲ့ ကြည့်နိုင်မှာမို့လဲ။

ဂျင်းဂျာ အသံတိတ် မျက်ရည်ကျကာ နေရောင်ချို့ နောက်ကျောကို ဖိပေးနေခဲ့သည်။

"ရပြီ ... ရပြီ ... ဂျင်း ... မဖိနဲ့တော့"

"ဂျင်း အင်္ကျီတွေ ပြန်လဲပေးမယ်"

"ရတယ် ... ရတယ် ... ဂျင်း မသွားပါနဲ့၊ ကိုယ်ထလာပြီး လဲမယ်"

"ဘယ်ဟုတ်မလဲ မထ,နဲ့။ အဲဒီ ဒရင်း(မ်)ဘက်(ခ)မှာပဲ လှဲနေ။ ဂျင်း သွားယူပြီး လဲပေးမယ်"

"ကောင်မလေးတွေကို ခေါ်ရှင်းခိုင်းလိုက်ပါ ဂျင်း၊ မလုပ် နေပါနဲ့"

"ဂျင်း လုပ်ပေးချင်လို့ပါ နေရောင်ရယ်။ ဒါ ဘာမှရွံစရာ မရှိဘူး။ ဂျင်း မရွံဘူး"

နေရောင်ချို့ ဘယ်လောက်တားတား ဂျင်းဂျာက နေရောင်ချို့အင်္ကျီ အဝတ်အစားတွေ ပြေးယူရင်း တစ်ခါတည်း ရေစိုမွေးပွ မျက်နှာသုတ်ပဝါကိုပါ ယူလာကာ နေရောင်ချို့မျက်နှာပြင်၊ လည်ပင်းတစ်ဝိုက်တို့ကို ပွတ်သုတ်သန့်စင်ပေးသည်။ အထဲက တီရှပ်တစ်ထပ်၊ အပြင်က ခေါင်းစွပ်လက်ပြတ် ဇွဲ(စ)ကုတ်ဆွယ် တာတစ်ထပ်တို့ကို ချွတ်ပေးပြီး သူမကိုယ်တိုင် ရွေးယူလာသော ဝတ်စုံအသစ်ဖြင့် ပြန်လဲပေးသည်။ ပြီးမှ ဘာအစာမှ မယ်မယ်ရရ မပါဘဲ ဆေးနံ့တွေလှိုင်နေသည့် အန်ဖတ်အရည်တွေကို သူမကိုယ်တိုင် သိမ်းကျုံးသန့်စင်ပါသည်။

အဝတ်လျှော်ရင်ထည့်တဲ့ ပလတ်စတစ်ရေဇလုံ အလတ်ထဲ ရေတချို့ဖြည့်ယူလာကာ အဝတ်စုတ် ခပ်ကြီးကြီး တစ်ခုလည်း ဘယ်ကရှာကြံလာသည်မသိ။ အဲဒီအဝတ်စုတ်ကြီးကိုရေစွတ်၊ ရေညှစ်ပြီးဖြန့် ကြမ်းပြင်ပေါ်က အန်ဖတ်တွေကို အုပ်ယူကောက်သိမ်းလိုက်။ ရေဇလုံထဲပြန်၍ အဝတ်ကိုနှစ်ပြီး ရှင်းလိုက်ဖြင့် မရွံမရှာ လုပ်ပါသည်။

"ဂျင်း ... ဂျင်း ... ဟာ ... အဲဒီလို မလုပ်ပါနဲ့ကွာ၊ လုပ် စရာမလိုပါဘူး။ ကောင်မလေးတွေ ခေါ်လိုက်ပါဆို"

"နေရောင် စကားမပြောနဲ့ အနားယူနေ။ ဂျင်း သိတယ်။ နေရောင် အန်လိုက်ရလို့ အားကုန်ပြီး မောနေပြီ"

"ဂျင်း အဲဒီလို လုပ်နေရင် ကိုယ် မနေတတ်ဘူး"

ထိုအချိန်မှာ ဦးအောင်မြတ်ချို့ သူတို့နား ရောက်လာလျှင် ဂျင်းဂျာ လုပ်နေပုံ မြင်သွားပြီး ...

"ဟာ ... ဂျင်းဂျာ မလုပ်ပါနဲ့။ ဟေ့ ... လာကြစမ်း၊ ဒီမှာ လာရှင်းကြစမ်း"

ဟု အော်ခေါ်ရင်း ဂျင်းဂျာ့လက်တွေကိုပါ ဆွဲ၍ တားလေသည်။







www.burmeseclassic.com

www.burmeseclassic.com



"သား ဘယ်လိုဖြစ်တာလဲ။ မနက်ကတော့ သက်သာတယ်ဆို"

"ဆေးသောက်ပြီး ပျို့နေတယ်၊ စကားပြောရင်း မထင်မှတ်ဘဲ အန်ပစ်လိုက်မိတာပါ"

"နောက်ဆို အနားမှာ ပလတ်စတစ်ပုံးဖြစ်ဖြစ် ထားရမယ်။ ဆေးတွေ စသွင်း၊ စသောက်ရင်တော့ ဒီလိုဖြစ်တတ်တယ်ဆိုတာ သတိထားမိသွားပြီပေါ့"

"နေရောင် နားချင်လား။ နားချင်ရင် အခန်းထဲသွားလှဲလေ"

နေရောင်ချို ဟန်တောင်မဆောင်နိုင်ဘဲ ချက်ချင်းခေါင်းညိတ်သည်။ ဒါနဲ့ပဲ ဂျင်းဂျာလည်း နေရောင်ချို့လက်မောင်းတွကိုတွဲပြီး အခန်းထဲလိုက်ပို့ပါသည်။ တွဲထားရလောက်အောင်ယိမ်းယိုင်နေတာမျိုးတော့ မဟုတ်ပေမယ့် ဂျင်းဂျာဟာ သူ့လက်မောင်းကို မလွှတ်တမ်းသာ တွဲမိသည်။ အရင်ကတော့ နှစ်ယောက်အတူတွဲသွားကြရင်း နေရောင်ချို့လက်တွေက ဂျင်းဂျာ့လက်ဖဝါးတွေကို မြဲမြဲစွာ ဆုပ်ကိုင်ပြီး ဆွဲခေါ်တဲ့နေရာကို ဂျင်းဂျာလိုက်ရတာတွေ ပြန်တမ်းတပြီး အခုတော့ ဂျင်းဂျာက နေရောင်ချို့လက်မောင်းကို တွဲထားချင်မိသည်။

အိပ်ရာထဲ လှဲလိုက်ပြီးလျှင် နေရောင်ချိုက မတောင်းဆိုပေမယ့် ဂျင်းဂျာဟာ စောင်လေးတစ်ထည်တော့ ရင်ဘတ်ထိအောင် ဆွဲခြုံပေးလိုက်ပါသည်။





"ဂျင်း ... မသွားနဲ့ဦး။ ကိုယ့်နားမှာနေနော်"

"အင်းပါ ... အင်းပါ ... မသွားပါဘူး"

"ကိုယ့်ဘေးမှာ ဝင်လှဲပြီး ကိုယ့်လက်မောင်းပေါ်မှာ အိပ်ပါလားဟင်"

ဂျင်းဂျာ့ ရင်ထဲ ကျင်နေအောင် ကြေကွဲသွားရပါသည်။ သူ အရင်တုန်းက ပြောဖူးတယ်။

"မိန်းကလေးတွေဟာ သူတို့ချစ်သူယောကျ်ားလေးတွေရဲ့လက်မောင်းကိုသာ ခေါင်းအုံးပြီး အိပ်ရမယ်ဆိုရင် လောကကြီးဟာ အသာယာဆုံးလို့ ထင်တယ်ဆိုတာ ကိုယ် ကြားဖူးတယ်၊ ဂျင်းလည်း ကိုယ့်လက်မောင်းကို ခေါင်းအုံးအိပ်ရရင် အဲဒီလိုပဲ ခံစားရမှာပဲ ထင်တယ်နော်"

တဲ့ ...။ သူ ဘယ်ကဘယ်လို သိလာတယ်မသိတဲ့အကြောင်းအရာတစ်ခုကို ဂျင်းဂျာ့ကို ပြောဖူးတယ်။

အခုလည်း သူ့အခြေအနေကြောင့် ဂျင်းဂျာရဲ့ကမ္ဘာဟာ မသာယာတော့ဘူးလို့ ခံစားနေရမှာစိုးလို့ သူ့လက်မောင်းကို ခေါင်းအုံးအိပ်ခိုင်းစေခြင်းနဲ့ ဂျင်းဂျာ့ကို ချော့မော့နှစ်သိမ့်ချင်တာလား။ အဲဒီလိုသာ ဂျင်းဂျာ့ကို ချော့လိုက်ရင် ဂျင်းဂျာ အရာအားလုံးကိုမေ့ပြီး စိတ်ထဲမှာ သာယာကြည်နူးသွားမယ်လို့ သူ ထင်လေသလား။ တကယ်တော့ ဒီအဖြစ်ဆိုးကြီးကို စိတ်ထဲမှာ ထည့်ထားသရွေ့ ဘယ်လိုလုပ် သာယာကြည်နူးနိုင်တော့မှာလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာသည် သူမရဲ့မျက်ရည်တွေကို နေရောင်ချို မမြင်စေချင်တာနဲ့ပဲ သူ့ဘေး အသာဝင်လှဲကာ သူ့လက်မောင်းပေါ် ခေါင်းအုံးအိပ်လိုက်ခြင်းနဲ့ ဖုံးကွယ်လိုက်ပါသည်။

"နေရောင့်ကို ဂျင်း ပြောစရာရှိတယ်"

"အင်း ... ပြော"

"ဘယ်တော့ လက်ထပ်ကြမှာလဲဟင်"

"ဘာဖြစ်လို့ လက်ထပ်ချင်တာလဲ ဂျင်းရယ်"

"နေရောင့်ကို အနီးကပ်ပြုစုချင်လို့"

"အခုလည်း နေ့တိုင်းလာပြီး ပြုစုနေရတာပဲ"

"ဒါပေမဲ့ အချိန်တန်ရင်တော့ ကိုယ့်အိမ်ကိုယ် ပြန်ရတာပဲလေ"

"မျှော်လင့်ချက်မဲ့နေတဲ့လူကို ဘာကြောင့် လက်ထပ်နေတော့မလဲ ဂျင်းရယ်။ ဂျင်းအတွက် နစ်နာမှာပေါ့"

"နေရောင်က ဂျင်းကို တကယ်မချစ်လို့ ပြောနေတာလား။ ဘာကြောင့် ဂျင်းကို နေရောင့်အနားမှာ မထားချင်ရတာလဲ။ ဂျင်း အခုလို အနီးကပ်ပြုစုနေတာကို မလိုလားတာလား"

"ဟာ ... မဟုတ်ဘူးကွာ ... မဟုတ်ပါဘူး။ ကိုယ် ဂျင်းကို အသည်းထဲက ပေါက်ထွက်သွားအောင် ချစ်တာပါကွာ။ ကိုယ်ချစ်ရတဲ့သူကို ကိုယ့်ကြောင့် မနစ်မွန်းစေချင်တာပါ"

"ဘာလို့နစ်မွန်းရမှာလဲ၊ နေရောင်က ဘာမှဖြစ်တာမှ မဟုတ်တာ။ ဆေးသေသေချာချာကုရင် အသက်ရှည်နိုင်တယ်ဆိုတာ ဂျင်း သိပြီးသား၊ နေရောင့်မိဘတွေကလည်း ငွေကို တံတားခင်းပြီး ဆေးကုပေးနိုင်တဲ့ အခြေအနေရှိတာပဲ။ လူကြီးမီးယားနဲ့ ပတ်သက်တဲ့ စာတွေလည်း ဂျင်း အင်တာနက်ကနေ ရှာဖတ်ထားတယ်။ ဆေးကုလို့ သက်သာလာရင် Remission (ရီမစ်ရှင်း)ရတယ်လို့ ခေါ်တယ်။ သက်တမ်းအကြာကြီးနေလို့ ရတယ်တဲ့။ ဒါကြောင့် ဒီရောဂါဖြစ်တာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် သေလူလို့ သတ်မှတ်လို့ မရပါဘူး"

နေရောင်ချိုက ဂျင်းဂျာ စိတ်အားထက်သန်စွာ ပြောပြနေတာလေးကို မတားဆီးလို့ ဘာကြောင့် ဂျင်းဂျာ့ဆံပင်တွေကိုသာ အသာသပ်ပေးရင်း နားထောင်ပေးပါသည်။

"လက်ထပ်ကြမယ်နော်"

"ဂျင်းအတွက် စဉ်းစားပါဦးကွာ၊ တစ်သက်လုံး လူမမာကြီး ဖြစ်နေမယ့် ကိုယ့်ကို ဂျင်း လက်ထပ်ရမှာ။ အိမ်ထောင်တစ်ခု တည်ထောင်ကြတယ်ဆိုတာဟာ နှစ်ယောက်တည်းနဲ့ မပြီးဘူး။ ဂျင်း တစ်နေ့ကျရင် ကလေးလေးတွေ လိုချင်လိုက်တာ။ ကလေးရှိရင် သိပ်ကောင်းမှာပဲ ဆိုတာမျိုးတွေ ဖြစ်လာလိမ့်မယ်။ မိသားစုလေးတစ်ခု လိုချင်လာလိမ့်မယ်။ အဲဒီအခါကျ နောင်တရချင် ရလာလိမ့်မယ်"

"ဂျင်းဘဝမှာ ဘာမှမလိုဘူး၊ နေရောင်ရှိဖို့ပဲလိုတယ်"

"ဂျင်း အဖေကို တိုင်ပင်ပါဦး ဂျင်းရယ်"







www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ပုံစံကတော့ ဂျင်းကို ပြောမရလို့ လွှတ်ထားလိုက်ပြီ။ လုပ်ချင်ရာလုပ်ဆိုတဲ့ပုံစံ ဖြစ်နေပြီ"

တကယ်လည်း ဟုတ်ရင်ဟုတ်မည်။ ဒါမှမဟုတ် ဂျင်းဂျာ စိတ်ထင်တာလည်းဖြစ်မည်။ ဖေဖေ့ကို ဖက်ပြီး နေရောင် အကြောင်းတွေ ရှိုက်ကြီးတငင်ငိုပြီး ပြောတုန်းကတော့ ...

"အင်း ... အခုလို ကြားရတာ ဖေဖေ တကယ်စိတ်မကောင်းပါဘူး။ သမီး ခံစားရသလို ဖေဖေလည်း ခံစားရတဲ့အတိုင်းပါပဲ"

ဟူ၍ လှိုက်လှိုက်လှဲလှဲ နှစ်သိမ့်ပေးခဲ့သေးသည်။

ဆေးရုံကိုတော့ တစ်ခေါက်လာကြည့်ပေမယ့် နောက်ပိုင်းမှာတော့ ဖေဖေဟာ နေရောင်ချို့ သတင်းကို ဂျင်းဂျာထံမှ မမေးခဲ့တော့ပါ။ နံနက်လင်းတိုင်း ကျောင်းသွားတက်ဖို့ထက် နေရောင်ချို့ထံ သွားဖို့ကိုသာ စိတ်စောနေတတ်သော ဂျင်းဂျာ့ကို ဖေဖေ ဘာမှမမေး။ ဘာမှမပြော။ ဒီနေ့ ဘယ်သွားမှာလဲ။ ကျောင်းရောတက်ဦးမှာလား ဆိုတာလည်း မမေးတော့။ ဂျင်းဂျာက တစ်ခါတလေ ဖေဖေ့အရင် ထွက်သွားတာရှိသလို တစ်ခါတလေကျတော့ ဖေဖေ အရင်ထွက်သွားတာတွေလည်း ရှိသည်။ အဲဒီလိုပဲ ညမိုးချုပ်ရင်တော့ ဂျင်းဂျာ ပြန်လာခဲ့ရင်လည်း ဖေဖေ အရင်ရောက်နေတာရှိသလို ဂျင်းဂျာ အရင်ပြန်ရောက်တတ်တဲ့ ညနေတွေလည်းမရှား။





ဒါပေမဲ့ ဖေဖေဟာ စိတ်မာတာလား။ မာနကြီးတာလားမသိ။ ဂျင်းဂျာ့ကို နေရောင်ချို့နဲ့ ပတ်သက်ပြီးမမေးပါ။ ဒါမှမဟုတ်လည်း ရည်ရွယ်ချက်မဲ့ကာ ကြေကွဲဝမ်းနည်းမှုတွေနဲ့ ဘဝကို ရှေ့ဆက်လျှောက်နေသော ဂျင်းဂျာ့ကိုပဲ ပြောမရတော့လို့ လွှတ်ထားလိုက်တယ် ပုံစံနဲ့ ပစ်ထားသလားမသိ။ ဒါမှမဟုတ်လည်း ဂျင်းဂျာ့ရဲ့ခံစားချက်ကို ခံစားမျှဝေပြီး ခွင့်လွှတ်စိတ်နဲ့ စိတ်ချမ်းသာတာ ပေးလုပ်ထားတဲ့သဘောများလား။ ဖေဖေ့ စိတ်ခံစားချက်ကို ဂျင်းဂျာ မခန့်မှန်းပေမယ့် ဂျင်းဂျာ နေရောင့်ကို လက်ထပ်ပါမယ် ဆိုရင်လည်း တားမှာမဟုတ်ဘူးဆိုတာ ဂျင်းဂျာခန့်မှန်းမိပါသည်။

"ဂျင်း ... ဆောရီးကွာ။ ကိုယ် ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်ပြီး အိပ်ချင်သလို ဖြစ်လာတယ်။ ဂျင်းနဲ့စကားမပြောနိုင်တော့ဘူးနော်"

"အို ... ရတယ် ... ရတယ်။ အိပ် ... အိပ်။ ဂျင်းကို တောင်းပန်စရာ မလိုပါဘူး၊ ဂျင်း ထသွားလိုက်မယ်"

"နေ ... မထနဲ့။ ကိုယ့်လက်မောင်းပေါ်မှာပဲနေ၊ ဂျင်းဘေးမှာရှိနေလို့ ကိုယ် အိပ်ချင်လာတာ"

တကယ်တော့ နေရောင်ချို့ဟာ ညကတစ်ညလုံး နာကျင်ကိုက်ခဲ ဖျားနာခြင်းကို ခံစားနေရ၍ သေသေချာချာ သိပ်မပျော်ခဲ့ကြောင်း ဂျင်းဂျာ့ကို မပြောခဲ့ပါ။ မနက်ကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဂျာ လာမည်ဆိုတာ သိသဖြင့် အိပ်ရာထဲမှာ မရှိနေချင်တာကြောင့် အတင်းကုန်းရုန်းထကာ လူကောင်းဟန်ဆောင်ပြီး ဝရန်တာမှာ ထွက်ထိုင်ပြနေခဲ့တာ ဖြစ်ပါသည်။ သူ တကယ်တော့နေလို့မကောင်းမှန်း သူ့ဘာသာပဲ သိသည်။

အခုကျတော့ တစ်ညလုံး ကောင်းကောင်းအိပ်မပျော်တဲ့ အရှိန်နဲ့ရော၊ အန်လိုက်ရတဲ့ဒဏ်ကြောင့်ရော လူကမဟန်နိုင်တော့ဘဲ အိပ်ရာထဲလှဲနေရင်းမှ အိပ်ချင်စိတ် ဖြစ်လာတာဖြစ်သည်။ တကယ်တော့ သူနဲ့ ဂျင်းဂျာ ရှိနေခွင့်ရတဲ့ အချိန်တွေကို အိပ်မပစ်လိုက်ချင်ပါ။

ဂျင်းဂျာ ပြန်သွားတဲ့အခါတိုင်း အဖော်မဲ့သလို ခံစားပြီး အလိုလိုနေရင်း လွမ်းပြီးကျန်ခဲ့ရတတ်တာမို့ ဂျင်းဂျာ့ကို သူ့အနားမှာ အချိန်တိုင်း ရှိစေချင်ပါသည်။

သို့သော် သူ အဲဒီလို တစ်ဖက်သတ်ခံစားချက်နဲ့ မဆုံးဖြတ်ချင်။ အတ္တမကြီးချင်ပါ။ သေမိန့်ကျပြီးသလိုဖြစ်နေသော လူတစ်ယောက်အတွက်နဲ့ အညွန့်တလူလူတက်နေတဲ့ ဂျင်းဂျာ့ဘဝကို မဖျက်ဆီးရက်ပါ။ အတွေးတွေဟိုပျံ့ဒီပျံ့ဖြစ်ရင်း မကြာခင်မှာ သူ့အတွေးတွေဟာ အိပ်မက်ပုံစံဖြစ်ပြီး မေ့ခနဲ အိပ်ပျော်သွားခဲ့ပါသည်။

ဂျင်းဂျာသည် နေရောင်ချို အိပ်ပျော်သွားတော့မှ ဖြည်းဖြည်းချင်း ထလိုက်ပါသည်။ ထပြီးပြီးချင်း ထွက်မသွားသေး





ဘဲ နေရောင်ချို့ မျက်နှာကို အကြာကြီး စိုက်ကြည့်နေမိသည်။ ဖြူဖျော့ဖျော့နဲ့ ခြောက်သွေ့နေသော နှုတ်ခမ်းတွေကို လက်ညှိုးလေးဖြင့် အသာတို့ထိမိသည်။ အရင်ကတော့ ပန်းရောင်လွမ်းနေတဲ့ နှုတ်ခမ်းလေးတွေ။ စီးကရက် ဒီလောက်သောက်တာတောင် အရောင်မပြောင်းဘဲ ပန်းရောင်ဖျော့ဖျော့ဖြစ်နေတဲ့ နှုတ်ခမ်းတွေကို ဂျင်းဂျာတောင် မနာလိုဖြစ်ခဲ့ရသေးသည်။ သူ့ကို ငေးစိုက်ကြည့်ရင်း ဂျင်းဂျာ့ရင်ထဲ ဆို့လာကာ အသံတိတ် မျက်ရည်ကျလျက် အခန်းထဲမှ တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။

ဒီလိုနဲ့ပဲ နေ့ရက်တွေ တော်တော်များများ ဖြတ်သန်းပြီးသောအခါ နေရောင်ချို့ရဲ့နေ့ရက်တွေဟာ ဆေးဒဏ်တွေအလူးအလဲ ခံစားရင်း ကုန်ဆုံးခဲ့ရပြန်သည်။ ဆေးရုံသွားပြီး ဆေးတစ်ခါသွင်းတိုင်း အသက်ထွက်မတတ် ပြန်အန်ချတတ်သော မြင်ကွင်းကို ဒေါ်ကေသီနှင့်အတူ လက်ချင်းမြဲမြဲဆုပ်လျက် အတူတူငိုနေရတတ်သော ဂျင်းဂျာရဲ့နေ့ရက်တွေဟာလည်း အလင်းရောင်ပို၍ ပို၍ ကင်းမဲ့လာသလို ခံစားရသည်။

ဦးအောင်မြတ်ချိုရဲ့အိမ်မှာ လိုက်နေသော နေရောင်ချို့အတွက် စပါယ်ရှယ်နာ့(စ)တွေ နေ့ညမပြတ်ရှိပေမယ့် ဂျင်းဂျာကတော့ တစ်ရက်မှ မပျက်ကွက်စွာ မနက်ဆို ရောက်လာ(မိုးလင်းလင်းချင်းကို ရောက်လာတတ်တာ)၊ ညနေဆို နေရောင်လုံးဝမမြင်ရတော့မှ ပြန်ခြင်းဖြင့် နေ့ရက်တွေကို ဖြတ်သန်းမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ ဦးအောင်မြတ်ချိုက ပြောလာသည်။

"သမီးဂျင်းဂျာ၊ အန်ကယ်လ် ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ သမီး ဒီလိုလာနေတာဟာ သိပ်တော့ မကောင်းဘူးထင်တယ်"

"ဘာဖြစ်လို့လဲ အန်ကယ်လ်"

"မင်းအတွက် ပြောတာပါ။ ယောကျ်ားလေးတစ်ယောက် အိမ်မှာ မိုးလင်းကမိုးချုပ် လာနေနေတာဟာ မင်းအတွက် မကောင်းဘူး"

"ဂျင်း ဘာကိုမှ ဂရုမစိုက်ဘူး အန်ကယ်လ်။ သူ့ကိုလက်ထပ်ကြမယ်လို့တောင် ဂျင်း ခဏခဏပြောနေခဲ့တာပါ။ သူ့နေခွင့်ရတဲ့ အချိန်ကာလတစ်ခုမှာ ဂျင်းဟာ သူနဲ့အမိကသက်ဆိုင်တဲ့သူ ဖြစ်ချင်တယ် အန်ကယ်လ်"

"အန်ကယ်လ်တို့ဘက်ကတော့ သားရှင်အနေနဲ့ ဒီလိုကြားရတာ ဝမ်းသာတာပေါ့။ ဒါပေမဲ့ အန်ကယ်လ် တစ်ကိုယ်ကောင်းမဆန်ချင်ဘူး။ မင်းရဲ့အဖေဘက်ကိုလည်း မျှမျှတတစဉ်းစားပေးတယ် ဂျင်းဂျာ။ တစ်ဦးတည်းသော သမီးဟာ ဘဝမှာ ဘာမျှော်လင့်ချက်မှ သိပ်မရှိတော့တဲ့သူကို လက်ထပ်မယ်ဆိုတာ ဘယ်လိုမှ ဝမ်းသာနိုင်မှာတော့ မဟုတ်ဘူး"





"အန်ကယ်လ် သဘောတူတယ်ဆိုရင် ဂျင်းဖေဖေ့ကို မေးမယ်"

"မင်း သေသေချာချာ ထပ်စဉ်းစားပါ။ မကောသိနဲ့လည်း မိန်းမချင်း တိုင်ပင်ပါဦး"

ဂျင်းဂျာ မဆိုင်းမတွပဲ လက်ခံလိုက်ကာ ချက်ချင်းပင် ဒေါ်ကောသီဆီ ဖုန်းဆက်မိသည်။ သူမ၏ဟန်းဖုန်းမှာတော့ ဦးအောင်မြတ်ချို အိမ်ဖုန်းနံပါတ် ပေါ်သွားသဖြင့် ဒေါ်ကောသီဟာ ဖုန်းကိုင်လျှင်ကိုင်ခြင်းပင် ...

"ကိုအောင်မြတ်ချိုလား၊ သား ဘာဖြစ်လို့လဲ"

ဟု စိုးရိမ်တကြီး မေးနှင့်လေသည်။

"အန်တီ ဂျင်းပါ"

"ဩော် ... ဩော် ... အေး ... သမီး ဂျင်းဂျာ ... ပြော ... ပြော ... သား ဘာဖြစ်လဲ"

"သူ ဒီနေ့ သက်သာပါတယ် အန်တီ။ ဂျင်း အန်တီ့ကို စကားပြောချင်လို့ပါ"

"ပြောလေ ... ရတယ်"

"လူချင်းတွေ့ပြီး ပြောချင်တာပါ အန်တီ၊ အဲဒါ အန်တီ အားတဲ့အချိန် ဂျင်း လာတွေ့ပါမယ်"

"အန်တီ လေးနာရီဆို အိမ်ပြန်ရောက်ပြီ"

"ဂျင်း လာခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ အန်တီ စောင့်နေမယ်"

ဦးအောင်မြတ်ချိုကတော့ ပြောမရဆိုမရနဲ့ ခေါင်းမာနေသော ဂျင်းဂျာကို ကရုဏာသက်စွာ ကြည့်လေသည်။

❦ ❖ ❦





## ၂၄

"သူ့ရောဂါဟာ chemo ကိုတော့ကောင်းကောင်း response (ရီ(စ)ပေါင့်(ခ)) ကောင်းတယ်တဲ့။ Remission ရနိုင်တယ်လို့ ပြောတယ် ဂျင်းဂျာ၊ ဒါပေမဲ့ အာမခံချက်မပေးနိုင်ဘူး။ ဒီတော့ သမီးပြောတဲ့ လက်ထပ်ချင်တယ်ဆိုတဲ့ အခြေအနေကို အန်တီ ခွင့်မပြုနိုင်ဘူး။ ဒါဟာ သားရှင်မို့ မောက်မာပြီး ပြောတဲ့သဘော မဟုတ်ဘူး။ ခွင့်မပြုသင့်တဲ့ကိစ္စမို့လို့ ဆုံးဖြတ်တာပဲ"

ဟု ဆုံးဖြတ်ချက်ကို လုံးဝမပြင်မယ့် အမူအရာနဲ့ ပြောလိုက်သော ဒေါ်ကေသီစကားတွေကို အခါခါကြားယောင်ရင်း ဂျင်းဂျာ ရူးသွားတော့မလို ငိုမိပါသည်။ ဂျင်းဂျာ ငိုပြီး မေမေ့ကိုပြောတော့ မေမေဟာ သူ့အမူအရာအတိုင်း နားထောင်ရုံသာ နားထောင်ပြီး ဘာမှမတုံ့ပြန်ပါ။ ဂျင်းဂျာဟာ ကမ္ဘာလောက



www.burmeseclassic.com

www.burmeseclassic.com



လုံးနဲ့ ကိုယ်တစ်ယောက်တည်း ရင်ဆိုင်ရသူလို ဖြစ်နေသည်။ ဘယ်သူကမှ ဂျင်းဂျာဘက် မပါတော့။ အားလုံးဟာ ဂျင်းဂျာ ခံယူချက်ကို နားမလည်ပေးတော့သလို ဖြစ်နေသည်။

ဒါပေမဲ့ စိတ်ဆင်းရဲစရာတွေထဲက စိတ်ပျော်စရာ လေးတွေကတော့ ရှိလာသည်။ ဒီရက်ပိုင်းအတွင်း နေရောင်ချို တစ်ယောက် ထူထူထောင်ထောင် ဖြစ်လာကာ တော်တော်ကြီး နေကောင်းလာတာပဲဖြစ်သည်။ လူကောင်းတစ်ယောက်လိုပဲ ကိုယ့် ဝေယျာဝစ္စကိုယ်လုပ်နိုင်လာသည်အထိ ဖြစ်လာသောအခါ အားလုံး က ဝမ်းသာကြရသည်။

ဂျင်းဂျာ ရောက်လာတာကိုပင် မစောင့်ဘဲ ...

"ဂျင်း ဒီနေ့မလာနဲ့ ကိုယ်လာခဲ့မယ်"

ဟု ကြိုပြောပြီး ရောက်လာတတ်သည်။ ဦးအောင် မြတ်ချိုက စိတ်မချနိုင်သေးသဖြင့် ကားကိုပေးမမောင်းသောကြောင့် ဒရိုင်ဘာနဲ့ ရောက်ရောက်လာတတ်သော နေရောင်ချို့ကို ဦးရဲ ကျော်တစ်ယောက် အရင်ကလိုတော့ ရှုတည်တည်၊ ပုပ်သိုးသိုး မျက်နှာကြီးနဲ့ မဆက်ဆံတော့ပါ။

အိမ်ထဲမှာထိုင်စေပြီး လက်ခံစကားပြောကာ နွေးနွေး ထွေးထွေး ဆက်ဆံတတ်ပါသည်။

"လူကီးမီးယားဖြစ်လိုက်ရခြင်းရဲ့ အမြတ်ကတော့ ယောက္ခမ ကြီး ကိုယ့်ကို ကြည်ကြည်သာသာ ဖြစ်သွားတာပဲ"





လို့ နေရောင်ချိုက ရယ်စရာလုပ်ပြီး ပြောတော့ ဂျင်းဂျာ မကြိုက်။

"ဖေဖေက အစတည်းက စိတ်ပြေပြီးသားပါနော်၊ ရောဂါ ဖြစ်ရတာပဲ အမြတ်ဆိုဟဲ့သဘော မပြောပါနဲ့၊ ဂျင်း အဲဒါ ကြီးကို မကြားချင်ဘူး"

"ဒါဟာ လိမ်ညာထားတဲ့ကိစ္စမှ မဟုတ်တာ။ Reality (ရီးရယ်လ်တီး)ကို လက်ခံရမှာပေါ့ ဂျင်းရယ်။ ကိုယ့်အခြေ အနေ ကောင်းလာလို့ သိပ်ကြီးလည်း မပျော်ဘူး။ ဒါမျိုး က ဘယ်တော့မှ ကုလို့ပျောက်တယ် ဆိုတာ မကြားဖူး ဘူး"

"ဂျင်း မနေ့ကတောင် ရုပ်ရှင်ကားလေးတစ်ကား ကြည့်မိ တယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီကားမှာ လူကီးမီးယားဖြစ် နေတဲ့အကြောင်းပါတော့ ရုပ်ရှင်ကြောင့် ငိုရတာနည်းနည်း။ နေရောင့်ကို သတိရပြီး ငိုရတာများများ ရောပြီးငိုပစ်လိုက် သေးတယ်"

နေရောင်ချိုက ဂျင်းဂျာ့ကို အသာထွေးပွေ့မိသည်။ သူ့ရင်ဘတ်မှာ မျက်နှာကပ်ပြီး ငိုနေသော ဂျင်းဂျာ့ခေါင်းပေါ် သူ့မေးစေ့ကိုဖိ၍တင်ထားရင်း ဂျင်းဂျာ့ကို နှစ်သိမ့်ပေးစရာစကား မရှိသလို ဖြစ်နေသည်။

"ရုပ်ရှင်ကားလေးနာမည်က "My Sister's Keeper" တဲ့ အရမ်းသနားစရာကောင်းတာပဲ။ ကလေးလေးဟာ ငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်အရွယ်တည်းက လူကီးမီးယား စဖြစ်တာပေါ့။ သူ့မိဘတွေက သူ့အသက်ကို ကယ်နိုင်အောင် ကုထုံးမျိုးစုံနဲ့ ကုကြတယ်။ အကောင်းဆုံးကုထုံးအနေနဲ့ အဲဒီကလေးလေးနဲ့ DNA လုံးဝတူတဲ့၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံရော၊ အသွေးရော အသားရော လုံးဝတူတဲ့ နောက်ထပ်ကလေးလေးတစ်ယောက်ကို IVF (အိုင်ဗွီအက်(ဖ))နဲ့ ရအောင်ဖန်တီးပြီး မွေးထုတ်လိုက်ကြတယ်။ အဲဒီမွေးခံရတဲ့ ကလေးလေးဟာ မွေးစတည်းက သူ့ရဲ့ဆဲလ်လေးတွေ၊ တစ်ရှူးစလေးတွေ သူ့အစ်မရောဂါသည် လိုသမျှ ထုတ်ပေးရတဲ့ ကလေးလေးအဖြစ် မွေးလာတာပေါ့။ အဖေနဲ့အမေက လိုချင်လို့မဟုတ်ဘဲ သူတို့သိပ်ချစ်ရတဲ့ သမီးလေးအသက်ကယ်ဖို့ ထပ်မွေးလိုက်တဲ့ ကလေးလေးဟာ သူ့ဘဝသက်တမ်းတစ်လျှောက်လုံး ဆေးရုံကို အကြိမ်ကြိမ်တက်လိုက် ဆင်းလိုက်လုပ်ပြီး သူ့အစ်မ လိုသမျှ အသွေး၊ အသား၊ ချင်ဆီ အမြဲအထုတ်ခံနေရတာ။ နောက်ဆုံးအဆင့်အနေနဲ့ သူ့ရဲ့ကျောက်ကပ်တစ်ဖက်ကိုပါ ထုတ်ပေးရတော့မယ့် အဖြစ်ထိ ရောက်လာတယ်။ ဇာတ်ကားက ရှုပ်ထွေးပြီး နားလည်ဖို့ခက်တော့ ဂျင်း ဆက်မပြောတော့ပါဘူး။ ဒါပေမဲ့ အဲဒီကားကြည့်ပြီး ဂျင်း စဉ်းစားမိတယ်။ ဂျင်းသာ နေရောင့် အတွက် အဲဒီလို အသွေးအသား ချင်ဆီကိုယ်တွင်းအင်္ဂါတွေ ထုတ်ပေးခွင့်ရရင် ထုတ်ပေးချင်လိုက်တာလို့"





နေရောင်ချိုဟာ ဂျင်းဂျာ့စကားကြောင့် ရင်ထဲမှာ ဆို့နင့်သွားကာ မျက်ရည်တောင် ကျမိ၏။ ဂျင်း သူ့ကိုဒီလောက် ချစ်ခဲ့တာ ယုံတောင်မယုံနိုင်။ အသက်ပေးပြီး ချစ်တယ်ဆိုတဲ့ စကားကို အခုမှ လက်ခံရမလို ဖြစ်သွားသည်။

သူတို့ချစ်သူနှစ်ဦးရဲ့ဘဝဟာ တစ်ခဏတော့ သာယာမှုတွေ ပြန်ဖြစ်လာခဲ့သည်။ ဆေးကုသမှုခံယူပြီး ဆေးအာနိသင် ကောင်းကောင်းပြနိုင်သော နေရောင်ချိုဟာ လူကောင်းတစ်ယောက် ကဲ့သို့ ပြန်နေလို့ ရလေရာ ကျောင်းလည်းပြန်တက်ပါသည်။ သူ့ အခန်းသူ ပြန်နေမည် တကဲကဲ လုပ်နေရာ ဂျင်းဂျာ့တစ်ယောက် ငိုကြီးချက်မလုပ်ပြီးတားမှပဲ ပြန်မနေတော့ဘဲ ဦးအောင်မြတ်ချို အိမ်မှာပဲ ဆက်တော့နေသည်။

မနက်ဆို ကျောင်းသွားဖို့ ဂျင်းဂျာ့ကို ဝင်ခေါ်၊ ဂျင်းဂျာ့ကျောင်းမှာ ချပေးပြီး နေရောင်ချိုကတော့ ဖေဖေအတင်း ထည့်ပေးလိုက်သော ဒရိုင်ဘာကြီးမောင်းသည့်ကားနဲ့ ကျောင်း တက်ရပါသည်။ ဆေးရုံမှာ ဆေးသွားသွင်းရမည့်နေ့သွား၊ သောက် ရောရှိသောဆေးတွေ ဆက်သောက်၊ လိုအပ်ရင် သွေးဖောက်စစ် ခြင်း နှစ်လလောက်ကတော့ တော်တော်ဟုတ်နေပါသည်။

"လူကြီးတွေ လက်မခံရင် နေပစေ။ ဂျင်းနဲ့ နေရောင် ကိုယ့်ဘာသာပဲ လက်ထပ်လိုက်ကြရင် ကောင်းမလား"

ဂျင်းဂျာက လက်ထပ်ဖို့ကို တွေ့တိုင်းပူဆာသော်လည်း နေရောင်ချိုကတော့ လုံးဝလက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



"ဂျင်းကို ကိုယ် လက်တော့ထပ်မယ်။ ဒါပေမဲ့ ကိုယ့်အခြေအနေ စိတ်ချရအောင် စောင့်ကြည့်ချင်သေးတယ်။ တစ်လနှစ်လလောက်လေး ပြန်ကောင်းလာတာကို အဟုတ်ကြီးထင်နေလို့ မဖြစ်သေးဘူး။ ဒီရောဂါက Relapse (ရီလက်(ပ)(စ်)) ပြန်ရတတ်တယ်။ ပြန်အခြေအနေ ဆိုးလာတတ်တယ်"

ဂျင်းဂျာကို ငဲ့ညှာသောအနေနဲ့ နေရောင်ချိုက လက်ထပ်ဖို့ကို အလောတကြီး မစီစဉ်ပေမယ့် အရင်ကစီစဉ်ခဲ့တဲ့အတိုင်း စေ့စပ်ဖို့ကိုတော့ သဘောတူပါသည်။ နှစ်ဖက်မိဘတွေလည်း စေ့စပ်ချင်တယ် ပြောတာကိုတော့ ခွင့်ပြုလိုက်ကြရာ နှစ်ဖက်လူကြီးမိဘစုံရာရှေ့မှာပဲ စေ့စပ်လက်စွပ်လဲပြီး သတင်းစာထဲကြော်ငြာထည့်ကာ စေ့စပ်ခြင်းကို အထမြောက်စေခဲ့ပါသည်။

စေ့စပ်ပွဲသတင်းပါလာသောနေ့က ဂျင်းဂျာတစ်ယောက် ထိုသတင်းအကွက်လေးကို ကတ်ကြေးနဲ့ သေသေချာချာညှပ်ပြီး ပလတ်စတစ်လောင်းရုံမက ဓာတ်ပုံအယ်လ်ဘမ်ထဲမှာ အသေအချာပင် ကပ်ထားလိုက်သည်။ ဘယ်ဘက်မိတ်ဆွေမှမပါဘဲ နေရောင်ချို့ဘက်က ဦးအောင်မြတ်ချိုက ဖခင်အဖြစ်၊ ဒေါ်ကေသီကမိခင်အဖြစ် ဆောင်ရွက်ပေမယ့် ဒေါ်ကေသီရဲ့နောက်အိမ်ထောင်ဖြစ်သော ဦးကျော်ဇောကတော့ အဖော်ပါပါသည်။ ပြီးတော့ညီမဖြစ်သူ လမင်းချိုက စေ့စပ်လက်စွပ်လေးနှစ်ကွင်းကို ကတ္တီပါဘူးနီနီရဲရဲလေးတစ်ဘူးစီ ထည့်ထားတာကို ဗန်းလေးဖြင့်ကိုင်လျက်





ယူဆောင်လာပေးပါသည်။ ဂျင်းဂျာ့ဘက်ကတော့ ဖခင်ဦးရဲကျော်တစ်ယောက်သာပါသည်။ စည်သူကတော့ အရင်းနှီးဆုံးသူငယ်ချင်းလည်းဖြစ်လေရာ သူတော့ ပါပါသည်။ စည်သူက သူငယ်ချင်းနှစ်ယောက်ရဲ့ အထိမ်းအမှတ်ပွဲလေးကို ဓာတ်ပုံကင်မရာလေးဖြင့်မှတ်တမ်းတင်ပေးသည်။ ထိုဓာတ်ပုံလေးတွေကိုလည်း ဂျင်းဂျာကအမြတ်တနိုးပင် သတင်းစာကြော်ငြာလေးနဲ့ အတူတူ အယ်လ်ဘမ်တစ်ခုထဲမှာ ကပ်ပါသည်။

ခြောက်လလောက်ထိ လုံးကောင်းလုံးလုံး ပြန်ဖြစ်နေသော ထိုရောဂါဟာ ပြန်လည်ခေါင်းထောင်လာခဲ့တဲ့ နေ့တစ်နေ့ကို သူတို့အားလုံး ထပ်မံရင်ဆိုင်လိုက်ရပြန်သည်။ ရုတ်တရက်ကြီး အခြေအနေ ပြန်ဆိုးလာတာမျိုး မဟုတ်ဘဲ သွေးစစ်နေကျအတိုင်း ပုံမှန်ပြန်စစ်သောအခါမှာ သွေးစစ်ချက်အဖြေများအရ...

"ရောဂါကို ဆက်မဆိုးသွားအောင် ဆေးနဲ့ထိန်းထားနိုင်တဲ့ အဆင့်မရှိတော့ဘူး။ သူ့ရဲ့သွေးနီဥတွေဟာ ပျက်စီးနှုန်းအရမ်းကို ပြန်များလာပြီ"

ဆိုသော ဆရာဝန်ကြီးက သုံးသပ်လိုက်သောအခါ သူတို့အားလုံး ထိုသတင်းဆိုးကို ထပ်၍ ကြေကွဲကြရပြန်တော့သည်။

"ဆေးတွေသောက်နေလည်း မထူးတော့ဘူး။ သူ့ရဲ့အဆင့်ဟာ နောက်ဆုံးကုထုံး အခြေအနေကို ဦးတည်နေပြီ"

ဦးအောင်မြတ်ချိုက လက်မခံနိုင်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးကုထုံးရှိရင် ကုကြမယ်လေဗျာ၊ ဘာကြောင့် အချိန်ဆွဲနေတော့မလဲ"

ဟု စိတ်လောစွာ ပြောသည်။

"အဲဒီကုထုံးက ဒီမှာလုပ်လို့ မရသေးဘူး စင်ကာပူသွားရင် အကောင်းဆုံးပဲ။ သူ့ရဲ့ရိုးတွင်းချင်ဆီလို့ခေါ်တဲ့ Bone Marrow ကို အစားထိုးရမှာ။ နေရောင်ချို့ ကိုယ်ထဲက Bone Marrow ဟာ RBC လို့ခေါ်တဲ့ သွေးနီဥတွေကို ပုံမှန်သက်တမ်းနဲ့ ဖြစ်တည်နိုင်အောင် မထုတ်ပေးနိုင်တော့တာမျိုး ဖြစ်နေတာ။ ဒီတော့ သူ့ရဲ့ Bone Marrow ကို အစားထိုးလဲပေးနိုင်တဲ့ ကုထုံးကသာ အသင့်တော်ဆုံးပဲ"

"ဒါဆို သွားမယ်ဗျာ သွားကုမယ်။ ကျွန်တော်အစတည်းက ပြောပြီးသားပဲ။ သားကို ကျွန်တော့်စည်းစိမ်ကုန်တဲ့အထိ အသက်ရှည်ရှည် နေရအောင် လုပ်မယ်လို့"

"ဒီကုထုံးတော့ရှိပေမယ့် သူ့ရဲ့ Bone Marrow နဲ့ Match ဖြစ်တဲ့သူဆီကမှ ထုတ်ယူလို့ရမှာ။ ဒါမျိုးက မောင်နှမအရင်းချင်း၊ မိဘနဲ့သားသမီးချင်းတောင် မတူတတ်ဘူး။ လှူတဲ့လူက လှူပေမယ့် သူ့ Body ရဲ့ System က လက်မခံရင် အလကားဖြစ်တတ်တယ်"

ဆရာဝန်ကြီးကတော့ သိထိုက်သိသင့်သည်များကို အသေးစိတ် ရှင်းပြပေးပါသည်။





ဦးအောင်မြတ်ချိုက ချက်ချင်းပင် စင်ကာပူရှိ သူ့အဆက်အသွယ်များဆီ ဖုန်းဆက်တော့သည်။ e-mail တွေများစွာပို့ကာ ဆေးရုံနှင့် ဆရာဝန် စုံစမ်းတော့သည်။ သူ့စိတ်ထဲမှာ ပိုက်ဆံရှိရင် ရအောင်ကုနိုင်မယ်လို့ တစ်ထစ်ချ ယုံကြည်လေသည်။

နေရောင်ချိုကတော့ စင်ကာပူသွားပြီး မကုတော့ဘူးဟု အတန်တန်ငြင်းသည်။

"ကျွန်တော့်သက်တမ်း ဒီလောက်ပဲ ရှိတယ်လို့ သဘောထားလိုက်ပါ ဖေဖေရယ်။ Bone Marrow Transparent လုပ်တာဟာ အောင်မြင်ခဲ့တယ် ဆိုရင်တောင် ဘယ်လောက်ခံမှာမို့လဲ။ ခဏ ခဏ သွားလဲနေရရင် နေရတာ ဘယ်တန်မလဲ၊ ပြီးတော့ ထားပါတော့။ တစ်ချိန်ချိန်ကျရင် အဲဒီအမျိုးအစားတူ ချင်ဆီကို မရတော့ရင် ဘယ်လိုလုပ်မလဲ ဖေဖေ။ အဲဒါကို စဉ်းစားပါ။ ကျွန်တော့်မှာ ကျန်သလောက် သက်တမ်းအတိုင်းပဲ နေသွားချင်တော့တယ်။ ဆေးရုံနဲ့ နှစ်ပါးသွားပြီး ဘဝမှာအသက်ရှင်ရမယ်ဆိုရင် ဘာထူးတော့မှာလဲ"

ဒါပေမဲ့ နေရောင်ချိုက သတ်သတ်။ ဦးအောင်မြတ်ချို၊ ဒေါ်ကေသီ၊ ဂျင်းဂျာနဲ့ ညီမလေး လမင်းချိုကို့က သတ်သတ်ဖြစ်နေသည်။ လေးယောက်ရဲ့သဘောထားက ဒီနောက်ဆုံးကုထုံးကို ရင်ဆိုင်ချင်သည်။ နေရောင်ချိုက ရင်မဆိုင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ကုသလိုက်ရလို့ နေရောင့်အသက်ကို ဆွဲဆန့်လို့ရမယ်ဆိုရင် ကျေနပ်ပါပြီ နေရောင်ရယ်၊ 'တခြားသာမန်လူတွေလို သက်တမ်းစေ့နေရဖို့ကို မမျှော်လင့်ပါဘူး။ ဒါပေမဲ့ ခြောက်လပဲပိုနေနေ၊ တစ်နှစ်ပဲပိုနေနေ ဂျင်းတို့အားလုံးရဲ့ပတ်ဝန်းကျင်မှာ နေရောင် အသက်ရှင်ရက် ရှိနေတာကို လိုချင်တာပါ"

ဂျင်းဂျာက နေရောင်ချို့ကို မလွှတ်တမ်းဖက်၍ငိုကာ တဖွဖွတောင်းပန်ပါသည်။ နေရောင်ချိုလည်း အခုတော့ လူပေလူတေလေးလို အသည်းမမာနိုင်တော့။ ဂျင်းဂျာ ငိုတဲ့အခါ သူပါလိုက်ငိုပြီး သူ့ရင်ထဲက ဝမ်းနည်းမှုကို ပြသမိတော့သည်။

နောက်ဆုံးတော့ အားလုံးရဲ့အလိုကျ စင်ကာပူမှာ ဆေးသွားကုဖို့ကို နေရောင်ချို လက်ခံလိုက်ရသည်။ ဦးအောင်မြတ်ချို၏ အဆက်အသွယ်တွေကြောင့် တစ်ပတ်အတွင်း ထွက်နိုင်သွားပါသည်။

လေဆိပ်ကို လိုက်ပို့သော မေမေဒေါ်ကေသီ့ကိုလည်းကောင်း၊ ညီမလေးလမင်းချိုကိုလည်းကောင်း အကြာကြီးထွေးပွေ့လိုက်ပြီးမှ ဂျင်းဂျာ့ကိုတော့ နောက်ဆုံးမှာ ရင်ခွင်ထဲဖက်ထွေးထားရင်း ...

"ဘာမှ မစိုးရိမ်ပါနဲ့တော့ ဂျင်းရယ်။ ကိုယ် နေကောင်းသွားမှာပါ"

ဟူ၍ နှစ်သိမ့်ပါသည်။





"ဂျင်းကို ကတိပေးနော်။ နေရောင် ဂျင်းဆီ ပြန်လာမယ်လို့ ကတိပေးပါနော်"

ဂျင်းဂျာက အယူသီးသလိုဟန်ဖြင့် ထိုကတိစကားကို မရမက တောင်းသည်။

"ဂျင်းဆီ အရောက် ကိုယ် ပြန်လာခဲ့မယ်"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## ၂၅

"သမီး ... ဂျင်းဂျာ

ဒီနေ့ပဲ သားကို အော်ပရေးရှင်းခန်း သွင်းတယ်။ သူ့ရဲ့ Bone Marrow နဲ့ Match ဖြစ်တဲ့ Type အမျိုးအစားကို ရပြီလို့ ပြောကြတယ်။

အော်ပရေးရှင်းကတော့ အားလုံး အဆင်ပြေပြေနဲ့ ပြီးသွားပါတယ်။

ခွဲခန်းက ထွက်လာပြီးတော့ မေ့ဆေးအရှိန်နဲ့ သား အကြာကြီးမှိန်းနေခဲ့တယ်။ မေ့ဆေးပြေတော့ ဆေးအရှိန်တွေကြောင့် အန်တယ်။ ခုထိတော့ အားလုံး ပုံမှန်လည်ပတ်နေတယ်လို့ ပြောကြတယ်။ သားကတော့ ဆေးတွေဆက်တိုက်သွင်းနေရလို့ စကားသေသေချာချာ မပြောနိုင်ဘူး။ ဂျင်းဂျာနာမည်ကိုတော့ တဖွဖွ ရွတ်နေတယ်။ အခြေအနေကို နောက်မှထပ် e-mail ပို့မယ်။

ဦးအောင်မြတ်ချို"



BURMESE CLASSIC .com



ထို e-mail ကို လက်ခံရရှိပြီး သုံးရက်အကြာမှာ နောက်ထပ် e-mail တစ်စောင် ထပ်မံရရှိသည်။

"သမီး ဂျင်းဂျာ ...

သုံးရက်လောက် အခြေအနေကောင်းနေရာက ဒီနေ့မနက်မှာ သားရဲ့ Body က သူ့ကို ထည့်ပေးထားတဲ့ Bone Marrow ကို လက်မခံပဲ ပြန်တိုက်ခိုက်တဲ့ reaction ဖြစ်နေတယ်ဆိုတာ စမ်းသပ်တွေ့ရှိကြတယ်၊ ဆေးတွေထပ်ပြီးထိုးကြ၊ သွင်းကြနဲ့ သားလည်း တော်တော်ရုန်းကန်နေရတယ်၊ အန်ကယ်လ် ဒီလောက်ပဲ ရေးဦးမယ်။ ပြန်လာမယ့်ရက်တော့ အတိအကျ မသိသေးဘူး။ မနက်ဖြန်မှာ ကေသီတို့ လိုက်လာကြလိမ့်မယ်။ သမီး စာရေးပေးချင်ရင် ထည့်ပေးလိုက်ပါ။ သားက မမျှော်ပေမယ့် သမီးဆီက စာဖတ်ရရင် သူ ဝမ်းသာလိမ့်မယ်လို့ ထင်တယ်"

ဂျင်းဂျာ ချက်ချင်းပဲ စာတစ်စောင်ကောက်ရေးလိုက်ပါသည်။

တကယ်တော့ ဂျင်းဂျာကိုယ်တိုင် နေရောင်ခြည်နားမှာ စက္ကန့်တိုင်း ရှိနေခွင့် ရချင်တာပေါ့။ ဒါပေမဲ့ တခြားတစ်နိုင်ငံကို လိုက်သွားလို့ ရနိုင်လောက်တဲ့အထိ အခြေအနေက မပေးတော့ အဝေးကနေ သတင်းကို စောင့်နားထောင်ရုံသာ တတ်နိုင်တော့သည်။ နေရောင့် ကျန်းမာရေးအတွက်မို့ ဂျင်းဂျာကိုယ်တိုင်တိုက်တွန်းပြီး အတင်းသွားကုခိုင်းရတာဖြစ်သည်။ တကယ်တော့ အချိန်ရရင် ရသလောက်၊ နေရောင်အသက်ရှင်ရမယ့်ကာလမှာ စက္ကန့်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကို နေရောင့်အနားမှာသာ နေချင်ပါသည်။ အခုလိုကျတော့ အဝေးကြီးကနေ စောင့်ပြီးစိတ်ပူပန်နေရတာ ပိုဆိုးပါသည်။

"နေရောင် ...

ဂျင်းကို ချစ်တယ်ဆိုရင် ငါနေကောင်းရမယ်၊ ဂျင်းနဲ့အတူတူ အကြာကြီး ပြန်နေမယ်ဆိုတဲ့စိတ်နဲ့ ဂျင်းဆီပြန်လာဖို့ ကြိုးစားပါနော်၊ ဂျင်း စာတွေ အများကြီးရေးချင်ပေမယ့် ဘာရေးရမှန်းမသိ ဖြစ်နေတယ်။

ဒါကြောင့် ဒီလောက်လေးပဲ ရေးပေးလိုက်တာပါ။

နေရောင့်ကို ချစ်တယ်။

ဂျင်းကိုချစ်ရင် ပြန်လာခဲ့ပါနော် ...

ချစ်တဲ့ ... ဂျင်း"

ဂျင်းဂျာ၏စာလေးတစ်စောင် ဒေါ်ကေသီတို့နဲ့အတူ ပါသွားလိုက်နိုင်တဲ့အတွက် စိတ်ထဲမှာ ကြံဖန်ဖြေသိမ့်လို့ မဆုံးနိုင်ခင်မှာပင် ဦးအောင်မြတ်ချိုထံမှ ...

"သမီး ဂျင်းဂျာ ...

သားရဲ့ဆန္ဒအရ အားလုံးဆုံးဖြတ်ပြီး ဒီနေ့ပဲ ပြန်လာခဲ့တော့မယ်၊ လေဆိပ်ကို လာကြိုချင်ရင်တော့ ညနေငါးနာရီမှာ ရောက်မယ်။ အိမ်မှာလာစောင့်ချင်ရင်လည်း စောင့်နေပါ။ ဒီနေ့ ပြန်ရောက်မယ်"

ဟူသော e-mail ကို ဒေါ်ကေသီတို့ လိုက်သွားပြီး နောက်နေ့မှာပဲ လက်ခံရရှိပါသည်။





## ၂၆

"မရနိုင်တော့ဟာကို ဘာလို့ ကြိုးစားရင်ဆိုင်နေတော့မလဲ ဂျင်းရယ်။ နောက်ဆုံးနေခွင့်ရတဲ့ နေ့ရက်တွေမှာ စက္ကန့်တိုင်း စက္ကန့်တိုင်း ကိုယ်ချစ်တဲ့သူတွေ အနားမှာပဲ နေချင်တယ်။ အားလုံးကို တစ်ဝကြီးကြည့်ပြီး အတူတူနေလိုက်ချင်တယ်။ အထူးသဖြင့် ကိုယ် သိပ်ချစ်ရတဲ့ ချစ်သူအနားမှာပဲ နေချင်တာပေါ့။ သူ့ရင်ခွင်ထဲမှာပဲ နောက်ဆုံးထွက်သက်ကို ရင်ဆိုင်သွားရချင်တယ်။ ဒီတော့ ကိုယ့်ကို ဘာမှထပ်ပြီး မတိုက်တွန်းပါနဲ့တော့နော်။ ဂျင်းကို ချစ်ရင် ပြန်လာပါဆိုတဲ့အတိုင်း ကိုယ်ပြန်လာခဲ့တယ်။ ဂျင်းလည်း ကိုယ့်ကိုချစ်ရင် ကိုယ့်ခံစားချက်ကို နားလည်ပေးပါ"

နေရောင်ချိုက ဂျင်းဂျာ့ကို ထွေးပွေ့ရင်း ပြောပြပါသည်။ ဂျင်းဂျာ့အတွက်ကတော့ ချစ်သူ၏ရင်ခုန်သံကို ကြားခွင့်ရခြင်းမှာ လောကကြီးထဲတွင် ဘာနဲ့မှ မလဲနိုင်သော တန်ဖိုး

အကြီးဆုံး အရာတစ်ခုကို ပိုင်ဆိုင်ထားရခြင်းနဲ့ တူသည်ဟုသာ စိတ်ကူးရှိတော့သည်။

နွေးထွေးနေသော ချစ်သူ၏ကိုယ်ငွေ့နဲ့ ခပ်သဲ့သဲ့ကြားရသော ရင်ခုန်သံတို့ကို မက်မောစွာပင် ဖက်တွယ်ထားချင်ပါသည်။

နောက်ဆုံး နေ့ရက်တွေမှာ သူတို့ ပိုင်ဆိုင်ရသော စက္ကန့်တွေသည် တန်ဖိုးအရှိဆုံးသော စက္ကန့်များသာ ဖြစ်ခဲ့တော့သည်။ ရင်ဆိုင်ကြရမည့် နေ့တစ်နေ့ကို မေ့ထားပြီး သူတို့နှစ်ဦးကြားမှာ ဘာမှအဟန့်အတားမရှိသလို ခံစားချက်တွေမွေးပြီး ပိုင်ဆိုင်ထားနိုင်ခွင့်ရှိသလောက်သော အပျော်တွေကို လောဘတကြီးသာ သိမ်းဆည်းနေခဲ့ကြတော့လေသည်။

သူတို့နှစ်ဦး အတူရှိခွင့်ရသောနေ့ရက်တွေဟာ အိပ်မက်တွေလိုပဲ ဖြစ်နေခဲ့သည်။ မနက်မိုးလင်းတဲ့အခါတိုင်း သူငါ့နားမှာ ရှိနေသေးပါလားဆိုသော ခံစားချက်ဟာ အိပ်မက်မဟုတ်ပါဘူးလို့ ယုံရခက်ခက်နဲ့ ထိုနေ့ရက်တွေကို ဂျင်းဂျာ ရင်ဆိုင်ခဲ့နိုင်ပါသည်။

တစ်နေ့ကျရင်တော့ အိပ်မက်မဟုတ်တဲ့ တကယ့်အစစ်အမှန်ကို ရင်ဆိုင်ရတော့မယ်ဆိုတာ မတွေးမိဖို့ ကြိုးစားမေ့ပျောက်ရင်း ... ...။ ... ... ...။

တစ်နေ့မှာ ... ...။







www.burmeseclassic.com



*"အလှပဆုံးသော အိပ်မက်ကို မက်ခဲ့ဖူးပေမယ့်*
*အဲဒီအိပ်မက်ရဲ့ တစ်ဖက်ခြမ်းမှာတော့*
*တစ်စုံတစ်ခုဟာ အဆင်သင့်စောင့်နေခဲ့ပါတယ်"*

❦ ❖ ❦



ရွှေဦး
(ဆေးတက္ကသိုလ်)
26th September
Sunday
2010.

BURMESE CLASSIC .com

www.burmeseclassic.com